www.burmeseclassic.com



# ကုန်းမိုင်

## တိမ်ညိုအလွှင့်လာအမြင့်

ဇာတ်သိမ်းပိုင်း

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

စာမူခွင့်ပြုအမှတ်
၁၅၂/၉၀ (၃)
မျက်နှာဖုံးခွင့်ပြုအမှတ်
၃၅၄/၉၀ (၇)
မျက်နှာဖုံးပန်းချီ
မောင်မောင်သိုက်
ပုံနှိပ်ခြင်း
ပထမအကြိမ် (၁၀၀၀) အုပ်
ထုတ်ဝေသည့်လ
၁၉၉၀ ပြည့်နှစ်၊ ဩဂုတ်လ
စာအုပ်ချုပ်
ပပစိုးနှင့်အဖွဲ့

တန်ဖိုး
(၃၅) ကျပ်
ပုံနှိပ်သူ
ဦးအုန်းစိန် (၀၃၀၇)
ရွှေပြည်စိုးပုံနှိပ်တိုက်
အမှတ် ၅၄၊ ဇောတိကလမ်း
ကျောက်မြောင်း၊ တာမွေ
ရန်ကုန်မြို့။
ထုတ်ဝေသူ
ဦးစံတင့် (၀၁၃၆၅)
ချယ်ရီပန်းစာပေ
အမှတ် ၁၆၅၊ ၃၇ လမ်း
ရန်ကုန်မြို့။
မျက်နှာဖုံးပုံနှိပ်
ဦးတိုးဝင်း
နေလရောင်အော့ဖ်ဆက်
အမှတ် ၉၆/၈၊ ၁၁ လမ်း
ရန်ကုန်မြို့။

တက္ကသိုလ်ဘုန်းနိုင်

# တိမ်ညိုအလွှင့် လအမြင့်

(ဇာတ်သိမ်း)



www.burmeseclassic.com

www.burmeseclassic.com



စီစဉ်သူ
မှိုင်း

# အခန်း ၁၃

မွန်မွန်က တယ်လီဗေးရှင်းခလုတ်ကို ပိတ်လိုက်သည်။

ည ဆယ်နာရီ ကျော်သွားပြီ။ တယ်လီဗေးရှင်းမှ အသံများ မရှိတော့သဖြင့် ည၏ တိတ်ဆိတ်ခြင်းက သိသာလာ၏။

ဘွားဘွားက ဇာတ်လမ်းများကို ကြည့်ခဲ့သည်။ ကိုးနာရီဆိုလျှင် ဘုရားခန်းသို့ ဝင်သည်။ ဆယ့်တစ်နာရီမှ ဘုရားခန်းက ထွက်၏။

www.burmeseclassic.com

www.burmeseclassic.com



ယနေ့ တစ်ယောက်တည်း တယ်လီဗေးရှင်း ကြည့်ရသည်မှာ ပျင်းဖို့ ကောင်း၏။ နှစ်ရက်ရှိပြီ။ ဦးဖေဖေကသည်း စာရေးရန် ရှိသည်ဆို၍ တယ်လီဗေးရှင်း မကြည့်။

ညှော်ခန်းမီးကိုပါ ပိတ်ပြီး မွန်မွန်က မိမိ၏အခန်းဆီ လာခဲ့သည်။

အိမ်ခေါင်းရင်းပိုင်းရှိ ဘွားဘွား၏အခန်းနှင့်ယှဉ်လျက် ရှိသော ဦးဖေဖေ၏အခန်းမှာ မီးလင်းနေသည်။

ဦးဖေဖေ စာရေးနေဟန် ရှိသည်။ သို့မဟုတ် စာမူများကို ဖတ်နေမည်။

မွန်မွန်က မိမိ၏အခန်းတွင်းသို့ ရောက်၍ မီးခလုတ်ဖွင့်မည် ပြုပြီးမှ အပြင်ဘက်မှ လရောင်ကို သတိပြုမိ၏။

ညဦးပိုင်းက လရောင်မရှိသေး။ မှောင်နေသည်။ ယခု လရောင် ဘယ်က လာသနည်း။

သြော်....လဆုတ်ရက်။ လဆုတ်ရက်မှာ ညနက်မှ လထွက်သည်။

ပြတင်းဝ၌ ရပ်ပြီး မွန်မွန်က အပြင်သို့ ကြည့်၏။

လရောင်နှင့်လင်းနေသော ကောင်းကင်တွင် တိမ်ဖြူတို့ တက်လာနေကြသည်။



နေ့၏နောက်ဆုံး လသာရက်မှန်း မွန်မွန် သတိပြုမိသည်။

နောက်တစ်ကြိမ် ဖိုးလမင်းကြီး မပြည့်မီ မိုးတွေရွာတော့မည်။ မိုးအုံ့လာတော့ ဖိုးလမင်းကြီးရှိတောင် အားရပါးရသာချင်မှ သာနိုင်မည်။

သြော်....သာတောင်မှ သူ့ကို ညတိုင်း သတိပြုချင်မှ ပြုနိုင်မည်။ ကျောင်းက ဖွင့်တော့မည်။ ကျောင်းဖွင့်တော့ စာတွေက များသည်။

ဦးဖေဖေ ကိုပင် ပြိုင်ဖူးသည်။ ဦးဖေဖေ စာရေး၊ စာဖတ်ရတာနှင့် သမီး စာကျက်ရတာ ဘယ်သူက ပိုပင်ပန်းသနည်း။

သြော်...အင်း...သူလည်း အင်ဂျင်နီယာပညာဆိုတော့ စာ သိပ်ကျက်ရမည်၊ အတွက်အချက်တွေကလည်း ပါဦးမည်။ သူ စာကြိုးစားပါ့ရဲ့လား။

မိမိဆီ သူဘာကြောင့် လာသနည်း။ သူ လာပြန်တော့.... မိမိကလည်း ဘာကြောင့် ပျော်ရသနည်း။ သူ မလာလျှင်ပင် လွမ်းချင်သလိုလို။ အို... မိမိစိတ်တွေ ဘာဖြစ်နေသနည်း။

သွေ့ပြားသော စိတ်လေးဖြင့် ငေးမိငေးရာ ငေးကြည့်နေသော မွန်မွန်၏မျက်လုံးလေးများက ခြံတွင်းမှ ... ကြာန်တင်းကို သွားတွေ့သည်။

www.burmeseclassic.com



ဦးဖေဖေ...။

ဦးဖေဖေက လရောင်အောက်ခြံတွင်းမှာ လမ်းလျှောက်နေ၏။

ဦးဖေဖေ လမ်းလျှောက်ပုံက ဖြည်းလေးသည်။ တစ်ချီ တစ်ချီ ရပ်သွားသည်။ ခေါင်းငုံ့လျက် မြေကို စိုက် ကြည့်နေသည်။

မှန်မှန်က စိတ်တွင်း၌ မကျေမနပ်လေးဖြစ်သွား၏။

ခြံတွင်း ဆင်းလမ်းလျှောက်ရန် ဦးဖေဖေက မိမိကို မခေါ်။ ခေါ်တိုင်းဆိုလျှင် ခေါ်သည်။

ကော၌ပင် မှန်မှန်က စိတ်ပြေသွား၏၊ မိမိတို့ကြည့်နေသဖြင့် မနှောင့်ယှက်ချင်သောကြောင့် ဦးဖေဖေ တစ်ယောက်တည်း လမ်းဆင်းလျှောက်ရရှာသည်။

ဦးဖေဖေကလည်း မိမိနှင့်အတူ လမ်းလျှောက်ရသည်ကို နှစ်သက်သည်။

ဇာတ်လမ်းများ ပိတ်နေသောအခါမျိုး တွင် မိမိကို ပြောပြရင်း 'အသံထွက် တွေး' ပြတတ်သည်။ တစ်ခုမက ဖြစ်နိုင်သော ဇာတ်ကြောင်းများကို ချပြတတ်သည်။



မိမိကလည်း တတ်နိုင်သမျှ ဝေဖန်ပေး၏၊ တစ်ခါတစ်ရံမူ သူ့ဘာသာ ရေးလိုက်သည်မှာ ဆွေးနွေးပြသော ဇာတ်ကြောင်းလည်း မဟုတ်၊ မိမိအကြံပေးလိုက်သော ဇာတ်လမ်း လည်း မဟုတ်၊ အသစ်တစ်ခု ဖြစ်နေတတ်သည်။ ဦးဖေဖေက ဤသဘောကို နယူးကွန်ဖစ်ဂရေးရှင်း New Configuration အသစ်ပြန်လည်ဖွဲ့စည်းမှုဟု ခေါ်သည်။

မှန်မှန်က ခြံတွင်း ဆင်းလမ်းလျှောက်ချင်စိတ် ပေါ်လာသည်။

ဦးဖေဖေနှင့်အတူ လမ်းလျှောက်ရသည်က ပျော်ဖို့ ကောင်းသည်၊ စကားပြောရင်း လျှောက်ရသည်။ ပျော်သည်။ ဦးဖေဖေ အတွေးနက်လျက် စကားမပြောနိုင်သောအခါ၌လည်း ဦးဖေဖေ၏ အမူအရာကို ခဏခဏ ကြည့်ရင်း ပျော်သည်။ ငယ်ငယ်တုန်းကဆိုလျှင် သက်ပြင်းချ၍၊ ခေါင်းငုံ့၊ မျက်မှောင်ကြုတ်ပြီး ဦးဖေဖေ အတွေးနက်ဟန်ကို မိမိက အတုခိုး လုပ်ပြတတ်ရာ ဘွားဘွားက အလွန်သဘောကျသည်။ ဧည့်သည်လာလျှင် လုပ်ပြခိုင်းတတ်သည်။ ဦးဖေဖေကလည်း အလွန် သဘောကျသည်။

မှန်မှန်က အိပ်ယာပေါ်မှ ဆင်း၍ ဦးဖေဖေ အနီးသို့ သွားခဲ့၏။

'ဟင် ... သမီး.... မအိပ်သေးဘူးလား'

'အိပ်မလို့၊ ဒါပေမယ့် ဦးဖေဖေ လမ်းလျှောက်နေတာ တွေ့လို့'

www.burmeseclassic.com

www.burmeseclassic.com



ဦးဖေဖေက လမ်းပြန်လျှောက်သည်။ မှန်မှန်ကလည်း ဘေးမှ ယှဉ်လျက် လိုက်လျှောက်၏။

'ဦးဖေဖေ… ဇာတ်လမ်းတွေးနေတာ… ဟုတ်လား…'

'အင်း…'

'ဘာဇာတ်လမ်းလဲ'

'အား… အဲ… ဘဝဇာတ်လမ်း…'

'ဘဝဇာတ်လမ်း….'

'ပြီးတော့…. အင်း… နှလုံးသားရဲ့ဇာတ်လမ်း'

'နှလုံးသားရဲ့ဇာတ်လမ်း။ အို… ဦးဖေဖေက နှလုံးသားရဲ့ ဇာတ်လမ်းတွေချည်း ရေးခဲ့တာပဲ။ မဟုတ်ဘူးလား'

'ဒီတစ်ခါတော့ခက်တယ် သမီးလေးရယ်'

'ခက်တယ်….။ ဘာပြုလို့'

'ဒီတစ်ခါက ဦးဖေဖေရဲ့နှလုံးသားနဲ့ ပတ်သက်နေတယ်'

'အို… ဦးဖေဖေရဲ့နှလုံးသားနဲ့ ပတ်သက်နေတယ်'

'ဟုတ်တယ်….။ ပြီးတော့ တခြားလူတွေရဲ့နှလုံးသားနဲ့လဲ ပတ်သက်နေပြန်တယ်'



'အို…၊ တခြားလူတွေရဲ့နှလုံးသား'

သူက ခေါင်းညိတ်ပြ၏။ မှန်မှန်က သူ့မျက်နှာကို ကြည့်၏။

ဦးဖေဖေ၏မျက်နှာသည် ညှိုးနွမ်းနေသည်ဟု ထင်သည်။ တစ်စုံတစ်ခု စိတ်ပင်ပန်းမှုကိုလည်း ဖော်ပြနေသည့်ထင်၏။

ဦးဖေဖေမျက်နှာ ညှိုးနွမ်းသည်ကို မှန်မှန်ကြောက်၏။ ဦးဖေဖေ၏မျက်နှာကို အစဉ် ရွှင်လန်းနေစေချင်သည်။

ဘာရယ်ဟုမဟုတ်။ မှန်မှန်က အသာအယာရယ်လိုက်ပြီး ပြောသည်။

'တန်တော့…၊ ဟိုတစ်ခါတုန်းက ဦးဖေဖေ တစ်ခုခု ပြောနေတာ။ သမီးကို နှန်းနှန်းပြောပြမယ်၊ လေး… ဆိုတဲ့ ကောင်မလေးက ဦးဖေဖေရဲ့နှလုံးသားကို ငှားပေးနေ သလား'

သူက ဘာသာငြိမ်နေ၏။ ဖြေလိုက်သည်က မှန်မှန် မည်သို့မျှ မျှော်လင့်မထားသည့် အဖြေ။

'ဟုတ်တယ်လို့ ဦးဖေဖေဖြေရမယ်ထင်တယ်'

'ဟုတ်တယ်…'

'ဟုတ်တယ်၊ ပြီးတော့ သမီးလဲပါနေတယ်'

www.burmeseclassic.com

www.burmeseclassic.com



'အို…သမီးလဲပါနေတယ်'

'ပြီးတော့ နောက်တစ်ယောက်လဲပါနေသေးတယ်'

'ဟင်…နောက်တစ်ယောက်…'

သူက လမ်းလျှောက်ခြင်းကို ရပ်လိုက်သည်။ သမီး၏ လက်လေးကို ယုယစွာဆုပ်ကိုင်လိုက်၏။

'လာ…သမီး။ ဦးဖေဖေတို့ထိုင်ရအောင်'

သူက မှန်မှန်ကို ကညင်းပင်ပျိုးအောက်မှ ခုံတန်းရှည် အဖြူလေးဆီသို့ ခေါ်သွား၏။

ထိုင်ပြီးကြသည်အထိ သူက စကားတစ်ရက်မပြောသေး။ မှန်မှန်က စိုးရိမ်တကြီးလေးနှင့် သူ့မျက်နှာကိုကြည့်သည်။

'ဘာပြောမလို့လဲ၊ ပြောလေ ဦးဖေဖေ'

သူက သမီးကိုကြည့်သည်။ သမီးကလှသည်။ ယခုမှမဟုတ်။ မိမိရင်ခွင်ထဲမှာ လက်သီးလေးများကိုဆုပ်ပြီးနေသော အရွယ်တည်းကပင် လှသည်။ ရွှေရုပ်လေးလိုလှသည်။

ဩော်…သူ့အခမကလည်းလှသည်၊ ရွှေရုပ်လေးလိုပင်လှသည်။ ထို့ကြောင့် ဝါဝါ၊ သူ့နာမည် ဝါဝါ၊ ညီလေး ဝါဝါ….။



သူက စိတ်ကိုဆုံးဖြတ်လိုက်ပြီး ဟယ်လုံးချင်း စ,ပြော၏။

'ဟိုတစ်နေ့က လေးနဲ့ တွေ့ခဲ့တဲ့အကြောင်း သမီးကို ဦးဖေဖေ ပြန်မပြောပြတာဟာ လူတစ်ယောက်ရဲ့ ဂုဏ်သိက္ခာနဲ့ ပတ်သက်တယ်လို့ ဦးဖေဖေ ပြောခဲ့တယ်နော်'

မှန်မှန်က ခေါင်းညိတ်ပြ၏။

'ဒီလောကမှာ ဦးဖေဖေတန်ဖိုးအထားဆုံးက လူ့ဂုဏ်သိက္ခာ၊ လူသားတစ်ဦးရဲ့ဂုဏ်သိက္ခာ။ ဒီ့ပြင်…တခြားတန်ဖိုးအထားဆုံးတစ်ခုက လွတ်လပ်ခွင့်။ လူသားတစ်ဦးရဲ့ လွတ်လပ်ခွင့်။

'သမီးကိုတောင် လူသားမြောက်ပြီးကတည်းက သမီးရဲ့ လွတ်လပ်ခွင့်တွေဟာ ဘာလဲလို့ ဦးဖေဖေ ပြောပြခဲ့တယ်၊ သမီးကို ဦးဖေဖေ ဘယ်လောက်ချစ်ချစ်၊ ချစ်တယ်ဆိုတာလေးကို လက်ညှိုးထိုးပြပြီး သမီးရဲ့လွတ်လပ်ခွင့်ကို ဦးဖေဖေ ဘယ်တော့မှ ချုပ်ချယ်မှာမဟုတ်ဘူးလို့ ဦးဖေဖေကတိ ပေးခဲ့တယ်နော်'

'ဦးဖေဖေ…ဘာတွေလျှောက်ပြောနေတာလဲ။ သမီးကို ဦးဖေဖေ ဘယ်တုန်းကချုပ်ချယ်ဖူးလို့လဲ'

www.burmeseclassic.com

www.burmeseclassic.com



'ဟုတ်တယ်။ ဘယ်တုန်းကမှလဲမချုပ်ချယ်ခဲ့ဘူး။ နောင်လဲ ချုပ်ချယ်မှာမဟုတ်ဘူး။ ဒါပေမယ့် အခုချုပ်ချယ်တယ်ထင်ရမယ့်စကားမျိုး ဦးဖေဖေ ပြောရမှာဖြစ်နေတယ်။ ဒါကြောင့်လဲ ဦးဖေဖေ စိတ်ပင်ပန်းနေတယ်။ ဒါပေမယ့် ခင်ပွန်းကြီးဆယ်ပါးကို သမီး သိတယ်။ ဦးဖေဖေဟာ သမီးရဲ့ ဘယ်လိုခင်ပွန်းကြီးလဲ'

'ဦးဖေဖေက သမီးဖေဖေ။ သမီးအချစ်ဆုံး ဖေဖေ။ ဖေဖေဆိုတဲ့ ခင်ပွန်းကြီး ဦးဖေဖေ၊ ဦးဖေဖေက သမီးရဲ့ ဖနှင်းဒ်။ မိုင်ဒီယာရှဖရင်းဒ်'

'ဟင့်ရေ—သမီး။ ဦးဖေဖေက သမီးရဲ့သူငယ်ချင်းအဖြစ်နဲ့ ပြောပြမယ်'

'နိဒါန်းတွေခံလှချည်လား ဦးဖေဖေရယ်။ သမီးရင်တွေတုန်လာပြီ။ သမီး ဘာမှားနေလဲ ဟင်'

'အို—မမှားဘူး။ ငါ့သမီးလေး ဘာမှမမှားဘူး'

'တကယ်ပြောတာလား ဦးဖေဖေ'

'တကယ်ပြောတာပေါ့ သမီးရယ်။ ဦးဖေဖေပြောတာကို ဆက်နားထောင်နော်'

မှန်မှန်ဆာ ခေါင်းလေးညိတ်ပြ၏။



'လေးနဲ့တွေ့ခဲ့တာကို လေးရဲ့ဂုဏ်သိက္ခာကို ထိခိုက်မှာစိုးလို့ ဦးဖေဖေ မပြောခြင်းရဲ့အကြောင်းရင်း စစ်စစ်က လေးအကြောင်းပြောရင် ကိုမျိုးအကြောင်းလဲ ပြောရတော့မယ်။ သူတို့နှစ်ဦးရဲ့ဆက်ဆံရေးကို ဦးဖေဖေပြောရတော့မယ်။

'သမီးတွားသွားနဲ့ ဦးဖေဖေတို့ကျင့်သုံးတာက 'မျက်ကွယ်' အကြောင်းမပြောဘူး။ မျက်မှောက်အကြောင်းသာပြောတယ်။

'လေးနဲ့ကိုမျိုးအကြောင်း ဦးဖေဖေပြောရင် မျက်မှောက်အကြောင်း ပြောသလိုလိုနဲ့ မျက်ကွယ်အကြောင်းတွေ ပါသွားမှာ ဦးဖေဖေစိုးရိမ်တယ်။ ဒါပေမယ့် အခု မပြောမဖြစ်တော့ တတ်နိုင်သလောက် ဒိဋ္ဌမှ မျက်မှောက်အကြောင်းပဲ ဦးဖေဖေပြောပြမယ်'

သူက ခေတ္တစဉ်းစားသည်။ မြင်ခဲ့သည်ကိုပြောရန်မှာ ထင်သည်ထက် ခက်သည်။ မြင်သည့်ဆိုသည်ကိုပြောပါသည်ဆိုရင်းက ထင်တာတွေ ပါသွားတတ်သည်။

ခြေဘ်—ဟိုတစ်နေ့ကလည်း စာရေးဆရာကြီးက ပြုပြင်စီရင်တတ်သော မနေ့အကြည်ကြီး အကြောင်း ပြောသွားသေးသည်။

www.burmeseclassic.com

www.burmeseclassic.com



'မာယူပမာနဒ္ဓ ဝိညာဏံ'၊ မနောအကြည်ကြီးကို မှီ၍ဖြစ်သော မနောဝိညာဏ်ကြီးက မျက်လှည့်ဆရာကြီးလို လှည့်စားတတ်သည်။

'လေးနဲ့ကိုမျိုးကို ဘောင်ဝိုင်းဘောင်ခြေမှာ ဦးဖေဖေ တွေ့ခဲ့တယ်။ အစက အဘူဘူလို့ ဦးဖေဖေမပြောနိုင်ဘူး။ ဦးဖေဖေနဲ့လေး ဝင်ဘိုက်မိကြပြီး စကားပြောကြလို့ အဲဒါကြမှ သူ ဘယ်သူသိတယ်။ သူတို့ပြောပုံကိုကြည့်ပြီး သူငယ်ချင်းလား၊ မောင်နှမလားလို့ ဦးဖေဖေထင်ခဲ့တယ်'

သူက စဉ်းစား၏။ သူ့စကား၌ အပိုမပါဟု ဘဝင်ကျ၍ ဆက်ပြော၏။

'နောက် ဝဂလိကအပြန် စက်ဝဲ့မှာ ဦးဖေဖေ တစ်ညပင်နားတယ်။ တစ်နှင်းမှာ မမျှော်လင့်တဲ့ လေးနဲ့ကိုမျိုးကို ဦးဖေဖေ တွေ့ပြန်တယ်။ ကမ်းခြေ တစ်နေရာမှာ သူတို့နှစ်ယောက် သည်း စကားပြောနေကြတယ်။

'ဦးဖေဖေ သူတို့ကိုမတွေ့မိတဲ့ ခဏအတွင်းမှာပဲ သူတို့လှေနားရောက်ကြတယ်။ ကိုမျိုးက လက်ကမ်းပေးတယ်။ လေးက ပြန်ဆွဲယူတယ်။ ပြီးတော့ တစ်ဦးလက်တစ်ဦး တွဲပြီး လျှောက်သွားကြတယ်'



'လေးနဲ့...ကို–ကိုမျိုးက လက်–လက်တွဲပြီး လျှောက်ကြတယ်'

သူက လေးလေးခေါင်းညိတ်ပြ၏။

'နောက် ဘုတာရုံမှာဆုံကြပြန်တယ်။ ရထားက ထွက်ခါနီးပြီ။ ခရီးသည်တွေအားလုံး တွဲပေါ်ရောက်ကုန်ကြပြီ။ လေးနဲ့ကိုမျိုးကတော့ ရထားဆောင် ပလက်ဖောင်းမှာ ယှဉ်ပြီးရပ်နေကြတယ်။

'ကိုမျိုးဟာလဲ မော်လမြိုင်က။ လေးနဲ့အတူ ရန်ကုန်က ညှိသည်တွေလိုက်ပို့တယ်လို့ ဦးဖေဖေ ထင်ခဲ့တယ်။ မော်လမြိုင်က စာရေးဆရာတွေကခေါ်တာမို့ လေးက ဦးဖေဖေနဲ့ လာစကားပြောတယ်။ ခဏပါပဲ။

'ရထားထွက်တော့မှာမို့ လေးက ဦးဖေဖေကိုနှုတ်ဆက်ပြီး ရှေ့ကတွဲဆီ မြန်မြန်လေးပြန်သွားရှာတယ်။

'ကိုမျိုးက တွဲထဲမဝင်သေးဘဲ ရှေ့တွဲရဲ့ အတက် လှေကားမှာ ရပ်စောင့်နေတယ်။ ဦးဖေဖေတောင် စိတ်မကောင်းဖြစ်ခဲ့တယ်'

သူက စဉ်းစားပြန်၏။ သူ့စကား၌ အပိုမပါဟုပင်ယုံ၏။

'အဲ...အခု ကိုမျိုးက သမီးနဲ့ ခင်မင်သူဖြစ်နေပြန်တယ်။ တိုက်ဆိုင်သလား။ ဦးဖေဖေမသိဘူး။ မော်လမြိုင်က

www.burmeseclassic.com

www.burmeseclassic.com



ပြန်လာပြီးမှ ကိုမျိုးဟာ အိမ်ကိုလာလည်နေတယ်။ ပြီးတော့ လေးအကြောင်း သမီးကိုပြောပြတယ်။ ဒီလိုပဲ သမီးအကြောင်း လေးကိုပြောပြခဲ့တယ်။ လေးကသမီးနဲ့ သူငယ်ချင်းဖြစ်ချင်တယ်လို့ သူပြောခဲ့တယ်နော်'

မွန်မွန်က ခေါင်းညိတ်၏။

'တစ်နေ့က လေးဆီက ဦးဖေဖေ စာတစ်စောင် ရတယ်'

ခေါင်းလေးငုံ့ထားရာမှ မွန်မွန်က မျက်လုံး ဝိုင်းဝိုင်းလေးများနှင့် သူ့ကိုကြည့်သည်။

'အဲဒီစာထဲမှာ မွန်မွန့်ကို သူ အဝေးကနေ ခင်မင်တယ်တဲ့။ သမီးသိပ်လှတာလဲ သူသိတယ်တဲ့'

သူကသက်ပြင်းရှိုက်၏။ သတိထားပြီးဆက်ပြော၏။

'ဦးဖေဖေမှာ ပဟေဠိတွေ အဝှက်ခံရသလိုဖြစ်နေတယ်။ ဦးဖေဖေ ဘာကိုမှ ကောက်ချက်မချလိုဘူး။ ဒါပေမယ့် စိုးရိမ်တယ် သမီးရယ်။ ဦးဖေဖေ သိပ်စိုးရိမ်တယ်။ ယောဒီ လောကမှာလေ မထင်တာတွေ ဖြစ်တတ်တယ် သမီး။ မယုံနိုင်တာတွေ ဖြစ်တတ်တယ်'

နောက်ဆုံးစကားကိုမူ အသံမတုန်အောင် သတိထားပြီးပြောလိုက်ရ၏။

အတန်ကြာအောင် ငြိမ်နေရာမှ မွန်မွန်က တိုးတိုးလေးမေးသည်။



'ဦးဖေဖေ ဘာစိုးရိမ်တာလဲ ဟင်....'

'ဦးဖေဖေ ဘယ်သူ့ဂုဏ်သိက္ခာကိုမှ ထိပါးပြီး မပြောချင်ဘူး။ ဒီလိုပဲ သမီးရဲ့ ဂုဏ်သိက္ခာကို တစ်စုံတစ်ရာ ထိခိုက်လာမှာ ဦးဖေဖေ မခံနိုင်ဘူး။ တစ်နည်းနည်း... တစ်ကြောင်းကြောင်းနဲ့သမီးလေး စိတ်ထိခိုက်ရမှာ စိတ်မချမ်းမသာ ဖြစ်ရမှာ ဦးဖေဖေ မမြင်ချင်ဘူး'

သမီး၏ လက်ချောင်းလေးများက မိမိ၏သက်ခံ ကို လာထိသည်။

ငယ်ငယ်လေးတည်းက လုပ်တတ်သည့် အမူအရာလေးဖြစ်သောကြောင့် အဓိပ္ပာယ်ကို သူနားလည်သည်။

မိမိကို စိတ်ချမ်းသာစေလိုလျှင် သမီး ဤသို့လုပ်တတ်သည်။

'ဦးဖေဖေ...'
'သမီး'

'ဦးဖေဖေကို သမီးနားလည်တယ်။ သိပ်လဲ ကျေ ဇူးတင်တယ်။ ပြီးတော့....'

သမီးက ခေတ္တလေးဆိုင်းသွားပြီးမှ ဆက်ပြော၏။

'စိုးလဲ့ မစိုးရိမ်ပါနဲ့လို့။ ခုထိ ဘာမှစိုးရိမ်စရာ မရှိပါဘူးလို့ နော်....'

သူက သမီး၏မျက်နှာလေးကို ကြည့်၏။

www.burmeseclassic.com

www.burmeseclassic.com



သမီးမျက်နှာလေးက ပြုံးနေသည်။

ပြီးတော့ အပြစ်ကင်း သန့်စင်နေသည်။ ခါတိုင်းလိုပင် အပြစ်ကင်း သန့်စင်နေသည်။

'ဦးဖေဖေကို သမီးဘယ်တော့မှ မလိမ်ဘူး။ တစ်ခြား ဘယ်သူ့ကိုမှလဲ မလိမ်ဘူး။ သမီးကိုလဲ မလိမ်ဘူး။ ဘုရားသွားကာ ပြောတယ်။ ပုထုဇဉ်တွေရဲ့ မနောဝိညာဏ်ကြီးဟာ 'မာယာ သာဌေယျ'တွေနဲ့ပဲ ဒုက္ခများနေသတဲ့။ မာယာဆိုတာက လှည့်စားတာ။ သာဌေယျ ဆိုတာက ကောက်ကျစ်တာ။ အနည်းဆုံးမသိစိတ် Unconseious နဲ့ လှည့်စား ကောက်ကျစ်နေတတ်တယ်ပေါ့။ ဟုတ်တယ်နော် ဦးဖေဖေ'

သူက ခေါင်းညိတ်ပြရ၏။

'သမီး မာယာ သာဌေယျတွေနဲ့ မနေချင်ပါဘူး။ ဘဝမှာ သမီး ဖြောင့်ဖြောင့်လေး နေချင်တယ်'

သမီး၏ စကားတွေက လေးနက်လှ၏။ အဓိပ္ပာယ်တွေလည်း ကျယ်ဝန်းသည်ထင်၏။

'ဦး ဖေဖေ'

'ခင်....'

'ကျေနပ်ပြီလား'

'ဘာကိုလဲဟင်'

'သမီးကို'

'အို....ကျေနပ်တာပေါ့ သမီးလေးရယ်။ သမီးကို ဦးဖေဖေ အမြဲပဲကျေနပ်ပါတယ်'

'ကဲ ... ကျေနပ်ရင် သမီး အိပ်ချင်ပြီ။ ဦးဖေဖေလဲ အိပ်တော့။ ညနက်ပြီ'

အိမ်ပေါ်သို့ ပြန်တက်ခဲ့ပြီးနောက် မှုန်မှုန်က အိပ်ခန်း ပြတင်းကို ပိတ်မည်ပြုသည်။

မျက်လုံးများက ကောင်းကင်ဆီ ရောက်သွား၏။

လမင်းက မမြင့်လှသေး။ သာတော့ သာနေ၏။

တိမ်ဖြူတွေက ဖြတ်သန်း လွင့်ပါနေတော့ လမင်းကြီး မြိုင်း ရွေ့လျားသလို ဖြစ်နေသည်။

နွေ၏ နောက်ဆုံးလမင်း။

သာပါစေ။ ဖြူဖြူစင်စင် လင်းလင်းကြီး သာပါစေ။

တိမ်တွေက ဘာကြောင့် ဆင်တက်ဖြတ်သန်းနေသတုံး။

## အခန်း ၁၄

တံခါးစိမ်းတွင်း လက်လျှို၍ ခေါင်းလောင်းလေးကို တီးလိုက်သောအခါ ထုံးစံအတိုင်း အမြီးနှန့်နှန့် အမွေးသိမ်သိမ်နှင့် ဂွမ်းပုံက ဖြိုမ့်ဖြိုမ့်လေး ပြေးထွက်လာကြိုသည်။ အဲသည်နောက်ကမှ မွန်မွန်။ မမမွန်။

သူ့ရင်က ခုန်နေသည်။ ဪော်— သည်ခြံတံခါးဝမှာ ရပ်မိတိုင်း ရင်ကခုန်သည်။

www.burmeseclassic.com

www.burmeseclassic.com



တံခါးဝမှ စိတ်ပျက်အားငယ်ပြီး ပြန်လှည့် ထွက်သွားခဲ့သည့် မိမိ၏ခြေဖဝါးလေးများကို မမေ့။

ယခုတိုင် ဘယ်နေ့ ဘယ်အခါမှာ ဤခြံတံခါးဝမှ ခေါင်းငိုက်စိုက်ချလျက် ထွက်သွားရဦးမည်နည်း။ စိတ်က မချသေး။ အားက ငယ်ချင်တုန်း။

မှန်မှန်မျက်နှာကို မြင်မှရင်ခုန်ရပ်သည်။ မမမှု၏ ကပြုံးလေးကို မြင်ပါမှ ရင်ခုန်အေးချမ်းသည်။ စိတ်အားတွေတည်းပြန်ရှိသည်။

ယခုလည်း မှန်မှန်က ပြုံးပြသည်။ ခေါင်းညိတ်ပြ၍ အေးချမ်းသည်။

သို့ရာတွင် ဘာကြောင့်မသိ ပြုံးချိန်က တိုသည်ဟုထင်သည်။

သူက ငွမ်းပုံကို ကောက်ချီယူပြီး မှန်မှန်နောက်က လိုက်လာခဲ့သည်။

သည်တစ်ကြိမ်တွင် မှန်မှန်က သူ့ကို အိမ်ပေါ်သို့ မခေါ်။ ခြံထောင့် တစ်နေရာသို့ ခေါ်သွားသည်။

ခြံပတ်ပတ်လည်မှာက လူ့ပခုံးခန့်မြင့်သော ညီညာစွာ ညှိကိုက်ထားသည့် ပုဏ္ဏရိက်ပင်စည်းရိုး ထူထူရှိသည်။

မှန်မှန် မိမိကို ခေါ်သွားသည့်ဘက်၌ သရက်ပင်၊ ဇီးပင်နှင့် စကားဝါပင်ကြီးတစ်ပင် ရှိသည်။



သရက်ပင်မှာက မန္တလေးရှင်ကဲ့သီးတို့ တွဲလောင်းကျ ပြွတ်ပြွတ်သီး၍ အသန်ကြီးနေပြီ။

ဇီးမှည့်သောအညာဇီးမျိုးစုအကြား သစ်လွင်နီညိုသော ရွက်နုများကို တွေ့ရသည်။

စကားဝါပင်ကြီးထက်မှာတော့ စကားဝါဖူးငုံများရှိနေပြီ။

လေမှာ ယင်းပျံ့ပျံ့မွှေးနေသည်။ စကားဝါနံ့လေလား ကြွေကိုယ်မင်းနံ့ဆိုသည်လော။

ပိုးပန်းကျကျ ဝန်းဝိုင်းအောင် ပြုပြင်ထားသည့်စက္ကူပန်းပင် သုံးပင်ရှိသည်။ အနီ၊ အဖြူနှင့် အဝါရောင်။

ပန်းချုံကို နောက်ခံပြုပြီး ခုံတန်းရှည် အဖြူလေးတစ်ခုရှိ၏။

မှန်မှန်က မိမိကို ခုံတန်းရှည် အဖြူလေးပေါ်မှာ ထိုင်စေ၏။

မှန်မှန်ကိုယ်တိုင်ကား ပလတ်စတစ် အဝါရောင် အခင်းအမှိုရှိသည့် အလူမီနီယံ ကုလားထိုင် စကားရွယ်လေးတစ်ခုပေါ်မှာ ထိုင်သည်။

မိမိတို့ နှစ်ဦးကြားတွင် ဖော်မိကာအခင်းနှင့် သံခြေထောက် အလူမီနီယံ စားပွဲလေးတစ်ခု ရှိသေး၏။

သူက ချပေးလိုက်သဖြင့် ငွမ်းပုံက မြေသိဆင်းပြီး မြက်ခင်း၌ ပြေးကစားနေတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



အရိပ်ကကောင်းသည်။ လေအေးလေးကလည်းတိုက်နေ၏။ တိမ်ဖြူတို့လွင့်နေသော ကောင်းကင်ပြာကိုလည်း လှမ်းကြည့်လျှင် မြင်ရ၏။

သစ်ပင်ရိပ် အိမ်ရိပ် တစ်ပိုင်းကျစပြုသော အိမ်ရှေ့ရှိ မြက်ခင်းပြင်မှာလည်း စိမ်းမြနေ၏။ ပိန်းပန်း ရောင်စုံတွေလည်း ရှိသေး၏။

မြက်ခင်းပြင်အနီးတွင် တမင်ပြုလုပ်ပေးထားသော နှစ်ပေပတ်လည်ခန့်ရှိ အုတ်ရေကန် နိမ့်နိမ့်လေးရှိသည်။ ရေကန်လေးတွင် ငါးကလေးများက ရေသောက်နေကြသည်။

‘မမမွန်တို့ခြံလေးက သာယာတယ်နော်’

‘အင်း....ခြံလေးလဲ သာယာတယ်။ အိမ်ကလဲ သာယာတယ်။ ဘွားဘွားနဲ့ ဦးဖေဖေက မမမွန်ကို သာယာအောင်ထားတယ်။ သူတို့လဲ သာသာယာယာ နေတယ်’

‘သာသာယာယာ နေတယ်’

‘ဟုတ်တယ်ကိုမျိုး။ သာယာလှပတဲ့ ဘဝပေါ့’

‘သာယာလှပတဲ့ ဘဝ’

‘သာယာလှပတဲ့ ဘဝဆိုတာ ဘာလဲ။ ကိုမျိုးသိသလား’



‘အာ...အာ.... ကျွန်တော် ဆဲဒီလောက် ဘဝအကြောင်းကို လေးလေးနက်နက် မစဉ်းစားမိသေးဘူး’

‘မမမွန်တော့ စဉ်းစားတယ်’

‘ခင်ဗျာ...’

‘သာယာလှပတဲ့ဘဝ ဆိုတာက လှည့်စားမှုနဲ့ ကောက်ကျစ်မှု ကင်းတဲ့ဘဝ’

‘ခင်ဗျာ။ လှည့်စားမှုနဲ့ ကောက်ကျစ်မှု ကင်းတဲ့ဘဝ’

မငယ်က လင်ပန်းလေးဖြင့် အဖျော်ရည်နှင့် မုန့်များ လာချပေး၏။

သူက အဖျော်ရည်ကို ယူသောက်ရင်း မွန်မွန်၏ မျက်နှာလေးကိုကြည့်သည်။

မွန်မွန်၏ မျက်နှာလေးက ယခု နည်းနည်းလေးညိုးမှိုးနည်းနည်းလေး တည်သည်ဟု သူထင်သည်။

‘မမမွန် ဆက်ပြောလေ’

‘ကိုမျိုး တကယ်နားထောင်ချင်သလား’

‘မမမွန်ပြောတာ မှန်သမျှ ကျွန်တော်နားထောင်ချင်တယ်။ ခုပြောတာကလဲ စိတ်ဝင်စားစရာကောင်းတယ်’

www.burmeseclassic.com

www.burmeseclassic.com



မွန်မွန်က သူ့မျက်လုံးများကို တစ်ချက်ကြည့်၏။ သက်ပြင်းငွေ့ငွေ့လေးလည်း ရှူမိ၏။

'တမင်လှည့်စားတာနဲ့ မသိဘဲ အောက်ကျစ်တာ အဲဒါ ပြောလာတော့ မကောင်းဆိုးပေါ့။ လူတိုင်းသိတယ်။ မသိစိတ်နဲ့ လှည့်စားတာ။' မသိစိတ်နဲ့ အောက်ကျစ်တာ။ အဲဒါကိုတော့ လူတိုင်း မသိကြဘူး။

'လူတိုင်းပဲ လုပ်နေကြတယ်။ သူတစ်ပါး အပေါ်လဲ လုပ်တဲ့အခါ လုပ်တယ်။ ကိုယ့်ကိုကိုယ်လဲ လုပ်တဲ့အခါ လုပ်တယ်။ မလုပ်တော့တာက အရိယာတွေပဲ။

'ပုထုဇဉ်တွေတော့ လုပ်မှာပဲ။ အဲ...နည်းနိုင်သမျှ နည်းအောင် ကြိုးစားကြရင်တော့ မမမွန် ပြောခဲ့သလို သာယာလှပတဲ့ဘဝကို ရမှာပဲ။ အနည်းဆုံး သက်သက်သာသာ နေနိုင်တဲ့ဘဝကို ရမှာပဲ။ ဘဝမှာ မသက်မသာနဲ့ နေနေကြတဲ့လူတွေ အများကြီးပဲ။ အဲဒီထဲ မမမွန်တော့ မပါချင်ဘူး'

မွန်မွန်က ပြုံး၏။

သူက မွန်မွန်၏အပြုံးလေးကို ကြည့်သည်။

မွန်မွန့်စကားတွေက လေးနက်သည်။ သို့သော်ငြား အပြုံးလေးတပွင့်လေးနက်၏။

သည်အပြုံးလေးကလည်း သူ့ဘာသာသူ စကားပြော၏။



'မမမွန်'

'အင်း...'

'မမမွန် ဘာကြောင့် ဒီစကားတွေ ပြောတယ် ဆိုတာ ကျွန်တော်မသိဘူး။ ဒါပေမယ့် ကျွန်တော် ကြောက်... ကြောက်လာပြီ'

'ကြောက်တယ်'

သူက ခေါင်းညိတ်ပြ၏။

'မင်း ဘာကြောက်သလဲ ကိုမျိုး'

သူ့ခေါင်း ငိုက်သွား၏။ အတန်ကြာမှ ခေါင်းမော့လာပြီး ဖြည်းဖြည်းပြော၏။

'မမမွန်ကို ကျွန်တော် လှည့်စားမိမှာ အောက်ကျစ်မိမှာ ကျွန်တော် ကြောက်တယ်'

'မင်း မမမွန်ကို လှည့်စားချင်သလား အောက်ကျစ်ချင်သလား ကိုမျိုး'

သူက ခေါင်းခါပြ၏။ သွက်သွက်ခါပြ၏။

'တို့ ဒီလိုပြောရအောင်။ မင်းက မမမွန်ကို ချစ်တယ်လို့ ပြောတယ်။ မမမွန်ကလဲ မင်းကိုချစ်တယ်လို့လဲ

www.burmeseclassic.com

www.burmeseclassic.com



ဝန်ခံတယ်။ အို ဒါတွေပြောနေဖို့တောင် မလိုပါဘူး။ မင်းကို မမမွန် ခင်မင်ပြီးနေပါပြီ'

မွန်မွန်က သူ့ကို ကြည့်ပြန်၏။ သူကလည်း မျက်သား ပြာသော မွန်မွန်၏ မျက်လုံးများကို ပြန်ကြည့်သည်။

သည်မျက်လုံးများက ရေကန်ပြာကြီးတွေနှင့်တူသည်။ ပြာလွင်သည်။ အေးချမ်းသည်။

'မမမွန် ပြောတာကို မင်းယုံသလား ကိုမျိုး'

'ယုံပါတယ် မမမွန်။ အို...ဘာလို့မယုံရမလဲ'

'ယုံတယ်ဆိုရင် မမမွန် ဆက်ပြောမယ်။ မမမွန်တို့ရဲ့ခင်မင်ခြင်းဟာ ဖြောင့်စင်းချင်တယ်'

'ခင်ဗျာ'

'ဘာမှာ မမမွန် ဖြောင့်စင်းချင်တယ်။ ဘာနဲ့ ခွဲမရတဲ့ ခင်မင်မှုတွေ၊ ချစ်ခင်မှုတွေ၊ တွယ်တာမှုတွေ၊ အဲဒါတွေ အားလုံးမှာ ဖြောင့်စင်းချင်တယ်'

'မမမွန် ဘာဆိုလိုတာလဲဟင်'

'ကိုမျိုး မမမွန်အပေါ်မှာ ဘာများ ဖုံး ကွယ် ထား တာ ရှိသလဲ'

'ခင်ဗျာ'



'ကိုမျိုးဟာ မမမွန်ပေါ်မှာ မလှည့်စားဘူး၊ မကောက်ကျစ်ဘူးလို့ယုံတယ်၊ အဲဒီစကားကို ကျေနပ်ကဲ့လား'

သူက ခေါင်းညိတ်ပြ၏၊

'ဒါပေမယ့် ကိုမျိုးဟာ မမမွန်အပေါ်မှာ ဖုံးကွယ်ထားတာ တစ်ခုရှိတယ်'

သူက မွန်မွန်ကို စိုက်ကြည့်သည်။ ဝမ်းနည်းပန်းနည်း စိုက်ကြည့်သည်။ ဘာမျှတော့ မပြော၊ ခေါင်းသည် ဖြည်းဖြည်း အောက်စိုက်သွား၏။

'ပြောလေ ကိုမျိုး'

သူ့ကြည့်ရသည်မှာ စိတ်တွင်း၌ အပြင်းအထန် ရုန်းကန်နေရသူနှင့် တူသည်ဟု မွန်မွန်ထင်သည်။

ဦးခေါင်းက တော်တော်နှင့် ပြန်ပေါ်မလာ။ ပြန်ပေါ်လာပြန်တော့—

သူ့မျက်လုံးများ၌ မျက်ရည်တွေ စိုင်းနေ၏။

'ကျွန်တော်က ဖုံးကွယ်ထားရင် ကျွန်တော့်ကို လှည့်စားသူလို့ မမမွန် ထင်မယ်ပေါ့'

မွန်မွန်ကခေါင်းညိတ်ပြ၏။

www.burmeseclassic.com

www.burmeseclassic.com



'ပြီးတော့ ဘောက်ကျစ်သူလို့လဲ ထင်မယ်ပေါ့'

မွန်မွန်က ခေါင်းညိတ်ပြုံးပြ၏။

မျက်ရည်ဝိုင်းလျက် သူ့နှုတ်ခမ်းလေးတွေက တုန်ယင်လာသည်။ ဆက်ပြောင်း ရှိုက်လိုက်ပြီး သူပြော၏။

'ဟုတ်တယ်။ မမမွန်ကို ကျွန်တော် ဖုံးကွယ်ထားတယ်'

'ဘာဖုံး ကွယ်ထားသလဲကွယ်'

သူ့ဖြေသံမှာ တိုးတိုးသာ....။

'ချစ်တာ....'

'ဘာရယ်....'

'ချစ်တာ။ ချစ်တာပါ မမမွန်။ မမမွန်ကိုလေ ကျွန်တော် သိပ်ချစ်တယ်'

သူ့အသံလေးက နူးညံ့လှသည်။ သူ့မျက်နှာလေးက ငယ်လှသည်။

ရုတ်တရက်မမျှော်လင့်သောအဖြေဖြစ်သောကြောင့် မွန်မွန်မှာ အံ့အားသင့်သွားသည်။ အံ့အားသင့်လျက်ကပင် နှလုံးသားသည် နူးညံ့သော စကားလေးကို နူးညံ့စွာပင် လက်ခံ သိလိုက်ရသည်။



ခံစားမှုမျိုးစုံ ပြည့်လျှံသော ရင်ဖြင့် မွန်မွန်သည် သူ့ကို ငေးငိုင်စိုက်ကြည့်နေ၏၊ 'မမမွန်ကိုလေ ကျွန်တော် သိပ်ချစ်တယ်'။ ဤစကားလေးက နားမှာ ပဲ့တင်ထပ်လာနေ၏။

ခဏချင်းပင် ရင်ဘတ်မှာ ဝမ်းနည်း၊ ပန်းနည်းဖြစ်သွား၏၊

'မမမွန်ကို မင်းက ချစ်တယ်'

'ချစ်တယ် မမမွန်'

'နို့.... မောင်ကိုကော....'

'ခင်ဗျာ....'

'မလေးဖြူလေ။ မလေးဖြူကိုကော....'

'မမမွန်ကို ကျွန်တော် ပြောပြပြီးပြီ။ လေးဟာ ကျွန်တော့် သူငယ်ချင်းပါ'

အမှတ်မထင်တဲ့နှင့် မွန်မွန်က မဲ့ပြုံးလေးပြုံး၏။

'မမမွန်ကို မင်းဖုံးကွယ်ထုံး ပါသေးကိုချီးရယ်'

'ကျွန်တော် ဘာကို ဖုံးကွယ်လို့လဲ မမမွန်'

'ကောင်းပြီ၊ မမမွန် မေးမယ်။ မင်းနဲ့လေး စက်ဘီကို သွားခဲ့တယ်နော်'

သူက ခေါင်းညိတ်ပြ၏။

www.burmeseclassic.com

www.burmeseclassic.com



'အဲဒီစက်စဲမှာ မင်းတို့သူငယ်ချင်း နှစ်ယောက် ဘာလုပ်ကြသတုံး'

'ခင်ဗျာ—'

'မမှုန်မေးတာကို ဖြေပါ'

'စကားပြောကြတယ်'

'ပြီးတော့ကော—'

'လမ်းလျှောက်ပြန်ကြတယ်'

'လမ်းလျှောက်ပြန်ကြတယ်'

'ဟုတ်တယ်။ တစ်ယောက်လက် တစ်ယောက်တွဲပြီး လမ်းလျှောက်ပြန်ကြတယ်'

'ဘာကြောင့် လက်တွဲကြသလဲကွယ်'

သူက ဆိုင်းဆိုင်းလေး ဖြစ်သွားပြီးမှ တိုးတိုးညင်ညင်ဖြေ၏။

'ချစ်သူတွေနဲ့တူအောင်'

'ဘယ်လို.... ချစ်သူတွေနဲ့တူအောင်'

သူက မှုန်မှုန့်ကို စိုက်ကြည့်သည်။ ဖြူဖပ်ဖြူရော် ဖြစ်နေသော သူ့မျက်နှာလေး၌လည်း တဖြည်းဖြည်း သွေးရောင်လျှမ်းလာ၏။ မျက်နှာ၌ နာကျည်း၊ နာကျင်သောအပြုံးလေးပေါ်လာ၏။



'မမှုန်ကို ကျွန်တော် အကုန်လုံးပြောပြမယ်။ ဒါပေမယ့် ကျွန်တော် ကြိုတင်ပြောမယ်နော်။ ကျွန်တော့်ကို မမှုန် ယုံချင်မှယုံမယ်။ ယုံပါလို့လဲ ကျွန်တော် မတိုက်တွန်းပါဘူး။ ဘာဖြစ်လို့လဲဆိုတော့ ကျွန်တော် ပြောမှာတွေက မယုံချင်စရာတွေ အများကြီးပါတယ်'

မှုန်မှုန်က ဘာမျှမပြောပဲ နားသာ ထောင်နေ၏။

'လေးဟာ ကျွန်တော်နဲ့လက်ထပ်ပေးဖို့နှစ်ဘက်မိဘတွေ သဘောတူထားတဲ့ မိန်းကလေးပါ မမှုန်။ သိကြတဲ့ သူငယ်ချင်းတွေက ပြောတယ်။ ကျွန်တော် သိပ် ကံကောင်းတယ်တဲ့'

မှုန်မှုန်က မျက်တောင်များကိုမှေး၍ သူ့ကို ကြည့်မိသည်။

'ဘာပြုလို့လဲဆိုတော့ လေးဟာလဲ သိပ်လှတယ်။ တော်ရုံတန်ရုံ လှတာ မဟုတ်ဘူး၊ မမှုန်လိုပဲ သိပ်လှတယ်။ မမှုန်နဲ့လေးကိုယှဉ်ပြပြီး ဘယ်သူ ပိုလှသလဲ မေးရင် တခြားလူတွေ ဖြေနိုင်မှာ မဟုတ်ဘူး။ ကျွန်တော် တစ်ယောက်ပဲ ဖြေနိုင်မှာ။ ကျွန်တော် ဖြေနိုင်မှာကလဲ— ဘယ်သူ ပိုလှတယ်ဆိုတာ မဟုတ်ဘူး။ ဘယ်သူ့ကို ချစ်တယ်ဆိုတာ။ ကျွန်တော် မမှုန့်ကိုပဲ ချစ်တယ်'

သူ့စကားလေးက ဆန်းသဖြင့် သူ့ကိုလည်း ထူးထူး ဆန်းဆန်းအဖြစ် မှုန်မှုန်က ကြည့်မိသည်။

www.burmeseclassic.com

www.burmeseclassic.com



'ဒါပေမယ့် ကျွန်တော် ကံကောင်းတယ်။ ကျွန်တော့် လူငယ်ချင်းတွေပြောတဲ့ ကံကောင်းနည်းမျိုး တော့ မဟုတ်ဘူး။ အဲဒါကို ကံကောင်းတယ်လို့လဲ သူတို့က ခေါ်မှာမဟုတ်ဘူး။ ဒါပေမယ့် ကျွန်တော့်အသဘော တော့ ကျွန်တော် ကံကောင်းတယ်'

သူက ရယ်ခြင်း မဟုတ်သောရယ်မှုတစ်ခုကို ပြု၏။

'ကျွန်တော် ဘာကံကောင်းသလဲ၊ သိလား မမွန်... လေးကလဲ ကျွန်တော့်ကို မချစ်ဘူး'

သူက ရယ်နေပြန်၏။

'လေးက ကိုမျိုးကို မချစ်ဘူး'

'မချစ်ဘူး၊ အဲဒီအပြင် လူကြီးတွေ စိစဉ်ကြတာကို သူ မကြိုက်ဘူး။ သူ့နှလုံးသားရဲ့လွတ်လပ်မှုကို သူ ဆုပ်ကိုင်ထားတယ်တဲ့'

မွန်မွန် ငိုင်သွား၏။ လေးပြုံး၏ပိုင်လာကို လေးစားချစ်သွား၏။

'ပြီးတော့...'

သူက စကားကို မဆက်။

'ပြောလေ...'



'မမွန်ကို ကျွန်တော် သိပ်ချစ်ခဲ့ဘူးသိသွားတယ်'

'အို...'

'ကျွန်တော်က စ ပြောတာ မဟုတ်ပါဘူး။ မမွန်ကို ကျွန်တော် ချစ်တာ ကျွန်တော့်မှာ ပြောခွင့်မှမရှိပဲ'

'နို့... ဘယ်လို သူသိသလဲ'

'လေးက စာရေးဆရာမ'

'အဲဒါနဲ့...'

'ဆရာမိန်နွေ့ အကြောင်း ပြောရင်းက မမွန် လုတဲ့အကြောင်းပြောမိတယ်။ သူက ကျွန်တော့်ကို မမွန်လို့ ခေါ်စမ်းတဲ့။ ခေါ်ခိုင်းတယ်။ ကျွန်တော်လဲ ခေါ်မြလိုက်တယ်'

'ဒီတော့...'

'လေးက ပြောတယ်'

သူ ဆုတ်ဆိုင်းလာပြန်၏။

'အင်း... လေးက ဘာပြောသလဲ'

'ဟိုဒင်း....'

www.burmeseclassic.com

www.burmeseclassic.com



မွန်မွန်က သူ့ကို အကဲခတ် ကြည့်နေ၏။ သူက ဘာကြောင့် ဆုတ်ဆုတ်ဆိုင်းဆိုင်း ဖြစ်နေရသနည်း။

သူက သက်ပြင်းရှိုက်ပြီး ပြော၏။

'လေးက ပြောတယ်။ မွန်မွန့်ကို ကိုမျိုး သိပ်ချစ်တာပဲ လား...တဲ့'

မွန်မွန်၏ မျက်လုံးလေး ဝိုင်းသွား၏။

'လေးက အဲဒီလိုမေးတယ်'

သူကခေါင်းညိတ်ပြ၏။

'ဘာပြုလို့ အဲဒီလိုမေ ရတာလဲ'

'မသိဘူး'

မွန်မွန် ငိုင်သွားပြန်၏။ ကြော်... ဟို တစ်နေ့ က လည်း ဦးဖေဖေကို မိမိက လေး...ဟုခေါ်ခိုင်းမိသည်။

ချစ်ခြင်းမေတ္တာကို အသံက ပြတတ်ပါသလား။

လေးသည် မိမိနှည်းတူ အသံမှတင်ပုံတစ်ရာကို သိလိုက်ပါ သလား။



'ပြောဦးလေ၊ ကိုမျိုးပြောတာတွေက မဆုံးသေးဘူး'

'အဲဒီနောက် လေးနဲ့ကျွန်တော်တို့ တစ်ဦးကိုတစ်ဦး နားလည်သွားကြတယ်။ လေးဝမ်းသာသွားကြတယ်။ ခင်မင် သွားကြတယ်။ လေးနဲ့ ကျွန်တော်က အခု သူငယ်ချင်း။ တိုင်ပင်ဖော်တိုင်ပင်ဖက် သူငယ်ချင်း'

'ဘာတွေများ တိုင်ပင်ကြသလဲကွယ်'

'ဟန်ဆောင်ကြဖို့'

'ဘယ်လို....'

'လေးကလဲ ပညာဆုံးအောင် ဆက်သင်ချင်သေးတယ်၊ ကျွန်တော်ကလဲ ပညာဆုံးအောင် ဆက်သင် ချင်သေး တယ်။ ပညာသင်ဆုံးလို့....ကိုယ့်ခြေထောက်ပေါ်ကိုယ်ရပ် တည်နိုင်ကြမှ ကိုယ့် နှလုံးသားရဲ့ ရွေးချယ်မှုကို ကိုယ် ပျော်ကြဖို့၊ ဒီအတောအတွင်းမှာတော့ ဝတ္ထုလေး ရေးနေကြရအောင်တဲ့'

'ဝတ္ထုလေး...'

'လေးပြောသာလေ၊ အိမ်က လူကြီးတွေကို ဝတ္ထုဖတ် နေကြပါစေတဲ့။ သူတို့ဖြစ်စေချင်တဲ့ ဇာတ်လမ်းမျိုး ဖတ်နေကြပါစေတဲ့။ အဲဒီအတွက် လေးနဲ့ကျွန်တော်တို့

www.burmeseclassic.com

www.burmeseclassic.com



ကသရုပ်ဆောင်ကြမယ်တဲ့။ ပိပို့ရိုရိုသရုပ်ဆောင်ကြမယ်တဲ့။ ပြီးတော့မှ ကိုယ်ကြိုက်တဲ့ ဇာတ်လမ်းကိုယ့်ဘာသာ ရေးကြမယ်တဲ့။ လေးပြောသလို ကျွန်တော် မပြောတတ်ဘူး။ ကျွန်တော် နားလည် တာကတော့ ဟန်ဆောင်ဖို့။ သဏ္ဍာန်လုပ်သရုပ်တူအောင် ဟန်ဆောင်ဖို့...’

‘ဘယ်ထိအောင် ဟန်ဆောင်ကြမှာလဲ’

‘ပညာသင်ပြီးကြတဲ့အထိ ဒါမှမဟုတ်၊ သတ္တိဆီ တွန်းအပို့ခံရတဲ့အထိ’

‘သတ္တိဆီ... ဘာကတွန်းပို့မှာလဲ’

‘အချစ်က...’

‘ဘယ်သို့...’

‘အချစ်က သတ္တိဆီတွန်းပို့မတဲ့။ လေး ပြောတာလေ...’

‘အဲဒါကော ပြောတာလဲ’

‘အခုက ကျွန်တော် မသိဘူး။ အခုတော့သိပြီလေ’

‘အခုတော့ သိပြီ’

‘ဟုတ်တယ်။ ကျွန်တော်အခု တွန်းပို့ခံနေရပြီလေ...’



မွန်မွန် ထိတ်လန့်သွား၏။ မိမိက မူလဦး သူ့ကို တစ်စုံတစ်ရာ ဝင်ဆေးနေသည်။ စပ်ဆေးရင်းက သူ့ကို သတ္တိရှိအောင် လုပ်ပေးမိပါလေကော။

သတ္တိရှိသောသူကြီး ဝင်သာဝံ့အောင် မိမိက ခြံတံခါးဖွင့်များ ပေးနေမိပြီလော။

‘မမွန်... ကျွန်တော် ပြောပြတာ ယုံရဲ့လားဟင်...’ မြှော်စွာဘုရား...။ မေးပြီ။ သတ္တိရှိသူကြီးက မေးလေပြီ။ ယုံပါသလား... ယုံချင်နေသည်။

သည်မျက်နှာလေး။ သည်အပြောလေး။ သည်အမူအရာလေး။ ဪ...ကရုဏာက သူ့ဘက်က ဘယ်မျှ ပင်းသနည်း။ သိစိတ်၏ ကမ္ဘာလာအဖြစ်...မိမိကို မည်မျှဖုံးသနည်း။

နားတွင်း၌ ကြားယောင်လာသည်။

‘စိုးရိမ်တယ် သမီးရယ်။ ဦးဖေဖေ သိပ်စိုးရိမ်တယ်။ ဟောဒီလောကမှာ ဝေ...မသင်တာတွေ ဖြစ်လွယ်တယ် သမီး။ မယုံနိုင်တာတွေ ဖြစ်တတ်တယ်’

ဦးဖေဖေ ဘယ်သောက်ထိန်းပြောသည်ကို မိမိသိသည်။ ကျွဲတော်းကို ပြောဖို့ ဦးဖေဖေ မည်မျှစိတ်ပင်ပန်းသည်ကို မိမိသိသည်။

www.burmeseclassic.com

www.burmeseclassic.com



မပြောချင်သောစကားကို ပြောခဲ့ရခြင်းမှာ ဦးပေဖေ၌ လို လောက်သော အကြောင်းရှိမည်။

ဦးဖေဖေ၏ တိုးရိမ်စိတ်တွေ ပြေပျောက်ရန် လုံလောက်သော အကြောင်း ယခုမိမိ၌ ဘာရှိသနည်း။

သူ့စကားလေးများ။ ယုံချင်စရာကောင်းသော သူ့စကား လေးများ။ ယုံချင်စရာကောင်းသော သူ့မျက်နှာလေး။

ဪ…ယုံချင်နေမိသော မိမိစိတ်။ တကယ်ကော မိမိ ယုံ ပါသလား။

'ကိုမျိုး'

'ခင်ဗျာ'

'လေးက သိပ်လှသလား'

သူက ခေါင်းညိတ်ပြ၏။

'ချမ်းကော ချမ်းသာသလား'

သူ ခေါင်းညိတ်ပြပြန်၏။

'မင်းတို့ နှစ်ဘက်မိဘတွေကလဲ သဘောတူ ထား ကြ တယ်နော်'

သက်ပြင်းချပြီး သူ ခေါင်းညိတ်ပြပြန်၏။



'မင်းတို့နှစ်ဦးက ချစ်သူဟန်ဆောင်ပြီး အဲ… သဏ္ဌာန် လုပ် သရုပ်နဲ့တူအောင် ပြုကြတယ်ပေါ့'

ခေါင်းပင် သူ ညိတ်ပြ၏။

'မမမွန် ဘယ်လို ယုံရမှာလဲကွယ်'

သူက ဖြည်းညင်းစွာ မော့ကြည့်၏။

'ကျွန်တော်ပြောတာ မမမွန်မယုံဘူးပေါ့'

'ယုံချင်တယ်ကွယ်။ ဒါပေမယ့် ဘယ်လိုယုံရမှာလဲ။ ပြီး တော့—'

'ဘာလဲ မမမွန်။ ပြီးတော့'

'လေးက မင်းကို မချစ်ပါဘူးဆိုတာ မင်းဘယ်လိုလုပ် သိသလဲ'

'ခင်ဗျာ'

'မိန်းကလေးတစ်ဦးဟာ ချက်ချင်းကြီး မင်းကို ချစ် ပါ တယ်လို့ ပြောမလား'

သူက ပါးစပ်ဟ၍ လျက် မွန်မွန်ကိုကြည့်သည်။

'စကားဥပမာပဲ ဆိုကြပါစို့။ လေးက မင်းကို ချစ်နေ တယ်။ မင်းတို့မိဘတွေကလဲ သဘောတူထားကြတယ်။

www.burmeseclassic.com

www.burmeseclassic.com



ပြောင့်ဖြူးသာယာနေတဲ့ မင်းတို့ဘဝထဲ မမမွန်တာ ဝင်ရှုပ်ရမှာလားကွယ်'

သူ့နှုတ်ခမ်းလေးများက အသံကြာလှုပ်နေပြီးမှ ခေါ်၏။

'မမမွန်'

'ပြောပါ ကိုမျိုး'

'လေးဟာ ကျွန်တော့်ကို မချစ်ပါဘူး။ ပြီးတော့ ဒီကိစ္စမှာ လေးက ကျွန်တော့်ကို ချစ်တာ၊ မချစ်တာနဲ့ မဆိုင်ဘူး။ ကျွန်တော်က လေးကို မချစ်ဘူး။ ကျွန်တော်ချစ်တာက မမမွန်'

'ဘယ်လိုလဲ ကိုမျိုး။ မင်းက လေးကိုမချစ်ဘူး အဲဒါကြောင့် မမမွန်က မင်းကို ချစ်ရမယ်။ မင်း ဒီလို ဆိုလိုနေသလား ကိုမျိုး'

သူက မျက်လုံးပြူးလျက် မွန်မွန်ကိုကြည့်သည်။ သူ့မျက်လုံးများ၌ အံ့ဩခြင်း၊ ထိတ်လန့်ခြင်း၊ ဝမ်းနည်းခြင်းတို့ကို တစ်ပြိုင်နက် တွေ့လိုက်ရ၏။

သူ ခေါင်းကျိုးကျသွား၏။ ခေါင်းပြန်မော့လာသော အခါ၌ သူက ဝမ်းနည်းပန်းနည်း ပြုံးပြသည်။



'မမမွန်။ ကျွန်တော် အဲဒီလိုမဆိုလိုပါဘူး။ မဆိုလိုဝံ့ပါဘူး။ ဆိုလိုခွင့်လဲ မရှိပါဘူး။ ကျွန်တော် ပြောနေတာက မမမွန်ရယ်...ကျွန်တော့်ကိုချစ်ပါလို့ပြောတာ မဟုတ်ရပါဘူး'

သူ့အသံလေးက တုန်နေ၏။

'မမမွန်ကို ကျွန်တော် ဘယ်လို ချစ်တယ် လို့ တောင် မပြောရသေးဘူး။ လေးပြောတာဟုတ်တယ်။ ကျွန်တော် အခု သတ္တိရှိသွားပြီ။ မမမွန်ကို ကျွန်တော် ပြောပြမယ်'

အသံတုန်တုန်နှင့် ပြောနေရင်းက သူ့မျက်နှာလေးသည် ပြုံးယောင်ယောင် ဖြစ်လာသည်။ အို...ဘယ်လို ကောင်လေးနည်း။

'မမမွန်ကို တစ်ခါလေးမြင်ဖူးရုံနဲ့ ကျွန်တော်သွမ်းတယ်။ ဘာဖြစ်လို့လွမ်းမှန်း မသိဘူး။ နောက် ဝမ်းနည်းတယ်။ ဘာဖြစ်လို့ ဝမ်းနည်းမှန်း မသိဘူး။ နောက်ပြီးမှ ချစ်လာရတာ'

နောက်ဆုံးစကားကိုမူ သူက ခေါင်းငုံ့လေးနှင့် ပြော၏။

'အခု...ကျွန်တော်ပြောပြနေတာလဲ ကျွန်တော့်ကို မမမွန်ပြန်ချစ်ပါစေလို့ ကျွန်တော်ပြောနေတာ မဟုတ်ဘူး။ မမမွန်ကို ကျွန်တော်မလှည့်စားဘူး။ မကောင်းကျစ်ဘူးလို့ ကျွန်တော်ပြောပြနေတာ။ မမွန်မယုံဘူး။ မမမွန်ယုံအောင် ကျွန်တော်လုပ်ပြမယ်'

www.burmeseclassic.com

www.burmeseclassic.com



သူက ထိုင်ရာမှ ထ လိုက်၏။

'လှည့်စားသူ၊ ကောက်ကျစ်သူဟာ တင်ခုကိုရဖို့ မျှော်လင့်လို့ပေါ့။ ကျွန်တော် ဘာကိုမှရဖို့ မျှော်လင့်မထားဘူး။ စကတည်းက မမမွန်ကို လွမ်းပြီး၊ ဝမ်းနည်းပြီး ချစ်နေရတာ။ မမမွန်ကမချစ်တော့လဲ ကျွန်တော် လွမ်းပြီး၊ ဝမ်းနည်းပြီး ချစ်နေရမှာပဲ။ ကျွန်တော့်အတွက် မသူးပါဘူး။ ကျွန်တော်သွားပြီ မမမွန်'

သူ လျှင်မြန်လှသည်။ အရှုံးလေးပမာ အနီးမှ ထွက်ပြေးသည်။

မမျှော်လင့်သော အပြုအမူ ဘယ်သို့မျှ မမျှော်လင့်ထားသော အပြုအမူ။

မွန်မွန်က အံ့ဩစိတ်နှင့် ကြောင်လျက်ကြည့်နေသည်။

အော်ခေါ်လိုက်ရမည်လား။ အို...ဘာကြောင့်အော်ခေါ်ရမည်နည်း။ အော်ခေါ်ပြီးတော့လည်း ဘာလုပ်ရမည်နည်း။

သိစိတ်က အဆုံးအဖြတ်မပေးသော်လည်း မသိစိတ်က လူကို ဆောင်ယူသည်။

ကြောင်နေရာမှ ထ ပြီး ခြံတံခါးဝသို့ မွန်မွန် ရောက်လာသောအခါ၌ လမ်းကွေ့လေးကိုချိုး၍ သူ ပျောက်ကွယ်သွားပြီ။



ဂွမ်းပုံက ခြံပြင်အထိပြေးထွက်သည်။ သူထွက်သွားရာဘက်သို့ လေးငါးဆယ်လှမ်းပင် လိုက်၊ လိုက်သေး၏။ ထို့နောက် ရပ်ပြီး မွန်မွန်ဘက်တစ်လှည့်...သူသွားရာဘက်သို့တစ်လှည့်ကြည့်နေသည်။

မွန်မွန်က ဂွမ်းပုံကိုမခေါ်။ ခြံတံခါးကိုလည်းမပိတ်။ ခြံတံခါးကြီးပိတ်လိုက်ရမည်ကို ကြောက်နေသည်။ လွမ်းပြီး...ဝမ်းနည်းပြီး...ကြောက်နေသည်။

*

www.burmeseclassic.com

www.burmeseclassic.com

## အခန်း ၁၅

အပြင်ဘက်၌ မိုးဖွဲဖွဲကျနေ၏။

ကောင်းကင်မှာတော့ တိမ်မည်းတွေ တင်လိပ်ပြီးတင်လိပ် ဆင့်တက်နေသည်။

အဲသည်— တိမ်မျိုးကိုကြောက်သည်။ ကောင်းကင်ကတိမ် မဟုတ်။ အဲသည်တိမ်မျိုး—။

ကိုစောသန့်၏ ဘယ်လက်က ပီယာနိုရဲ့ဘယ်ခလုတ်များကို လေးလေးကျဲကျဲဖိတီးသည်။ ခြေနင်းဖြင့် အရှိတ်ကိုလည်းထား၊

www.burmeseclassic.com

www.burmeseclassic.com



သဖြင့် ဘယ်သံကြီးများရောဟိန်းထွက်လာသည်။ ညာလက်က ညာခလုတ်များကို ပေးသွား စေ့ ခေ့ စိပ်စိပ်ညက်ညက် ဖွဲ့ယူကြည်းသည်။ နှုတ်မှလည်း တိုးတိုး ဆိုမိ၏။

'မိုးပကာတိပြာပြာ....။ လ ပကာတိသာသာ.... မိုးပြာ လမင်း....တိမ်မြူရှင်းတော့.... လင်းလင်း—သာသာ....။ ပကာတိရှိကြမည့်ဓမ္မတာ....။ ကိုယ်ယုံကြည်သော ချစ်ခြင်းမေတ္တာ....။ လွမ်းဖွယ်ညထိုကမ္ဘာမှာ—'

ကိုစောသန့်က တစ်ခေါက်ပြန်တီးကြည့်သည်။ စိတ်ကူးနှာ တွင်း၌ ဘယ်သံလေမှုတ်တူရိယာများဘယ်၌နားပြီး တယောသံမျှင်မျှင်လေးက ဘယ်နေရာမှစ ဝင်မည်ကို နေရာချကြည့်၏။ အနည်းငယ်စိတ်ကျေနပ်မှ ဆက်တီးသည်။

'ချစ်သူနှင့် တိုက်တိုက်....... ဆိတ်ဆိတ်တွေ့သည့် အချိန်ခါ။ မမှိန်ပါလေနှင့် လစန္ဒာ....။ မမှုန်ပါလေနှင့်မြသော်တာ။ မြူစင်သန့်ရှင်း.... ချစ်ခြင်းမေတ္တာ....ကိုယ့်ကမ္ဘာမှာ.... ဆိတ်ကွယ်ခြင်းတွေမလိုပါ။ အို.... တိမ်ညိုရဲ့—မညိုပါနှင့်—သဒ္ဒါပို....မညိုလိုက်ပါနှင့်....၊ ကိုယ်ယုံကြည်သော....ချစ်သောအလှကမ္ဘာမှာ၊ ဆိတ်ကွယ်ခြင်းတွေမလိုပါ—'



ကိုစောသန့်က ပြန်တီးကြည့်ပြန်သည်။ အစအဆုံးမဟုတ်။ အို တိမ်ညိုရဲ့ စသောအပိုင်းကိုသာဖြစ်၏။ ပေးသံအသွားနှင့် ခံစားချက် မညီမျှညီထွေမှုရှိသည်ကိုစစ်သည်။ မိမိတော့ ကျေနပ်သည်။ အဆိုသမားတော့ခက်မည်။ မတတ်နိုင်။ အဆိုသမားကို မိမိက ဘယ်တုန်းကမှ အလိုမလိုက်တတ်။ ရအောင်ဆို။ မဆိုနိုင်လျှင် သဆိုတော်မလုပ်နှင့်။

ရင်မှခံစားမှုများက လက်ဆီရောက်လာသည်။ လက်ကမှ တစ်ဆင့် ခံစားမှုကို ပီယာနိုခလုတ်ဆီပို့သည်။

'အတိတ်ကညမျာ....ဝိုးဝါးဝါးသာ။ ကြုံတာလေလား....ပုံမှာပေလား—ကမ္ဘာခြားသည်သို့ မို့ ထင်မှားမိစိတ်မှာအခါခါ။ ခုများဖြင့် ကိုယ့်ရင်မှာ—တိမ်သလ္လာ။ သောကခလေလား—ဒေါသပေလား— နှလုံးသားက— မိုး—သား — တိမ်လွှာ—'

သီချင်းက ထိုးရပ်သွား၏။ ရိုးရိုးရပ်သည်မဟုတ်။ ရှေ့ဆက်၍ မရအောင် ရပ်သွားသည်။

ကြာပြီ။ သည်အပိုဒ်မှာ ရပ်နေသည်။ ရှေ့မဆက်နိုင်ကော့ သီချင်းက မဆုံး။

ခံစားမှုမရှိ၍မဟုတ်။ ခံစားမှုတွေကတော့ရှိသည်။ ၎င်းသည် ကို မိမိကအသိဆုံး။ သို့ရာတွင် ခံစားမှုသက်သက် တစ်ခုတည်းနှင့် အနုပညာတစ်ရပ်ကို ဖန်တီး၍ ရပါသလော။

www.burmeseclassic.com

www.burmeseclassic.com



လက်မျှားကာမှ ဆေးလိပ်လှုပ်ရှားနေသောကြောင့် ပီယာနိုက အသံဆက်ထွက်နေသည်။ ပြီးသမျှသော သံစဉ်ကို တစည်လည် ပြန်ကျော့နေ၏။

နားကျင်း၌ ကားဟွန်းသံလိုလိုသဲ့သဲ့ကြား၏။ သမီး ကျောင်းက ပြန်လာလေပြီလော။ မဖြစ်နိုင်။ အစောကြီး ရှိသေးသည်။ သမီးက ညနေအလွန်စောင်းမှ ကျောင်းက ပြန်လာတတ်သည်။

ကိုစောသန့်က ပီယာနိုကိုဆက်တီးနေ၏။ ပန်တီးရမှုဟူသမျှ တ ပင်ပန်းသည်။ ရှေ့တက်မရပဲ ပိတ်ဆို့နေသော အခက်မှာဆို လျှင် ပိုပင်ပန်းသည်။ ပင်ပန်းပါသည်ဆိုပြီး ၊ နားလိုက်၍လည်း မရ။

ဪ....သည်...သီချင်းကိုမှ မိမိက ဘာကြောင့် သွားစပ် မိရသနည်း။

ကိုစောသန့်က ပီယာနိုကို မှေ့ပင်လိုက်သည်။ တယ်သံလွှမ်း သော ဒေါ်ကြီးသည့်ဂီတသံသည် နောက်ခံကားဖြစ် ပေါ် လာသည်။ သည်နောက်ခံကားအတွင်း ညာဘက် လူမျှားဖြင့် သဏ္ဍာန်လေးကို ပြန်ပုံဖော်ကြည့်နေသည်။

သည်တစ်ကြိမ်တွင်မူ အိမ်ရှေ့၌ ကား ဆိုက်သံကို ထင်ထင် ရှားရှား ကြားလိုက်ရ၏။

ပီယာနိုမှထပြီး ကိုစောသန့်က အိမ်ရှေ့သို့ ထွက်လာ၏။



အိမ်ရှေ့၌ ဆောင်ရှိလာသောဒင်ကား အညိုတစ်စီးတရပ်နေပြီ။ သော့တွဲကိုင်လျက်နှင့် မယေက ခြံတံခါးဆီမှ ပြန်လျှောက်လာ နေ၏။

ကိုစောသန့်၏ မျက်လုံးများက ကားရှေ့ခန်းမှ အသက် လေးဆယ်ခန့်အရွယ်ရှိ ဒရိုင်ဘာထံ အလျင်ရောက်သွား၏။

ကားနောက်ခန်းတံခါး ပွင့်လာ၏။

'ဟင်...လေး...'

မိုကာ ဖွံ့ဖွံ့လေးသော ဂျူနေသောကြောင့် လေးမြှုကြ ခေါင်း ကို လက်ပွေ့အိတ်လေးဖြင့်သော ကာကွယ်ပြီး အိမ်ပေါ်တက်လာ သည်။

'ဆရာ့ကို လေး လာနှောင့်ယှက်သလို ဖြစ်နေမလား'

'အို...အို... မဖြစ်ပါဘူး။ လာ...လာ...လေး။ ဝင်'

ကိုစောသန့်က လေးမြှုကို ဧည့်ခန်းဆီသို့ ခေါ်လာခဲ့၏။

မိုးအေးလေးတွင် ဘယ်ဆီကွေးနေရာမှ မသိ။ ဂွမ်းပုံက ပေါ်လာသည်။

မိန်းကလေး ခွေးကြောက် မကြောက်မသိသဖြင့် ကိုစော သန့်က လက်ညှိုးထောင်ပြလာသောအခါ ဂွမ်းပုံသည် ထမင်းစား ခန်း အခေါက်ကြမ်းပြင်၌ ပြန်ဝပ်နေသည်။

www.burmeseclassic.com

www.burmeseclassic.com

ကုလားထိုင်ပေါ်တွင် ထိုင်ပြီးနောက် လေးဖြူက ဂွမ်းပုံဆီ လှမ်းကြည့်သည်။

'ခွေးလေးက ချစ်စရာ။ လေး—ခွေးမကြောက် ဘတ်ပါဘူး ဆရာ'

လေးဖြူကပြုံးပြီး သူ့ လက်ချောင်း လှလှလေးများနှင့် အသံပြုလျက် ဂွမ်းပုံကိုခေါ်သည်။ ဘသားချောက ကိုစောသန့်ကိုပင် ဂရုမစိုက်တော့ပဲ လေးဖြူဆီ ပြေးလာသည်။ လေးဖြူ၏ ခြေထောက်လေးများကို ခဏနမ်းကြည့်ပြီးမှ လေးဖြူ၏ မျက်နှာကို မော့ကြည့်သည်။ လေးဖြူက သူ့ကို ပွေ့ယူပြီး ပေါင်ပေါ်တင်ထားလိုက်၏။

အမှတ်မထင် ကြည့်နေမိသော ကိုစောသန့်၏ရင်၌ ထူးထူးဆန်းဆန်း ကြည်နူးနှစ်သက်သွား၏။

ဂွမ်းပုံကို သည်လိုပင် ပေါင်ထက်တင်၍ သမီးလည်း ထိုင်တတ်သည်။

သမီးထိုင်နေလျှင် အခန်းသည် တစ်မျိုး တစ်မည် လင်းသယောင်ရှိသည်ကို သတိပြုမိသည်မှာ ကြာပြီ။ မိုးညိုညို၌ စောစောက အခန်းသည် ညှိုးမှိန်သယောင်ရှိ၏။ ဩော်....ယခု လင်းပြန်ခဲ့တကား။

'လေး...ဆရာ့အိမ် ဘယ်လိုသိသလဲ'



'လေး—တိုက်ကို ရောက်ခဲ့တယ်ဆရာ'

'ဩော်....ဩော်—'

'ဆရာ ရှန်ဂရီလာက ဆရာ နွေလယ်ကပဲ အိမ်ပြန်သွားတယ်။ ပြန်မလာတော့ဘူးဆိုလို့'

'ဟုတ်တယ်။စီးရစ်ဇ်သစ် အတွက် နောက်ဆုံး သီချင်းတစ်ပုဒ် စပ်စရာရှိလို့'

'အို...ဒါဖြင့် ဆရာ့ကို လေး လာနှောင့်ယှက်မိပြီပေါ့'

'ဟင့်အင်း။ ဘာပြုလို့လဲဆိုတော့ ဆရာက ကိုယ့်ဘာသာကိုယ် အနှောင့်အယှက်မိနေတာ'

'ရှင်...'

'လေးလဲ အနုပညာ ဖန်တီးသူပဲဟာ။ သိမှာပေါ့။ ရှေ့ဆက်မရပဲ ပိတ်နေတဲ့အခါ ဇွတ်ကြိုးစားမိတယ်။ ဇွတ်ကြိုးစားလေ မရလေနဲ့ နောက်ဆုံး ကြိုးစားမှုကကို အနှောင့်အယှက်ပြန်ဖြစ်လာတယ်။ အဲဒီအခါ စိတ်ပညာစကားနဲ့ဆိုရင် ခွင်ထဲကကို တမင်ရှောင်ထွက်ပစ်ရတယ်'

'အောက်တ်အော့ဖ့်သည် ဆိုက်ကိုလက်ဂျီကယ်လ် ဖီးလ်'

'အား...ဟုတ်တယ်'

www.burmeseclassic.com

www.burmeseclassic.com

'အင်ဆပရေးရှင်း ရအောင်ပေါ့။ ပွန်ကာရေး လို'

'အင်း—ဒါမှမဟုတ် စူလတန်လို'

'အိုး—ဆရာက စူလတန်မဟုတ်ပါဘူး'

မာန်လေးနှင့်ငြင်းလိုက်ပုံက သမီးနှင့်တူနေပြန်၏။

ရယ်ရင်းက ကိုစောဘန်သည် လေးဖြူကို လေးစားစွာ ကြည့်မိ၏။ ကလေးမ စာဖတ်သည်။

အနုပညာရှင်ဖြစ်ဖြစ် သိပ္ပံပညာရှင်ဖြစ်ဖြစ် ဖန်တီးသူများ ဖြစ်ကြသည်။

ဖန်တီးခြင်းဆိုင်ရာ ဉာဏ်အလုပ် creative thinking သည် တစ်ခါတရံ ရှေ့မတိုးနိုင်ဘဲ ပိတ်ဆို့ရပ်နေတတ်သည်။

ထိုအခါ အတွေးကိုရပ်ပင်ပြီး နားနားနေနေ မေ့မေ့ပျောက်ပျောက် နေပစ်လိုက်ရသည်။

ထိုအခါ သိစိတ်နှင့် မကြိုးစားရပဲ မမျှော်လင့်သောအချိန် မမျှော်လင့်သောနေရာတွင် ဝင်းခနဲလက်၍ ဉာဏ်ပွင့်သွားတတ်သည်။

ဉာဏ်ပွင့်ခြင်းကို inspiration ဟုခေါ်သည်။ ပြင်သစ်သင်္ချာပါရဂူကြီး ပွန်ကရေး Poincare သည် သင်္ချာပြဿနာတစ်ခုကို မရှင်းနိုင်သဖြင့် ခေတ္တနားပြီး ပါရီမြို့တွင်း လျှောက်လည်သည်။



သင်္ချာပြဿနာကိုမေ့သွားပြီးစိတ်လွှတ်လက်လွှတ်သွားနေဆဲ အများသုံးယာဉ်တစ်ခုဘွင်းမှ ခြေသို့ဆင်းလိုက်သည့် တစ်ခဏ၌ ဉာဏ်ပွင့်သွက်ပြီး ပြဿနာ၏အဖြေကိုရသည်။

အင်ဆပရေးရှင်းကို ရှင်းပြသောအခါ ပေးကြသောသာဓက တစ်ခုဖြစ်၏။

အခြားသောသာဓကတစ်ခုက စိတ်ပညာ လက်တွေ့စမ်းသပ်မှု တစ်ခုဖြစ်သည်။

စူလတန်ဟုခေါ်သော မျောက်ဝံကို ပြဿနာ အခြေအနေ တစ်ခုနှင့် ရင်ဆိုင်ပေးသည်။

ဖြေရှင်းမရသော စူလတန်သည် ပြဿနာကို ချထားပြီး မျောက်ဝံဘာဝ ဆော့ကစားသည်။

ဆော့ကစားရင်းမှ ရုတ်တရက် ဆက်သွယ်ခြင်းသစ်ကို မြင်သွား၍ ပြဿနာကို အောင်မြင်စွာဖြေရှင်းသည်။

စူလတန်လည်း ဉာဏ်ပွင့်သွားလေသည့်ပမာ။

လေးဖြူက သူ့ကို ပွန်ကာရေးနှင့်နှိုင်းသည်။ သူက မိမိကိုယ်ကို စူလတန်နှင့်နှိုင်း၏။ သမီးကဲ့သို့ပင် မခံနိုင်သည့်ဟန်— မာန်ခဲလေးနှင့် လေးဖြူကငြင်း၏။

လေးဖြူသည် သူနှင့် ခဏအတူလိုက်ရယ်ပြီးမှ မျက်နှာလေးကို တည်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



'ဆရာ—'

'အင်....'

'လေးကို စိတ်သက်သာစေချင်တယ်ပေါ့'

'ဘာပြောတယ်—လေး—'

'လေးဟာ....ဆရာ့ကို အနှောင့်အယှက် မဖြစ်ပါဘူးလို့ ဆရာ သာမန်ပြောလဲရပါတယ်။ ဒါပေမယ့် ဆရာက လေး ယုံလောက်အောင် အကြောင်းပြပြတယ်။ ဒီ တော့ လေး ခံစားယုံကြည်ခဲ့တာ မှန်နေပြီ'

သူက ဘာပြန်ပြောရမှန်းမသိ။ ဘာ ဆိုလိုလိုက်မှန်းလည်း နားမလည်။

'ဆရာ့ဆီ....လေး စာတစ်စောင်ရေးထည့်လိုက်တယ်လေ'

'ဩြော်—ဟုတ်တယ် လေး။ လေးရဲ့စာကို ဆရာရပါ တယ်'

'လေး....စာထဲမှာ မရှိမသေ အမှားပါမိသလားဆရာ'

'အို—အို—။ မပါဘူး။ ဆရာ ဝမ်းသာမိပါတယ်။ ပြီးတော့....'

လေးဖြူက သူ့ကိုကြည့်၍ နားထောင်နေသည်။



'အဲ—လေးကို—လေးကို၊ ဆရာ မျှော်လင့်နေပါတယ်'

စာရေးဆရာစကားရှေးသုံးလိုက်ကြောင်း လေးဖြူသိသည်။ မျှော်—နေပါသည်၊ ဤသို့မသုံး။ အို—သူက ဘာကြောင့်မျှော် ရမည်နည်း။ မျှော်လင့်နေသည်။ အင်း— သည်စကားကိုလည်း လေးဖြူကြိုက်ပါသည်။

အခန်းဝ၌ မငယ်က ကိုယ်ရောင်လာပြသည်။ ကိုစောသန့်က နာရီကိုကြည့်၏။

'အစောင်ပဲ— ဆရာ လက်ဖက်ရည်သောက်ချိန်ရောက်ပြီ။ လေး ဘာသောက်မလဲ'

'လေးလဲ လက်ဖက်ရည်ကြိုက်ပါတယ် ဆရာ'

ကိုစောသန့်က မငယ်ကိုလှမ်းပြော၏။

'ငယ်ငယ်ရေ— လက်ဖက်ရည်။ နှစ်ယောက်စာ'

မငယ်က ပြန်ထွက်သွား၏။

'လေး...အခု ကျောင်းက လာတာလား'

'ဟုတ်ကဲ့။ ကောလိပ် အားတာနဲ့'

'လေးက အဆောင်က မတက်ဘူးပေါ့'

လေးဖြူက ချက်ချင်းမဖြေ။ ခေတ္တမျှ ရယ်ကျက်ပြော၏။

www.burmeseclassic.com

www.burmeseclassic.com



'လေးက အဆောင်ကတက်ချင်တာ။ ဒါပေမယ့် အိမ်က ပေးမတက်တော့ဘူး'။ လေးနဲ့ ဖမလေးတို့ အိမ်က တက်ရတယ်။ ဒါမှ သူတို့မျက်စိအောက်က မပျောက်ဘူးလို့ အိမ်ကလူကြီးတွေ စိတ္တဇလုံခြုံမှုရကြတယ်'

လေးဖြူ၏စကား၌ တစ်စုံတစ်ရာ ထူးခြားမှုလေးပါမှန်း သိသော်လည်း သူ လျစ်လျူရှုလိုက်၏။

'အိမ်ကဘက်တော့ ထမင်းဟင်း ကောင်းကောင်းစားရတာပေါ့။ အဆောင်ဆိုတာကတော့ ခေတ်အဆက်ဆက် ထမင်းဟင်း ညံ့တာပဲ'

'အင်း... ကောင်းကောင်း စားရတာပေါ့။ ရွှေအိမ်ထဲက ကြက်တူရွေးလေးတွေလို'

သူက လေးဖြူကို မသိမသာ မျက်မှောင်ကြုတ်၍ ကြည့်မိသည်။

လေးဖြူ၏ လှပသော မျက်နှာလေးက ဖြူစင်ကြည်လင်နေသည်။ မိမိကိုယ်ကို စိတ်ချယုံကြည်မှု မပြည့်ဝှသော မျက်နှာလေးမျိုး ဖြစ်ကြောင်းလည်း ရိပ်မိသည်။ ရွှေအိမ်ဘွင်းမှ ကြက်တူရွေးလေး၏ ဟန်မျိုးမရှိ။

'လူကြီးမိဘဆိုတာ ကိုယ့်သားသမီးကို ဘယ်မှာ မျက်စိအောက်က အပျောက်ခံချင်ပါ့မလဲ လေးရယ်'



'စောင့်ရှောက်မှု Protection က ကောင်းပါတယ်။ စောင့်ရှောက်မှုလွန်ကဲခြင်း Over-Protection ကတော့ မကောင်းဘူး။ စိတ်ပညာဆရာတွေကတော့ ဒဲဒီလိုပြောတယ်။ မဟုတ်ဘူးလားဆရာ'

ဟုတ်နေသောကြောင့် သူမပြော။ ရယ်၍သာနေ၏။

'ဘဝတစ်ခုလုံးကိုပါစောင့်ရှောက်မှု လွန်ကဲသွားရင် လူ့နှလုံးသားတွေ ဘာဖြစ်လာမလဲ'

သူကမပြော။ လေးဖြူက သူ့အစမေး သူဖြေ၏။

'နှလုံးသားတွေဟာ ရွှေအိမ်ထဲက ကြက်တူရွေးလေးတွေ ဖြစ်ကုန်မှာပေါ့။ ဆရာတွေ့ဖူးသလား။ အင်းလေ လေးဆောင်တွေ့ဖူးတော့ ဆရာဆို ပိုတွေ့ဖူးမှာပေါ့'

သူက ရယ်နေသည်။ ကြက်တူရွေးဟူသော စကားက နိမိတ်ပုံတစ်ခုကို ယူလာသည်။

စိမ်းသောငှက်ကလေး။ အစိမ်း....။ စိမ်း...။ ရွှေအိမ်တွင်းမှ နှလုံးသား။

သူက ကမင်ပိုရယ်လိုက်ပြီး စကား အသွားအလာကို ပေါ့သွားအောင် မှတ်ချက်ပြု၏။

'ရွှေအိမ်ဘွင်းမှ နှလုံးသား။ လေးအတွေးလေးက လှလိုက်တာ။ ဝတ္ထုတစ်ပုဒ် ရေးပါလား'

www.burmeseclassic.com

www.burmeseclassic.com



'ဝတ္ထု အနေနဲ့တော့ ရေးချင်သား။ ကိုယ့်ဘဝတော့ မဖြစ်ချင်ဘူးဆရာ'

သူ့စကားနှင့်သူ လေးဖြူက ရယ်နေ၏။ သူကလည်းအလိုက်သင့် လိုက်ရယ်ရင်းက အံ့သြသည်။ သည်ကလေးမ ဘာတွေလာပြောနေသနည်း။

နှလုံးသားအကြည်တွင် စက်ခဲမှု ပန်းချီသည် ထင်လာ၏။

လှသောမိန်းကလေးနှင့် ချောသော လုလင်၊ အရွယ်ချင်းကလည်း လိုက်ဖက်သည်။ ကံကောင်းကြသော စင်ရော် ငှက်ကလေးများ၊ ဘယ်မှာလာ ရွှေအိမ်တွင်းမှ ကြက်တူရွေးလေးတွေ ဟုတ်ရမည်နည်း။

မငယ် ပေါ်လာ၏။

'လက်ဖက်ရည် မြင်ပြီးပါပြီ ဦးဦး'

ကိုစောသန့်က လေးဖြူကို ထမင်းစားခန်းဆီ ခေါ်လာခဲ့သည်။

သူက စားပွဲထိပ်မှာထိုင်သည်။ လေးဖြူကို သမီးထိုင်နေကျနေရာတွင် နေရာချပေးမိကြောင်း မိမိကိုယ်ကို သတိပြုမိ၏။

မငယ်က လက်ဖက်ရည်ကို တီးဆက်တ် အပြည့်အစုံနှင့် ပြင်ပေးထားသည်။



ကိုစောသန့်က လေးဖြူ၏ပန်းကန်လုံးအတွင်းသို့ လက်ဖက်ရည် ထည့်ပေး၏။ ထိုနောက် နို့ကိုင်ခွက်ထည့်ပေး၏။

'နို့ပျစ်ပျစ်နဲ့ကြိုက်ရင် ထပ်ထည့်နော် လေး'

ကိုစောသန့်က သကြားခွက်လေးကို လေးဖြူရှေ့သို့ တိုးပေးရင်း ပြော၏။

'ဟုတ်ကဲ့...ဆရာ'

လေးဖြူက သကြားကို သူ့ဘာသာသူထည့်၏။

ကိုစောသန့်က မိမိအတွက် လက်ဖက်ရည်ကို မိမိဘာသာစပ်သည်။ နို့ကို အနည်းငယ်သာ ထည့်သည်။ သကြားလည်း နည်းနည်း။

တမင် မကြည့်သော်လည်း မြင်နေရသည်။

ငွေဇွန်းလေးနှင့် သကြားပျော်အောင်မွှေနေသောလေးဖြူ၏ လက်ချောင်းကလေးများက အဆင်မပေါ်ဘဲ သွယ်ပျောင်းလှပသည်။

လက်ချောင်းလေးများထက် မွေးညင်းနုလေးများ လွှမ်းရှိရှိမ်းရှိမ်း စိုစိုရှိသည်။

ဩော်...စိမ်း၏လက်လေးများကို သတိရချင်သား။

www.burmeseclassic.com



သူက အခွေးကို ဖျောက်ပစ်လိုက်ပြီး သစ်သီးယိုမြှုပ်ကိတ်ပန်းကန်ကို လေးဖြူအား လှမ်းပေးသည်။ လေးဖြူက ကိတ်တစ်ချပ် ယူစား၏။

‘လေး...အခု ကျောင်းပြန်တက်စ,ပေါ့နော်’

‘ဟုတ်ကဲ့ ဆရာ’

‘စာတော့...ရေးနေသေးသလား’

‘ရေးနေတယ်ဆရာ။ အင်း...ရေးတာမှ နှစ်ပိုဒ်တောင်ဖြစ်နေတယ်’

‘နှစ်ပိုဒ်တောင်း အတိုလား အရှည်လား’

‘အရှည်ချည်းပဲ။ အဲဒီမှာ လေး ဒုက္ခတွေ့တော့တာပဲ’

‘ဘယ်လိုဒုက္ခလဲ လေး’

‘လေး ပြောပြရင် ဆရာ နားထောင်မလား’

‘နားထောင်ရမှာပေါ့ လေးရယ်၊ ဘာပြုလို့ ဒီလိုမေးရသလဲ’

လေးဖြူက သူ့ကို စိုက်ကြည့်သည်။ မျက်လုံးချင်း ဆိုင်မိသည့်တိုင် လွှဲမပစ်ဘဲ အတန်ကြာ စိုက်ကြည့်နေ၏။



ခဏ၌မူ မျက်နှာလေးက သိမ်မွေ့စွာ ပြုံးသည်။ တိုးတိုးညင်သာလည်း ဆို၏။

‘ကျေးဇူး သိပ်တင်တာပဲဆရာ’

လေးဖြူက နဖူးဆီဝဲကျနေသော ဆံပင်လေးကို တင့်တယ်စွာ သိမ်းဖယ်လိုက်ပြီးနောက် ကိုယ်လေးကို မသိမသာလေး မတ်လိုက်၏။

‘လေး ရေးနေတဲ့ဝတ္ထုတစ်ပိုဒ်ကခံစားမှုဝတ္ထု။ ‘လကွယ်ညက မှောင်အရိပ်’တဲ့’

သူက ဖျတ်ခနဲကြည့်၏။

‘အမှောင်မှာ အရိပ်ထင်တယ်ပေါ့’

‘ဆရာ မြင်သားပဲ။ ဟုတ်တယ်။ မထင်နိုင်ဘူးလား’

‘အာ...အာ...’

‘ထားပါတော့ဆရာ။ အဲဒီဝတ္ထုက မခက်လှပါဘူး။ ခက်တာက နောက်တစ်ပိုဒ်။ သူက လျှို့ဝှက်သည်းဖို’

‘လျှို့ဝှက်သည်းဖို’

‘ဟုတ်တယ်။ ပြီးတော့...ဘဝ’

www.burmeseclassic.com

www.burmeseclassic.com

'ပြီးတော့ ဘဝ'

'ဟုတ်တယ်။ ဘဝကလဲ လေး ဘာ။ ဖိုရတဲ့အသည်းက
လဲ လေး အသည်း'

သူက ဘာပြောရမည် မသိတော့။

'လေးမှာ ကောင်းသလား ဆိုးသလား မသိဘူး။ ညဉ်
တစ်ခုရှိတယ်။ တစ်ခုခုကိုဆုံးဖြတ်ရင် လေးက ခံစားသိန
ဆုံးဖြတ်တတ်တယ်။ တစ်ခုနေ့နေ့တော့ ချောက်ကျ
မလား မသိဘူး။ ဒီနေ့အထိတော့ မှန်တုန်းပဲ'

ခံစားသိ၊ ဤစကားကို သူ ရင်းနှီးနေ၏။

'ဆရာ့ကို လေး ခဏပဲ တွေ့ခဲ့ရတာပဲ။ ဒါပေမယ့်—
ဆရာ့နှလုံးသားမှာ ကြင်နာမှုရှိတယ်။ ထောက်ထားချင့်
ချိန် ညှာတာမှုရှိတယ်။လေး ဒီလိုပဲ ခံစားသိလိုက်တယ်။
အဲဒါကြောင့် ဆရာ့ဆီ လေးစာရေးတယ်။ ဆရာ့ဆီ
လေးလာတယ်။ နို့ မို့ဖြင့် လေး ဒါမျိုးတွေမလုပ်ဘူး။
ဆရာ ယုံရဲ့လား'

'အား—အား။ ယုံပါတယ်။ ပြီးတော့....ဆရာ ကျေးဇူး
လဲ တင်ပါတယ်'

'အဲဒါဖြင့် လေး ဆက်ပြောမယ်'



'ပြောပါ လေး'

'လေးရဲ့ လျှို့ဝှက်သည်းဖိုဇာတ်လမ်းက စ မှုယ်မကြုံသေး
ဘူး ဒီရေးလိုဒ်— ဟိုဒင်း—လမ်းချော် ထွက်သွားတယ်,

သူက နားမလည်၊ စိတ်တော့ ဝင်စားလာ၏။

'ဇာတ်လမ်းအစက စက်စဲမှာ ဆရာ'

'စက်စဲမှာ'

'ဟုတ်တယ်ဆရာ။ စက်စဲသောင်ခုံပေါ်မှာ ကောင်လေး
တစ်ယောက်နဲ့ ကောင်မလေးတစ်ယောက်က လက်တွဲပြီး
လျှောက်နေတယ်။ အဲဒါ—ဝတ္ထုဆရာ'

'အဲဒါ....ဝတ္ထု....'

'ဟုတ်တယ်။ ပိုင်လိုက်ပြီဆိုပြီး မိလေးဖြူ ရေးလိုက်တဲ့
ဝတ္ထု။ မိလွမ်းပျော်ရေးတာ မဟုတ်ဘူး'

သူက မျက်မှောင်ကြုတ်မိသွား၏။

'ဝတ္ထုဆိုတာ မရှိတာကို ရှိသလိုရေးတာ။ မဟုတ်တာ
ကို ဟုတ်သလိုရေးတာ။ ဟိုဒင်း—အရိုးအစင်းဆုံးအနက်
အဓိပ္ပာယ်ပေးတာ။ ဟုတ်တယ်နော် ဆရာ'

သူက ခေါင်းညိတ်ပြ၏။

www.burmeseclassic.com

www.burmeseclassic.com



'သူကလဲ ကိုယ့်ကို မချစ်ဘူး၊ မချစ်တာမှ တစ်စက်လေး မှကို မချစ်ဘူး၊ သူ့မှာ သိပ်ချစ်တဲ့ သူ ရှိနေတာကိုး၊ ကိုယ်ကလဲ သူ့ မချစ်ဘူး။ မချစ်တာမှ တစ်စက်လေးကို မချစ်ဘူး။ ဒီကြားထဲက ချစ်သူတွေ ယောင် ဆောင်ပြ ကြရတယ်၊ ဒါကြောင့် ဝတ္ထုလို့ လေးက ပြောနေတာ'

ကိုခေသာန့်က ကြားလိုက်ရသည်ကို မယုံမိ။ မိမိ၏ နားကို မယုံမိ၏

'ဘာပြုလို့ ဝတ္ထုရေးရတာလဲ။ သိလား ဆရာ'

'ပြောပါ လေး—'

'ယုံစေချင်လို့။ ဒါပေမယ့် အဲဒီထဲမှာ ဆရာ မပါဘူး'

'ဘာပြောတယ်—လေး'

'လေးတို့ ယုံစေချင်တာက အိမ်က လူကြီးတွေ။ လေးတို့ကို ဇွတ်ပေးစားချင်ကြတဲ့ လူကြီးတွေ၊ လူများနှလုံးသားကို ယင်ပူးဇာတ်တဲ့ ရွှေးဟောင်းဂန္ထဝင်ဝတ္ထုရေးချင်တဲ့ လူကြီးတွေ။ လေးတို့ကလဲ ရုတ်တရက်ချက်ချင်း ငြင်းဖို့ သတ္တိမရှိသေးဘူး။ အခြေအနေလဲ မပေးသေးဘူး။

'ဒီတော့မယိုသေးဘဲနဲ့ပြဿနာမတက်အောင် လေးတို့က ဟန်ဆောင်ကြတာ။ ဒါပေမယ့် ဟို—အကွာဝါဇီဝဗေဒ



စနေ့ဘက်ဇေ နေ့ မျက်နှာသုတ်ပဝါအဝါရောင်ကြီး ခြုံထားတဲ့—သူ—သူ—က မြင်သွားတယ်။ သူ့ကိုတော့ လေး— အဲ—လေးတို့ မယုံစေချင်ဘူး'

သူ့ခေါင်းငိုက်ကျသွား၏။

'ဆရာ—'

'အဲ...ပြောပါလေး'

'လေးပြောတာ နားလည်တယ်နော်'

သူ ခေါင်းညိတ်၏။

'အဲ—လေး ယင်တာ မှန်သွားပြီ'

'ဘာအကိုလဲ လေး—'

'ဘာကို ရမလဲ ဆရာနဲ့။ ဆရာ့ကို လေး ယုံကြည်တာ'

သူ့ရင်မှာဆို့သလိုလည်းဖြစ်သွားသည်။ ကြည်နူးသယောင်လည်း ဖြစ်သွား၏။

'သူက လေးကို မချစ်ဘူးနော်'

'တစ်စက်လေးမှ မချစ်ဘူး'

www.burmeseclassic.com

www.burmeseclassic.com



'သူ့မှာ ချစ်သူရှိတယ်'

'သနားပါတယ်။ ရှိတယ်။ ချစ်သမှ သိပ်ချစ်'

'လေးမှာလဲ—'

'တာဆဲဆရာ—'

သူက မပြောတော့။

လေးဖြူ၏မျက်နှာလေးမှာ အနည်းငယ် ပန်းနုရောင်ရဲသွား၏။ သို့ရာတွင် ပြော၏။

'လေးမှာလဲ ချစ်သူရှိသလား။ ဆရာအဲဒီလို မေးချင်လို့ မဟုတ်လား'

'ဆောရီး—လေး'

'ကိစ္စမရှိပါဘူး။ လေးမှာ မရှိသေးပါဘူး။ တစ်ခါ တလေ ရှိချင်လိုက်တာ'

'အို....ဘာပြုလို့'

'သတ္တိ ရှိချင်လို့...'

'သတ္တိ ရှိချင်လို့....'



'အိုး... ဖော်ဂက်ဘင်ဆရာ။ မေ့ပစ်လိုက်ပါ'

လေးဖြူ၏မျက်နှာလေး တစ်မျိုးဖြစ်နေသောကြောင့် သူ့အား ရယ်သည်။

'ဆရာ့ကို ခွင့်လွှတ်ပါ။ ဆရာ ကျီစားမိတာပါ။ ကြော် လေး— လက်ဖက်ရည် ထပ်ယူဦးမလား'

လေးဖြူက သာယာစွာ ရယ်၏။

'လေးစိတ်ထဲ ပေါ့သွားပြီဆရာ။ အဲဒီတော့ ဆာလှာ တယ်။ ယူဦးမယ်ဆရာ'

သူက လေးဖြူ၏ ပန်းကန်လုံးတွင်းသို့ လက်ဖက်ရည် ထပ် ထည့်ပေး၏။ မိမိအတွက်လည်း ထပ်ထည့်သည်။

လေးဖြူက သီးမွှေးငှက်ပျောသီးတစ်လုံးကိုပင် ယူစား၏။

သူက လေးဖြူကို အကဲခတ်ကြည့်သည်။

လေးဖြူ၏မျက်နှာလေးက ပွင့်လင်းသန့်စင်သည်ဟု သူထင် သည်။

အမူအရာလေးက လွတ်လပ်သည်။ ပွင့်လင်းခြင်းနှင့် လွတ် လပ်မှုပေါင်းတော့ ရဲရင့်နေသည်။

www.burmeseclassic.com

ဩဩ်—မိမိတို့ ပြန်မရနိုင်တော့သော အရွယ်နှင့် ဘဝ။

မျှော်လင့်ခြင်းတွေနှင့် ဝေနေ၊ ဖြာနေသည့်ဘဝ။

ပွင့်လင်းနိုင်ကြပါစေ။ လွတ်လပ်နိုင်ကြပါစေ။ ရဲရင့်နိုင်ကြပါစေ။ မှန်လည်း မှန်ကန်နိုင်ကြပါစေ။

'လေးကို ဆရာ မကျီစားပဘာ့ဘူးနော်။ အလေးအနက် မေးချင်တယ်'

လေးဖြူက မျက်လုံးပြာကြီးများနှင့် သူ့ကိုကြည့်ပြီးခေါင်းညိတ်ပြ၏။

'လေးပြောခဲ့တဲ့ စကားတွေထဲမှာ ဆရာအထူးဂရုပြုမိတဲ့ စကားနှစ်လုံး ပါနေတယ်။ တစ်ခုက ရွှေအိမ်တွင်းက နှလုံးသား၊ နောက်တစ်ခုက လူများနှလုံးသားနဲ့ ယှဉ်ပူဇော်ချင်တဲ့ ဆိုတဲ့ ဝေဖန်မှုစကား'

လေးဖြူက တည်ငြိမ်စွာနှင့် ခေါင်းညိတ်ပြ၏။

'အဲဒီစကားတွေက ဆရာ့ယုံကြည်ချက်တွေ၊ ခံယူချက်တွေနဲ့ တစ်ထပ်တည်းလာကျနေတယ်။ လေး ပြောတာမှန်တယ်။ ဆရာတွေ့ဖူးတယ်'

လေးဖြူ၏မျက်တောင်ကော့များ လှုပ်ရှားသွား၏။



သူ့ရင်မှာလည်း ငွေ့ငွေ့ရိပ်ရိပ် လှုပ်ရှားသည်။

'ဆရာတွေ့ဖူးတယ်။ ရွှေအိမ်တွင်း [illegible]နှလုံးသားပြီးတော့ လူများနှလုံးသားကို ယှဉ်ပူဇော်တာ။ မိမိနှလုံးသားနဲ့ တကွ နှလုံးသားအားလုံးဟာ ရွှေအိမ်တွင်းမှာ နှောင်ဖွဲ့မမိကြပါစေနဲ့လို့ ဆရာဆုတောင်းတယ်၊ သူတစ်ပါးနှလုံးသားကိုယှဉ်ပူဇော်တဲ့အမှု မပြုမိရပါစေသားလို့လဲ ဆရာဆုတောင်းတယ်။ ဘာပြုလို့လဲ။ သိလား လေး'

လေးဖြူက မဖြေ။ အဖြေကိုနားထောင်ဟန်ဖြင့် ငေးငေးလေးသာ ပြန်ကြည့်၏။

'ဘာဖြစ်လို့လဲဆိုတော့ 'အသက်ရှိပြီး စိုသန်းအေးမြတဲ့' အမှန်တရားကို ဆရာယုံကြည်လို့ပဲ'

'ရှင်…။ အသက်ရှိပြီး စိုသန်းအေးမြတဲ့အမှန်တရား—'

'ဟုတ်တယ်။ တစ်ချို့အသားတွေ၊ အသုံးသဖြင့် အနောက်နိုင်ငံသားတွေဟာ မကြာခဏ အမှန်တရားဆိုတာကို အသက်မဲ့ခြောက်ခန်းအေးစက်တဲ့ အရာနဲ့ ပြောချင်ကြတယ်။

'သစ္စာဆိုတဲ့အမှန်တရားနဲ့ မေတ္တာကရုဏာဆိုတဲ့စေတနာတွေဟာ တစ်ခုတည်းသဘောရဲ့ ခွဲခြားရသောအဖက်အဖို့တွေဆိုတာ သူတို့ ပီပီပြင်ပြင်ဆင်ခြင်စပ်စပ် မမြင်

www.burmeseclassic.com

စွမ်းကြသေးဘူး။ တို့ အရှေ့တိုင်းကတော့ မြင်တာကြာပြီ။

လေးဖြူက ခေါင်းလေးညိတ်ပြ၏။

'တို့မြတ်စွာဘုရားရဲ့ ဂုဏ်တော်ကိုပဲ ပြောကြရအောင်။ ဗုဒ္ဓ...တဲ့။ ဗုဒ္ဓ။ ဗောဓိ...ဆိုတဲ့စကားတွေက သိခြင်း၊ ပညာ၊ သစ္စာတွေနဲ့ဆိုင်တဲ့စကားတွေပဲ။ အဘိဓာန်ပေးအခြေခံအဓိပ္ပာယ်သက်သက်ဆိုရင်တော့ ဗုဒ္ဓဆိုတာဟာ သိတော်မူသူကို ဆိုတာပဲ။

'ဒါပေမယ့် ဗုဒ္ဓဟာ သူတစ်ပါးတည်းအတွက် သိတော်မူတာမဟုတ်ဘူး။ သူ တစ်ပါးတည်းအတွက် ဆိုဖို့ဆိုရင် ခက်ခဲပင်ပန်းလှတဲ့ ပါရမီတော်ကြီးတွေကို ဒီလောက်ဖြည့်မနေဖို့မလိုဘူး။ ဒါပေမယ့် ဗုဒ္ဓဟာ သူ သိသလိုသတ္တဝါအားလုံးကို သိစေလိုတော်မူတယ်။

'မဟာကရုဏာတော်ပေါ့လေ။ ဗုဒ္ဓဆိုတဲ့အသံကိုကြားရင် သဗ္ဗညုတဉာဏ်တော်ကြီးကိုသာမကပဲ မဟာကရုဏာတော်ကြီးကိုပါ အောက်မေ့ သတိရကြတယ်။

'ဗုဒ္ဓဂုဏ်ကိုသိကြတဲ့ အနောက်နိုင်ငံပညာရှင်တွေက ဗုဒ္ဓကို ကြွန်ပက်ရှနစ်ဗုဒ္ဓ Compassionate Buddha လို့ လေးလေးစားစားခေါ်ကြတယ်။ကြွန်ပက်ရှင်းဆိုတာက



အရှုဏာကိုခေါ်တာ။ မဟာကရုဏာတော်နှင့် ပြည့်စုံတော်မူသော သဗ္ဗညုတအရှင်လို့ အဓိပ္ပာယ်ရတယ်'

'အား... အဲဒီအသုံး လေး တွေ့ဖူးတယ်။ ဒါပေမယ့် ဒီလောက် လေးလေးနက်နက် လေး မသိဘူး'

'တိဗက်က ဗုဒ္ဓနိမိတ်ယူပုံတစ်မျိုး ပြောပြမယ်။ သူတို့ကမ္ဗည်းမှာ ဗုဒ္ဓနိမိတ်ပုံငါးမျိုးပေါ်အောင် အားထုတ်ကြတယ်။ နိမိတ်တစ်ခုတိုင်းမှာ ဘွဲ့တော်တစ်ခု၊ မုဒြာတစ်ခု၊ အရောင်တစ်ခု၊ ဓာတ်တစ်ခု၊ သဘောတစ်ခု သတ်မှတ်ထားတယ်။ အားလုံးကိုမပြောတော့ဘူး။ ဆီဆိုင်တာပဲပြောမယ်။

'ပထမဆုံးနိမိတ်ရဲ့ ဘွဲ့တော်က သက္ကတဘာသာနဲ့ ဝေရောစန Vairocana လို့ခေါ်တယ်။ မုဒြာက ဓမ္မစကြာမုဒြာ။ အရောင်ကအဖြူ။ နှလုံးသားနေရာက အဖြူ။ ဓာတ်က အာကာသဓာတ်။ သဘောက ပညာသဘော။ ဒုတိယနိမိတ်ရဲ့ဘွဲ့တော်က အက္ခောဘျ Aksobhya မုဒြာ...ဘူမိဖဿ။ မြေကို လက်တော်နဲ့ထိထားဟန်။ အလွန် အဓိပ္ပာယ်လေးနက်တယ်။

'တို့နိုင်ငံမှာလဲ မာန်ငါးပါးအောင်တော်မူပုံဖော်ပြရင် ဘူမိဖဿမုဒြာနဲ့ပဲ ဖော်ပြကြတယ်။ အရောင်ကအဖြူ။ ဓာတ်က...ရေဓာတ်။ သဘောက...မဟာကရုဏာ။ အဖြူ

www.burmeseclassic.com

www.burmeseclassic.com



ဆောင်ဆိုတာက ဝေဝေရော်စနနိမိတ်ကနေလုံးသားအဆောင်၊ ဉာဏ်ပညာတော်ကို အာကာသကြီးရဲ့ မြင့်မြော့ပြလွင်မှုနဲ့ နိမိတ်ပုံယူပြီး မဟာကရုဏာတော်ကို အေး ကြည်သင် ဖြူစင်သန့်ရှင်းတဲ့ရေနဲ့ နိမိတ်ပုံယူတာယ်။

'တစ်ပါးတည်းသောသဘောတရဲ့ နှစ်ပါးသော အဖ အဖို့ဂုဏ် aspects ကို အကောင်အထည်နဲ့ဖော်ပြတာ။ အ တရား truth နဲ့ ကရုဏာ compassion တို့ဟာ တွဲ တယ်ဆိုတာကိုပြတာ။ အဲဒီလို အမှန်တရားမျိုးဟာသာ အသက်ရှိပြီး စိုသန်းချမ်းမြတဲ့ အမှန်တရားလို့ နှစ်ဆ ရေစုနှစ်ကမ္ဘာက သိစပြုလာကြပြီ။

'ကရုဏာမေတ္တာ မပါတဲ့ အမှန်တရားက မြုံတ sterile။ အမှန်တရားမပါတဲ့ကရုဏာမေတ္တာဆိုတာက ကန်းတယ် blind လို့ ဒီနေ့ ဒသာန နယ်ပယ်မှာပြော လာကြပြီ။ ဆရာလဲ မမြုံချင်ဘူး။ ကန်းလဲမကန်းချ ဘူး။ ဒီတော့...'

သူက အေးချမ်းစွာပြုံးလျက် လေးဖြူကိုကြည့်သည်။

'လေးရွဲ့စကားလေးတွေကို ဆရာကြိုက်တယ်။ လေး စကားကိုလဲ ဆရာနားလည်တယ်။ ဆရာ ဒီလောက် ပြောမယ်၊ လေး ကျေနပ်ရဲ့လား'

လေးဖြူက ခေါက်ပစ္စာပြုံး၏။



'ဆရာက လေးလေးနက်နက်ပြောတော့ လေးလဲ လေး လေးနက်နက်ဖြေမယ်နော်'

'ဖြေပါ—လေး'

'လေး ကျေနပ်တယ်၊ မကျေနပ်ရုံမကဘူး။ လေး ဝမ်း သာတယ်၊ ဝမ်းသာရုံလဲမကသေးဘူး။ လေး—လေး'

လေးဖြူသည် ခေတ္တခေလးဆိုင်းသွား၏၊ သို့ရာတွင် ခဏခြင်း ပင် သာယာစွာရယ်ပြီးပြော၏။

'လေး သတ္တိပိုရှိသွားပြီ'

'သတ္တိပိုရှိသွားပြီ'

ပြုံးပြီး လေးဖြူက ခေါင်းညိတ်ပြ၏။

'လေး ဘာပြောတာလဲဟင်'

'သတ္တိပိုရှိတယ်ဆိုတာ သတ္တိပိုရှိတာပေါ့ ဆရာရယ်။ လေးကလဲ ဒီထက် ဘာပိုသိနိုင်မှာလဲ'

ခြံဝဆီမှ ကားဟွန်းသံကြားရ၏။

ကားဟွန်းသံကို ကိုစောသန့်က မှတ်မိသည်။ ယနေ့ သမီး ကို မိမိ ကားပေးလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com

'သမီးပြန်လာပြီ လေး။ သူ အဲ့အားသင့်သွားအောင် ဖိမ္မာထိုင်စောင့်နေနော်'

ကိုစောသန့်က အိမ်ရှေ့သို့ထွက်လာခဲ့သည်။

မငယ်က တံခါးဖွင့်ပေးပြီးဖြစ်သဖြင့် မှန်မှန်က ကားကို ဂိုဒေါင်ဆီမောင်းသွင်း၏။

လေးဖြူ၏ကားကို တစ်ချက်ကြည့်ပြီး အိမ်ပေါ်တက်လာလျက် မေးသည်။

'ညှော်သည်ရောက်နေလား ဦးဖေဖေ'

'ဟုတ်တယ်၊ သမီးနဲ့ညှော်သည်လို့လဲ ခေါ်နိုင်တယ်'

'ရှင်—'

ကိုစောသန့်က သမီး၏လက်မောင်းလေးကို ကိုင်ပြီး ထမင်းစားခန်းဆီ ခေါ်လာခဲ့သည်။

လေးဖြူကရပ်လျက်ကြိုနေ၏။ ကိုစောသန့်က မိတ်ဖွဲ့ပေး၏။

'သမီး—၊ ဒါ...လေး...။ မလေးဖြူ။ မိလွမ်းပျော်'

'အို...'



မှန်မှန်က အံ့ဩသံလေးပြုပြီး လေးဖြူအနီး ကပ်သွား၍ ...ဖြူ၏လက်လေးများကို ဆွဲယူသည်။

လေးဖြူကလည်း မှန်မှန်၏လက်ကလေးများကို ပြန်လည် ...ကိုင်၏။

ကိုစောသန့်က သူတို့နှစ်ဦးကိုကြည့်သည်။ မိမိ၏အိမ်သည် ...တိုင်းထက် ပိုမိုဝင်းထိန်သည်ဟု ထင်မိသည်။

ထိုကြောင့်ပင် ရင်မှာလည်း ဝင်းထိန်သွားသည်။ ဦးနှောက် ...င်း၌လည်း ဝင်းထိန်သွား၏။

'ကဲ—သမီးတို့နှစ်ယောက် စကားပြောနေကြဦးနော်'

ကိုစောသန့်က ညှော်ခန်းဆီပြန်ထွက်လာခဲ့သည်။

ပြတင်းဝ၌ရပ်ပြီး အပြင်သို့ ခဏငေးကြည့်မိသည်။

မိုးလေးကတိတ်နေပြီ။ မြသင်းနံ့တွေက ကြိုင်နေ၏။

ကောင်းကင်၌ တိမ်တိုတော့ရှိနေသည်။ ညိုတော့ညိုပြီ။

လေဆောင်သဖြင့် တိမ်တောင်တွေ လွင့်ပါးနေကြသည်။

မိုးရေက် ညနေစောင်းနေခြည်သည် တောက်တောက်ပပ ဝင်း ...င်းရွှေရွှေ ကျလာနေ၏။

www.burmeseclassic.com

www.burmeseclassic.com



တိမ်စင်ရာကောင်းကင်သည် မျက်နှာ သစ်လားတီအ
သန့်သန့်ကြည်ကြည် ပြာနေ၏။

ဩော်…တိမ်နှင့်ကောင်းကင်။ ကောင်းကင်နှင့်တိမ်၊ ကော
ကင်ရှိတော့ တိမ်ရှိသည်၊ ကောင်းကင်မရှိတော့….။

ကောင်းကင်ဟူသည် အမြဲရှိမည်။ တိမ်ဟူသည် မရှိစေလည်
ကောင်းကင်ကတော့ ရှိနေမည်။

ငွေလမင်းဆိုသည်ကကော….၊ သူလည်းရှိနေမည်။ သည်ဘ
ကမ္ဘာခြမ်းမှာ မရှိတိုင်စေ…ဟိုဘက်ကမ္ဘာခြမ်းမှာ ရှိနေမည်

သည်ဘက်ကမ္ဘာ ခြမ်း၏ လကွယ်ရက်များ၌ပင် လမင်း
သည် လုံးဝပျောက်ကွယ်သွားပါသလား။

ဩော်… မိမိ၏ကမ္ဘာ ၊ ကွယ်ညများမှာ—

စိတ်မှတ်မဲ့သာသာ လှုပ်ရှား၍ ကိုစောသန့်က ပီယာနိုခုံ
ပြန်ထိုင်၏။

လမင်းမဲ့ခိုင်းရသဲ့ လက်ချောင်းများက ခလုတ်များကို
သည်။

‘ကမ္ဘာခြားသည့်သို့မို့ ထင်မှာ မိစိတ်မှာ အခါ
ခါ၊ ခုများဖြင့် ကိုယ့်ရင်မှာ တိမ်သလွှာ၊ သော



က လေလား— ဒေါသပေလား— နှလုံးသားက
မိုးသားတိမ်လွှာ—’

သည်တစ်ကြိမ်တော့ တေးက ထိုးရပ်မသွား။ အတောလေး
ခုံး၌ ရှေ့ဆက်ပြေးသည်။

‘ညိုပါနှင့်— တိမ်လွှာရယ် မညိုလိုက်ပါနှင့်၊
ကိုယ်ချစ်သော အလှကမ္ဘာမှာ— ကောင်းကင်
ကပြာ— လဝါကဝင်း…. လင်းနေစမ်းပါ။ တိမ်
လွှာဟူ အညာတြ၊ ကောင်းကင်ပြာ ပဓာန၊
လမင်းရယ် ထာဝရလို့…. လင်းပြစမ်းပါ….’

မျက်လုံးများကိုပါ မှိတ်လိုက်ပြီး ကိုစောသန့်က တေးကို
ကျည်းသည်။

‘လေဆောင်ရာတိမ်ပြေး….ကောတာမှုန်ရီမှေးလဲ….
ဝေးဝေးလွင့်ပါ….။ တိမ်ညိုအလွှင့်— လမင်း
မြင့်ကာ၊ ပဝင်းတင့်စွာ၊ လင်းလိုက်စမ်းပါ—
မှိုန်ပါလေနှင့်လစန္ဒာ၊ မမှုန်ပါနှင့်မြသော်တာ။
ဖြူစင်သန့်ရှင်း— ချစ်ခြင်းမေတ္တာ ကိုယ့်ကမ္ဘာ
မှာ— ဆိတ်ကွယ်ခြင်းတွေ မလုပ်ပါ။ စန္ဒာရဲ့—
စိတ်ကွယ်ခြင်းတွေ မမြင်ချင်ပါ—

www.burmeseclassic.com

www.burmeseclassic.com



အသစ်ဖွဲ့မိသွားသော အပိုဒ်များကို ကိုစောသန့်က အထပ်ထပ် ပြန်ကျေ့တီးသည်။

တေးတစ်ပိုဒ်လုံး ချောသွားမှ စမ်းရေလျှဉ်သံသို့ ညင်သာလှပသော သံပြန်သံကူးလေးများနှင့် ကိုစောသန့်က တေးကို ဆုံးလိုက်သည်။

ပီယာနိုခုံမှထပြီး ပြတင်းမှနေ၍ အိမ်ရှေ့ခြံဘွင်းဆီ ကြည့်သည်။

ရင်တွင်း၌မူ ဂီတ၏ သံပြန်သံကူးလေးများက မစဲသေး။ ပြတင်းမှလှိုင်းလေးတွေက ငြိမ့်ငြိမ့်သိမ့်သိမ့် လှုပ်ရှားပြေးနေဆဲ။

သူ့မျက်လုံးများက တညင်းပင်ပျိုရိပ်မှ ခုံဘန်းဖြူလေးဆီ ရောက်သွားသည်။

မွန်မွန်နှင့် လေးဖြူတို့က ခုံဘန်းဖြူပေါ်တွင် ထိုင်စကား ပြောနေကြ၏။

တစ်ဦးလက်ကိုတစ်ဦး ရင်းရင်းနှီးနှီးဆုပ်ကိုင်ထားကြသည်။ မျက်နှာလေးများကလည်း ကြည်လင်ပြုံးရွှင်နေကြသည်။

'မမှိန်ပါလေနှင့် လစန္ဒာ။ မမှုန်ပါနှင့်မြသော်တာ'

မိမိ၏သီချင်းမှစာသားလေးက ရင်တွင်းမှာ ပြန်ပေါ်လာသည်။



ဪ....မိမိ၏ခြံတွင်းမှာ လနှစ်စင်း ပြိုင်သာနေကြသည်။ လှကြပေသည်။

မမှိန်ပါလေနှင့်...။ မမှုန်ကြပါစေနှင့်။

✲

www.burmeseclassic.com

www.burmeseclassic.com

## အခန်း ၁၆

သခွားသီးမှည့်ရောင် ဗီရိုတံခါးလေး၊ သည်တံခါးလေးကို ဖွင့်လျှင် စာအုပ်များ၊ စာအုပ်များနောက်တွင် ဘာရှိသည်ကို မသိသည်။

တုန်ယင်သောလက်များနှင့် ဦးခင်မောင်ဆွေသည် ဗီရိုတံခါးလေးကို ကိုင်ထားသည်၊ ဖွင့်တော့ မဖွင့်သေး။ ကြောက်နေသည်။

ယနေ့နံနက်မှ မဟုတ်။ အမြဲတမ်း ကြောက်နေသည်။

www.burmeseclassic.com

www.burmeseclassic.com



သည်အိမ်မှာ မိမိ ကြောက်ရမည့်သူမရှိ။ အဝင်းဆိုသည်က လည်း မျက်မှေးထော်မော်ကြည့်ရဲသူမဟုတ်။ မိမိ မျက်နှာညို လျှင်ပင် ခမျာ မနေတတ် မထိုင်တတ်။

ဪ...ဘစ်ဆွေလုံး တစ်မျိုးလုံးတွင် မိမိကြောက်ရမည့်သူ ရှိပါသေးသလော....။

တစ်ဆွေလုံး တစ်မျိုးလုံး။ ဘာကိုပြောတာနည်း။ ဘာကို ဆိုလိုပါသနည်း။

မေမေတော့ ရှိသေးသည်။ သို့ရာတွင် မေမေက မိမိတို့နှင့် မနေ။ မနေနိုင်နေသည်။ သည့်အတော့ သည်အိမ်မှာ မိမိကဘုရင်။ အရှင်—။

သည်ကြားထဲက ကြောက်နေသည်။ စိုးရိမ်နေသည်။ လူ မြင်မည်ကို စိုးရိမ်နေသည်။ အဝင်းမြင်ဖို့မလို။ အဝင်းက သိပြီး သား။ မိမိကို အဝင်းက ဘာပြောရဲမည်နည်း။ ဘာမျှမပြော ရဲသည့်ဘိုင်အောင် အဝင်မြင်မည်ကို ကြောက်နေသည်။

ခြေသံ စသော အသံသံများကို ဦးခင်မောင်ဆွေက နား ထောင်ကြည့်သည်။

အားလုံး တိတ်ဆိတ်နေသည်။

ပြည်လမ်းမကြီးပေါ်မှာ သွားနေကြသည့် ကားသံများ တော့ ရှိ၏။



ဦးခင်မောင်ဆွေက ဗီရိုကံခါးလေးကို ဖွင့်လိုက်၏။ အတွင်း မှ စာအုပ်ဘန်းကို လှည့်လိုက်သောအခါ ဆိုသည် လည်သွားပြီး ဝီစကီပုလင်းနှင့်ဖန်ခွက် ပေါ်လာသည်။

ဖန်ခွက်သေးသေးလေးအတွင်းသို့ ဦးခင်မောင်ဆွေက ဝီစကီ ငှဲ့ထည့်သည်။ ဖန်ခွက်ကို လက်တုန်တုန်ယင်ယင်နှင့် ပါးစပ်ဆီ ပို့သည်။

ပါးစပ်တွင်း ပူသောင်ခါးသွားသည်။ နှာခေါင်းတွင်လည်း မီးခိုးစော်နံသယောင် ခံစားမိသည်။

နံနက်စောစောသောက်တိုင်း အရက်က အရသာမရှိ။ ပါးစပ် တွင်း၌ ပူသောင်ခါးသည်။ မွှေးသော သင်းသော ဝီစကီနံ့ တွင်းက မီးခိုးစော် အမြဲရသည်။

ဆေးခါးသောက်ရသကဲ့သို့ ဦးခင်မောင်ဆွေသည် ကြက်သီး ထပြီး ကိုယ်အထက်ပိုင်းကျုံ့လျက် တုန်ခါသွား၏။

အရသာ မရှိလိုက်ပါသော အရက်သောက်ရခြင်း...။

ရင်တွင်း၌ ပျို့တက်ပြီး အန်ချင်သကဲ့သို့ ဖြစ်လာ၏။ လက် သာဘက် ဗိုက်တွင်းမှလည်း အောင့်တောင့်တောင့် ဖြစ်လာ၏။

ခေတ္တ ကြိတ်မှိတ်ပြီး အောင့်ခံသည်။

www.burmeseclassic.com

www.burmeseclassic.com



ရှင်တုင်း၌ လေငြိမ်သွားမှ နောက်ထပ် တစ်ကျိုက် မျိုသည်။

နောက်...တစ်ကျိုက်။

ပြောင်သွားသောဖန်ခွက်ကို ဦးခင်မောင်ဆွေက ကြည့်သည်။

ပက်ဝက်လောက်ပဲရှိမည်။ ဦးခင်မောင်ဆွေက နောက်ထပ်၍ ဖန်ခွက်ကို ဖြည့်ပြန်၏။

တော်ပြီ။ တစ်ပက်လောက်ဆိုလျှင်တော်လောက်ပြီ။ နောက်ထပ် မယူဘူး။

ဦးခင်မောင်ဆွေက နည်းနည်းချင်း စုပ်သောက်၏။

အိမ်အပေါ်ထပ်ဖြစ်သဖြင့် မိုးရက်၏ လေအေးသည် ပြတင်းမှ ဝင်လာနေသည်။

ဦးခင်မောင်ဆွေက ပြတင်းဝ၌ သွားရပ်သည်။

မြက်ခင်း၊ ပန်းချုံတို့နှင့် ကျယ်ဝန်းလှပသော မိမိ၏ခြံဝင်းကို စီးမြင်ရသည်။ ပြည်လမ်းကြီးပေါ်မှာက ကားတွေသည် အဆက်မပြတ် သွားနေကြသည်။ လေတိုးသံနှင့်တူသော ကားသွားသံများကလည်း နားမှာ အဆက်မပြတ်။

ဦးခင်မောင်ဆွေက လက်ပတ်နာရီကို ကြည့်သည်။ ရှစ်နာရီခွဲ ရှိသေးသည်။



အင်း...ယနေ့ မိမိ စောစောနိုးပါသကား။

မိုးမရွာသောကြောင့် နေရောင်သည် ရွှေရောင်သို့ ကြည့်လင် ဝင်းပနေသည်။

နံနက်ဟူသည်က သာယာလှပလေပါသည်တကား။

နံနက်ကို ဂရုမပြုမိသည်မှာ ကြာပြီ။ ဂရုပြုမိပြန်တော့နံနက်ဟူသည် ချစ်စရာကောင်းဘိသည်။ သည်လောက်စောသောနံနက်ဆိုလျှင် ပို၍ ချစ်စရာ ကောင်းမည်။ နံနက်စောစောထ၍ လမ်းလျှောက်ရလျှင်...။

သည်စိတ်ကူးကလေး တစ်ခါတစ်ရံ ပေါ်တတ်သည်။ သို့ရာတွင် မိမိက ဘယ်တုန်းကမှ နံနက်စောစော မနိုး။ နိုး ပြန် လျှင်လည်း မကြည်လင်။ ပလန်းဆန်း။ အိမ်ရာမှထ ချင်သည်။ ထ၍က မူး၊ ထ ပြန်တော့သည်း ခေါင်းကအုံပြီး ဇက်တွေကလေး လေးနေသည်။

ယခုတော့ ခေါင်းတွင်းမှာ ရီတီတီလေး ဖြစ်လာနေသည်။ နေ့၏ဆိုင်း၍ ကောင်း သာယာခြင်းဖြစ်လာသည်။ ရင်တွင်းမှာတော့ အနည်းငယ် လှုပ်လှုပ်လေး ရှိနေသေးသည်။

ဦးခင်မောင်ဆွေက ဖန်ခွက်ပြောင်အောင် မော့မိပြန်၏။ ပီရှိုဆီ ပြန်ကပ်သွားမိ၏။ အရက်ထပ်မထည့်ချင်။ သို့ရာတွင် သောက်ချင်စိတ်ကလည်း ရှိနေသေးသည်။ နည်းနည်းသောက် နှင့်တော့ မထူးပြီ၊ နက်ဖြန်ကျလျှင်တော့ မ...တော့။

www.burmeseclassic.com

www.burmeseclassic.com



ဦးခင်မောင်ဆွေက ဖန်ခွက်လေးတွင်း လက်တစ်လုံးခန့်ထည့်သည်။ နည်းသေးသည်ထင်သဖြင့် နောက်ထပ်လက်တစ်လုံး ထပ်ထည့်သည်။

ဗီရိုကို ပြန်ပိတ်လိုက်၏။ ထပ်မဖွင့်တော့ဟု အခိုင်အမာ ဆုံးဖြတ်သည်။

စီးကရက်တစ်လိပ် ညှိသောက်ပြီး အရက်ကို ဖြည်းဖြည်း စုပ်သည်။

လှေကားမှ ခြေသံကြားရသဖြင့် တစ်ငုံ မြန်မြန်ရုပ်လိုက်ပြီး ဖန်ခွက်ကို စားပွဲအံဆွဲတွင်း၌ဝှက်လိုက်ကာ စီးကရက်ကို ဖွာမြေ ရှုရှုပြန်ခဲနေ၏။

စာကြည့်ခန်းတွင်းသို့ ဒေါ်နွဲ့ဝင်း ဝင်လာ၏။

အဝင်းဘယ်အချိန်က အိပ်ရာက ထသည်မသိ။ လှုလှပပ ဖြီးလိမ်းပြီးပြီ။ ကြော့ကြော့မော့မော့လည်း ဆင်ယင်ပြီးနေပြီ။

'ကိုကို—စားဖို့သောက်ဖို့ အဆင်သင့်ပဲ'

'အင်း'

'လာတော့လေ။ အေးကုန်လိမ့်မယ်'

'ကိုကို စီးကရက်ကုန်အောင် သောက်လိုက်ဦးမယ်'



ကိုကို ဘာလုပ်နေသည်ကို ဒေါ်နွဲ့ဝင်း သိပါ၏။ စီးကရက်နံ့အပြင် ဝီစကီနံ့ကို နှာခေါင်းက ရနေ၏။

စိတ်ကောင်းက မချမ်းသာသော်လည်း ဒေါ်နွဲ့ဝင်းက အပြုံးမပျက်စေပဲ ပြော၏။

'မြန်မြန်ဆင်းခဲ့နော်။ အဝင်းလဲ ဘာမှမစားရသေးဘူး။ ဆာလှပြီ'

'ဘာပြုလို့ ကိုကို့ကို စောင့်စောင့်နေရသလဲ။ အဝင်း စားနှင့်ပေါ့။ ဗိုက်ရောဂါဖြစ်လိမ့်မယ်'

'အဝင်းမဖြစ်ပါဘူး။ ကိုကိုဖြစ်မှာသာ အဝင်းစိုးရိမ်တာ'

'မဖြစ်ပါဘူးကွာ'

ပြောသာပြောရသည်၊ ဝမ်းဗိုက် ညာဘက်ဆီမှ အောင့်တောင့်တောင့် ဖြစ်လာ၏။

'အဝင်း စားစရာတွေ ထည့်ထားနှင့်မယ်နော်။ ကိုကို ခုလိုက်ခဲ့မယ် မဟုတ်လား'

'အင်း…အင်း…'

3346

www.burmeseclassic.com

www.burmeseclassic.com



ဒေါ်နွဲ့ဝင်း ပြန်ထွက်သွား၏။ သူစိတ်မကောင်း။ မိမိသည် အဝင်းကို နှိပ်စက်နေမိလေသလော။

ဘာပဲပြောပြော အဝင်းသည် ဇနီးကောင်းဖြစ်၏။

နံနက်စောစော ထလာလျှင် အမြဲတမ်း ဖြိုးဖြိုးသိမ်းသိမ်း ပြင်ပြင်ဆင်ဆင် တွေ့ရတတ်သည်။

အစားအစာကို မိမိမစားလျှင် ဘယ်တော့မျှ မစား။ အအိပ်တစ်ခုသာ။ မိမိကညနက်မှ အိပ်တတ်သော် မျှော်မစောင့်နိုင်တော့၍ အိပ်နှင့်ရသည်။

မိမိကိုလည်း ကြောက်သည်။ မိမိကလည်း ယခုခါတစ်ရံ အမူးလွန်လျှင် ကြောက်စရာ ကောင်းသည်။ သည်ကြားထဲက မိမိကို အဝင်း သည်းခံရှာသည်။ သူ့ဘဝကို သူနေပျော်အောင် နေတတ်သည်။

မိမိသည်သာ မဟုတ်ရေး။ မိမိက မဟုတ်ကောင်း။

ဦးခင်မောင်ဆွေက ဝှက်ထားသော ဖန်ခွက်ကိုယူလျက် ကျန်သော အရက်ကို တစ်ချက် သည်းနှင့် ကုန်အောင်မော့ချလိုက်ပြီး အောက်ထပ်သို့ ဆင်းလာခဲ့သည်။

ထမင်းစားခန်းအတွင်း ဝင်လာသောအခါ သံပုရာသီးနံ့၊ နံနံပင်နံ့၊ ငံပြာရည်နံ့များကို ရ၏။

346



'ဒီနေ့ ဘာလဲ အဝင်း'

'ငါးပြုတ်ရည်နဲ့ မုန့်ဟင်းခါးသုပ်။ ကိုကိုကြိုက်တယ်ဆို'

သူ့စိတ်တွင်း ကျေနပ်သွား၏။ မိမိက အရက်သမား။ အရက်သမားဆိုသည်က နံနက်စောစောတွင် အချိုတွေ အဆိမ့်တွေ အအီတွေကိုမစားချင်။ ချဉ်ချဉ်၊ ငန်ငန်၊ စပ်စပ်၊ စူးစူးရှရှ တစ်ခုခုသာ စားချင်သည်။ အဝင်းက အလိုက်သိသည်၊ စားချင်ဖွယ် တစ်ခုခု လုပ်ထားတတ်သည်။

အိမ်ဖော်မလေးက ဟင်းခါးမုန့်ကန်လုံးလေးများ လာချပေး၏။

ငရုတ်ကောင်းနံ့ သင်းသော ငှက်ပျောအူ ဟင်းခါးကို ဦးခင်မောင်ဆွေက စုံသောက်၏။ ထို့နောက် အဝင်းသုပ်ပေးသော မုန့်ဟင်းခါးကို စား၏။

အဝင်းကလည်း သူ့ဘေး ခုံတွင် ထိုင်လျက်စား၏။

'အချဉ် အငန် ဘာလိုသေးလဲ ကိုကို'

'မလိုဘူး၊ အတော်ပဲ'

'ဟင်းခါးကော... ချိုရဲ့လား'

'ချိုတယ်... သိပ်ချိုတယ်'

www.burmeseclassic.com

www.burmeseclassic.com



အဝင်း၏မျက်နှာလေး ကြည်သွား၏။

'မနက်ဖြန်မနက်ကျတော့ မန္တလေးမုန့်တီ ကိုကိုစားမယ်နော်'

'အင်း...ကောင်းတယ်'

ဦးခင်မောင်ဆွေက မုန့်ဟင်းခါးသုပ် နှစ်ပွဲစားသည်။

ဦးခင်မောင်ဆွေစားပြီးသောအခါ မောတ်ဘူးတွင်းမှကော်ဖီနက်နက်ကို ကြွေပန်းကန်လုံး ကြီးကြီးတွင်းသို့ ဒေါ်နှဲ့ဝင်းက ထည့်ပေးသည်။ သကြားကိုမူဦးခင်မောင်ဆွေက သူ့ဘာသာသူ ထည့်သောက်၏။

ဗိုက်တင်း၍ အစာပြည့်သွားပြီ။ ကော်ဖီနက်ခါးခါးကို ခွက်တစ်ဝက် သောက်ပြီးချိန်၌ နေသာထိုင်သာ ရှိသွားသော ဦးခင်မောင်ဆွေက စကား စ ပြော၏။

'မတို့အိမ်ဘက် အဝင်း ရောက်သေးသလား'

'ရောက်တယ်ကိုကို။ သူတို့အားလုံး စိတ်ချမ်းသာနေပုံရတယ်'

'ဘာပြုလို့လဲ'



'ကလေးတွေ ကိစ္စကြောင့်ပေါ့။ လေးက ခုသူ့အစ်မလေးအိမ်က ကျောင်းတက်ရတယ်၊ ကိုမျိုးကလဲ လေးဆီ မှန်မှန်သွားတယ်။ လေးကလဲ ဒီဘက်အိမ်ကို မှန်မှန်လာတယ်။ တစ်ခါတလေ ကားတင်စီးနဲ့ သူတို့ တင်တွဲ့တွဲ့။ ဒီတော့ လူကြီးတွေ စိတ်ချမ်းသာနေကြတာပေါ့'

'မေ့စပ်ဖို့ ဆိုတာကကော...'

'အဲဒါတော့ လေးကကော ကိုမျိုးကကော သဘောတွေဘူး။ ဒီတစ်ခါတော့ မမကလဲသူ့သားဘက်က။ ဒီတော့ အစ်ကိုဦး လျှော့ပေးရတာပေါ့'

'ကောင်းတာပေါ့'

'ကိုကို ဘာပြောတာလဲ'

'အစ်ကိုဦး လျှော့ပေးတာကို။ မဟုတ်လို့ မစိတ်မချမ်းသာရင် သေသွားလိမ့်မယ်။ မှရွှေနှလုံးရောဂါကအစစ်။ မေမေ့လို အတုမဟုတ်ဘူး'

'အို...ကိုကိုကလဲ'

'တကယ်ပြောတာ။ မမက အစ်ကိုဦးကို ချစ်တာမဟုတ်ဘူး။ မေမေ သည်းပြလို့။ အခု အသက်ခုနစ်ဆယ်ကျော်ပြီ။ မေမေတို့ ကျန်းမာလိုက်တာမှ ဒေါင်ဒေါင်မြည်လို့'

www.burmeseclassic.com

www.burmeseclassic.com



'ကိုကိုနေဘ်... ကိုယ့်အမေ ကိုယ်ဗီလိုပြောရသလား'

'ကိုယ့်အမေ...'

ဦးခင်မောင်ဆွေသည် ဆက်မပြောတော့ဘဲ ကော်ဖီကို ငြိမ်သောက်နေ၏။

'ဒါပေမယ့် ကိုကိုရေ... စေ့စပ်ဖို့သဲ မသိတော့ပါဘူး။ နောက် သုံးလလောက်ဆို လေးက စာမေးပွဲဖြေပြီး ပညာသင်ဆုံးပြီး၊ အဲဒီတော့မှ လက်ထပ်ပေးလိုက်ပေါ့'

'ဒါပေမယ့် မျိုးက နှစ်နှစ်ကျန်သေးတယ်'

'အို...ကိုကိုနဲ့အဝင်း လက်ထပ်တုန်းကလဲ ကိုကိုဘွဲ့မရသေးပဲဟာ'

ဦးခင်မောင်ဆွေက သူ့ဇနီး၏မျက်နှာကို ကြည့်သည်။

ဇနီး၏မျက်နှာက အပြစ်ကင်း သန့်စင်နေသည်၊ မိမိနှင့်ရစဉ်ကသည်း မျက်နှာလေးက အပြစ်ကင်း သန့်စင်နေသည်။

တည်ကြည်းသောသမီး၊ သူ့ငွေးသမီး၊ လောကအကြောင်း သိပ်မသိ၊ ယခုသည်း လောကအကြောင်း သိပ်မျှ သိသေးပုံ မပေါ်။



သနားဖို့ကောင်းသည်။ ဇင်း... သနားဖို့ ကောင်းသည်။ အဝင်းကို မိမိသနားသည်။ အဝင်းကို နိုင်စက်နေသောမိမိသည် ရားပါလေ၏လော။

ဦးခင်မောင်ဆွေက ဓာတ်ဘူးတွင်းမှကော်ဖီ ထပ်ငှဲ့သောက်၏။

'အဝင်း၊ နက်ဖြန်ကစပြီး ကိုကို့အိပ်ရာဘေးမှာ မနက်ကို ကော်ဖီသာထားပေးပါ'

'ဘာပြုလို့လဲ ကိုကို'

'ဘက်ဆိုက်ဒ် ကော်ဖီလေ၊ ကိုကို အရက်လျှော့သောက်တော့မယ်'

ဒေါ်နွဲ့ဝင်းကပြုံးသည်။ ကိုကို့မှာအရက်လျှော့သောက်ချင်သော အသိစိတ်လေးရှိနေမှန်းသိ၍ ဝမ်းသာသည်။

ကိုကို သည်လိုပြောသည်မှာ မျှားပြီဖြစ်သောကြောင့်လည်း ရယ်ချင်သည်။

သို့ရာတွင် ကိုကို့မှာ စိတ်ကောင်းလေးများရှိသည်ကို မိမိသိသည်၊ ကိုကို စိတ်ကောင်းဝင်တုန်း၊ မိမိဆန္ဒတစ်ခုကို ပြောကြည့်မည် စိတ်ကူး၏။

www.burmeseclassic.com

www.burmeseclassic.com



'ဘက်ဆိုက်ဒ် ကော်ဖီ ထားပေးပါမယ်လေ။ သစ်သီးပါ အဝင်းထည့်ထားပေးမယ်။ ဒါပေမယ့် အရက်လျှော့သောက်ပါလို့ ကိုကို့ကို အဝင်းပြောတာ မဟုတ်ဘူးနော်—'

'ဟုတ်ပါတယ်။ အဝင်းပြောသလို မဟုတ်ပါဘူး'

'ကိုကို့ကို အဝင်း အပြစ်မတင်ပါဘူး။ ကိုကို့အလုပ်က ပင်ပန်းတယ်။ ပြီးတော့ အိမ်မှာ သားရယ်၊ သမီးရယ် မရှိတော့ ကိုကိုပျင်းမှာပဲ။ အဝင်းတောင် ပျင်းတဲ့ဟာ'

သူက စဉ်းစားသည်။

သားရယ်၊ သမီးရယ်၊ မှန်သည်။ သားရယ်၊ သမီးရယ်ရှိလျှင် ဘဝ၏အဓိပ္ပာယ်သည် တစ်မျိုးတစ်မည်ဖြစ်တန်ကောင်း၏။

'အဝင်းရယ်— မရနိုင်တာကို ကိုကို မတောင်းတတော့ပါဘူး'

'ရနိုင်ပါသေးတယ်လို့ အဝင်းက ထင်တယ်'

'ရနိုင်သေးတယ်'

'ဟိုဒင်းလေ။ ကလေးလေး တစ်ယောက် မွေးစားရရင် ကောင်းမလားလို့။ အဝင်းလဲကလေးလေးတစ်ယောက် သိပ်... သိပ်လိုချင်တာပဲ'



သူ့မျက်မှောင် ကြုတ်သွားသည်။ သူ့မျက်နှာက တည်ရုံမက အိုသွားသည်။ ဒေါ်နွဲ့ဝင်းက ထိတ်လန့်သွားပြီး ပျာပျာလေး ဆက်ပြော၏။

'အဝင်းပြောတာက သူစိမ်းထဲကဘော့ မဟုတ်ဘူး။ ကိုကို့ အမျိုးထဲကဖြစ်ဖြစ် အဝင်းအမျိုးထဲကဖြစ်ဖြစ်။ သားသမီးများပြီး ဆင်းရဲသူတွေ ရှိကြသားပဲ။ ဥပမာ ရွာက အမျိုးတွေထဲမှာလေ။ အဲဒီထဲက တစ်ယောက်ယောက်။ ငယ်ငယ်လေးတည်းက နို့တိုက်ပြီး အဝင်းတို့ မွေးကြမယ်လေ'

သူ့မျက်နှာက ပို၍ ပိုအိုသွားသည်။ အဝင်းက မျက်ရည်ဝဲသွား၏။

'အဝင်းပြောတာကို ကိုကိုမကြိုက်ဘူးလား'

ဇနီးသည်၏ မျက်ရည်ဝဲသော မျက်လုံး၊ တုန်နေသောအသံကို သတိပြုမိသောကြောင့် သူက မျက်နှာပြင်လိုက်သည်။

'မကြိုက်တာ မဟုတ်ပါဘူး အဝင်း။ စဉ်းစားစရာ အများကြီးရှိတယ်'

'ဘာတွေလဲ ကိုကို'

'မွေးစားတဲ့သားကို တို့ ဘယ်လောက် တကယ်ချစ်နိုင်မလဲ'

www.burmeseclassic.com

www.burmeseclassic.com



'ရှင်...'

'ချစ်တယ်ဆိုတာဟာ ဘာလဲ။ တခြားအချစ်မျိုးတွေအကြောင်းတော့ ကိုကိုမပြောလိုဘူး။ သားချစ်၊ သမီးချစ်မှာတော့ ရှုံးခြင်းဆိုတာဟာ နောက်ဆုံးမှာ ခွင့်လွှတ်နိုင်ခြင်းပဲ။ ဗိမ္ဗိသာရမင်းကြီးလို ခွင့်လွှတ်နိုင်ခြင်းပဲ။ မွေးစားပြီးမှ အဲဒီအဆင့်ရောက်အောင် ခွင့်လွှတ်နိုင်ပါ့မလား'

'အို...ချစ်လာရင် ခွင့်လွှတ်နိုင်ရမှာပေါ့'

'အင်း...ချစ်လာရင်...။ ဟုတ်တယ်၊ ချစ်လာရင်။ သားရင်း သမီးရင်းမှာတော့ ချစ်လာရင်... ဆိုတဲ့စကားမလိုဘူး။ မမွေးခင်ကတည်းက ချစ်ပြီးပြီကိုး။ မွေးစားသားသမီးကို အဲဒီလိုချစ်နိုင်ပါ့မလား'

'ကိုကိုရယ်....မွေးစားသားသမီးကိုသားရင်းသမီးရင်းလို ချစ်တဲ့ မိဘတွေ ဒီလောကကြီးမှာ တစ်ပုံကြီးပါ'

'ဟုတ်ပါတယ်။ ဒါပေမယ့် ဝမ်းနဲ့မလွယ် သားမည်ဆိုတဲ့ စကားကလဲ ရှိသေးတယ်'

'ကိုကို....ဘာပြောချင်တာလဲဟင်'



'လူ့စိတ်ဆိုတာခက်တယ် အခင်း...။ အထူးသဖြင့် လူတွေ အလွယ်တကူပြောပြောနေတဲ့ အချစ်စိတ်ဆိုတာဟာ တော်တော်ခက်တယ်။ ကိုကိုက သိပ္ပံသမား။ ဒီတော့ တစ်ခါတလေ စဉ်းစားမိတယ်။ ချစ်ခြင်းနဲ့ မုန်းခြင်းဆိုတာဟာ ပြဒါးတိုင်တစ်ခုတည်းမှာလေးတွေလို့။

'အပူဆိုတာ ဟိုဘက်အစွန်း။ အအေးဆိုတာ ဒီဘက်အစွန်း။ ပြဒါးကတော့ ဒီပြဒါးပဲ၊ တစ်ခုတည်းကနေ နှစ်ခုဖြစ်နေတာ။ ပူတော့လဲသူပဲ၊ အေးတော့လဲသူပဲ။ ချစ်တယ် မုန်းတယ်ဆိုတာဟာလဲ အဲဒီလိုနှစ်ခုပဲ။ ဟိုဘက်စွန်းနဲ့ဒီဘက်စွန်းအပြောင်းအလဲဖြစ်သွားနိုင်တယ်'

'ကိုကို့စကားက သိပ်လေးနက်တာပဲ၊ အခင်း ဉာဏ်မမီဘူး'

'လူ့စိတ်ဆိုတာက ပြောင်းလဲတတ်တယ်။ အဲဒါကို ကိုကိုပြောပြနေတာ။ မိရင်းဖရင်းနဲ့ သားသမီးအရင်းကြားမှာတောင် စိတ်ချင်းမတိုက်ဆိုင်တာ၊ အမြင်ချင်းမတူတာ၊ အကြိုက်ချင်းမတူတာ ရှိနိုင်တယ်။ ဒါပေမယ့် မိရင်းဖရင်းနဲ့ သားသမီးရင်းဆိုတာက ခွင့်လွှတ်နိုင်ကြတယ်။ သည်းခံနိုင်ကြတယ်။

'မွေးစားသားသမီးကျတော့ စိတ်သဘောထားချင်း မတိုက်ဆိုင်လာကြရင် ခွဲခွာကြပြီ။ ဝမ်းနဲ့မလွယ် သား

www.burmeseclassic.com

www.burmeseclassic.com



မမည်တဲ့။ အဲဒါက မိဘဆိုသူတွေဘက်က။ ရင်သွေးအဝစ်မဟုတ်လို့ ရက်စက်လေခြင်း။ သားသမီးဆိုသူတွေဘက်ကလဲ ဒီလိုပြောတတ်ကြတယ်။ အားလုံးကိုပြောတာ မဟုတ်ဘူးနော်။ ဖြစ်တတ်တဲ့မှုတာကို ကိုကိုပြောပြနေတာ။

'ဒါကြောင့် မေတ္တာစစ်ကိုတိုင်းတာလို့ရတဲ့ ပေတံဟာ တစ်ချောင်းတည်းပဲရှိတယ်။ ခွင့်လွှတ်ခြင်းဆိုတဲ့ ပေတံ။ မိဘလုပ်မယ့်လူကြီးက ပိုစဉ်းစားရမယ်။ ငါ ခွင့်လွှတ်နိုင်ရဲ့လား။ ဘယ်လောက်အထိ ခွင့်လွှတ်နိုင်မလဲ။ နို့မို့ရင် လူများသားသမီး ကလေးငယ်ကို ဒုက္ခသွားပေးမိသလို ဖြစ်မယ်'

အဝင်းက သူ့ချစ်လင်ကို အံ့သြစိတ်နှင့်ကြည့်မိ၏။ ကိုကိုက စကားနည်းသည်။ သူ့စိတ်လို၍ပြောပြီဆိုလျှင်သည်း လေးလေးနက်နက် ပြောတတ်သည်။

သြော်.... ပျိုးဘစ်လောတုန်းကလည်း နှလုံးသား ကိစ္စကို အစ်ကိုဦးနှင့် အချီအချပြောသည်။

ကိုကိုသည် ခုပြော ဘုပြော ပြောတတ်သော်လည်း တစ်ခါတစ်ရံ ကိုကိုပြောသည်က အမှန်တွေဟု မိမိထင်သည်။ စကားနည်းသော ကိုကို့ရင်ထဲမှာ ဘာတွေရှိနေသနည်း။



ဒေါ်နွဲ့ဝင်းက ချက်ချင်းပင်ပြုံးလိုက်၏။

'ကိုကိုပြောနေတာက ယုတ္တိရှိသား။ ဒါပေမယ့် ကိုကို။ ကလေးကို စတည်းက မွေးစားမှန်းမသိအောင် လုပ်ထားမယ်လေ'

'မရဘူး—အဝင်း'

'ရှင်—'

'မရဘူး။ တစ်နေ့မဟုတ်တစ်နေ့၊ တစ်နည်းမဟုတ်တစ်နည်း ပေါ်တာပဲ။ အဲဒီမဖြစ်နိုင်တာကို သွားအားမကိုးနဲ့။ အားကိုးနိုင်တာက ဘာပဲဖြစ်ဖြစ် ငါဘယ်လောက်ခွင့်လွှတ်နိုင်သလဲ။ ဒါပဲ။ သားရင်းသမီးရင်းဆိုတာလွဲမေ့ပစ်လိုက်။ မွေးစားတယ်ဆိုတာလဲ မေ့ပစ်လိုက်။

'လူချင်း....။ လူသားချင်း။ ဘယ်လောက် မေတ္တာထားနိုင်သလဲ။ ဘယ်လောက်ခွင့်လွှတ်နိုင်သလဲ။ ဘယ်လောက်သည်းခံနိုင်သလဲ။ ဘယ်လောက် အဆုံးရှုံးခံနိုင်သလဲ။ ဘယ်လောက် စွန့်လွှတ်နိုင်သလဲ'

ဒေါ်နွဲ့ဝင်း ထိတ်လန့်သွား၏။ ပြောရင်းက ကိုကို့ အသံမှာ မာန်တွေပါလာ၏။ ကိုကို ဒေါသထွက်လာပြန်ပြီလား။

ဒေါ်နွဲ့ဝင်းက မျက်နှာငယ်လေးနှင့်ပြော၏။

www.burmeseclassic.com

www.burmeseclassic.com



'အခင်းက စကားစပ်လို့တိုင်ပင်မိတာပါ ကိုကိုမှယ်။ ကိုကိုယ်တော်မတူရင် အဝင်း မပြောတော့ပါဘူး'

သူလည်း နှောင်တရသွား၏။ မိမိ အတွေးလျှောက်ပြောနေမိပါသနည်း။

သူက အသံကိုပျော့ပြီး ပြော၏။

'ကိုကိုက ဆန့်ကျင်နေတာ မဟုတ်ပါဘူး။ ငြိုးစားစရာတွေကို ပြောပြနေတာ။ အဝင်းစဉ်းစားပြီးလို့ မေးစားချင်ရင် မေးစားပါ။ ကံကြမ္မာဆိုတာကလဲ ဆန်းသား။ ဘယ်သူ အစိုးရမှာလဲ။ မေတ္တာ ဆိုတာကလဲ ဆန်းတယ်။ မယုံနိုင်လောက်အောင် ကိုယ်ကျိုး စွန့် တဲ့ အဆုံးရှုံးခံတဲ့ မေတ္တာရှင်တွေ ဗီလောကမှာ ရှိပါတယ်။ ဒါကို ကိုကိုယုံပါတယ်။ ကဲ...ကိုကို အဝတ် လဲတော့မယ်'

ဦးခင်မောင်ဆွေက အပေါ်ထပ်သို့ အမြန် ပြန်တက်လာခဲ့၏။

ပြတင်းပေါက်ရပ်ပြီး ချက်တောင်များကို အဝါ ခတ်ပစ်၏။

မမေ့နိုင်ပါတကား။ မမေ့နိုင်သေးပါတကား။

ဦးခင်မောင်ဆွေသည် ပြတင်းပေါက်မှ ခွာလာပြီး စားပွဲအနီး ထပ်သည်။ အံဆွဲတွင်း၌ ဖန်ခွက်ထားခဲ့သည်ကို သတိရ၏။



အံဆွဲတွင်းမှဖန်ခွက်ကို ဦးခင်မောင်ဆွေက ယူ၏။ နေ့ရာတကျ ပြန်ထားရမည်။

ဗီရိုတံခါးကို ဖွင့်ပြီး ဖန်ခွက်ကို ထားသည်။ စာအုပ်များပြန် ပေါ်လာသော စာအုပ်တန်းကို ဆုံလည် ပြန်လှည့်၏။

ဗီရိုကို ပိတ်မည် ပြုပြီးမှ တွေ့လျက် စဉ်းစားသည်။

မသူးပြီ။ ခုမှတော့ မသူးပြီ။ မိမိက အတွေကို ကြောက်နေရသနည်း။

လောကကြီးမှာ ဖြစ်သမျှအကြောင်း အကောင်းချည်း။

ဦးခင်မောင်ဆွေက စာအုပ်စင်တန်းကို ဆုံလည် ပြန် လှည့်သည်။

အရက်ပုလင်းနှင့်ဖန်ခွက်ပေါ်လာ၏။

ဖန်ခွက်အတွင်း အရက် ငှဲ့သည်ပြီး ရေရှ့မမဲ့ မော့သောက်လိုက်သည်။

*

www.burmeseclassic.com

www.burmeseclassic.com

## အခန်း ၁၇

ဆာမ္ဘာအေးစေတီလမ်းဘေးခြံကျယ်ကြီးတွင်းရှိ 'သင်္ဂဟဆွေ' မော်တော်ယာဉ်ထိန်းသိမ်းပြုပြင်ရေး ခန်းတွင်းသို့ ကားမျိုးစုံ တန်းစီဝင်နေကြသည်။

မိမိ၏ ရုံးခန်းတွင်း၌ အိုဘာအောလ်ခေါ် မက္ကင်းနစ် စက်ဆရာ ဝတ်စုံကိုဝတ်ရင်း ဦးခင်မောင်ဆွေသည် တန်းစီ ဝင်နေကြသော ကားများကို စိတ်ကျေနပ်စွာနှင့် ကြည့်သည်။

www.burmeseclassic.com

www.burmeseclassic.com



သည့်ကားတွေက ယနေ့ ဆားဗင်ဆင်းခေါ် ထိန်းသိမ်းမှုပြု ခွင့် တိုးတင်ရသောကားများဖြစ်ကြ၏။

ကားတစ်စီးလျှင် ၇၅ ကျပ်။ သည်လောက် ကားတွေများတော့ ငွေဘယ်လောက်နည်း။

ငွေဘယ်လောက်ဆိုသည်က အစ်ကိုဦးအပူ၊ မိမိအပူမဟုတ်။ သည့်ကားတွေကို ငွေတွေအဖြစ် အစ်ကိုဦး မြင်မည်။ မိမိကတော့ အဲ...ကားတွေအဖြစ်ပဲ မြင်သည်။

မိမိအလုပ်ရုံခြံဝင်းသို့ဝင်လာသော ကားဟောင်းသည် ထွက်သွားလျှင် သစ်လွင်တောက်ပနေရမည်။ ကားပျက်သည်ကားကောင်း ဖြစ်သွားစေရမည်။

လက်ထောက်တွေ ရှိသဖြင့် ယခုကဲ့သို့ အိုဗာအောလ်ကြီး ဝတ်နေရန် မိမိမလို၊ ရုံးခန်းပန်ကာအောက်တွင် ဇိမ်နှင့် နေနိုင်သည်။

သို့ရာတွင် မိမိက ကားတွေနှင့်ပျော်သည်။ အောက်တိုဗီးလ် အင်ဂျင်နံ့ယာဉ်တွဲကို ဝါသနာပါ၍ မိမိ ယူထားသည်။ လူမွေး သား။ အင်း ...တော့ ဆူညံဖြစ်နေသော်လည်း ဆီချေးပေ သော စက်တွေနှင့်ကနေရလျှင် မိမိ ပျော်သည်။

လူတွေက မိမိကို မိမိလုပ်ငန်းမှာ ဖိဖိစီးစီးလုပ်သူဟု ချီးမွမ်း ကြသည်။ မိမိကမူ ပြုံးမိ၏။



စက်ဆိုသည်က လူတွေလိုစကားမများ။ သူတို့မှာက ချစ်ခြင်း မုန်းခြင်းလည်းမရှိ၊ အပြိုင်အဆိုင်လည်း မရှိ။ ပြီးတော့... မိမိပြု သမျှ နေရသည်။

စက်တွေနှင့်နေရလျှင် အလောကကိုမေ့ထားနိုင်သည်။

ပျက်နေသောစက်ကို ပြင်လိုက်၍ ကောင်းသွားလျှင် မိမိစိတ် ချမ်းသာသည်။ ဘင်ခါ ဘင်ရဲတော့လည်း ဝမ်းနည်းမိသည်။

လူကိုတော့ ဆားဗစ်ဆင်းလုပ်သည့်စက် မရှိဘူးလေ။ လူ တစ်ကိုယ်လုံးကို အိုဗာအောလ်သုပ်ပစ်၍မရဘူးလေ။ ဦးနှောက် ဆိုသည့် အင်ဂျင်ကို ဖေါင်းတင်လိုက်၍ မရဘူးလေ။

ဦးစင်ခမောင်ဆွေက ခြားနားလေးသော ဝင်း ကို ကျော်၍ ဟိုဘက်ခြံကိုကြည့်သည်။ ညိုမြကြောင်ဘ်မှ ကုန် ကား ကြီး များ ရှိသည်။

ကုန်ကားကြီးများနှင့် ကုန်ပို့ဆောင်မှုလုပ်ငန်းကိုမူ အစ်ကို ဦးက တိုက်ရိုက်ဦးစီးလုပ်သည်။ ကောင်းပါသည်။ ငွေအားဖြ ရသော လုပ်ငန်း။

မိမိကတော့ မလုပ်ချင်။ အစ်ကိုဦးကတော့ စကားပြော ကောင်းသည်။ လောဘလည်းမြင့်သည်။ ထို လုပ်ငန်းကို ဆွေကျော် ဦးနှင့်သက်ဟ ပို့ဆောင်ရေးဟု သူက အမည်ပေးထားသည်။

www.burmeseclassic.com

www.burmeseclassic.com



'သင်္ဂဟဆွေ' ထိန်းသိမ်းပြုပြင်ရေးလုပ်ငန်းမှာ 'ကျော်ဦးနှင့် သင်္ဂဟ' လုပ်ငန်းမှ ပွားလာခြင်းဖြစ်သည်။

အစ်ကိုဦး လာဘ်မြင်ခြင်းလည်းဖြစ်သည်။ မိမိကိုနိုင်းတတ် ခြင်းလည်း ဖြစ်သည်။

သင်္ဂဟဆိုသောစကားကို အစ်ကိုဦး အလွန်ကြိုက်သည်။ အင်းလျားလမ်းပေါ်ရှိ သူ့အိမ်ကြီးကိုလည်း 'သင်္ဂဟဂေဟာ' ဟု အမည်ပေးထားသည်။

သင်္ဂဟဟူသောစကားကို မိမိကဆွေမျိုး၊မိတ်ဆွေ၊အပေါင်း အသင်းဟု နားလည်ထားသည်။ အစ်ကိုဦးကမူ ပါဠိတော့ရွတ်ပြ ပြီး အဓိပ္ပာယ် အကျယ်ဖွင့်ပြတတ်သည်။

ထားပါတော့။ အစ်ကိုဦးက သင်္ဂဟကောင်းကောင်းထား သည်။ သင်္ဂဟကောင်းကောင်းရှာသည်။ ကောင်းကောင်းကို လည်း သင်္ဂဟလုပ်သည်။

ဪ… ယခု ချွေးမလောင်း ရွေးသည်မှာ အစ်ကိုဦး၏ နောက်ဆုံးပေါ် သင်္ဂဟပြုခြင်းဖြစ်ပေလိမ့်မည်။

မိမိ၏လက်စွဲတော် အထူးကိုရိုယာဘူးလေးကို ကိုင်စွဲလျက် တွေးချင်သည့်တွေးပြီး ရုံးခန်းအကျဉ်းမှထွက်လာသော ဦးခင် မောင်ဆွေသည် ကားတစ်စီးကို တွေ့လိုက်ရသောကြောင့် ခေတ္တ ရပ်စိုက်ကြည့်မိ၏။



ခြံဝင်းကြီးကို လုပ်ငန်းဌာနနှင့်ခွဲပိုင်းထားသည်။ တစ်ပိုင်းက ဆားဗစ်ဆင်းဌာန။ ထိုပိုင်းဆီမှ ရေမှုတ်သံ ဆီထိုးသံတွေ ထနေ၏။ အခြားတစ်ပိုင်းက ပြုပြင်ရေးဌာန။

ပြုပြင်ရေးဌာန အမိုးအောက်တွင်တော့မဟုတ်။ သစ်ပင် တစ်ပင်ရိပ်တွင် ဖီးယက်ဟောင်းသုံးရာ ဝက်ဂွန်ကား ကြက်ဥနှစ် ဆောင်လေးတစ်စီး ဆိုက်ထား၏။

ဂျပန်ကားတွေ ခေတ်စားနေချိန်တွင် ဖီးယက်ကို မြတ်မြတ် နိုးနိုးစီးသူမှာ မိမိ၏တူတော်မောင် မျိုးတစ်ယောက်သာရှိမည် ထင်၏။

ကားက စက်ဖုံးလှန်ထားပြီး အလုပ်သမားနှစ်ဦးက စစ် ဆေးပေးနေသည်။ အနီးတွင် မိမိ၏ တက်ထောက်မကြာင်းနစ် ကိုယ်တိုင်ဂရုတစိုက်ကြီးကြပ်ပေးနေသည်။ ဤသည်ကမဆန်း။

ဆန်းသည်က—

သစ်ပင်ရိပ်တွင် ကုလားထိုင်တွေချပေးထားသည်။ ကုလား ထိုင်တစ်လုံးပေါ်မှာက မျိုး။ ကျန်နှစ်လုံးပေါ်မှာက အဝေး အမြင်အပင် လှနေသော မိန်းမချောလေးနှစ်ဦး။

တစ်ဦးက လေးဖြူ။ လေးဖြူကိုတော့ မိမိသိသည်။ နောက် တစ်ဦးက မည်သူနည်း။

www.burmeseclassic.com

www.burmeseclassic.com



ဦးခင်မောင်ဆွေက သူတို့ထံသို့လျှောက်သွား၏။ မျိုးကိုလွင်က နေရာမှထပြီး ပြုံးလျက်ကြိုသည်။

'မင်းကား...ဘာဖြစ်သလဲကိုမျိုး'

'ဘာမှမဖြစ်ပါဘူး။ ပဲခူးသွားမလို့။ လိုလိုမည်မည် ဝင်ချက် က် လုပ်တာပါ'

'အေး...ခရီး နည်းနည်းဝေးဝေးသွားရင် ချက် က်လုပ်တာ မမှားဘူး'

ဦးခင်မောင်ဆွေက လေးဖြူဘက် လှမ်းပြုံးပြပြီး နှုတ်ဆက်၏။

'လေးပါလာမို့...ဒီကောင် ကားကို ပိုဂရုစိုက်တယ် ထင်တယ်'

လေးဖြူက လိုက်သင့်ရယ်လျက် တုံ့ပြန်၏။ ရယ်သော လေးဖြူ၏ သန့်စင်မွတ်ညက်သော ပါးလေးများ အနည်းငယ် ရဲတက်သွားသည်ကို ဦးခင်မောင်ဆွေ သတိပြုမိသည်။

ရှက်တတ်သောမိန်းမပျိုကို မိမိအလိုက်မသိ စ,လိုက်မိသကဲ့သို့ ဖြစ်သွားသည်ကိုလည်း သတိပြုမိ၏။



ခြော်...ရဲရင့်ခတ်မိပါသည်ဆိုသော အစ်ကိုဦး၏ ချွေးမသောင်း စာရေးဆရာမလေးသည် ရှက်တတ် ရှိန်တတ်သေးပါသလား။

ဦးခင်မောင်ဆွေ၏ မျက်လုံးများက လေးဖြူအနီးမှ မိန်းမပျိုဆီ ရောက်သွား၏။

မျက်လုံးလှလှများ....။ မျက်လုံးလှလှများကို ရှေးဦးစွာ သတိပြုမိသည်။ အကြောင်းမှာ ထိုမျက်လုံးလှလှများက မိမိကို စူးစိုက်စိုက်လေး ကြည့်နေသောကြောင့်ဖြစ်၏။

ဦးခင်မောင်ဆွေသည် ပြုံးပြရသည်ကို သတိမေ့သွားသည်။

မိမိမျက်နှာမှ လွဲမဖယ်ဘဲ တည့်တည့်လေးစိုက်ကြည့်နေသော မျက်လုံးလှလှလေးများကို ပြန်စိုက်ကြည့်နေမိ၏။

မျက်နှာလေးက ကြည်၍၊ သန့်၍၊ ဝင်း၍ဝါသည်။ ပကတိ နေအထားကပင် ပြုံးသယောင်ရှိနေသော နှုတ်ခမ်း ပြည့်ပြည့် ဖောင်းဖောင်း နှင်းဆီပုံလေး။

ရင်ကို ကြည်လင်အေးချမ်းသွားစေသော ကျက်သရေရှိလှသည့် မျက်နှာလေး....။

မျက်လုံးလေးများကလည်း ကြည်လင်အေးချမ်းသည်။ ရိုးရိုး သာမန်ကြည်လင်အေးချမ်းသည်မဟုတ်။

www.burmeseclassic.com



သူ့ ကြည်လင်အေးချမ်းမှုက ကိုယ့်ရင်ဆီ ကူးစက် လွှမ်းခြုံ လာသော ကြည်လင်အေးချမ်းမှုမျိုး။

သိဘာချမ်းမြေ့။ ဗြောဲ့...သည်စကားသည်—သည်ရုပ်ရည် သေးမျိုးအတွက် တီထွင်ထားပါတကား။

ခဏဖြင့် ဦးခင်မောင်ဆွေ၏ ရင်မှာ လွှမ်းလွှမ်းဆွတ်ဆွတ် ကြေကြေကွဲကွဲ ဝမ်းနည်းပန်းနည်းဖြစ်သွားသည်။

မိန်းကလေးရယ်—။ဘန်ဖိုးကြီးလိုက်ပါသည့် မိန်းကလေး

ဦးခင်မောင်ဆွေက ရင်တွင်း၌လွှမ်းဆွတ်ခြင်း၊ အံ့သြခြင်း ရောလျက် တိတ်တိတ်ရေရွတ်သည်။

လေးဖြူ၏အသံ ပေါ်လာသည်။

‘ဦးလေးဆွေ။ အဲဒါ လေးနဲ့ ကိုမျိုးရဲ့ သူငယ် ချင်း အချစ်ဆုံး သူငယ်ချင်း။ မွန်မွန် တဲ့—နာမည်က’

‘မွန်မွန်’

ဦးခင်မောင်ဆွေက နာမည်လေးကို ရွတ်ကြည့်သည်။နာမည် နှင့် မျက်နှာလေးက လိုက်ဖက်လှသည်။

မိမိမှာ သည်လိုသမီးလေးရှိလျှင် သည်နာမည်မျိုးပင် ပေး မည်ထင်၏။



‘မွန်မွန်။ သမီးနာမည်လေးက သမီး မျက် နှာ လေး နဲ့ လိုက်လိုက်ဘာသမီးရယ်’

လေးဖြူကပင် ရယ်လျက်ပြော၏။

‘လိုက်တာပေါ့ ဦးလေးဆွေ။ နာမည်ပေးတဲ့ သူ့ အဲ— ဖေဖေက စာရေးဆရာ ကဗျာဆရာကြီးကိုး’

‘စာရေးဆရာ၊ ကဗျာဆရာကြီး။ ဘယ်သူများပါလိမ့် ကွယ်’

‘ဆရာမိန့်နွေ။ ဦးမိန့်နွေ’

‘ဆရာမိန့်နွေ’

ဦးခင်မောင်ဆွေ၏စိတ်တွင် လက်ဘွင်းမှ ကိရိယာဘူးလေး လွတ်ကျသွားသည်တင်သောကြောင့် မြဲဖောင် ဆုပ် ကိုင် ထား လိုက်မိသည်။

‘ဪ...သမီးက နိုင်ငံကျော်စာရေးဆရာကြီး ရဲ့သမီးကိုး နော်’

မွန်မွန်၏ အပြုံးကို သူရှေးဦးစွာ မြင်ရသည်။

www.burmeseclassic.com

www.burmeseclassic.com



ဟပ်ပြုံးလေးက အပြုံးဖြင့်လျက်က ကြာခြွန်ရှိသည်။ ပြုံးလိုက်သည့်အတွက် မျက်နှာလေး၏ တည်ငြိမ်အေးချမ်းမှုသည် ပျက်မသွား။

'ဟုတ်ကဲ့။ လူပျိုဖခင်ရဲ့သမီးပါ'

'ဘယ်လို'

မွန်မွန်က ပြုံးရုံမျှသာသော အသံသာ ရယ်၏။

'မွန်မွန်က ဦးဖေဖေရဲ့ တူမပါ။ ဒါပေမယ့် ဦးဖေဖေက မွန်မွန်ဖေဖေမို့ မွန်မွန်က ဦးဖေဖေလို့ပဲ ခေါ်ပါတယ်'

မွန်မွန့်အသံလေးက ချိုသာကြည်လင်သည်။ ဦးဖေဖေဟု ခေါ်ပုံလေးက ပို၍ ချိုသာကြည်လင်ပြီး ချစ်စရာကောင်းသည်။

'သမီး မိဘတွေကကော...'

ဦးခင်မောင်ဆွေသည် မေးလိုက်ပြီးသော စကားကို ဆက်မိလေခြင်းဟု ကိုယ့်ကိုကိုယ် အပြစ်တင်မိပြီး စကားကို ရပ်လိုက်၏။

မွန်မွန်၏ မျက်နှာမှ အပြုံးလေး လုံးဝမညှိုးသည်ကို ဦးခင်မောင်ဆွေ သတိပြုမိ၏။

'မေမေရော ဖေဖေရော ရှိတော့ပါဘူး။ ဒါပေမယ့်... ဦးဖေဖေရှိတယ်။ ဘွားဘွားရှိတယ်'



မွန်မွန့်အသံက တည်ငြိမ်သည်။ မျက်လုံးများက လေးနက်၏။ ပြောဟန်နှင့် မျက်နှာထားက တစ်စုံတစ်ရာဂုဏ်ယူဝင့်ကြွားမှုပါသည်။

'အော်!...အား...နားလည်ပါတယ်။ ဦး နားလည်ပါတယ်'

မျိုးကိုလင်းက ရှေ့တိုးလာပြီး ပြောပြ၏။

'ဦးလေးဆွေ။ မွန်—မမွန်ကဆေးတက္ကသိုလ် ကျောင်းသူ—'

'ဟုတ်လား။ ဘယ်နှစ်ရောက်ပြီလဲ'

'ဖိုင်နယ် ပတ်တ် ဝမ်း'

'အို—အတန်းကြီးပြီပဲ'

'မမွန်က ကျွန်တော်နဲ့လေးလိုပဲ။ ဆယ့် ခြောက် နှစ်နဲ့ ဆယ်တန်းအောင်တာ'

'အေး...တော်ကြတယ်။ မင်းတို့ခေတ်လူငယ်တွေ သိပ်တော်ကြတယ်'

'ဦးလေးဆွေလဲ ဆယ့်ခြောက်နှစ်နဲ့ တက္ကသိုလ် ရောက်တယ်ဆို'

www.burmeseclassic.com

www.burmeseclassic.com



'တို့ခေတ်ထဲမှာ ရှားပါတယ်။ ငါနဲ့ငါ့သူငယ်ချင်း အဲ… နှစ်ယောက်လောက်ပါ'

မှုန်မှုန်က စိတ်ဝင်စားနေသော ကားများကိုကြည့်၏။

'သင်္ဘောဆေး ပြုပြင်ထိန်းသိမ်းရေး နာမည်ကျော်တာ ကြားဖူးတယ်။ ခုမှ လက်တွေ့မြင်ဖူးတော့တယ်။ ကား တွေ သိပ်များတာနော် ဦး'

ဦးခင်မောင်ဆွေက မပြော။ မျိုးကိုလွင်က ဝင်ပြော၏။

'ဦးလေးဆွေက ဂရုစိုက်တာကိုး။ ဆားပြစ်ဆင်းကို အပေါ်ယံ ဝတ်ကျေဝတ်ကုန်လုပ်တာ ဦးလေးဆွေ မကြိုက်ဘူး။ ခက်ပျက်ရင်လဲ ဦးလေးဆွေက ကိုယ်တိုင် ကိုင်ရမှ။ လေး…ပြောပါဦး။ ဦးလေးဆွေကို ဘယ်လို ခေါ်တယ်'

'မော်တော်ယာဉ်သမားတော်ကြီးတဲ့။ ကားတွေကို ဦး လေးဆွေက မေတ္တာကရုဏာနဲ့ ကိုင်တွယ်တယ်'

လေးဖြူ၏စကားကြောင့် လူငယ်သုံးဦးလုံး ရယ်ကြ၏။ ဦးခင်မောင်ဆွေက မရယ်ပဲဆိုသည်။

'ကြီးလာတော့လဲ မော်တော်ယာဉ်သမားတော် မလုပ် ချင်တော့ဘူး။ ဟောဒီ…သမီးတို့လို ဆရာဝန်ဖြစ်ချင် တယ်'



'အို…ဘာပြုလို့…'

'လူ့ပျက်တာကိုပြင်ချင်တယ်'

မှုန်မှုန်က ရယ်လျက်ပြော၏။

'ဆရာဝန်ဆိုတာက လူ့ရဲ့ရုပ်ပိုင်းကိုတော့ ပြင်သင့်သမျှ ပြင်နိုင်တယ်။ လူတစ်ခုလုံးကိုတော့ မပြင်နိုင်ပါဘူး။လူ တစ်ခုလုံးကိုပြင်နိုင်တဲ့ပညာက တစ်ခုပါ ဦး'

'လူတစ်ခုလုံးကိုပြင်နိုင်တဲ့ပညာက တစ်ခု။ ဘာကိုပြော လိုက်တာလဲ သမီး…'

မှုန်မှုန်က ပြုံးကြည့်နေ၏။ လေးဖြူက လက်ခုပ်တီးပြီး ဝင်ပြော၏။

'ဒလေး…ပြောမယ် မမှုန်။ မဟုတ်ရင် မမှုန်ပြောနော်'

မှုန်မှုန်က ခေါင်းညိတ်ပြ၏။ လေးဖြူကပြောသည်။

'အသက်ရှိပြီး စိုလန်းအေးမြတဲ့ အမှုန်တရား…'

'ဘာရယ်…သမီး…'

'မေတ္တာ ကရုဏာနဲ့ ခွဲခြားမှုမရှိပဲ ပေါင်းစည်းနေတဲ့ သစ္စာတရား…'

www.burmeseclassic.com

www.burmeseclassic.com



ဦးခင်မောင်ဆွေက သေဖြူကိုစိုက်ကြည့်သည်။ ထိုနောက် မွန်မွန်ကိုကြည့်သည်။

သူက မွန်မွန်ကို ဘာခိုခုမေးမည်ဟု ပါးစပ်ပြင်သည်။ သို့ရာတွင် မမေးဖြစ်၊

ပြုံးနေသော မွန်မွန့်မျက်နှာလေးက သူ့အတွက် အဖြေပမာ ဖြစ်နေသည်။

တစ်စုံတစ်ရာပြောနေသည်။ ဘာကိုပြောမှန်း သူမသိ၊ လက်သေ့ကျက်ကြောင်းနှစ်က လာသောင်းပို့၏။

'ကားက ဘာမှချတ်ယွင်းချက်မရှိဘူး ကိုမျိုး။ စိတ်ချမောင်း၊ ပဲခူးအထိမဟုတ်ဘူး။ မော်လမြိုင်အထိမောင်း'

မျိုးကိုလွင်က ဦးခင်မောင်ဆွေကို ရှင်းပြ၏။

'စာခမေးပွဲတွေ ဘာသေချာမှာမို့ နောက်အပတ်က ပြီးကျွန်တော်တို့သုံးယောက်လုံး ဘာမှိကျက်ရတော့မယ်။ အခုအနေက နောက်ဆုံး စိတ်လွတ်လက်လွတ် လည်တဲ့ ခနေ'

လူငယ်သုံးဦးက နှုတ်ဆက်ပြီးထွက်ခွာသွား၍ ကားသည် ခြံဝင်းမှ ပျောက်ကွယ်သွားသည်အထိ ဦးခင်မောင်ဆွေက နေရာတွင် မတုန်မလှုပ်ကျန်ရစ်သည်။



နေ့လာမှ သူတို့ခရီးသွားအခါ မြေလှမ်းများက တလုပ်ရုံဆီသို့ မဟုတ်။ သူ့ရှေ့နဲ့ဆီသို့ သူ့ကိုပြန်ကွယ်သွားကြသည်။

မှန်နောက်သယ်ခင်ထားသည့် တံခါးကို သူတပိတ်လိုက်၏။ ငွေရောင်သတ်ကိုင်ဘုလုံးအောယ်မှ ခလုတ်ကိုဖိပြီး မျက်ချပွင့်လိုက်၏။

ကားပွဲမှ သူထိုင်သည်။ သူ့တစ်ကိုယ်လုံးက အားပျော့နွမ်းသည်။ ရုပ်ပွင့်နှာက တလှုပ်သွပ်ဖြစ်နေသည်။ ခြေလက်လုံးနှင့် လက်မျက်မှုကြွက်သားများက အားကုန် ညောင်းညာလေသည်။

လှုပ်လှုပ်ခုန်နေသောနှင်နှင့် စည်းနှုရိုက်ကိုက်၍ လက်ချောင်းလေးများက တုန်ယင်လာသည်။

လည်ကုပ်နှင့် နောက်ကျောဆက်သော နေရာသိမှ ကိုက်ခဲလာ၏။

ဦးခင်မောင်ဆွေက မြည်းညှင်းစွာ နေရာမှထပြီး စားပွဲ၏ လက်ယာဘက်ရှိ ဆံမကြိုက်ဘီရိုငယ်လေးကို ဖွင့်သည်။

လျှို့ဝှက်ခလုတ်လေးကိုနှိပ်လိုက်သောအခါ မကြာခင်နုစ်ပစ္စည်းများ သောင်ထားသောအဆင့်က အသံမမြည်ပဲ ဘေးဘက်သို့ ဆင်းသွားသည်။

နောက်ဘက်မှဆင့်က အပေါ်သို့တက်လာ၏။

www.burmeseclassic.com

www.burmeseclassic.com



ပုလင်းတစ်လုံးနှင့် ဖန်ခွက်တစ်ခွက်က တည်ငြိမ်စွာရပ်လျက် ပေါ်လာသည်။

ဦးခင်မောင်ဆွေက ပုလင်းကို မ,ယူသည်။ ပုလင်းတွင်း ပယင်းရောင်များက လက်လက်ဝင်းပြသည်။

ပယင်းရွှေရည်...။

ခြော်...သည်စကားကို မေ့ထားမိသည်မှာ ကြာပြီ။

စောစောတုန်းက ပယင်းရွှေရည်အလှ တစ်မျိုးကိုတွေ့ခဲ့သည်။

သီတာချမ်းမြ။သည်စကားလေးကလည်းပြန်ပေါ်လာသည်။

တဒင်္ဂမဟာ ခံစားခဲ့ရသည့်ဥင်မှ ချမ်းသာခြင်းကို ပြန်သတိရသည်။ လွမ်းလွမ်းဆွတ်ဆွတ် ပြန်သတိရသည်။

ဦးခင်မောင်ဆွေက ပုလင်းကို ပြန်ပိတ် ထားလိုက်သည်။ ခလုတ်ကိုနှိပ်လိုက်သောအခါ ပုလင်းနှင့်ဖန်ခွက်တို့ ပြန်ငုတ်လျှိုးသွားပြီး မဂ္ဂဇင်းစာအုပ်များ ပြန်ပေါ်လာ၏။

ကက်ဘိနက်တံခါးလေးကို ဖြည်းညင်းစွာ ပိတ်ပြီး ဦးခင်မောင်ဆွေက စာပွဲ၌ပြန်ထိုင်သည်။

မတုန်မလှုပ်နှင့် ရှေ့သို့ ငေးကြည့်နေသော ဦးခင်မောင်ဆွေ၏ မျက်လုံးများတွင် ဝါဝင်းတင့်တယ်သော မျက်နှာလေးကို မြင်နေသည်။



မြင်ယောင်သည်ဖြစ်သောကြောင့် မျက်နှာလေးက မပီသတော့။

မပီသတော့မှ နာမ်ရိပ်ပုံက ကစားလာသည်။ တူမျှသော သဏ္ဌာန်တစ်ခုက သိမ်သိမ်မွေ့မွေ့ ခပါင်းခပ် ထွေးသင်လာ၏။

'မဟုတ်ပါဘူး... မဟုတ်နိုင်ပါဘူး'

တစ်ယောက်တည်း အရူးပမာ ရေရွတ်နေမိ၏။

www.burmeseclassic.com

www.burmeseclassic.com



၄၂ လိုင်းကား ဟိုင်းလက်စ်လေးပေါ်မှနေ၍ အောက်ဘက်အောင် အမြောက်တပ်ရှေ့ မှတ်တိုင်တွင် လေးဖြူက ဆင်းလိုက်သည်။

ကားမှတ်တိုင်တွင် ပြထားသော ဤလမ်းခွဲ ဖြတ်သည့် ကားလိုင်း နံပါတ်များကို လေးဖြူက ကြည့်သည်။

ကျေနပ်မှ မိုးကောင်းလမ်းမကြီးကို ကျော်၍ တစ်ဖက်ရှိ မှတ်တိုင်ဆီကူးသည်။

www.burmeseclassic.com

www.burmeseclassic.com



ကားမှတ်တိုင်၌ လူအုံ စောင့်နေကြသည်။ ကားတွေကလည်း အဆက်မပြတ်လာနေသည်။ လူတွေကလည်း အဆက်မပြတ် တက်လိုက်ကြသည်။

သည်ကြားထဲက မှတ်တိုင်တွင် လူမကုန်။ ကားတိုင်းမှာလည်း လူမချောင်။ ခြေနင်းခုံတွေမှာသည်းတိုးလိုးတွဲလောင်း။

ဆယ်မိနစ်ခန့် စောင့်လိုက်ရပြီးနောက် အမှတ် ၄၁ ဘတ်စ်ကား ခပ်ဖိုဖိုတစ်စီး ဆိုက်လာသည်။ အရှေ့ဘက်အပေါက်မှ ကိုယ်တစောင်းတိုးပြီး လေးဖြူက တက်လိုက်သည်။

ကိုယ်တစောင်းတိုး၍ လေးဖြူက ဤစကားကို သဘောကျသည်။ စပယ်ယာ ဆရာလေးများက ဤတိုင်း အော်ဟစ် လမ်းညွှန်မှု ပြုကြသည်။

'ကိုယ်တစောင်းတိုးဝင်ပါ။ ကိုယ်တစောင်းတိုးဝင်ပါ'

အလွန် သိပ္ပံနည်းကျသော လမ်းညွှန်ချက်။ ဟုတ်သည်လေ။ တိုးဝင်သည်ဆိုလျှင် ကိုယ်တစောင်းနှင့် တိုးဝင်မှ လွယ်လွယ်ကူကူရမည်။

သို့ရာတွင် မိမိနှင့်တစ်ယောက်ခြားမှ ကိုယ်ဝန်ဆောင် မိန်းမကြီးကိုကြည့်၍ လေးဖြူပြုံးမိသည်။ သူ့ကျတော့ ကိုယ်တစောင်းတိုး၍ ဘာထူးပါမည်နည်း။



လေးဖြူက လွယ်ထားသော လွယ်အိတ်လေးကို ကိုယ်ရှေ့၌ ထားပြီး လက်တစ်ဖက်နှင့် ပိုက်ထားသည်။ အခြား လက်တစ်ဖက်က ကားခေါင်မိုးတန်းကို ကိုင်၍ ကိုယ်ကိုထိန်းထားရသည်။

ဘယ်လိုထိန်းထိန်း ကားထွက် ကားရပ်လျှင်မူ ယိမ်းကြ ယိုင်ကြသည်။ သည်တော့ အိကြ ထိကြသည်။

ရင်ဖို့မှ မသိမ်းဖူးဘူး။ ဤစကားကို သွားသတိရသည်။

ယခု မိမိနှင့် ပခုံးချင်းယှဉ်နေသူက မုတ်ဆိတ်မွေးနှင့်မာမူကြီး တစ်ဦး။ ဆေးမ အဘိုးကြီးတစ်ဦး။

လေးဖြူက စိတ်တွင်း၌ ပြုံးမိပြန်၏။ ရင်ဖိုစရာလည်း မကောင်းပါကလား။ ရင်လည်း မဖိုပါတကား။ အဲ.. အဲ.. ကားထွက် ကားရပ်၍ ယိုင်သွားသည့်အခါ၌ မိမိ၏ မျက်နှာလေးက သူ့မုတ်ဆိတ်မွေးကြီး ဆီမရောက်အောင်တော့သတိထားရသည်။

တာမွေအဝိုင်းအနောက်၌မိမိအနီးခုံမှလူတစ်ယောက်ထွက်၏။

ဘုအားလွှက်မှာပင် ကိုယ်တစောင်းတိုးပြီး သူ့နေရာ၌လေးဖြူဝင်ထိုင်လိုက်၏။

သူကအထက် မိမိကအဝင်မို့ ပေါင်ချင်းသည်း ထိသွား၏။ ဘာဖြစ်သနည်း။ ဘာမျှမဖြစ်။

www.burmeseclassic.com

www.burmeseclassic.com



ထိုင်ပြီးကာမှ အေးလူကို ကြည့်မိ၏။ တိုက်ပုံအင်္ကျီနှင့် မျက်မှန်နှင့် လူရွယ်တစ်ဦး။ သူက မိမိကိုကြ သည်။ ကြည့်သည်မှ နှစ်ခါပြန်ကြည့်၏။

နောက်တစ်မှတ်တိုင်၌ လူတွေတက်လာပြန်၏။ စပယ်ယာ ဆရာလေးကမူ တာဝန်ကျစွာ အော်ပေးနေ၏။

'ကိုယ်တစောင်း တိုးဝင်ပါ။ ကိုယ်အစောင်းတိုးဝင်ပါ။ ရှေ့ကလူတွေကလဲ အထဲဝင်ပေးကြပါ။ အထဲမှာ နေရာတွေ အများကြီးရှိတယ်'

အထဲကလူအချို့ အသဲကိုင် ရွေ့လာကြသည်။

လူကြီးတွေ ပေါင်ကြားမှာ လေးနှစ်အရွယ် ကလေးတစ်ဦးက ပုညပ်နေသည်။ မိခင်ဖြစ်သူ မိန်းမရွယ်က လက်တစ်ဖက်နှင့် ကလေး၏ခေါင်းကို ကိုင်ထားပြီး လက်တစ်ဖက်က တန်းကိုဆွဲထားရ၏။

ကလေး၏ မျက်လုံးလေးက ဝိုင်းဝိုင်းကြည်ကြည်လေး။ မျက်နှာလေးကမူ ရှုံ့ရှုံ့မဲ့မဲ့ စိုးစိုး ရွံ့ရွံ့ ဖြစ်နေသည်။

ကလေးက လေးဖြူအနီး၌ ရောက်နေ၏။

'လာ မေပေါင်ပေါ်မှာ ထိုင်'

ပြောရင်းကပင် လေးဖြူက ကလေးကို ဆွဲခေါ်၏။



ကလေးက လေးဖြူ၏ပေါင်ပေါ် ရောက်လာ၏။ ကလေးနေရာသို့ ဘူ အမေ ရောက်လာသည်။ ကလေးအမေကပြုံး၍ ကျေးဇူးတင်ကြောင်း ထိမ်းအမှတ်ပြု၏။

အေးမှလူရွယ်သည် ကိုယ်ကျုံ့၍ ပြတင်းပေါက်ဘက် ယပ်ပေးသည်ကို လေးဖြူ သတိပြုမိ၏။

အြော်... လူကျပ်သောကားပေါ်တွင် လူကောင်းသူကောင်းတွေလည်း အများကြီးပါသား။ အဲ... ခါးပိုက်နှိုက်လည်း ပါမည်။ ဘယ်နှယ်တတ်နိုင်မတုံး။

တွေ့စက မိမိကို နှစ်ခါကြည့်သော လူရွယ်သည် ယခုမကြည့်တော့။ သူ့ခေါင်းကို ပြတင်းဘက်သို့ စောင်းလှည့်သွား၏။

စိတ်ဘွင်း၌ လေးဖြူ ပြုံးမိပြန်၏။ မိမိက ကလေး တစ်ယောက်ကို ပေါင်ပေါ်တင်လို့။ မိမိအားမှာက လူရွယ် တစ်ယောက်က တွဲလျက်ထိုင်လို့။ ဘယ်ပုံတွက်နေမည်နည်း။

ဘွားဘွားကို မြင်စေချင်သည်။ မေမေနှင့် မကြီးကိုလည်း မြင်စေချင်သည်။ ယခု ရန်ကုန်အိမ်မှ မမလေးတို့ကိုလည်း မြင်စေချင်သည်။ ဘာပြောကြမည်နည်း။

ကားက သူ့လိုင်းအတိုင်း ရွေ့ကူး၊ နောက်ကူးလုပ်နေသောကြောင့် ခရီးရှည်သည်။ အချိန်လည်းကြာသည်။

www.burmeseclassic.com

www.burmeseclassic.com



အင်း... သံသရာဆိုသည်မှာ ခရီးလည်း ရှည်သည်။ အချိန်လည်း ကြာသည်။ ခရီးတစ်ထောက်၊ ဘဝတစ်ခု၊ အဲ့သည်လို မှတ်ထားလိုက်။ ပြီးရော။

မင်္ဂလာဘောင်ညွန့်လွန်း၍ သိမ်ဖြူလမ်း ကျော်ခါနီး၌ လေးဖြူက ကလေး၏မိခင်ကို မျက်နှာပေးဖြင့် အချက်ပြ၏။

မြန်မာ့ဂုဏ်ရည်လမ်းအတွင်း ရောက်သောအခါ လေးဖြူက ထ,သည်။

ကလေးအမေက လေးဖြူနေရာ ဝင်ထိုင်သည်။ ယခုမှ သူ့ပစ္စည်းနှင့် သူ့ပိုင်ရှင်။

မြန်မာ့ဂုဏ်ရည်လမ်း အလယ်လောက်ရှိ မှတ်တိုင်တွင် လေးဖြူ ဆင်းလိုက်၏။

လမ်း၏ ဘယ်ဘက်ကိုကူးပြီး ထဘီအသားကို ပြင်ဝတ်သည်။ တွန့်တက်နေသော အင်္ကျီလေးကိုလည်း ခါးမှဆွဲချ၏။ လေတိုးထားသော ဆံပင်လေးများကိုလည်း လက်နှင့်သပ်၍သိမ်းသည်။

အကျပ်နှိပ်ခံနေသောကြောင့် လက်ပွေ့အိတ် ဖွင့်လျက် မှန်လေးဘော့ အကြည့်ချင်သား။ လမ်းမလယ် ပလက်ဖောင်းပေါ်မှာ ဖြစ်သဖြင့် မသင့်။

လေးဖြူသည် မျက်နှာ၌ စို့နေသော ချွေးသေးများကို လက်ကိုင်ပဝါနှင့် တို့သုတ်ပြီး ဆက်လျှောက်၏။



'နှလုံးသား သစ္စာ' မဂ္ဂဇင်းတိုက်ကို မြင်သော အခါ အကြောင်းမဲ့ ရင်ကခုန်ချင်သား။

လေးဖြူသည် မဂ္ဂဇင်းတိုက်ဝင်း အတွင်းသို့ ဝင်လိုက်၏။

စားပွဲ၌ စာထိုင်တည်းဖြတ်နေသော အယ်ဒီတာ ကိုမျိုးဆက်မှန်၏ စိတ်၌ မျက်စိတွင်း ဝင်ခနဲ ဖြစ်သွားသည် ထင်သောကြောင့် မော့ကြည့်သည်။

သူ့ရှေ့၌ နေခင်းကြီး လမင်းသာသည်ဟု ကဗျာဆရာ မျိုးဆက်မှန် ထင်လိုက်မိ၏။

'ဟုတ်ကဲ့'

'စာမူ လာပေးတာပါ'

'ဟုတ်ကဲ့'

'ဒီမှာ ပေးလို့ရတယ်နော်'

'ရပါတယ်၊ ရပါတယ်။ ဪ...ထိုင်ပါဦး'

လေးဖြူက ကုလားထိုင်ပေါ်တွင်ထိုင်ပြီး လွယ်အိတ်တွင်းမှ စာမူကို ထုတ်ယူလျက်ပေး၏။

သူက စာမူကို လှမ်းယူပြီး တစ်ချက်ကြည့်ရာမှ မျက်လုံး အနည်းငယ်ကျယ်လျက် ပါးစပ် အနည်းငယ်ဟပြီး လေးဖြူကို ကြည့်သည်။

www.burmeseclassic.com

www.burmeseclassic.com



'မိလွှမ်းပျော်...'

လေးဖြူက ပြုံးရုံပြုံးသည်။

'နေဦး။ လေး...မလေးဖြူ'

'ဆရာက လေးနာမည်ကို သိသလား'

'အာ...ကိုဇင်း...ဆရာမိန့်ပြောတာ ကြားဖူးလို့ပါ'

ကြမ်းပြင်ပေါ်ထိုင်လျက် နယ်ကိုယ်စားလှယ်လိပ်စာ စာရွက်များ ကပ်နေသည့် မောင်မြင့်မောင် အလုပ်ကိုရပ်ပြီး လေးဖြူကို ငေးကြည့်သည်။

အနီးမှ ဦးသိန်းမြင့်က တိုးတိုးသတိပေးသည်။

'မြင့်မောင်၊ ကိုယ့်အလုပ်ကိုယ်လုပ်။ လိပ်စာ မှားကပ်နေဦးမယ်'

'ဟာ...ဦးလေးကလဲ။ ကိုယ်နှစ်သက်တဲ့ စာရေးဆရာမ မို့ပါ။ ငယ်ငယ်လေး ရှိသေးတယ်နော်'

'ပြီးတော့ လှတယ်။ ဟုတ်တယ်မဟုတ်လား။ အဲဒါ... ဆရာမှန်ဂရီတာ အလုပ်။ မင်းအလုပ်မဟုတ်ဘူး'

'ကျွန်တော်လဲ ခင်ဗျားပုံ ကောင်းကောင်း ရိုက်ထားတ်ပါ တယ်'



'အေး...အခုက ကော် ကောင်းကောင်းကပ်'

ကိုမျိုးဆက်မွန်က စာမူကို သေချာစွာကြည့်ပြီးပြော၏။

'ဆရာမစာမူက လုံးချင်းဝတ္ထုနော်'

'ဟုတ်ကဲ့...ဒီတိုက်က ဝတ္ထုရှည်လုံးချင်းလဲ ထုတ်တယ် မဟုတ်လား'

'ထုတ်ပါတယ်...ဩော်...ဆရာမိန်နဲ့ ပြောပြီးပြီလား'

'ဝတ္ထုရှည်တစ်ပိုဒ်ရေးနေတာဘော့ စကားစပ်မိလို့ပြော ဖူးပါတယ်။ ဒီတိုက်ကထုတ်မယ်လို့တော့ မပြောဖူး ပါဘူး။ ဩော်....ဆရာက ဆရာမျိုးဆက်မွန်မဟုတ်လား'

'ဟုတ်ပါတယ်'

'အမှုဆောင်အယ်ဒီတာနော်...'

'ဟုတ်ကဲ့ခင်ဗျ...'

'လေး...ဒီစာမူကို ဆရာ့လက်ထဲထည့်တာနော်။ ထုံးစံ အတိုင်းသာလုပ်ပါ'

'ဆရာမ...ဘာဆိုလိုတာလဲ'

'ကြိုက်ရင်သုံးပါ။ မကြိုက်ရင်ပြန်ပေးပါ။ ဒီစာမူဟာ မလေးဖြူနဲ့မဆိုင်ဘူး။ မိလွှမ်းပျော်နဲ့သာဆိုင်တယ်'

www.burmeseclassic.com

www.burmeseclassic.com



ကိုမျိုးဆက်မွန်က မျက်မှောင်တွန့်၍ စဉ်းစားသည်။ ခဏကြာမှ သဘောပေါက်ပြီး လိုက်လှဲစွာရယ်၏။

'ကျေးဇူးတင်ပါတယ် ဆရာမ။ ဆရာမစိတ်ကိုလဲ လေးစားပါတယ်'

'ဆရာက လေးကို ဆရာမလို့ခေါ်နေတာတော့ လေးမနေတတ်ဘူး။ လေးလို့ဖြစ်ဖြစ်... မလေးဖြူလို့ပဲဖြစ်ဖြစ် ခေါ်နိုင်ပါတယ် ဆရာ'

'ကောင်းပါပြီ။ ကဲ... လေး၏ စာမူကို ထုံးစံအတိုင်း ကျွန်တော့် လက်ထဲထည့်ပြီးပြီ။ ကျွန်တော်ကလဲပဲ ထုံးစံအတိုင်းလုပ်ပါမယ်။ ဆရာမိန့်နဲ့ တွေ့သွားဦးမလား'

'ဟုတ်ကဲ့... အခု... လေး တွေ့နိုင်ပါပြီ'

ကိုမျိုးဆက်မွန်က နေရာမှထပြီး လေးဖြူကို တစ်ဘက်ခန်းသို့ ပို့ပေး၏။

လိုင်းနှင့်ရှာ...စ် စာသားဖလင်များကို စစ်ဆေးကြည့်နေရာမှ ကိုစောသန့်က မော့ကြည့်၏။

'ဩ... လေး... လာ... လာ'

မျိုးဆက်မွန်က လေးဖြူကိုထားခဲ့ပြီး သူ့စားပွဲသို့ပြန်သွား၏။



လေးဖြူက ကိုစောသန့်၏စားပွဲရှေ့တွင် ဝင်ထိုင်သည်။

'လေး...ဘယ်ကလှည့်လာလဲ'

'ဒီကို တမင်လာတာပေါ့ ဆရာရဲ့။ အဲ... လာလည်တာတော့ မဟုတ်ဘူး'

'လာလည်တာမဟုတ်ဘူး....'

'စာမူလာပေးတာ...'

'ပေးလေ...'

'ဆရာမျိုးဆက်မွန်လက်ထဲ ထည့်ခဲ့ပြီ။ ဟိုဇင်း...လေးက မိလွှမ်းပျော်ရဲ့စာကို နှလုံးသားသစ္စာမဂ္ဂဇင်းကို လာပို့တာ'

'မလေးဖြူရဲ့စာ ကိုစောသန့်လက်ထဲ မထည့်ဘူးပေါ့... ဟုတ်လား'

လေးဖြူက ရယ်၏။

'ဆရာနားလည်သားပဲ။ မိလွှမ်းပျော်က ခေါင်းမာတယ်။ မာနကြီးတယ်။ မိလွှမ်းပျော်ကို မီလေးဖြူ မနိုင်ဘူး။ ဆရာယုံရဲ့လား'

'ယုံပါတယ်... လေး။ မိန်းနွေကို စေစာသန့်မနိုင်တာလဲ အများကြီးကြုံဖူးပါတယ်'

www.burmeseclassic.com

www.burmeseclassic.com



'အဲဒီလိုဆိုတော့ လေး ပြောရတာငွယ်သွားတာပေါ့ ဝတ္ထုက ဝတ္ထုရှည်။ လေးရဲ့ ပထမဆုံးဝတ္ထုရှည်။ အ… ပြောရရင် လေးကိုယ်လေး သိပ်စိတ်မချသေးဘူး။ လေး… ကတော့ ကိုယ့်ဘာသာ ကောင်းတယ်ထင်ပြီး ရေး… လိုက်တာပဲ။ ဒါပေမယ့် တကယ်ကောင်းချင်မှကောင်း… မယ်။ ဘယ်ဒီဘာတွေက မထောက်မညှာ စိစစ်ဝေ… ပြီးမှ ကြိုက်ရင်သုံး မကြိုက်ရင်ပယ် ဖြစ်စေချင်တယ်'

'ဆရာတို့တိုက်ရဲ့မူနဲ့ အနုပညာစံနှုန်းတိုင်းတာမှုကို လေး… ကြိုက်တယ်။ ဒါကြောင့်လဲ လေးရဲ့ ပထမဆုံးဝတ္ထုရှည်… ကို ဆရာတို့တိုက်ကပဲ ထုတ်မယ်လို့ လေးစိတ်ကူးထဲမှာ… ရေးရေးရှိတယ်။ ဝတ္ထုက ဘယ်နေမှန်းတော့မသိသေး… ဘူး'

ကိုစောသန့်က ခေါင်းညိတ်ပြ၏။

'အဲဒီတုန်း မမျှော်လင့်ပဲ ဆရာနဲ့ခင်မင်ရင်းနှီးခဲ့တယ်… အဲဒီတုန်းမှာပဲ ဝတ္ထုကရလာတယ်။ လေးအတွက် တော်… ဘော်ခက်သွားတယ်။ လေးဝတ္ထုကိုရွေးရင် လေးဖြူရဲ့… ဝတ္ထုကို ဦးစောသန့်ကရွေးတာမျိုး မဖြစ်စေချင်ဘူး…

'မိလွမ်းပျော်ရဲ့ဝတ္ထုကို ဆရာဦးမိန်ဇေ့တို့၊ ဆရာရှန်ဂရီ… လာတို့၊ ဆရာမျိုးဆက်မွန်တို့က ထုံးစံအတိုင်းသုံးနေကျ… ပေတံနဲ့ သာ တိုင်းပြီးရွေးတာပဲဖြစ်စေချင်တယ်။ ဒါမှ—



လေးရဲ့အရည်အသွေးအမှန်ကို လေးသိမယ်။ ဟုတ်တယ် မဟုတ်လား ဆရာ'

လေးဖြူ၏ စကားများကို ကိုစောသန့် ကြိုက်သည်။ ပြော… လေးကိုလည်း နှစ်သက်သည်၊ စကားကို မေးခွန်းဟန်လေး… ဆုံးတတ်သည်ကို သတိပြုပြီး နှင်ခြိုက်၏။

'လေး_ဝတ္ထုနာမည်က ဘာလဲ'

'အိုး_ဆရာ့ကို ပြောပြီးပြီဟာ'

'အား…ဆရာ့ခေါင်းထဲ ရောသွားပြီ'

'လကွယ်ညက မောင့်အရိပ်'

'အာ…အာ…ဆရာမှတ်မိပြီ'

လေးဖြူ၏မျက်နှာလေးက ပြုံးနေ၏။ သို့ရာတွင် ဘာ… ကြောင့် မသိ။ ပါးလေးတွေက နီရဲနေ၏။ မိမိစိတ်အထင်လော… …သားသော ပန်းနုရောင်ဝတ်စုံလေးမှ ရောင်ပြန်ဟပ်ခြင်း… …သာ။

'လေးတို့ စာမေးပွဲ နီးပြီနော်'

'ဟုတ်တယ်။ ဒါကြောင့်မို့ ဒီဝတ္ထုကို မြန်မြန်အပြီးရေး… လိုက်ရတာ။ နို့မို့ သူက ရင်ထဲမှာလာ ရောင်စုံ…ပြောင်း

www.burmeseclassic.com

www.burmeseclassic.com



ဒေသတွေ လုပ်နေရင် လေး စာကျက်လို့ရမှာမဟုတ်ဘူး နက်ဖြန်ကစပြီး လေး စာဖိကျက်တော့မယ်'

'ဒီနေ့ လေး ဂလပ်စ် ရှိသူလား'

လေး ဖြူက ရယ်၏။

'ရှိတာပေါ့ဆရာ။ ရှိလို့ လေး ဒီကိုရောက်လာနိုင်တာပေါ့'

'လေး ဘာပြောတာလဲ'

'လေး ဘူတာ အခန်းမှာနေရတယ်။ ဆရာ့ကို ပြော ပြဖူးသားပဲ။ အခန်းမှာနေရတာ လေးသိပ်ပျော်တယ် မြို့ထဲကို သူငယ်ချင်းတွေနဲ့လှုပ်လှုပ်လပ်လပ်သွားတယ် ဘတ်စ်ကား တိုးတိုးဝှေ့ဝှေ့စီးကြတယ်။ ပလက်ဖောင်း ပေါ် လျှောက်ကြတယ်။ ဈေးကြီးရော ဈေးလေးရော ဈေးမျိုးစုံ သွားကြတယ်။ လမ်းဘေး ဈေးဆိုင်လေး တွေမှာ စားကြတယ်။ လူ့ဘဝကို တစ်စေ့တစောင်း ဘက်နိုင်သလောက်ရှု့ ကြည့်တယ်ဆိုပါစို့ ဆရာ'

ကိုစောသန့်က ခေါင်းညိတ်ပြ၏။

'လေး မော်လမြိုင်က လာတော့ ရန်ကုန် ကြီးဟာ ကြောက်စရာကြီးလိုပဲ။ မိန်း က လေး တ ယောက်တည်း လျှောက်သွားရင် တစ်ရုံးပဲ ဖြစ်လော



မလိုပဲ။ ခုတော့ သိတယ်။ တစ်ယောက်တည်းလျှောက် သွားနေရတဲ့ပိန်းကလေးတွေ အများကြီးပဲ။ လမ်းမ ပေါ်မှာ သွားနေတဲ့လူတွေထဲမှာလဲ လူကောင်းသူ ကောင်းတွေ အများကြီးပဲ။ ကိုယ့်ဝမ်းစာ ကိုယ်ရှာ၊ ကိုယ့်ကိစ္စနဲ့ကိုယ် ရိုးရိုးဖြောင့်ဖြောင့် သွားနေကြသူတွေ က လူများစုကြီးပေါ့။ ကြည့် လောကကြီး တစ်ခုလုံး ဟာလဲ ယေဘုယျအားဖြင့် ဒီသဘောပဲလို့ လေးသဘော ပေါက်လာတယ်။ လေး ကြီးကြီးကျယ်ကျယ်တစ်ခုပြော မယ်နော်'

ကိုစောသန့်က ပြောဟန်လေးကို သဘောကျပြီး ရယ်လျက် ဆို၏။

'ပြောပါလေး၊ ကြိုက်သလိုပြောပါ'

'Good-will and honesty of common man လူ များစုလူသား၏ စိတ်ကောင်းစေတနာနဲ့ ရိုးဖြောင့်မှုကို လေး ယုံကြည်လာတယ်'

ဤအကြိမ်တွင်မူ ကိုစောသန့်က ခေါင်းအကြိမ်ကြိမ် ညိတ်ပြ မိ၏။

'လေးမှာ ဒီအမြင်ရှိတယ်ဆိုလို့ ဆရာ ဝမ်းသာချီးမွမ်းမိ တယ်။ ဒီအမြင်ရှိရင် လောကကြီးဟာ နေပျော်ဖွယ် ရှိပါတယ်လေး'

www.burmeseclassic.com

www.burmeseclassic.com



'အဲဒီအမြင်ကို အများနည်းတူ လမ်းမပေါ်လျှောက်သွားလို့ လေး ရခဲ့တာ။ လူကြီးတွေထားတဲ့ ရွှေလှောင်အိမ် အသေးစားလေးထဲမှာနေလို့ လေး ဒီအမြင်ကိုရမှာ မဟုတ်ဘူး။ ဒီနေ့ လေး ရွှေလှောင်အိမ်အသေးစားလေး ထဲက ခဏလစ်လာတာ'

'ဘယ်လို—ဘယ်လို'

'ခု—လေးတို့က သင်ရိုးညွှန်းတမ်းတွေပြီးလို့ ဆရာတွေက ရီဗစ်ရှင်း ပြန်လုပ်နေကြပြီ။ ဒီတော့ တချို့အတန်းတွေ အားနေပြီ။ လေးက အိမ်ကကားကို ခါတိုင်းလိုပဲ ညနေမှလာဖို့ မှာထားပြီး ဒီထွက်လာခဲ့တာ'

'လေး ဒီကို ဘာနဲ့လာခဲ့လဲ'

'ဘာနဲ့လာရမလဲ။ လိုင်းကားနဲ့ပေါ့ဆရာရဲ့'

'အို—လိုင်းကားနဲ့'

'လေး လိုင်းကားနဲ့လာတာ ဆန်းသလားဆရာ။ ဆရာတို့ တိုက်ကို စာရေးဆရာ၊ စာရေးဆရာမတွေက ကိုယ်ပိုင်ကားနဲ့ လာကြသလား။ လိုင်းကားနဲ့ လာကြသလား'

ကိုဇေသန့်က မဖြေ။



'ဆရာ မဖြေဘူး။ လိုင်းကားနဲ့ပဲမဟုတ်လား'

'အင်း....အများစုက လိုင်းကားနဲ့ပေါ့'

'ဒီတော့....မိလွမ်းပျော်ဘို့လဲ လိုင်းကားနဲ့ပေါ့'

ကိုဇေသန့်က စကားလိပ်ပတ်မလည်သေးသဖြင့် စူးစမ်းသောမျက်လုံးများနှင့် လေးဖြူကိုကြည့်သည်။

'ဒီဧကိစ္စပြီးတော့ လိုင်းကားနဲ့ပဲ ကျောင်းကိုပြန်မယ်။ လေးနာရီမှာ အိမ်က ကားလာကြို‌တော့ဗန်းနွမပျက်ဘဲ ရွှေလှောင်အိမ်လေးဆီ ပြန်လိုက်သွား—'

စကားအဆုံး၌ လေးဖြူသည် မိမိကိုယ်ကိုသဘောကျဟန် ရယ်နေ၏။

'လူအများကြားမှာ လူအများနည်းတူ သွားလာလှုပ်ရှားချင်တဲ့ လေးရဲ့စိတ်ခံတာနဲ့သတ္တိကို ဆရာ ချီးမွမ်းပါတယ်။ ဒါကစာရေးဆရာတစ်ယောက်အနေနဲ့ပြောတာ။ အဲ—လူကြီးမိဘလိုတော့ တစ်မျိုးပြောရမယ်ထင်တယ်'

'ရှင်—'

'ဆရာဟာ ဘတ်စ်ကားတိုးတိုးဝှေ့ဝှေ့စီး ပြီး ဘဝကို စခဲ့တာပေါ့။ လေး ယုံပါ့မလားမသိဘူး။ တစ်ခါတလေ

www.burmeseclassic.com

www.burmeseclassic.com



အထက်တန်းကျောင်း တိုးတိုးဝှေ့ဝှေ့ မစီးနိုင်ပါဘူး။ ကုန်းကြောင်းလျှောက်ခဲ့ရတဲ့အကျော် မနည်းပါဘူး။ ဆင်းရဲခြင်း.... ပင်ပန်းခြင်း— ရုန်းကန်ရခြင်းကို ဆရာ ကောင်းကောင်းသိခဲ့တယ်'

လေးဖြူက ခေါင်းညိတ်ပြ၏။

'ကိုယ့်အတွက် ဆင်းရဲပင်ပန်းမှုကို မမှုလှပါဘူး။ ဒါ ပေမယ့် ကိုယ်ချစ်တဲ့သူတွေ ဆင်းရဲပင်ပန်းတာကိုတော့ အဲ...ဖြစ်နိုင်ရင် မကြည့်ချင်ဘူး'

ပြာဝန်းအေးမြသော မျက်လုံးကြည်ကြီးများနှင့် လေးဖြူ အ သူ့ကို တစ်ချက်စိုက်စိုက်ကြည့်၏။

'ဥပမာ....။ မွန်မွန့်အတွက်ဆိုပါတော့။ မွန်မွန့်ကို လိမ္မာ ရေးခြားရှိအောင်၊ ဘဝကိုနားလည်အောင်၊ ကိုယ်ချင်း စာတရားထားတတ်အောင်၊ မာန်မာနကင်းအောင်တော့ ဆရာ တတ်နိုင်သမျှသင်ပြပေးတယ်၊ ဒါပေမယ့် မဆင်း ရဲ၊ မပင်ပန်းအောင်လဲ ဆရာဂရုစိုက်တယ်။

'ဆရာကိုယ်တိုင်က လမ်းမပေါ်မှာ ကုန်းကြောင်း လျှောက်ရတဲ့ဘဝက စခဲ့ပေမယ့် မွန်မွန့်ကိုတော့ ကိုယ် ပိုင်ကားစီးနိုင်အောင် ဆရာကြိုးစားခဲ့တယ်။ လူကြီး မိဘကိုင်းမှာ ဆရာ့ဘဝနှာချိုးရှိပေမယ့်လို့ ဆရာယုံ တယ်၊ ဘာပြုလို့လဲဆိုတော့ အင်း....လူကြီးမိဘကိုး....



လေးဖြူက မျက်လွှာချပြီး 'ဆရာပြောတာကို လေး နား လည်ပါတယ်' ဟု ဆို၏။

'အင်း...ခု...လေးကိုကြည့်ရင်း မွန်မွန့်နဲ့နှိုင်းပြီး ခံစားမိ တယ်။ ပင်ပင်ပန်းပန်း တိုးတိုးဝှေ့ဝှေ့ ကားစီးလာ တယ်ဆိုတော့ ဆရာစိတ်မကောင်းဘူး'

'အို....ဒါက....လေးရဲ့ဗျူ°ကတ်စ်။ လေး ရွေးချယ်တာ...'

'ဒါကြောင့်လဲ....လေးကို ချီးမွမ်းတာလို့ ဆရာပြောခဲ့ တယ်။ မိလွမ်းပျော်ကို မိန့်နေ့ချီးမွမ်းတယ်။ အဲ....လေး ဖြူအတွက်တော့ ဆရာသန့် စိတ်မကောင်းဘူး'

လေးဖြူသည် တစ်ချက်ငိုင်သွားပြီးမှ အသာအယာရယ်၏။

'စိတ်မကောင်းမဖြစ်နဲ့ ဆရာ၊ တစ်နေ့ မိလွမ်းပျော် အဖြစ်နဲ့သာမဟုတ်ဘူး။ လေးဖြူအဖြစ်နဲ့လဲ လောကထဲ ဆင်းဆင်းရဲရဲ ပင်ပင်ပန်းပန်း တိုးချင်တိုးရမှာ။ ဒီတော့ ခုက....ပွဲမဝင်ခင် အပြင်ကကျင့်ပကြည့်တာ'

'လေး...ဘာပြောတယ်....'

'ဆရာ့ကို လေး အကုန်ပြောပြပြီးပြီပဲ။ လေးက လူပိုက် သည်းဖို့ ဝတ္ထုတစ်ပုဒ်ရေးနေတယ်ဆိုတာ ဆရာ လေးရဲ့ ဝတ္ထုက လေး ဆင်သားတဲ့ ပလော့တ်အတိုင်း ချော

www.burmeseclassic.com

www.burmeseclassic.com



ချောမောမောပြီးချင် ပြီးသွားမယ်။ ဒါမှမဟုတ်….ဖြစ်ချင်တာတွေ လျှောက်ဖြစ်နိုင်တယ်။

'ဖြစ်ချင်တာဖြစ်….လေးကတော့ လေးရဲ့ နှလုံးသားကို ရွှေလှောင်အိမ်ထဲမှာ အချုပ်မခံနိုင်ဘူး။ ဆင်းရဲချင်ဆင်းရဲ ပင်ပန်းချင်ပင်ပန်း၊ တောမြိုင်ထဲ ကြက်တူရွေးပြန်ဝင်သလို လေးရွေးချယ်တဲ့လောကထဲ လေး ရဲရဲပျံဝင်မှာပါ'

လေးဖြူကို အတန်ကြာစိုက်ကြည့်နေပြီး သူကမေး၏။

'လေး…တကယ်အခိုင်အမာ ဆုံးဖြတ်ထားတယ်နော်'

'ဆရာက လေးကိုမယုံဘူးလား'

'ယုံပါတယ် လေး။ ယုံပါတယ်။ဒါပေမယ့် လူကြီးမိဘတစ်ဦးအနေနဲ့တော့—'

'ဘာဖြစ်သလဲ—ပြော…'

'အဲ…စိတ်မကောင်းချင်ဘူးပေါ့'

'ဟွန်း….ဆရာ့မဆဲ စိတ်မကောင်းတာတွေက များလိုက်တာ'

သူက ပြုံး၍ပြုံး၍ လေးဖြူကိုကြည့်နေသည်။



လှသည်။ သမီးမွှန်မွှန်ကဲ့သို့ပင် နူ၍လှသည်။

သည်လို လှသူလေးကို ချစ်သူတွေရှိမည်။ အများကြီးရှိမည်။

လူကြီးမိဘသာ မဟုတ်၊ ချစ်သူဆိုသည်ကလည်း မိမိ၏ချစ်သူကို ဆင်းရဲပင်ပန်းမှာ ကြည့်ချင်မည် မဟုတ်။

စိတ်တွင်း၌ သံသယလေးက ဝင်လာသည်။ လေးဖြူကသူ့ခြံချစ်သူ မရှိသေးဟုဆိုခဲ့သည်။

မှန်ပါ၏လော၊ မိမိကို သူ မညာမျှ အမှန် ပြောမည် နည်း။ ပြောရန်လည်းမလို။

ရွှေလှောင်အိမ်ကို စွန့်မည်ဟု အခိုင်အမာဆိုနေတော့ သူ့မှာ ချစ်သူရှိကောင်း ရှိနိုင်သည်။

ဩော်—တကယ်ဆိုတော့လည်း ဤကိစ္စမှာ မိမိ၏ အလုပ်မဟုတ်။

စိတ်တွင်း၌ ဝမ်းနည်းသလိုဖြစ်ပြီး ကိုစောသန့်က သက်ပြင်း ချ၏။

လေးဖြူက လက်ပတ်နာရီလေးကို ကြည့်သည်။

'ဟော…သုံးနာရီထိုးတော့မယ်။ လေးပြန်မှ—'

လေးဖြူနေရာမှထသည်အထိ သူကြည့်နေသေး၏။

ထို့နောက် သူပါ နေရာမှထပြီး လေးဖြူနှင့်အတူအခန်းထဲမှ ထွက်ခဲ့၏။

www.burmeseclassic.com

www.burmeseclassic.com



လေးဖြူက ကိုမျိုးဆက် မွန်ကို နှုတ်ဆက်ပြီး တိုက်ပေါ်မှ ဆင်းသောအခါ ပလက်ဖောင်းပေါ်အထိ လိုက်ခဲ့၏။

'သွားမယ်နော် ဆရာ'

'အို...နှုတ်ဆက်ဖို့ မလိုသေးဘူးလေ'

'ရှင်'

သူက ပလက်ဖောင်းဘေး၌ဆိုက်ထားသော သူ့ကားဆီညွှန်ပြပြီး ပြော၏။

'လေးကို ဆရာလိုက်ပို့ပေးမယ်'

'အို...လေးဘာသာ လေးပြန်ပါ့မယ်'

'အဲဒါကို ဆရာခွင့်မပြုနိုင်ဘူး'

'အို....ဘာပြုလို့'

'မှန်မှန်ကိုမှ ဆရာခွင့်မပြုတာ'

'ဒါပေမယ့် လေးက လိုင်းကားနဲ့ပဲ ပြန်ချင်တာ'

'အဲဒါဆိုရင် ဆရာလဲ လေးကို လိုင်းကားနဲ့ပဲ လိုက်ပို့ပေးမယ်'

'အိုး...ဘယ်ဖြစ်မလဲ'

'ဘာပြုလို့'



'ပိုဒင်း...ဆရာ...ပင်...ပင်ပန်းနေမှာပေါ့'

'လေး ပင်ပန်းမှာကို ဆရာဘာတော မတွက်ဘူးလား'

လေးဖြူ၏ ပါးလေးများတွင် ပန်းနုရောင်ပြေးသည်ကို သူမြင်လိုက်ရပြန်၏။

လေးဖြူက အသာအယာ ရယ်၏။

'ဆရာက လေးရဲ့ လူကြီးမိဘပေါ့ ဟုတ်လား'

'အင်း'

'ချုပ်ချယ်တာတော့ မဟုတ်ဘူးနော်'

'ဟင့်အင်း'

လေးဖြူ ရယ်ပြန်၏။

'ဆရာ'

'အင်....'

'လေး ရှုံးသွားပြီ'

သူက ရယ်ပြီး ကားဆီသွား၍ တံခါးဖွင့်ဘက်က လေးဖြူအတွက်သည်း ညာဘက်မှတံခါးကို ဖွင့်ပေး၏။

ကားလေးကို မောင်းထွက်ခဲ့စဉ် ကားတွင်း၌ လဲ့လဲ့မွှေးသည်ကို သူသတိပြုမိ၏။

www.burmeseclassic.com

www.burmeseclassic.com



ဘေးမှာ သမီးထိုင်တော့လည်း ကားတွင်းမှာ လဲ့လဲ့လင်း သည်။ လေးဖြူထိုင်တော့လည်း လဲ့လဲ့လင်းသည်။

ထူးထူးဆန်းဆန်း ဘဝနှင့်လောကကို ကျေနပ်မိသကဲ့သို့ ... မှာ ခံစားရသည်။

ဟို...သီချင်းပြီးစ တစ်ညနေမှ ဆုတောင်းသည်လည်း ရင်မှာ ပြန်ပေါ်လာ၏။

မမိုနိုပါလေနှင့် လစန္ဒာ။ မမှုန်ပါလေနှင့် မြသော်တာ
မမှုန်ကြပါစေနှင့်။
မမှိန်ကြပါလေနှင့်။
ဩော်...ကံကြမ္မာလေးများ ဆက်၍ လှနိုင်ကြပါစေ။

*

## အခန်း ၁၉

ဒေါ်ဘင် Robin ၏ Pathologic Basis of Disease ရောဂါဗေဒကြမ်းကို ဖတ်နေရာမှ မှန်မှန်သည် ဇက်ညောင်းပြေ ရန် ခေါင်းလေးကိုမော့လျက် ကနားယူလိုက်သည်။

စားပွဲပေါ်၌ ဆရာများ ပို့ချပေးသည့် မှတ်စုစာအုပ်လည်း ရှိသေးသည်။

မှန်ဘီလူးနှင့် လက်တွေ့ကြည့်ခဲ့သော စပက်ဆီမင်ခေါ် နမူနာ များကို ကူးဆွဲယူခဲ့သည့်ပုံများလည်း ရှိနေသေးသည်။ ...ကျောထ

www.burmeseclassic.com

www.burmeseclassic.com



များတော့ ကျက်နေသည့်ကြားမှ ကိုယ့်ကိုယ်ကို အားမရနိုင် အောင် ဖြစ်နေမိသည်။

အတူးသဖြင့် ရောဂါဗေဒ ဟူသည်မှာ စာမေးပွဲ အောင်ရုံ တင် ကြည့်ရန်မဟုတ်။ သည်ပညာက ဆရာဝန်ဘဝ၏ အသက်။

ဆရာဝန်ဘဝကို ရွေးချယ်ပြီးဖြစ်သော တစ်သက်တာတွင် လူနာတွေနှင့်သာ ဆက်ဆံရတော့မည်။

လူနာဆိုသည်က ရောဂါသည်။ ဆရာဝန်ဆိုသည်က ရော ဂါကို ပျောက်အောင်ကုပေးသူ။

ရောဂါကို ပျောက်အောင် ကုပေးနိုင်ဖို့က ရောဂါဗေဒကို ပိုင်ရမည်။

တတိယနှစ်အင်ဘီတန်းတည်းက ရောဂါဗေဒ၊ ဆေးဝါးဗေဒ နှင့် မိုက်ခရိုဘိုင်အိုလိုဂျီခေါ် အနုဇီဝဗေဒ ပညာတို့ကို သင်ယူ ရသည်။ ခုတင်ဘေး သင်ကြားမှု အခြေခံသည်း စခဲ့ရသည်။

တတိယနှစ် အင်ဘီတန်းမှာက အကျမျာကြသည်။

မတတ်လျှင် ဆရာများကလည်း မညာ၊ ညာ၍လည်းမဖြစ်။

လူ့အသက်ကိစ္စကို ကိုင်တွယ်ဆုံးဖြတ်ကြမည့် သူများကို ညာ၍မဖြစ်။

တတ်ရမည်။ ဟုတ္တိပတ္တိတတ်ရမည်။



သည့်တော့ ဆရာများကမညာ။ မိမိတို့ကလည်း ကြိုးစားရ မည်။

ဆေးဝါးဗေဒနှင့် မိုက်ခရိုဘိုင်အိုလိုဂျီတို့က တတိယနှစ် အင် တန်းတွင် ပြီးခဲ့သည်။

ရောဂါဗေဒကမူ ယခု အင်မ်ဘီဘီအက်စ် နောက်ဆုံးနှစ် ဦး(က)တန်းအထိ ဆက်ပါလာသည်။

ဒြေဒ်…တကယ်တော့ ရောဂါဗေဒ ေ…လာမှသည် ဘယ် ဆုံးအုံ့မထင်။

ဒုံမှန်က ကြုံကြုံဖန်ဖန် တွေးမိသည်။ ဟောသည် သံသရာ သည်က ဆေးရုံကြီး။ ဘဝဆိုသည်တွေက ရောဂါတွေ။ ပုထု တွေမှာ ရှိနေသည့် အာသဝေါတရားဆိုသည်က ရောဂါ၏ ခြေအမြစ်တွေ။

မိမိသိသမျှ ဆေးပညာ အခြေခံလေးနှင့်ပင် စဲလ်ဟုခေါ် သော ခန္ဓာကိုယ်မှ ရုပ်ကလာပ်စည်းလေးများ၏ ဖြစ်ပျက်အစဉ် သိနားလည်သည်။

အာဟာရဓာတ်များသော ရုပ်ဗေဒ သဘော၊ ဓာတုဗေဒ သော ပြောင်းလဲမှု အစဉ်ဖြင့် ရုပ်ကလာပ်စည်းတွင်း၌ ပမိုဘို လက်ဇင်လေးတွေ ဖြစ်လာသည်။ ဤသည်က ဖြစ်သဘော၊ ဘိုလစ် ဇင်း anabolism ဟုခေါ်သည်။

www.burmeseclassic.com

www.burmeseclassic.com



သည့် ပရိုတိုပလာဇမ် လေးတွေက ရုပ်ဗေဒ၊ ဓာတု... သဘောနှင့်ပင် ကြေပျက်၍ စွန့်ပစ်ပစ္စည်းခေါ် အခြေခံ... များအဖြစ်သို့ ရောက်သွားသည်။ ဤသည်က ပျက်သ... ကတဘာလစ်ဇင်း katabolism။

ဤဖြစ်ပျက်အစဉ်မှ အင်နာဂျီခေါ် အားထွက်သော...

သက်ရှိသတ္တဝါက သည်အားကိုသုံးပြီး သက်ရှိလုပ်နေသ...

သက်ရှိသတ္တဝါ၏ ဇီဝကမ္မကိစ္စ မှန်သမျှမှာ ဓာတုဗေဒ... ပြောင်း ပို့ဆောင်မှုနှင့် အင်အား ကူးပြောင်းမှုတွေ ရှိနေသ...

ဘွားဘွားကြောင့် မှန်မှန်သည် ဗုဒ္ဓအဘိဓမ္မာကိုလည်း... ခေါက်မိထားသည်။

အာယုတိ တေသု ဒွိသု အဂ္ဂိသု ပဟိဋ္ဌိတံ ဇီဝိတာဒမဝ ပဝတ္တ...

အာယုတိ၊ အသက်ဟူသည်ကား။ တေသုဒွိသု အဂ္ဂိသု၊ ... ဥသမတေဇောမီး၊ ပါစကတေဇောမီး နှစ်ပါးတို့တွင်၊ ... တံ၊ တည်သောရှင်သည်။ ဇီဝိတာဒမဝ၊ ဇီဝိတရုပ် ဟူ... လျှင်။ ပဝတ္တတိ၊ ပြားအားဖြင့် မိန့်အပ်၏။

နှစ်လည်းနှစ်သက် မိမိပညာနှင့်ဆိုင်သည်ထင်၍ ကျက်... ထားသော ပါဠိဖြစ်သည်။

ရှေးနှစ်ပေါင်း နှစ်ထောင့်ငါးရာကျော်ကတည်းက မြတ်... ဘုရား၏ ခန္ဓာမှ ဥပါဒ်ဋ္ဌိတင်အကြောင်းကို ဟောခဲ့သည်။



...မှ ဥသမတေဇော၊ ပါစကတေဇောတို့ အကြောင်း... ဟောခဲ့သည်။

...တေဇောတို့ကိုပင် ရုပ်ဇီဝိတအဖြစ် ဟောခဲ့သည်။ နာမ်... အကြောင်းကိုမူ မှန်မှန်နားမလည်ပါ။

...ဥပါဒ်၊ ဖြစ်သဘော။ ကတဘာလစ်ဇင်းက... ပျက်သဘော။

ဖြစ်ပျက်သဘော အစဉ်တစ်ခုလုံးကိုတော့ မတဘာလစ်ဇင်း ...bolism။

ဥပါဒ်ဋ္ဌိတင်ခေါ် ခေတ်ဝယ် သုံးနှုန်းခေါ်ရမည် ထင်...

...ဥသမတေဇော၊ ပါစကတေဇောတို့က အင်နာဂျီ သဘော...

ဥပါဒ်ဋ္ဌိတင် သဘောမှ ပေဇောသဘောတွေ ထွက်သော... မတာဘလစ်ဇင်း သဘောမှ အင်နာဂျီသဘောတွေ ထွက်... သည်။

သိပ္ပံပညာအမြင်နှင့်ကြည့်တော့ ဇီဝကမ္မခေါ် ဖင်ဇီအိုလော်ဂျီ ...siology သဘော။ သက်ရှိတို့၏ ရုပ်ကလာပ်စည်းလေးတွေ ... ဖြစ်နေသော ရုပ်ဗေဒ၊ ဓာတုဗေဒ ပြောင်းလဲမှုသဘော။

...ဒ္ဓအဘိဓမ္မာနှင့် ကြည့်တော့ သင်္ခါရဓမ္မ၊ သူ့သဘော သူ ...ဖြစ်နေသည့် ပြုပြင်ပြောင်းလဲမှုအစဉ်။

www.burmeseclassic.com

www.burmeseclassic.com



ဓာတုတွေဘာနာမ—သဘာဝတွေ....။ ဓာတ် ဟူ သည် သူ့သဘော သူဆောင်သည်။ မည်သူ့အလိုမှ မလိုက်။

ကြောင်—ဖစ်ဇီအိုလက်ဂျီဆိုသောစကားမှာလည်း မူလ စကား ဖစ်ဇီယိုလက်ဂျီယာ Physiologia မှ ဆင်း သက် သည်။

ဖစ်ဇီယိုကလည်း ဖစ်ဇစ်စ် Physis မှ ဆင်းသက် လာ ဖစ်ဇစ်စ် ဆိုသော ဓေါ်မစကားက အင်္ဂလိပ်လို နေ nature ဟု အဓိပ္ပာယ်ရသည်။

ဘာထူးသနည်း။ သဘာဝ။

သည်လို ရှပ်ကလာပ်စည်းလေးတွေ သူ့သဘော သူ ပြီး ဖြစ်ချိန်တန်ဖြစ်၊ ပျက်ချိန်တန်ပျက် ပုံမှန်လေး ဖြ နေကြသည်ကို ဇီဝကမ္မဗေဒက လေ့လာသည်။

ရောဂါဗေဒ၏ အလုပ်မဟုတ်။

ဖြစ်ချိန်တန်မဖြစ်၊ ပျက်ချိန်တန်မပျက်နှင့် ဖောက်ဖော ပြန် ပုံမှန်ဖြစ်လာချင်တော့ ရောဂါဗေဒကိစ္စဖြစ်လာ

ဖောက်ဖောက်ပြန်ပြန် ဖြစ်ပုံတွေကလည်း များ သ အကြောင်းတွေကလည်း များသည်၊ ခန္ဓာကိုယ် အစိတ်အ တွေကလည်း များလှသည်။



သည်တော့ ရောဂါဗေဒဆိုသည်ကခက်ခဲသည်၊ နှိုက်နဲသည်။ ကျယ်ဝန်းသည်။

မြတ်စွာဘုရားကတော့ ပုံမှန်လေး ဖြစ်နေသော ဥပါဒ် ဌီ ဘင်ကိုပင်ဒုက္ခအဖြစ်၊ ဆင်းရဲနာကျင်ခြင်းအဖြစ် ပြသည်။

ယော ဘိက္ခဝေ ရူပဿ ဥပ္ပာဒေါ ဌိတိ အဘိနိဗ္ဗတ္တိ ပါတုဘာဝေါ၊ ဒုက္ခဿေသာ ဥပ္ပာဒေါ၊ ရောဂါနံဌိတိ၊ ဇရာ မရဏဿ ပါတုဘာဝေါ။

ဘုရားဘုရားထံမှပင် ရခဲ့သော ခန္ဓာဂုဏ်ယုတ် ပါဠိတော်။

ဥပါဒ်ဟူသည်က ဇာတိဒုက္ခ။ ဥပါဒ် ဌီဟူသော ခဏ နှစ်ပါး က ရောဂါနံဌိတိဆော် အနာရောဂါဘောတို့၏ စွဲကပ်ဘည်ခြင်း ဒုက္ခ။ ဥပါဒ် ဌီ ဘင်ဟူသော ခဏသုံးပါးက ဇရာဘော၊ မရဏ ဘောအစု။

သည်ရောဂါဗေဒကမူ ပို၍ ခက်ခဲနှိုက်နဲသည်။

သည်တစ်ဘဝ ဆုံးသည်အထိ မိမိ နားလည် နိုင်ပါ့မလား။

သံသရာဆိုသည်က ဆေးရုံကြီး။ ဘဝဆိုသည်က ရောဂါတွေ။ အာသဝေါတရားဆိုသည်က ရောဂါ၏ အခြေအမြစ်တွေ။

မှန်မှန်ကပြုံးသည်။ စာကျက်နေရာမှ အတွေး လွန်မိခြင်းကို ပြုံးမိသည်။

www.burmeseclassic.com

www.burmeseclassic.com



အာသဝေါတရားကို ရောဂါအခြေအမြစ်ဟု ဟောမိသော ကြောင့်လည်း ပြုံးသည်။

တစ်နည်းဆိုလျှင် အာသဝေါတရားဆိုသည်က သံယောဇဉ် တွေပင်။

ကာမာသဝ၊ ဘဝါသဝ၊ ဒိဋ္ဌာသဝ၊ အဝိဇ္ဇာသဝ။ ဤသို့ ရှိသည်။

ကာမရာဂ သံယောဇဉ်၊ ဘဝရာဂ သံယောဇဉ်၊ ဒိဋ္ဌိသံယော ဇဉ်၊ အဝိဇ္ဇာသံယောဇဉ်။ ဤသို့လည်းရှိသည်။

မိမိမှာက သံယောဇဉ်တွေနှင့်။ ယခု လောလောဆယ်မှာက ရင်ခုန်ဖွယ် သံယောဇဉ်နှင့်၊

ဘဝဆိုသည်ကို မိမိက ရောဂါအဖြစ် မြင်ပါသလော။

ဝေးသည်။ ဝေးပါသေး၏။

မွန်မွန်က ပြုံးလည်းပြုံး၏၊ သက်ပြင်းလေးလည်း ချသည်။

လက်ပတ်နာရီလေးကိုကြည့်တော့ ညနေ ငါးနာရီခွဲနေပြီ။

ထိုစဉ် ခြံဝဆီမှ ကားဟွန်းသံကို ကြားရသည်။ ဩော်...သံ ယောဇဉ်လေးက အချိန်မှန်သည်။

မွန်မွန်က အိမ်ဝဆီ သွက်သွက်လေး ထွက်လာခဲ့သည်။



မငယ်ဖွင့်ပေးသော ခြံတံခါးဆီမှ ဖိုးယက်ကားလေးက ဝင် လာသည်။

နေ့ဘာရှည့်သောလဲ့ မိုးကသည်း တိတ်နေ သော ကြောင့် ညနေသည် လှပ ဝင်းယိန်နေ၏။

သူ့ကားနားတွင်ရပ်လျက် မွန်မွန်က ပြုံးပြုံးလေးကြို သည်။ နှုတ်ချောရှုန်းကြည်သော မျက်နှာလေးနှင့် သူက ကားတွင်းမှဆင်း လာ၏။

'မောင် နောက်မကျပါဘူးနော်'

'မကျပါဘူး။ အချိန် သိပ်သေးသေးတယ်။ သိပ် လိမ္မာ တယ်။ ဆုချရမယ်'

'တကယ်နော်'

'ဟွန်း—ဘာစကားလဲ'

ဟိုးတစ်ခါက ဆုံကြသောပန်းချုံရှိသည့် ရုံဘန် မြူလေးဆီ သွားကြသည်။ အဲဒီတစ်ခါတုံးက အလှမိန်ယံ ကုလားထိုင် လေးတစ်လုံးက ရှိခဲ့သည်။ ယခုတော့ မရှိပြီ။

မွန်မွန်နှင့်သူသာ ခုံတန်းမြူလေးပေါ်တွင် ယှဉ်တွဲ ထိုင် ကြ သည်။

မွန်မွန့်မျက်နှာလေးကိုငေးကြည့်ရင်း သူက ဟင်းချသံနှင့် ပြော၏။

www.burmeseclassic.com

www.burmeseclassic.com



'ဟင်း...သုံးကမ္ဘာကြီး စောင့်လိုက်ရတာ'

'ဘာပြောတယ် မောင်'

'သုံးရက်။ အဲဒီသုံးရက်က မောင့်အတွက် သုံးကမ္ဘာ'

မှန်မှန်က သူ့ကို သိမ်မွေ့စွာကြည့်သည်။ ရင်တွင်းမှာနားလည် စာနာမှုနှင့် ယှဉ်လျက် သနားစိတ်လေး ဝင်လာသည်။

သူ့ အမူအရာလေး။ သူ့ စကားလေးများ။ သူ့ ရုပ်ရည်လေး။

ဤသည်တို့က မိမိရင်တွင် အမြဲတမ်း သနားစိတ်လေးကို ပေါ်စေသည်။ သြော်...သည် သနားစိတ်ကြောင့်ပင်...။

'သြော်...မောင်ရယ်။ အရေးကြီးတဲ့ စာမေးပွဲအခါတွေ မဟုတ်လား။ နေ့တိုင်း တွေ့နေကြတော့ စိတ်တွေ လေမယ်လေ'

'မှန်နဲ့တွေ့ရလို့ မောင့်စိတ် မလေပါဘူး။ လမင်းကြီးကို တွေ့ရသလို ရင်ကိုအေးလို့။ ငြိမ်းလို့ချမ်းလို့'

'ပြန်သွားတော့ လွမ်းလို့။ ဟုတ်တယ်မဟုတ်လား'

'ဟုတ်ဘယ်။ ဒါပေမယ့် လွမ်းတာကို အားလုပ်ပင်ပြီး စာတွေ ဖိကျက်ပစ်လိုက်ဘယ်'



'မောင် တကယ်စာကျက်တယ်နော်'

'ကျက်တာပေါ့။ မောင့်ကို မယုံဘူးလား'

'အို...ယုံပါတယ်'

'နို့...ဘာလို့မေးသလဲ'

'အို...မောင်ကပဲ လွမ်းတယ်ဆို'

'လွမ်းတယ်လေ။ လွမ်းတာကိုအားလုပ်ပစ်လိုက်တယ်လို့ မောင်ပြောသွားပဲ။ ဟဲ့...ငမျိုး စာကျက်။ မမမှန်က စာကျက်မှကြိုက်တယ်။ မင်း မကျက်ရင် မမမှန်ကို ပြန်တိုင်ပြောလိုက်မယ်။ အဲဒီလို ကိုယ့်ကိုယ်ကို ပြန်ခြိမ်းခြောက်ရတာ'

သူ့ပြောဟန်ကြောင့် မှန်မှန်ကရယ်သည်။ နှစ်နှစ်ခြိုက်ခြိုက်ရယ်သည်။ သူပါ လိုက်ရယ်၏။

အိမ်ပေါက်ဝမှ ဂွမ်းပုံပေါ်လာပြီး အမြီးနှန့်ပြနေ၏။

မျိုးကိုလွင်က အချက်ပြ လှမ်းခေါ်သောအခါ ပြေးဆင်းလာသည်။

မျိုးကိုလွင်က ပွေ့ယူပြီး ဦးခေါင်းလေးကို သပ်ပေးနေ၏။

'မြေက နည်းနည်းစိုနေတယ်။ ဂွမ်းပုံ ခြေထောက်ကနေ မောင့်ပုဆိုး ပေကုန်ဦးမယ်'

www.burmeseclassic.com

www.burmeseclassic.com



'မပေပါဘူး။ ဒါပဲလဲ လျှော်ပစ်လို့ရတာပဲ'

မွန်မွန်က သူ့ကိုကြည့်သည်။

သူက ယခု အိပ်လာသျှင် ဘောင်းဘီမဝတ်တော့၊ ပုဆိုးဝတ်သည်။ ပုဆိုးနှင့်ဆိုတော့ သူက အခန့်ညားချင်သား။

'မွန်....'

'အင်...'

'အဲဒီ့ပုံမထူးရဘူး'

'မောင်...။ ကဲ... ကျေနပ်ပြီလား'

'မကြားသေးဘူး။ ထပ်ထူးဦး'

'ထပ်ထူးမယ်။ ကိုပို။ ကဲ...'

သူကရယ်ပြီး ဂွမ်းပုံကို မြေသိပြန်ချပေးလိုက်၏။

စိတ်ကျေနပ်သွားဟန်တူသော ဂွမ်းပုံ... းကလည်း ခြံတွင်း၌ လျှောက်လေ ... ... နေ၏။

'ဘာပြုလို့ ခုနင်က ခေါ်တာသဲ'

'ဩော်.... စိတ်ချမ်းသာသလိုက်ဘာလို့ ပြောမလို့'



မွန်မွန်က ဘာမျှပြန်မ...ပြ...ပဲ သူ့မျက်နှာကို ကြည့်သည်။ သူ့မျက်နှာက စိတ်ချမ်းသာမှုကို အကာယင်ဝင် ... ဖော်ပြနေသည်။

မွန်ကော စိတ်ချမ်းသာရဲ့လား'

'အို...ဘာပြုလို့ ဒီလိုမေးရသလဲ မောင်'

'မောင့်စိတ်ထဲ...မှာ မွန့်ကိုလာခန့်ရင်ယှ...နေမိသလားလို့ စွဲနေတယ်'

'ဘာဖြစ်လို့ အဲဒီလိုစွဲနေရသလဲ'

'သာယာတဲ့ ... ... ... ...တဲ့ဘဝကို မွန် ... ပြ... ...ခဲ့တယ်လေ။ မှတ်မိသေးလား'

မွန်မွန်က ပြုံး၏။

'ဗီဇကားကို မောင် မမေ့သေးဘူးနော်'

'မမေ့သေးဘူး။ ... ... ... မ... ...ဘူး။ အဲဒီတုန်းက စ... ... ... မွန့်သိလား၊ အဲဒီတုန်းက မောင် ... ...ကြီး ပျက်သွားသလိုပဲ'

'အဲဒီလောက်ထောင်ပဲလား မောင်ရယ်'

'မောင့်ကို ပိုတယ်လို့ ပြောဦးမလို့လား။ ပို... ...ပိုယ်လေ။ ဒါပေမယ့် တစ်ခြားကောင်း ရှာမတွေ့ဘူး'

www.burmeseclassic.com

www.burmeseclassic.com



'ပြောပါ၊ မွန် နားလည်ပါတယ်'

'ခုတော့ ကမ္ဘာကြီးက မပျက်တဲ့အပြင် ကမ္ဘာသစ်ကြီး ဖြစ်နေဘယ်။ မောင့်အတွက် မွန်ပေးတဲ့ကမ္ဘာသစ်ကြီး'

'သိပ် ကျေးဇူးတင်ပါတယ်မောင်'

'အို—ဘာပြုလို့'

'မွန့်ကြောင့် မောင့်ဘဝကြီး သာယာတယ်ဆိုရင် မွန်လဲ စိတ်ချမ်းသာတယ်။ အဲဒါပြောတာ'

'အဲဒီလိုဆိုရင် မောင်ကလဲ မွန့်ကို ကျေးဇူးတင်ရမှာပဲ၊ မောင် စိုးရိမ်တာကလေ မောင့်ကြောင့် သာယာတဲ့ မွန့် ဘဝလေး ပျက်သွားမှာ'

'ဘာလို့ပျက်ရမလဲ၊ မွန်ကန်ရိုးဖြောင့်တဲ့ဘဝဟာ အမြဲ သာယာနေမှာပဲ'

ဤစကားက သူ့နှလုံးသား တစ်နေရာကို တည့်တည့် လာ မှန်သည်။

စိုးရိမ်ခြင်းတစ်ခုက မသိမသာ တွားဝင်လာ၏။ အတန်ကြာ လေး သူငိုင်နေမိ၏။

'မောင်....'



'ခင်ဗျာ'

'ဟွန်း—ဘယ်က ခင်ဗျာလဲ။ ပြန်ခေါ်မယ်။ မောင်....'

'မွန်ရေ....။ မောင့်မမွန်ရေ။ မောင်သိပ်ချစ်တဲ့ မွန်ရေ'

ဤသို့ဆိုပြန်တော့လည်း မွန်မွန်၏ပါးလေးများက ရဲရဲနီ သွား၏။ သည်ကြားထဲက နှစ်သက်စွာရယ်သည်။

'မောင်....ဘာငိုင်သွားတာလဲ'

'မွန့်ကန်ရိုးဖြောင့်ခြင်း ဆိုလို့ပါ'

'ဘာဖြစ်သလဲ....မောင်—'

'ဟိုဒင်းလေ—'

'ပြောပါမောင်....။ မွန့်ကို ဘာမှမဖွက်ပါနဲ့'

'လေးနဲ့ မောင်....ခု....ဟန်ဆောင်နေကြတာက မွန်ကန် ရိုးဖြောင့်ခြင်း ဟုတ်ရဲ့လားလို့'

မွန်မွန်က ရုတ်တရက်မဖြေနိုင်။

'ဟော....မွန့်လဲငိုင်သွားပြီ'

'မွန် မငိုင်ပါဘူး။ စဉ်းစားတာပါ။ ဟိုအခြေ ဟိုအနေ က လေးနဲ့မောင် ဆုံးဖြတ်လိုက်တာက မှန်တယ်။ မရိုး ဖြောင့်တာမဟုတ်ဘူး။ ပရိယာယ်သုံးကြရတာ၊ ခုအခြေ

www.burmeseclassic.com

www.burmeseclassic.com



အနေမှာ နောက်ဆုံးအဖြစ် ရင်ဆိုင်စရာပေါ်လာရင် မောင်တို့ ရိုးရိုးဖြောင့်ဖြောင့်ပဲ ရင်ဆိုင်လိုက်ကြစေချင် တယ်'

'အဲဒါ...ဘာပြောတာလဲ မွန်'

'မိဘနဲ့သားသမီး ရိုးဖြောင့်ကြတာပဲ ကောင်းတယ်။ သူတို့ဘက်က ဘယ်လိုဆိုဟာက သူတို့တာဝန်။ သား သမီးဘက်ကတော့ မိဘပေါ် မှန်ကန်ရိုးဖြောင့်ရမယ်။ မွန် ပြောတာ မောင် နားလည်ရဲ့လား'

'သူတို့က ခေါင်းမာပြီး ငြင်းပယ်ကြရင်ကော'

'အဲဒီကျရင် မောင့်ဘက်မှာ မွန် အမြဲရှိမယ်'

'ဦး...ဦးဖေဖေကကော....'

'ဦးဖေဖေဟာ...မှန်ကန်ရိုးဖြောင့်ခြင်းဘက်မှာ အမြဲ တယ် မောင်'

သူ့လက်က မွန်မွန့်လက်ကလေးကို အုပ်၍ ဆုပ်ကိုင်လာသည်။ မွန်မွန်က မရုန်း။

သူက ထွေးခြွေမှုသည်၊ မိမိ၏ကြားခြွေကိုလည်း သူရှိသောသည်။ သူ မိမိလက်ကိုဆုပ်ကိုင်သောသည့် စေတနာကိုလည်း နားလည် သည်။



'မောင်...သိပ်အားရှိသွားတယ် မွန်။ လေး ပြောတာ မှန်တယ်။ ချစ်ရင်သတ္တိရှိတယ်တဲ့'

'ချစ်လို့လဲ သတ္တိရှိတာပေါ့ မောင်။ မှန်ကန်ခြင်းနဲ့ ရိုး ဖြောင့်ခြင်းအတွက်လဲ သတ္တိရှိပါ'

သူက မွန်မွန့်လက်လေးကို တစ်ချက်ညှစ်ပြီးမှ လွှတ်လိုက်၏။

'ဩော်...မွန်။ ဦးဖေဖေကော။ ကားလဲမတွေ့ပါလား'

'စီးရီးစ်က အသံသွင်းနေပြီ၊ ဦးဖေဖေ အလုပ်အများဆုံးအချိန်ပေါ့၊ တစ်ခါတလေ ည သန်းကောင်ကျော် သွားတတ်တယ်'

'တိမ်ညိုအလွင့် လအမြင့်တဲ့။ မွန် ဟိုတစ်နေ့ကဆိုပြတာ လေ။ သိပ်ကောင်းတာပဲနော်'

'ဦးဖေဖေက ရင်ထဲမှာ တကယ်ခံစားရမှ သီချင်းစပ် တာ။ သီချင်းဆိုတာထက် သူက ကဗျာစပ်တာ'

'ကဗျာစပ်တာ...'

'နားလည်အောင် အလွယ်ပြောတာ။ မြူဇင်ကယ်လိုင် ဇေးရှင်း အော့ဖ် ပိုအက်ထရီ musicalization of poetry။ ကဗျာကို ဂီတမှုပြုခြင်းလို့ သူကခေါ်တယ်'

www.burmeseclassic.com

www.burmeseclassic.com



'အဲဒါတော့ မောင်မသိဘူး။ သူ့သီချင်းတွေက ရင်ထဲမှာ သိပ်ခံသွားရတယ်။ ဦးဖေဖေရင်ထဲက ဘာတွေရှိပါလိမ့်မလဲ မောင်...'

'မောင်...ဘာပြောတာလဲ'

'ဦးဖေဖေဟာ သိပ်ပြီး ခန့်ညားချောမောတဲ့ လူတစ်ယောက်ပဲ။ အောင်လဲအောင်မြင်နေသူ၊ ကျော်လဲကျော်ကြားသူ။ ဒါပေမယ့် သူသိပ်ချစ်တဲ့ တူမလေးကလဲပြီးလေတော့မှာ ဘာမှမရှိသလိုပဲ။ ဒါကြောင့် သူ့ရင်ထဲဘာတွေရှိသလဲလို့ သိချင်လိုက်တာ'

'စာရေးဆရာ၊ ကဗျာဆရာကြီးတော၊ အနုပညာရှင်ကြီးတွေရဲ့ ရင်ထဲမှာ ဘာတွေရှိတယ်ဆိုတာ ဘယ်လိုလုပ်သိနိုင်မှာလဲ။ တစ်ခြားမပြောနဲ့ လေးရင်ထဲမှာ ဘာရှိတယ်ဆိုတာတောင် မောင်တို့ မှန်းတိုသိနိုင်မလား'

'လေးရင်ထဲ...'

'ဟုတ်တယ်။ တိုက်ကို တွေ့ရှည်တစ်ပိုဒ် ပို့သွားတယ်တဲ့။ ဦးလေးညိုနဲ့ ဦးဦးမျိုးတို့ကတော့ သိပ်ကြိုက်နေကြတယ်။ ဦးဖေဖေကတော့ ဖတ်မကြည့်သေးဘူးတဲ့'

'ဘာလို့ ဦးဖေဖေက ဖတ်မကြည့်တာလဲ'



'ကတ်လိုက်မှ bias မရှိအောင်ပေါ့။ တခြားအယ်ဒီတာအဖွဲ့ဝင်တွေရဲ့ ယန်ဖိုဖြတ်မှုပြီးမှ ဦးဖေဖေက လေးရဲ့ဘာကို ကြည့်မှာ'

'တည်းကပ်ကြီးတယ်နော်'

'ဟုတ်တယ်။ ဒါကြောင့်လဲ ဦးဦးညိုတို့ ဦးဖေဖေတို့တိုက်က အောင်မြင်တဲ့ကလောင်သစ်တွေ အများဆုံးမွေးထုတ်ပေးနိုင်တာပဲ'

'လေးဝတ္ထုရှည်ရဲ့အညွှန်းက ဘာတဲ့လဲ'

'အဲဒါ ပြောမလို့ပေါ့'

သူက မှန်မှန်ကိုကြည့်၏။

'လေး ဝတ္ထုရှည်က လက္ကယ်ညာကနောင့်အရိပ် တဲ့'

'လက္ကယ်ညာမှာ အရိပ်ရှိနိုင်လို့လား....'

'သိဘူးလေ။ သူဘာပြောချင်မှန်းမှမသိပဲ။ ဒါကြောင့် စာရေးဆရာ၊ ကဗျာဆရာ၊ အနုပညာရှင်တွေရဲ့ ရင်ထဲဘာရှိတယ်ဆိုတာ အသိရခက်တယ်လို့။ ပြီးတော့ ဘာကိုဘယ်လိုမြင်ကြသလဲ, လဲ မှသိဘူး'

'လေးမှာ ချစ်သူများရှိနေသလားမသိဘူး'

www.burmeseclassic.com

www.burmeseclassic.com



'မောင်—မသိဘူးလား—'

'အိုး—ဘယ်လိုလုပ်သိမလဲ။ သူကတော့ မရှိဘူးပြောတာပဲ'

'မွန့်ကိုလဲ အဲဒီလိုပဲပြောတာပဲ။ ဒါပေမယ့်....'

'ဒါပေမယ့်....ဘာဖြစ်သလဲ'

မွန်မွန်က ရယ်၏။

'လူဆိုတာ....ကိုယ့်စိတ်ကိုယ်သိသလား'

'အို....ကိုယ့်စိတ်ဘော့ကိုယ်သိရမှာပေါ့'

'အဲဒီကိစ္စမျိုးကျတော့...တစ်ခါတစ်လေ မသိဘူး မောင်ရဲ့။ အဟင်း—ကိုယ်တွေ—'

'ကိုယ်တွေ—'

'ဟုတ်တယ်....။ ဪ—စောစောက မောင်က ကမ္ဘာကြီးပျက်သွားသလိုပဲလို့ ပြောခဲ့တယ်နော်'

'အင်းလေ—အဟုတ်'

'ယုံပါတယ်ချင်ရယ်။ အဲဒီတုန်းကမောင်ထွက်သွားတော့'

မွန်မွန်သည် မပြောတော့ပဲရပ်နေ၏။



'ပြောလေ—'

'မပြောတော့ဘူး—'

'အိုး—ဒါဖြင့် ခုနင်က ကိုယ်တွေဆိုတာကိုပြော'

'အဲ့ဒါ—ကိုယ်တွေးပေါ့မောင်ရဲ့'

'ဘယ်ဟာလဲ—'

'ကမ္ဘာကြီးပျက်သွားတာ'

'မောင့်ကမ္ဘာကြီးပျက်သွားတာ...'

'မွန့်ကမ္ဘာကြီးပျက်သွားတာ....'

'အို....မွန့်ကမ္ဘာကြီးလဲပျက်သွားတယ်။ ဘာပြုလို့'

'ချစ်လို့။ မောင့်ကိုချစ်လို့။ ကဲ—သိပြီလား'

သူက မွန်မွန်၏လက်ကလေးကို အုပ်ပြီးဆုပ်ကိုင်ပြန်၏။

'မွန့်ကို မောင် သနားလိုက်တာ'

'ဟွန်း....သနားတဲ့လူက စကားဆုံးအောင်နားမထောင်ပဲ ထွက်သွားရသလား'

'သိဘူးလေ။ မွန်က မောင့်ကိုမချစ်ဘူးထင်လို့'

www.burmeseclassic.com

www.burmeseclassic.com



'အဲဒီတုန်းက မောင့်ကို မှန်ချစ်နေသား၊ မှန်ကို မှန်သိ မသိဘဲ'

'နောက်...ဘယ်လိုသိသွားသလဲ'

'ကမ္ဘာကြီးပျက်သွားသလိုဖြစ်မှ သိပြီလား'

သူကမေးသည်။ အရယ်ရပ်ပြီးမှ ချစ်သူ၏ လက်လေးကို ဆုပ်ကိုင်ရင်းက မျက်နှာလေးကိုငေးကြည့်သည်။

မှန်မှန်ကလည်း သူ့လက်ကို ပြန်ဆုပ်ကိုင်ရင်းက ငေးလျက်ပင် သူ့မျက်နှာကိုကြည့်သည်။

ဪ...ခုနတုန်းကလည်း ကမ္ဘာသစ်။ နှစ်ဦးလုံးအတွက်ကမ္ဘာသစ်။

နေအဝင်သွားပြီ။ မှောင်ရီကျပျိုးလာ၏။

'မောင်...'

'မှန်...'

'မှောင်လာပြီ၊ ပြန်ကြတော့နော်'

'ဟင်...'

'မဟောင်နဲ့လေ။ စာတွေကျက်ကြရဦးမယ်'

သူက သက်ပြင်းချ၏။



'နောက်ထပ်သုံးကမ္ဘာ။ တစ်ကမ္ဘာလောက်ခြားရင်မဖြစ်ဘူးလား ဟင်...မှန်'

'စိတ်တွေကို သိပ်အလိုမလိုက်နဲ့ မောင်ရယ်။ ချစ်တော့ ချစ်တာပေါ့၊ ဒါပေမယ့် ဘဝရည်မှန်းချက်တွေအပျက်ခံလို့ ဖြစ်မတဲ့လား'

'အလကားပြောတာပါ မှန်ရယ်။ ပမမှန် စကားကို ကျွန်တော်နားထောင်ပါမယ်'

'ဟွန်း...ဘယ်ကကျွန်တော်လဲ'

မှောင်ရီပျိုးချိန်။ ပနိုးချုံလေးတွေကသာ ရှိနေ၏။ မှန်မှန်က ငွေငန်းဖြူလည်တိုင်လေးကို ဆန့်ပေးသည်။

သည်လောက်တော့ သူ အလိုလိုက်ခံချင်ရှာမည်။ သည်လောက်တော့...အင်း ကိုယ်ကသည်း အလိုလိုက်ချင်ပါသည်။

သူက မှန်မှန့်ပါးနုနုနှင့် လည်တိုင်လှလှလေးကို ယုယစွာ မွေးလျက် နှုတ်ဆက်သွားသည်။

*

www.burmeseclassic.com

## အခန်း ၂၀

မော်လမြိုင်လေယာဉ်ကွင်းသို့သွားသော လမ်းအတိုင်း လေး[illegible]ူ့က ကားအဖြူလေးကို မောင်းလာခဲ့သည်။

ဩော်...ကားလေးက အသစ်ကလေး။ ပုံစံကလည်း ယခု တလော လူတွေ အရူးထ ဈေးကြီး ပေးနေကြသည့် [illegible]။ အက်စ်အီးဟုခေါ်ကြသည်။

www.burmeseclassic.com

www.burmeseclassic.com



မော်လမြိုင်တွင် နှပ်စီးသာ၍ သွားသည်ဟု မမကြီးက ပြောသည်။ သူ့ကိုအတွက်မဟုတ်။ မိမိအတွက် ဘွားဘွားက အထူး ဝယ်ပေးသည်ဟုလည်း ပြောသေးသည်။

အထူး။ အင်း....ထူးရမည်ပေါ့။ မိမိက ဘွားဘွားတို့အတွက် ထူးလာပြီ။

ဪ...အယ်လောက်များ မိမိက ထူးပြလိုက်ရမည်နည်း။

ပြောသာပြောသည် ကားလေးက ချစ်ဖို့ ကောင်းသည်။ မောင်းရ စီးရသည်မှာ ညက်ညောသည်။ အင်း...ငြိမ်လည်းကျသည်။

မိမိနှင့် ကားကို လူတွေ ငေးငေးကြည့်ကြသည်ကိုလည်း ကောင်းကောင်း သတိပြုမိသည်။

ဪ...ရန်ကုန်မှာ လိုင်းကားစီးရသည်နှင့် ကွာပါဘိခြင်း။

ကားမောင်းရသည်ကပင် ကွာသည်။ ရန်ကုန်က ကားလည်း ရှုပ်သည်။ လူလည်းရှုပ်သည်။

ရန်ကုန်မှာ မိမိကားမမောင်းရဲ။ မော်လမြိုင်မှာတော့မောင်း ရဲသည်။

လေးဖြူက မော်လမြိုင်တက္ကသိုလ်ကွင်းသို့ ချိုးဝင်လိုက်သည်။

တက္ကသိုလ်ဝင်းတွင်းမှာက တားပိုရှင်းသည်။ လမ်းတွေက လည်း ပိုကောင်းသည်။



မိမိ ကားမောင်းသင်ခဲ့က သည်တက္ကသိုလ်ဝင်းတွင်း၌ စ မောင်းခဲ့သည်။

အဲသည်တုန်းကတော့ ကောလိပ်ဝင်း။ ဒီဂရီကောလိပ်ဝင်း။

ယခုတော့ ဝင်းဝတွင် 'မော်လမြိုင်တက္ကသိုလ်'ဟု ဆိုင်းဘုတ် ကြီးကို ခန့်ခန့်ညားညား တင်ထားသည်။

ဪ...သည်နှစ် ဖေဖော်ဝါရီလ ပြည်ထောင်စုနေ့တွင် တက္ကသိုလ် ဖြစ်သွားခဲ့သည်။ လာမည့်နှစ် ပညာသင်နှစ်ကစပြီး အင်္ဂလိပ်စာအဓိကဘာသာ စသင်ပေးတော့မည် ဆို၏။

မော်လမြိုင်သူဖြစ်လျက် မော်လမြိုင်ကောလိပ်၌ မတက်ခဲ့ရ သည်အတွက်မှ လေးဖြူ စိတ်မကောင်း။

မော်လမြိုင်တက္ကသိုလ်တွင် ဆရာမတော့ ပြန်ဖြစ်နိုင်ကောင်း ၏။ အင်း....စာမေးပွဲအောင်လျှင်။ ပြီးတော့ အမှတ် ကောင်း ကောင်း ရလျှင်။ ပြီးတော့....။

လေးဖြူက ဆက်မတွေးတော့။ မမျှော်သင့်ပဲ မိမိတာဝ အတွက် ပြီးတော့တွေ အကယ်၍တွေအများလှချည်ပါကလား။

အဓိပတိလမ်းအတိုင်း လေးဖြူက ကားလေးကို မောင်းလာ ခဲ့သည်။

တက္ကသိုလ် အဆောက်အအုံကြီးက ဖြူဖွေးသော ဆေးနှင့် ထည်ဝါလှပနေသည်။

www.burmeseclassic.com

www.burmeseclassic.com



တက္ကသိုလ်ဝင်းတွင်း၌ ပန်းရောင်စုံတို့သည်း စ,ပွင့်နေပြီ။

ရှေးယခင်က မရှိသောမြက်ခင်းတွေကလည်း စိမ်းမြညိုညာ တင့်တယ်နေသည်။

အရှေ့ဘက်သို့ကွေ့ပြီး နာဂစံသချောင်းဖြတ် တံတားဖြူလေးကို ကျော်သည်။

သည်နေရာမှနေ၍ မှိုင်းမှုန်ပြာသော တောင်ဝိုင်းတောင်တန်းကြီးကို တွေ့ရသည်။

ဘာကြောင့်မသိ။ လေးဖြူ၏ရင်မှာ ခုန်လာသည်။ လွမ်းသလို ဆွေးသလိုသည်း ဖြစ်မိ၏။

လေးဖြူက တက္ကသိုလ်ဝင်း အရှေ့ဘက်ဂိတ်မှနေ၍ လေယာဉ်ကွင်း သွားလမ်းဆီ ပြန်ထွက်ပြီး အရှေ့ဘက်သို့ မောင်းလာပြန်၏။

လေယာဉ်ကွင်း ရောက်သော် တောင်ဘက်သို့ ပြန်ချိုးပြီး တောင်ဝိုင်း တောင်ခြေဆီသွားသည့်လမ်းအတိုင်းမောင်းပြန်၏။

ညနေစောင်းမှာ နှင်းမှုန်လေးတွေ ဝေနေ၏။ တောနံ့တောင်နံ့တွေလည်း သင်းလာသည်။

ဩော်…ကားလှလှလေးနှင့်ရှုခင်းလှလှတွေအလယ် ပျော်ကာ မောင်းနေရသည်က အရသာရှိသား။



ဘွားဘွားတို့က သည်ဘဝမျိုး မိမိအတွက်ရွေးပေးကြသည်မှာ မဆန်း။

မိမိကသာ၀။

လက္ခယ်ညာမှ မောင့်အရိပ်၊ လေးဖြူက မိမိ။ အဲ…မိလွမ်းပျော် ရေးခဲ့သော ဝတ္ထု၏အမည်ကို သတိရသည်။

အရိပ်ရှင်မောင်က ဘယ်မှာနည်း။ ဟောသည်… တောရိပ်တောင်ရိပ်တွေထဲမှာ မောင့်အရိပ်ကော ရှိသလား။

မောင်နှင့် တောအဆုံး… တောင်အဆုံး… ရေအဆုံး… မြေအဆုံး သွားချင်သည်။ ဟောသည် ကားလေးနှင့် သွား၍ရမလား။ ဩော်… သည်ကားလေးကလည်း ရွှေလှောင်အိမ်လေး ပါတကား။ အဲသည်တော့က မောင်က ဘယ်မှာနည်း၊ မိလွမ်းပျော်၏ မောင်က မိမိအတွက်တော့ အရိပ်သာ။ အရိပ်ကို ဘယ်သူဟု သိနိုင်ပါမည်နည်း။

ရွှေလှောင်အိမ်လေးတွင်က ထွက်၍ရှာလျှင် လွတ်လပ် ကျယ်ပြောသောကမ္ဘာမြေတွင်မောင့်ကိုတွေ့ကောင်းတွေ့မည်။ ခုအချိန်မှာတော့ အရိပ်။ အရိပ်သာ…။ ဩော်…သတ္တိ ဝ ငယ် ရှိ ချင်လိုက်ပါဘိတော့။

မဟာဗုဒ္ဓဝင်တွင် လေးဖြူက ကားလေးကို ရပ်လိုက်သည်။ အသိဖြစ်နေသော ဆိုင်လေးတစ်ဆိုင်တွင် ကားကို အပ်ခဲ့ပြီး မဟာဗုဒ္ဓဝင်တွင်းသို့ ဝင်ခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



အောင်သာပြေညွှန့်ပေးများဝယ်ပြီး လေးဖြူက ကြိုးလမ်းလေးအတိုင်း လျှောက်သည်။

ဗေဒါမြိုင်ပင်နှင့် ရွှေလည်ရေ့၌ ရပ်သည်။ မာရ်နတ်ကို အောင်တော်မူသော ဘုရားရှင်ရုပ်ပွားတော်ကို အောင်သာပြေပန်းများ ကပ်သည်။

ပန်းကပ်ပြီးမှ ဘာဆုကို တောင်းရမှန်းမသိ။

ယခင်နှစ်များက သည်အချိန်မျိုးတွင် တောင်းစရာဆုက တစ်ခုတည်း ရှိသည်။ စာမေးပွဲ အောင်ရပါလို၏။

ယခုတော့…တောင်းစရာတွေက များနေသော့ ဘယ်က စ တောင်းရမှန်းမသိ။ ဆုတွေ အများကြီး တောင်းစရာတွေ မြတ်ဘုရားသခင်က နှစ်သက်တော် မူပါမည်လော။

မဟာ ဂရုဏာတော်နှင့် ပြည့်စုံတော်မူသော သဗ္ဗညုတ အရှင်။ ကွန့်ပတ်ရှန်းဗုဒ္ဓ။ အေးချမ်းသည့်ငြိမ်သောအသံကို ပြန့်ကြားယောင်လာသည်။ မှန်ရည်ခန့်ညားသန့်ပြန့်သောအသွင်ကိုလည်း မြင်ယောင်လာသည်။

မဟာ ဂရုဏာရှင်က အားလုံးကို ခွင့်လွှတ်မည်။ သည်တော့ ရင်တွင်းရှိသမျှ လိုချင်သော ဆုအားလုံးကို တောင်းမည်။

စာမေးပွဲ အောင်ရပါလို၏။ ပထမဆုံး ရေး လိုက် သော ဝတ္ထုရှည်သည်လည်း အောင်မြင်ပါစေ။ နောက်…



လေးဖြူသည် ရှေ့မဆက်နိုင်ဘဲ ရပ်နေသည်။ အတန်ကြာမှ လိုချင်သောစကားကို ရှာရသည်။

'မချစ်ခင် မနှစ်သက်အပ်သော သတ္တဝါ သင်္ခါရတို့နှင့် ကွဲကွာကွေကွင်း မပေါ်ယှဉ်ခြင်း ဖြစ်ရပါလို၏။ ချစ်ခင်နှစ်သက်အပ်သော သတ္တဝါ သင်္ခါရတို့နှင့်တွေ့ကြုံပေါင်းသင်း စပ်ယှဉ်ခြင်း ဖြစ်ရပါလို၏။

လေးဖြူက ဦးချ ကန်တော့သည်။ မိမိ၏ ဆုတောင်းကိုသည်း ကျေနပ်သွားသည်။ ဘုရားရှင်၏ ရွှေနားတော်နှင့် ဆီလျော်သင့်မြတ်မည့် စကားအသုံးအနှုန်း ဖြစ်လိမ့်မည်ထင်သည်။ ပြည့်လည်း ပြည့်စုံသည်ထင်၏။ ဘာမျှမကျန်။ ကျန်နိုင်။ အရိပ်ပင်လည်း မကျန်နိုင်။

လေးဖြူက နေရာမှထ,လျက် လက်အုပ်ချီမပျက်ဘဲ မြတ်စွာဘုရားသခင် ရုပ်ပွားမျက်နှာတော်ကို အတန်ကြာ ကြည်ညိုသည်။

ခြေလှမ်းသုံးလှမ်းမျှ နောက်ဆုတ်ပြီးမှ ကိုယ်ကို လှည့်လိုက်သည်။

တောင်ပေါ်မှ ဆင်းလာသော လမ်းလေးကို တွေ့သည်။

အဲသည်နေရာမှာ…။ အဲသည်တွင်…။ မတူတော့…။ မတူတော့။ အားလုံးမတူတော့။ အားလုံး…အားလုံး ရှေးနှင့် မတူတော့။

ကိုမျိုး။ မွန်မွန်။ မိမိ။ နောက်…။

www.burmeseclassic.com

www.burmeseclassic.com



ရင်တွင်း၌ ရယ်သံကြားသည်။ ဘယ်သူ့ ရယ်သံနည်း။ မိလွှမ်း
ပျော် ရယ်သံ။

မိလွှမ်းပျော်က မိမိကို သရော်နေပါသလော။ သူကတော့
သတ္တိရှိသည်။ သူ့ အရိပ် မှောင်နှင့်သူ သတ္တိကောင်းသည်။ သိ
ကောင်းသည်။ အဟုတ်ကောင်းသည်။

လေးဖြူကလည်း ရယ်သည်။ အရူးမလေးကဲ့သို့ ရယ်သည်။
တစ်ဦးတည်း ရယ်သည်မှာ အရူးမဟုတ်၍ ဘာနည်း။

လေးဖြူက အရယ်ရပ်လိုက်၏။ မျက်နှာကိုတည်တည် ထား
ပြီး လည်တိုင်ကြော့ကြော့ကိုလည်း မတ်မတ် ထားလိုက်သည်။

မိလွှမ်းပျော်ဆိုသည်က ဘာနည်း။ အရိပ်။ လေးဖြူ၏
အရိပ်။ မိလွှမ်းပျော်၏သတ္တိက ဘယ်ကလာသနည်း။ လေးဖြူ
ဆီကလာမည်။ အခြားကမလာနိုင်။ သည်တော့ လေးဖြူ
လည်း သတ္တိရှိသည်။ အို—အချိန်ကျလျှင် လေးဖြူတို့ သတ္တိရှိ
မည်။ သတ္တိမရှိဘဲ ရွှေလှောင်အိမ်တွင်းက ဘယ်လို လွတ်ထွက်
နိုင်ပါမည်နည်း။

လေးဖြူက ကားဆီသို့ ပြန်လာ၏။ ထိုင်ရှင်ကို ငွေတစ်ကျပ်
ပေးပြီး ကားလေးကို ပြန်မောင်းလာခဲ့သည်။

မုဒုံသွား လမ်းမကြီးဘေးရှိ မိမိတို့ တိုက်၏ ခြံကျယ်အဝင်၌
ဒေါက်တာ စိုးကျော်၏ကားနှင့် သွားဆုံ၏။



ဒေါက်တာက ပြုံးပြုံးရွှင်ရွှင်နှင့် မိမိကို လက်ပြ နှုတ်ဆက်
သွား၏။

မော်တော်ကားလေးကို ကားရုံတွင်း သွင်းခဲ့ပြီး လေးဖြူက
အပေါ်ထပ်ရှိ မိမိ၏အခန်းသို့ တက်လာခဲ့သည်။

စိတ်လှုပ်ရှားနေသောကြောင့် ဘာလုပ်ရမှန်းမသိ။ စာရေး
စားပွဲတွင် ထိုင်ငြိမ်နေမိသည်။

ခြေသံကြားသဖြင့် လှည့်ကြည့်လိုက်သောအခါ မေမေနှင့်
မကြီး ဝင်လာသည်။

မေမေ့ကိုတော့ လေးဖြူချစ်သည်။ ချစ်သည်။ ကြောက်လည်း
ကြောက်သည်။

လေးဖြူက ကုလားထိုင်မှထပေးသောအခါ မေမေက လက်
ကာပြပြီး လေးဖြူ၏ ခုတင်ပေါ်တွင် ဝင်ထိုင်၏။ မကြီးက
လည်း မေမေ့ဘေးတွင် ကျုံ့ကျုံ့ယုံ့ယုံ့ ထိုင်သည်။

မေမေက သူ့ လက်တွင်းမှ ပစ္စည်းလေးတစ်ခုကို လှမ်းပေး၏။

'လူကြုံရှေ့သို့တဲ့။ ကိုမျိုးက ပေးလိုက်တာ။ ရော့....'

လေးဖြူက လှမ်းယူ၏။

ခပ်သေးသေးလေးဘောင်ခွက်ထုပ်လေးဖြစ်သည်။ စက္ကူရောင်
နှင့်ထုပ်ထားပြီး ပဲကြိုးလှလှလေးနှင့်ပင် စည်းထားသေး၏။

www.burmeseclassic.com

www.burmeseclassic.com



'ချစ်သော လေးသို့...။ မျိုး...'။ သည်စာလေး ကလည်း ပါလိုက်သေး၏။

လေးဖြူက ပါးလေးနီလျက် မေမေ့ကိုကြည့်သည်။

မေမေ့မျက်နှာကမူ တည်တည်ငြိမ်ငြိမ်ပင်။

မေမေနှင့်မမကြီးကို လေးဖြူက ယှဉ်ကြည့်သည်။ မမကြီးက ဝဝတုတ်တုတ်ကြီး။

မေမေကတော့ ခါးအနည်းငယ် တွတ်သည်မှလွဲ၍ ကြည့်ကောင်းတုန်း။ မေမေငယ်ငယ်က အားကစား လိုက်စားသည်ဆို၏။ မော်သမြိုင်မြို့၏ အလှဆုံးထဲမှာ ထိပ်က ပါသည်ဆိုသည်။

မေမေ့မျက်နှာက ချောသည်။ နှာတံ၊ မေးရိုး အားလုံးက ပြက်ပြက်ထင်ထင် လှသည်။

ကကြီးပုံရိပ်ရိပ်ရှိပြီး ပုံသန်းကျနေသော နဖူးတွင် အကြောစိမ်းပြာပြာတစ်ခုရှိသည်။ လှတော့ လှ၏၊ ဒေါသ ထွက်လျှင်မူ ထောင်လာသကဲ့သို့ ထင်ထင်ဖြစ်လာတတ်သည်။ မြွေဟောက်လေးနှင့် တူသည်ဟု လေးဖြူစိတ်တွင်း၌ ထင်သည်။

မြွေဟောက်ဟူသောစကားကိုစ,သုံးသူမှာ ဖေဖေဖြစ်သည်။ သမီးမေမေ့နဖူးက မြွေဟောက်ကလေး။

ဖေဖေပင် မေမေ့ကို ကြောက်ရသည်ထင်၏။ မမကြီးတို့ မမလေးတို့ဆိုလျှင် မပြောနှင့်။



ယခု ကြည့်၊ ဆောမ ခန္ဓာကိုယ်ကြီးနှင့် မေမေ့ ဘေးတွင် ကျို့ကျို့ယို့ယို့လေးထိုင်နေသည်။ သမီးလိမ္မာကြီး။ မေမေ့သမီး လိမ္မာကြီး။

'သမီးတို့ အောင်စာရင်း ထွက်ခါနီးပြီလား'

'ဟုတ်ကဲ့။ နီးပြီ မေမေ'

'သမီး ဖြေနိုင်ခဲ့တယ် မဟုတ်လား'

'ဖြေနိုင်ပါတယ် မေမေ'

မေမေက မိမိ၏ မျက်လုံးများကို တစ်ချက် စူးစိုက်ကြည့်၏။

'ဘွားဘွား အခြေအနေ သိပ်မကောင်းဘူး'

'ရှင်—'

'ဘွားဘွားကျန်းမာရေး အခြေအနေသိပ်မကောင်းဘူး'

'ဘွားဘွားက ဘာပြုလို့လဲဟင်'

'ဘွားဘွားအသက် ရှစ်ဆယ် ပြည့်ခါနီးပြီ'

'ဒါပေမယ့် ဘွားဘွားက ကျန်းကျန်းမာမာကြီးပဲ'

'လူကြီးဆိုတာ တစ်နေ့ရွေ့ တစ်နေ့ငွေ့၊ ရှစ်ဆယ် ဆိုတာ အရေးအကြီးဆုံးအရွယ်။ ဘွားဘွားကို အသက် ရှစ်ဆယ်ကျော် နေသွားတာ မေမေ ကြည့်ချင်တယ်'

www.burmeseclassic.com

www.burmeseclassic.com



လေးဖြူက ဘာမျှမဖြေ။

'ဘွားဘွားတူတူကောင်ကောင်ရှိနေတုန်းမှာ ဘွားဘွား ဆန္ဒတွေအားလုံး ပြည့်သွားအောင်လုပ်ပေးဖို့ မေမေ ဆုံးဖြတ်ထားတယ်။ သမီးဖေဖေဆန္ဒကလဲ ဒီအတိုင်းပဲ'

လေးဖြူ ထိတ်လန့်သွား၏။ စိတ်ကို မထိန်းနိုင်ပဲ မေးမိ၏။

'သမီးတို့ကို ဟိုဒင်း...လက်...လက်ထပ်...'

သည်စကားကို ဆုံးအောင် နှုတ်ကမထွက်ရဲ။

မေမေကပြုံး၏။

'မေမေ့သဘောဆိုရင် လက်ထပ်ပေးချင်ပြီ။ ဒါပေမယ့် သမီးက လက်မထပ်ချင်သေးဘူး မဟုတ်လား'

လေးဖြူက မေမေ့ကို ကြည့်သည်။ မြတ်စွာဘုရား၊ မေမေ ကိုမိမိ မလိမ်ရပါကလား။

လေးဖြူက ခေါင်းညိတ်ပြ၏။

'သမီးက ဘာလို့ လက်မထပ်ချင်သေးတာလဲ'

လေးဖြူက သတိကြီးစွာ ထားလိုက်၏။ စကား တစ်ချက် မှားလျှင် မိမိဆင်ထားသော ဇာတ်လမ်းတွေ အကုန် ပျက်ကုန် တော့မည်။



'သမီး၊ စာမေးပွဲ အောင်မအောင် မသိရသေးဘူး။ ကိုမျိုး ဆို...ဘွဲ့ရဖို့ တစ်နှစ်ကျန်သေးတယ်။ အလုပ် လဲ မရှိ သေးဘူး'

'အလုပ်မရှိသေးတာဟာ သူများတွေအတွက်ဟုတ်တယ်။ သမီးနဲ့ ကိုမျိုးအတွက်တော့ မဟုတ်ဘူး။ ဒါကို ထည့် မပြောနဲ့၊ တို့က သူများဆီမှာ လက်ဖြန့်အလုပ်တောင်း ရတဲ့လူမျိုး မဟုတ်ဘူး။ တို့အလုပ် တို့ လုပ် စရာတွေ များတောင် များနေသေးတယ်။ ကိုကျော်ဦး တို့ လဲ ဒီအတိုင်းပဲ'

မိမိ၏ခံစစ်တစ်ခု ဆုံးရှုံးသွားမှန်း လေးဖြူသိလိုက်သည်။

'ပညာသင်မဆုံးသေးဘူး။ အဲဒါကိုတော့ မေမေသက်ခံ တယ်၊ သမီး ကျေနပ်ရဲ့လား'

လေးဖြူ ဝမ်းသာသွား၏။ ကျိတ်ပြုံးပြုံးတော့ မေမေမှ ဆို၏။

'ဒါကြောင့် မေမေတို့က လက်မထပ်ပေးသေးဘူး။ ဒါ ပေမယ့် လက်စွပ်လဲပြီး စေ့စပ်ကြောင်းလမ်းထားရ မယ်။ ဒါ မေမေတို့ထုံးစံ'

လေးဖြူ၏ဝမ်းသာမှုသည် ခဏချင်း ပျောက်ကွယ်ပြေး၏။

မေမေ့မျက်လုံးများက မိမိကို စူးစိုက်ကြည့်နေမှန်း သိပြန် တော့ မျက်လွှာအမြန်ချပစ်လိုက်ရ၏။

www.burmeseclassic.com

www.burmeseclassic.com



'ပြီးတော့ ဘွားဘွားရဲ့ဆန္ဒကလဲ ရှိသေးတယ်။ ဘွားဘွားကို အသက်ရှစ်ဆယ်ကျော် နေစေချင်တယ်ဆိုတဲ့ မေမေ့ဆန္ဒကိုလဲပြောပြီးပြီ။ အဲဒီဆန္ဒနှစ်ခုကို သမီး ဆက်စပ်တွေးပေါ့။ ကိုမျိုးရဲ့ဘွားဘွားကလဲ ကြီးပြီ။ သူ့ဆန္ဒကလဲ ဒီအတိုင်းပဲ။ ကိုကျော်ဦးတို့ဆန္ဒကလဲ ဒီအတိုင်းပဲ။ ပြီးတော့....'

မေမေက စကားမဆက်သောကြောင့် လေးဖြူက မေမေ့ကို မေးကြည့်သည်။

'မေမေက သမီးရှင်။ ဒီကိစ္စမှာ ဘာကိုမှ ပေါ့ပေါ့ဆဆ မထားဘူး။ မော်လမြိုင်ကနေ စက်မှုတက္ကသိုလ် သွားတက်နေတဲ့ ကျောင်းသားတွေရှိတယ်၊ သူတို့ဆီကသတင်း အနံ့ရတယ်။ ကိုမျိုးဟာ တခြားမိန်းကလေးတစ်ဦးကို ချစ်ခဲ့ဖူးသလိုလို၊ ချစ်နေဆဲလိုလို'

လေးဖြူ အကြီးအကျယ် ထိတ်လန့်သွား၏။

'အဲ....အဲဒါ...မဖြစ်...မဖြစ်နိုင်ပါဘူး'

မေမေက ပြုံး၏။

'သမီးက ကိုမျိုးကိုယုံတယ်ပေါ့'

ဘာပြောရမည်နည်း။ မတတ်နိုင်ပြီ။



'ကိုမျိုးဟာ...သမီး...သမီးပေါ့...သစ္စာရှိပါတယ်။ သူ မလိမ်တတ်ဘူး'

မေမေက ပြုံးပြန်၏။

'မေမေကလဲ ကောန်ကောဖြစ်ရမယ်လို့ မဆိုလိုပါဘူး။ လေလို့ပြောကြတာလဲ ဖြစ်နိုင်ပါတယ်။ ယောကျ်ားလေးတို့ဘာဝ ဖြစ်ခဲ့တာကို ပုံကြီးချဲ့ကားပြောတာလဲ ဖြစ်နိုင်တယ်။ ဒါပေမယ့် ခုနင်ကပြောခဲ့သလိုပဲ မေမေတို့က သမီးရှင်။ သတိကြီးကြီးထားရမယ်။ ဪ...သမီးကို မေးရဦးမယ်'

လေးဖြူက ထိတ်လန့်ပြီး မေမေ့ကိုကြည့်ပြန်၏။

'မေမေ...ဒီစကားကို မပြောချင်ဘူး။ ဒါပေမယ့် သမီး လေးလေးနက်နက် စဉ်းစားနိုင်အောင်ပြောရတော့မယ်။ အနောက်နိုင်ငံတွေကသုံးတဲ့ စကားပေါ့။ တန်ဖိုးလို့ ခေါ်တယ်။ လူတစ်ယောက် ဘယ်လောက် ချမ်းသာတယ်ဆိုတာကို တင်စားပြောကြတာ။ သမီးရဲ့တန်ဖိုး ဘယ်လောက်ရှိလဲ။ သိလား'

'ရှင်...'

'သမီး မပြောနိုင်ဘူး။ မေမေပြောပေးမယ်၊ သမီးရဲ့တန်ဖိုးက အနည်းဆုံး သိန်းနှစ်ဆယ်...'

လေးဖြူ အံ့ဩသွား၏။ မိမိ၏တန်ဖိုးက မနည်းပါလား။

www.burmeseclassic.com

www.burmeseclassic.com



'ဒါကို ကိုကျော်ဦးတို့လဲ ရိပ်မိတယ်။ အဲ—ကိုမျိုးလဲ ရိပ်မိမှာပေါ့။ ဘာလို့လဲဆိုတော့ ကိုမျိုးရဲ့တန်ဖိုးကိုလဲ မေမတို့ရိပ်မိတာကိုး။ ကိုမျိုးရဲ့တန်ဖိုးကလဲ အဲဒီသဘောပဲ ရှိမယ်။

'စာတွေထဲမှာ သမီးဖတ်ဖူးမှာပေါ့။ အမိဘက်မှ ကုဋေလေးဆယ်၊ အဖဘက်မှ ကုဋေလေးဆယ်ဆိုတာလေ။ အဲဒါတွေဟာ အပိုပြောတာတာမဟုတ်ဘူး။ ထုံးတမ်းစဉ်လာ သဘာဝတွေ။ ခုဆိုတာ ပွားသောပွားရတယ်။ မလျော့သွားရဘူး။

'ဒါဟာ—မေမတို့ ဇာတ်မျိုးလို့၊ လိုက်နာစောင့်ထိန်းခဲ့တဲ့ ထုံးတမ်းပဲ။ ဒီထုံးတမ်းနဲ့ပတ်သက်လာရင် ဘွားဘွားက ဘယ်တော့မှလျှော့မပေးဘူး။ မေမေလဲ လိုက်နာခဲ့ရတယ်၊ သမီးရဲ့မကြီး—မနုလေးတို့ပဲ လိုက်နာခဲ့ရတယ်၊ ဒါကြောင့်လဲ တို့အမျိုးရင်းချာထဲမှာ ဆင်းရဲတဲ့ လူ မရှိဘူး'

လေးဖြူက မကြီးကိုလှမ်းကြည့်၏။ အခေါက်ထူသော လည်ကုပ်ဘက်၊ ဖွေးနုပ်သုံးနှင့် မကြီး၏ပါးကား ညိုသ်ပြ နေ၏။

ရွှေလှောင်အိမ်အကြောင်း—၊ မေမမပြောသည်က မကြီး ပြောသည်ထက် ပြည့်စုံသည်၊ လေးသည်းလေးနက်၏။



လေးဖြူက ဘာကြောင့်မသိ။ ကျောကျင်းမှစိမ့်သွား၏။

'သမီးနားလည်ဖို့က သမီးတန်ဖိုးကို သမီးသိပြီ။ ဒါပေမယ့်—သမီးတန်ဖိုးရဲ့အမျိုးစုဟာ ဘွားဘွားလက်ထဲမှာ ရှိနေသေးတယ်ဆိုတာပဲ။ ကိုမျိုးရဲ့တန်ဖိုးကလဲ ဒီအတိုင်းပဲ ရှိလိမ့်မယ်။

'ဒါကြောင့် ဘွားဘွားကြီးတွေ့ကျန်ခဲ့တောင် မေမမတို့ လုပ်ပေးရမယ်။ အကောင်းဆုံးနည်းကတော့ သမီးတို့နှစ်ယောက်ကို အမြန်ဆုံးစေ့စပ်ကြောင်းလမ်းရမယ်။ မေမမတို့ ဆုံးဖြတ်ပြီးပြီ'

မေမမပြောပုံက အေးအေးဆေးဆေး တည်တည် ငြိမ်ငြိမ် ပင်။ အဲသည်လို အေးအေးတည်ငြိမ်ခြင်း မေမေ့ကိုမိမိကြောက်သည်။

ကြောက်သည့်ကြားမှ လေးဖြူက ညာဏ်ကုန် တွေးသည်။ မိလွှမ်းချော်ကိုလည်း ကပ်ပါယူလာကာ ချ၏၊ မိလွှမ်းချော်ကလည်း အကူလာ၏။

လေးဖြူက စိတ်သက်သာသွားသည့် ဟန်မျိုးနှင့် သက်ပြင်းလေး လွှတ်ပြီး ဟက်ခနဲ ရယ်၏။

'တော်ပါသေးရဲ့၊ သမီးက အသည်းနှလုံးကို တုန်သွားတာပဲ'

www.burmeseclassic.com

www.burmeseclassic.com



'ဘာလို့လဲ'

'သိဘူးလေ။ ချက်ချင်း လင်ယူရတော့မယ် အောက်မေ့လို့'

'စာရေးဆရာမဆို။ ဒီလို ဇာတ်လိုက် အတင်လိုက်ပြောရသလား'

'အို...မေမေကလဲ။ လက်ထပ်တယ်ပဲခေါ်ခေါ်၊ ထိမ်းမြားတယ်ပဲ ခေါ်ခေါ်၊ မင်္ဂလာဆောင်တယ်ပဲ ခေါ်ခေါ်။ လင်ယူတာဟာ လင်ယူတာပဲပေါ့ မဟုတ်ဘူးလား'

'မိလေးဖြူ။ ပြောလေကဲလေပါပဲလား'

'ထားပါတော့ မေမေ။ စေ့စပ်ချင်လဲ စေ့စပ်တော့ပေါ့။ မေမေတို့သဘော။ သမီး ငြင်းပါဘူး။ တစ်ခုတော့ ရှိတယ်။ အောင်စာရင်းထွက်ပြီးမှ လုပ်ခနော်'

'ဘာပြုလို့လဲ'

'အိုး...မေမေကလဲ။ ဖိတ်စာထဲထည့်တော့၊ သတင်းစာထဲထည့်တော့ သမီးနာမည်နောက်က ကွင်းစ ကွင်းပိတ်လေးထဲမှာ ဘွဲ့ထည့်နိုင်တာပေါ့။ သူများတွေအားလုံး အဲဒီလိုလုပ်ကြတာ'



မေမေကရယ်ပြီး 'ကောင်းပါပြီတဲ့ရှင်— ကောင်းပါပြီတဲ့' ဟု ဖြေသည်။

မေမေနှင့် မမကြီးတို့ ထွက်သွားသောအခါ စားပွဲ၌ လေးဖြူမှာ မောပန်း ကျန်ရစ်၏။

စာမေးပွဲတစ်ခုတော့အောင်သွားပြီ၊ အယ်မင်း ပန်းပါတီ။

လေးဖြူက သတိငြိုး မျိုးကိုလွှင့်ပို့လိုက်သော အထုပ်လေးကို ဖြေကြည့်သည်။

ကက်ဆက်ခွေလေးတစ်ခု၊ ဆီးနှင်းစက္ကူ ကက်ဆက်ခွေလေး တစ်ခု။

'တိမ်ညိုအလွှင့် လအမြင့်'။ သည်သီချင်းနာမည်က ထိပ်ဆုံးမှ ပါသည်။

အခန်းတွင်း၌ပင်ရှိသော ကက်ဆက်တွင်းထည့်ပြီး ခုန်သောရင်နှင့် လေးဖြူက နားထောင်သည်။

'မိုးကောင်းကင်ပြာပြာ။ လကောင်းကင်သာသာ— မိုး
ပြာ လမင်း— တိမ်မြူရှင်းတော့ လင်းလင်း သာ
သာ... ကောင်းကင်ရှိကြည့်မှတော့...ကိုယ်ယုံကြည့်
သော ချစ်ခြင်းတွေတော့— လွှမ်းဖွယ်ည ထိုကမ္ဘာ
မှာ...'

www.burmeseclassic.com

www.burmeseclassic.com



ဆရာက ဤဒန္တြကြီးသည်လော၊ ရှက်တတ်သည်လော၊ မသင့်လျော်ဘူး ထင်သည်လော။ မသိ။ မိမိကို ဤသီချင်း မဆိုပြခဲ့။ မွန်မွန်ကသာ ဆိုပြခဲ့သည်။

မွန်မွန့်အသံလေးက ကောင်းသဖြင့် မိမိနှစ်သက်ခဲ့သည်။

သို့ရာတွင် သီချင်းက ယောကျ်ားဆို သီချင်း။ သည်တော့ အရသာမပြည့်စုံ၊ မပြည့်စုံဟု ထင်သည်။

ယခုတော့ ယောကျ်ားအဆိုတော်က ဆိုသွားသည်။ အဲသည်တော့...

ပြေပြေနေသည်။ ယုံကြည်မှုနှင့် ခံစားမှုတစ်ခုကို ပြေပြေနေသည်။

သူ့ကမ္ဘာက လှသည်၊ လင်းသည်။ သြော်...ခုခေတ်မှာတော့ ကိမ်လွှာတွေနှင့်၊ တိမ်သလွာတွေနှင့်၊ တိမ်ညိုတွေနှင့်။

တိမ်ညိုတွေလွှင့်ပြီး လမင်းသာလာဖို့သူ ဆုတောင်းနေသည်။

သြော်...သူက ဆိတ်ကွယ်ခြင်းကို မလိုချင်သူ ဆိုပါတကား။

ဘယ်သူကကော ဆိတ်ကွယ်ခြင်းကို လိုချင်ပါမည်နည်း။

ဒီသီချင်းကို နားထောင်ရင်း လေပြူက ချက်အမှောင်လေး ကြုံကြိုက်။

မိမိ၏ ကမ္ဘာကတော့ လကွယ်ည။ လကွယ်ညဆိုတော့ မှောင်သည်။ အမှောင်ထဲမှာ မိမိမောင်က အရိပ်။



လမင်းကြီး သာလာလျှင်၊ တိမ်ညိုတွေလွှင့်ပြီး လမင်းကြီးက မြင့်မြင့်သာလာလျှင်။ သြော်...အရိပ်ပျောက်၍ အကောင် ထင်လာလေမည်လော....။

'မမှိန်ပါလေနှင့် လစန္ဒာ၊ မမှုန်ပါနှင့် မြသော်တာ'

သူ့ဆုတောင်းက ရင်မှာလာ ပွဲတင်ထပ်သည်။

မြတ်စွာဘုရား။ သီချင်းကိုတိုးတိုးလိုက်ဆိုမိပြီး မိမိကလည်း ဆိုက်ဆုတောင်းနေမိသည်။

ဘာကြောင့်၊ ဘယ်သူ့အတွက်ကြောင့်...။

*

www.burmeseclassic.com

www.burmeseclassic.com

## အခန်း ၂၁

မိမိ၏အခန်းတွင်းရှိ တယ်လီဖုန်းက မြည်သာသဖြင့် အိပ်ရာတွင်းမှာ စိတ်ကူးယဉ်လျက် ဇိမ်နှင့်လှဲနေရာမှ မျိုးကိုလွင်က လှမ်းယူကောက်ကိုင်လိုက်သည်။

တစ်ဘက်မှ မိန်းကလေးသံတိုးတိုး ကြားရသောကြောင့် သူက ဝမ်းသာအားရထူးသည်။

'ဟဲလို–မွန်လား'

www.burmeseclassic.com

www.burmeseclassic.com



'ဟွန်း...။ ဘယ်က မှန်းရမှာလဲ။ လေး...လေးဖြူ'

'အား...ဆရာ။ လေးအသံက သိပ်တိုးနေတယ်'

'တံခါးတွေပိတ်ပြီး တိုးတိုးပြောနေတာ ကြားရရဲ့လား'

'အင်း...ကြားတယ်'

'အနားမှာလူရှိသလား။ အရေးကြီးတယ်၊ သိပ်...သိပ် အရေးကြီးတယ်'

'ဒါဖြင့် စောင့်နေဦး။ ကိုယ်လဲ တံခါးပိတ်လိုက်ဦးမယ်'

မျိုးကိုလွင်က အခန်းတံခါးကြီးကို ထပ်ပိတ်သည်။

'ပြောတော့ လေး...'

'ဒုက္ခတော့ များတော့မယ်'

'ဘာလဲ လေး...'

'သိသေးဘူးလား....'

'ဘာကိုလဲ....'

'ဟို...ဟို။ စစ်ရင်ကြောင်းလမ်းတော့တဲ့'

'ဟင်...ဘယ်တော့လဲ'

'အမြန်ဆုံးတဲ့၊ လေးကတော့...လေး အောင်စာရင်း ထွက်ပြီးမှလုပ်ပါလို့ ဆွဲထားတယ်'



'ဘာလို့ အဲဒီလောက်မြန်ကြတာလဲ'

'ကိုယ်တော်...ကိုယ့်ကိုယ်ကို သိပ်အထင်မကြီးနဲ့။ ကိုယ် တော်နဲ့မှန်းမှန်းအကြောင်း ဒီက ရှိုးတိုးရိပ်တိပ် သိနေ ကြတယ်'

'ဘယ်လိုလုပ်သိလဲ'

'ဒီကနေ့ကိုမျိုးတို့ကျောင်းလာတာက နေ့တွဲကျောင်းသား တွေ ဆီကတဲ့။ သူတို့ မေမေတော့မသေချာသေးဘူး။ အဲ အိမ်ကဘွားဘွားကြီးကလဲ တစ်မျိုး'

'ကိုမျိုးဘွားဘွားကြီးကလဲ တစ်မျိုးပဲ'

'အဲဒီတော့ ဘာလုပ်ကြမလဲ'

'လေး...ဘာလုပ်မလဲ။ ဟိုဒင်းလေ။ မလေး ဘာလုပ်စေ ချင်လဲ'

'လေး ပြောပြီးပါရောလား။ အောင်စာရင်းထွက်တဲ့ အထိ ဆွဲထားတယ်လို့'

'ပြီးတော့'

'ရန်ကုန်ကို ပြေးလာခဲ့တော့မယ်'

'အိုး....'

www.burmeseclassic.com

www.burmeseclassic.com

‘မအိုးနဲ့။ မမလေးတုန်းက အဲဒီလိုသတ္တိမရှိလို့ သူတို့ဘာလုပ်ခဲ့တယ်ထင်သလဲ။ မပြောချင်ဘူး’

သူက ခေတ္တစဉ်းစားသည်။

‘လေး။ အဲဒီလို အရမ်းတွေလျှောက်မလုပ်နဲ့။ လေးက မိန်းကလေး’

‘လေးမှာ ဘာနဲ့ဘောဘမယ်။ ပြီးတော့ လေးက စာရေးစားလို့ရတယ်’

‘ဒါပေမယ့် လေး ဘာတွေခံနိုင်ခဲ့ရမယ်ဆိုတာ လေးသိတယ်မဟုတ်လား’

‘အိုး... ဖော်ဂက်တစ်’

‘ဘာရယ်’

‘ခေါက်ထားလိုက်’

‘လေးမှာ သတ္တိရှိနေပြီဆိုပါတော့’

‘ဟင်း...ဘာစကားလဲ’

‘အသက်ကြီးနေတာပါ လေးရယ်။ ကိုယ်ပြောမယ်။ လေလေးချောချောနားထောင်’

‘မြန်မြန်ပြော’



‘ဒီကိစ္စမှာ နှစ်ယောက်လုံး အနစ်နာခံဖို့ မလိုပါဘူး။ တစ်ယောက်က အနစ်နာခံလိုက်ရင် ပြီးပါတယ်။ လေးက မိန်းကလေး။ ကိုယ့်ကြောင့် လေးကိုမနစ်နာစေလိုဘူး။ ကိုယ်က ယောကျာ်းလေး။ ပြီးတော့ ကိစ္စက ကိုယ့်ကိစ္စ။ ကိုယ့်မှာတာဝန်အရှိဆုံး။ ကိုယ်ပြောတာ နားလည်တယ် မဟုတ်လား’

‘ဒါပေမယ့် ကိုမျိုးက ပညာသင်တာမပြီးသေးဘူး’

‘အဲဒီလောက်ကြီးခေါင်းပြီး ပူဖို့မလိုပါဘူး။ သူတို့စိတ်ဆိုးလဲ ခဏပေါ့။ အထူးသဖြင့် မေမေစိတ်ဆိုးရင် ခဏပေါ့။ ကိုမျိုးမေမေက ကိုမျိုးကိုသိပ်ချစ်ပါတယ်’

‘အဲဒီလိုဆို အစတည်းက ဘာလို့မပြော ခဲ့သလဲ’

‘ကိုယ်ပြောခဲ့ပါရောလား။ အဲဒီတုန်းက ကိုယ့်မှာ၊ အဲလေး ပြောတာမျိုးလေ။ ကိုယ့်ကို သတ္တိဆိတ်သုန်းပို့ဘာ မရှိသေးဘူး’

‘အခုတော့ ရှိနေပြီပေါ့။ ဟုတ်လား’

‘မေးဖို့လိုသေးသလား လေးရယ်။ အဲဒါထားတော့။ ကိုယ်ပြောတာနားထောင်။ လေး အခုအတိုင်းပဲနေ’

‘မရှင်းသေးဘူး။ ဘာပြောတာလဲ’

www.burmeseclassic.com

www.burmeseclassic.com



'ကျောင်းပြီးမပျက်တဲ့ မိဘစကားမပယ်ရှားတဲ့ သမီးအလိမ္မာလေးလို့ပဲနေ။ အဲဒီလိုဆိုရင် အပြစ်မှန်သမျှဟာ ကိုယ့်အပြစ်ချည်းဖြစ်မယ်၊ လေးကို သူတို့ အပြစ်တင်လို့မရဘူး'

ထက်ဘက်မှ အသံမကြားရ။

'လေး…'

'အင်….'

'ဘာလို့ တိတ်သွားတာလဲ'

'လေး စဉ်းစားနေတာ။ ကိုမျိုးပြောတာမှန်တယ်။ လေးလင်ခုပြောမယ်'

'ပြောပါလေး'

'ကိုမျိုးဟာ လေးရဲ့သူငယ်ချင်းနော်'

'ဟုတ်ပါတယ်လေး'

'ကိုမျိုး ပညာသင်ပျက်သွားမှာ၊ ဒုက္ခတစ်ခုခု ဖြစ်သွားမှာတော့ လေးပူတယ်'

'ယုံပါတယ်လေး'

'ကိုမျိုး ဒုက္ခတစ်ခုခုတွေ့ရင် လေးကူပါမယ်။ အနည်းဆုံး အနည်းဆုံးပြောတာနော်၊ လေး စာရေးခတွေနဲ့ ကိုမျိုးကို လေးကူပါမယ်'



'ကျေးဇူးတင်ပါတယ်လေး။ ကိုမျိုး မှတ်ထားပါမယ်'

'ကိုမျိုး…'

'အင်…'

'လေး စိတ်ချမ်းသာသွားပြီ'

'အင်း…ကိုယ်လဲ စိတ်ချမ်းသာသွားပြီ'

'တကယ်။ ဘာဖြစ်လို့'

'မှန်ကန်ရိုးဖြောင့်တဲ့အလုပ်ကို လုပ်ရတော့မှာမို့'

တယ်လီဖုန်းချပြီးနောက် သူကငြိမ်လျက် ကိုယ့်စိတ်ကို ကိုယ်စစ်သည်။

မိမိစိတ်က တည်ငြိမ်နေသည်။ လေးဖြူကို ပြောလိုက်သကဲ့သို့ ချမ်းသာ၍လည်း နေသေးသည်။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း ၂၂

ဒေါ်မြထွေးက ကိုကို့စာကြည့်ခန်းအတွင်းသို့ ဝင်လာပြီး ဆိုဖာတစ်ခုပေါ်တွင် ညင်သာစွာထိုင်သည်။

ကိုကိုက မိမိကို မျက်လွှာပင့်လျက် တစ်ချက်ကြည့်ပြီး စာတစ်စောင်ကို ဆက်ဖတ်နေသည်။

စားပွဲနောက်ရှိ ဆုံလည်ကုလားထိုင်တွင်ထိုင်နေသော ကိုကို့အသွင်မှာ စီရင်ချက်ချတော့မည့် တရားသူကြီး တစ်ဦးနှင့် တူသည်ဟု ဒေါ်မြထွေးထင်သည်။

www.burmeseclassic.com

www.burmeseclassic.com



ဖြူဝင်းသော ကိုကို့အသားအရေက ယခုအနည်းငယ် သွေးရောင်လျှမ်း၍ နီနေသည်။ နှုတ်ခမ်းတွေ ကစေ့ပြီး မေးရိုးကြောများက ထင်းနေသည်။

ကိုကိုက ကဝမှာ လိုရာရခဲ့သူ။ မရချင်သည်း ရအောင်လုပ်တတ်သည်။ သူလိုချင်ရာရလျှင် စိတ်ကြီးတတ်သည်။

ယခု အနည်းငယ်လည်း ရှက်နေသည်။ စိတ်ကြီးသူရှက်လျှင် အင်း...ကြောက်ဖို့ကောင်းသည်။

ဦးကျော်ဦးက စာရွက်ကို အံဆွဲကြင်း ပြန်သွင်းလိုက်ပြီး နေရာမှထလျက် ထိပ်မှဆိုဖာတွင် ဝင်ထိုင်၏။

'မြသွေး နေကောင်းရဲ့လား'

သည်လိုမေးပြန်တော့ ကိုကို့အသံကပျော့ပျောင်းသည်။ ကြင်နာမှုနှင့်လည်းပြည့်သည်။ မျက်နှာလည်း မတင်းတော့။

'ကောင်းပါတယ် ကိုကို'

ဦးကျော်ဦးကဒေါ်မြသွေး၏မျက်နှာကိုစူးစမ်းဟန်ကြည့်၏။

'မြသွေးမျက်နှာက မလန်းဘူး'

ဒေါ်မြသွေးက ပြုံးပြုံးပြီး ခင်ပွန်းသည်ကို ဘောင်းပန်သည်။

'ကိုကို သားကိုတော့ ဇွတ်မလုပ်ပါနဲ့နော်'

ဦးကျော်ဦးက မျက်မှောင်ကြုတ်ပြီး မေး၏။



'မြသွေး ဘာပြောတာလဲ'

'သူ့ ဆန္ဒမရှိသေးရင် ဇွတ်မလုပ်ခိုင်းပါနဲ့လို့'

'အို...အခြေအနေတွေကို မြသွေး သိနေပြီပဲ။ ပိုးဘက်က ဆန္ဒကို ကိုကိုတို့ ဘယ်လိုငြင်းမလဲ။ ကိုကိုတို့က သားရှင်။ သူတို့က သမီးရှင်'

'အဲဒါကို မြသွေး နားလည်ပါတယ်။ မြသွေးပြောတာက သားကို မဆူပါနဲ့။ အကျပ်မကိုင်ပါနဲ့။ မြသွေးသားကို မြသွေး ဖျောင်းဖြပြောပါမယ်။ ကိုကို့ဆန္ဒအတိုင်း ဖြစ်စေရပါမယ်'

ဦးကျော်ဦးက ပြုံး၏။

'ကိုကိုဟာ လူကို ကိုင်တွယ်တတ်ပါတယ်။ ကိုယ့် သားသမီးကိုမှ ကိုယ်မကိုင်တွယ်နိုင်ဘူးဆိုရင် [illegible] ရှိုင်းသွားမှာပေါ့'

အခန်းတံခါးမှ မျိုးကိုထွန်း ဝင်လာ၏။

ဒေါ်မြသွေးက ခေါ်သည်။

'သား...။ လာ...ဒီမှာထိုင်'

ဒေါ်မြသွေးက နှစ်ယောက်ထိုင် ဆိုဖာတွင် တပေါင်းထိုင်ခဲ့ခြင်း ဖြစ်၏။ ဘာကြောင့်မသိ သားကို ယခု မိမိအနီးကပ်လျက်ရှိနေစေချင်သည်။

www.burmeseclassic.com

www.burmeseclassic.com



မျိုးကိုလွင်ကလည်း မိခင်အနီး၌ ဝင်ထိုင်၏။

ဒေါ်မြထွေးက သား၏မျက်နှာကို ကြည့်သည်။

သားမျက်နှာက တည်ငြိမ်နေသည်။ တည်ငြိမ်လွန်းသည်ဟု ပင် ထင်သည်။

ကိုယ့်သားမို့ ကိုယ်သိသည်။ သားမျက်နှာထားက တစ် တစ်ရာအတွက် အဆင်သင့်ဖြစ်နေသည့် ဟန်မျိုး။

ထင်သည့်အတိုင်းပင် သားထံမှ စကားအလျင်လာ၏။

'ဖေဖေနဲ့မေမေ။ သားကို အရေးကြီးတဲ့စကား ပြော ကြတော့မယ် ဟုတ်လား'

ဦးကျော်ဦးက ချောင်းတစ်ချက်ဟန့်၏။ စကားဝိုင်း စ,လာ ပုံကိုမကြိုက်။

ဤစကားဝိုင်းကို မိမိက ဦးဆောင်မည်။ မိမိကသာ စကား စ,မည်။ မိမိလိုရာရောက်အောင် ပြောမည်။

ယခုတော့ သားက စကားအလျင်စ,သည်။ စကား၌လည်း အဓိပ္ပာယ်များစွာ ပါနေသည်ထင်၏။

သို့ရာတွင် မြထွေးတောင်းပန်ထားချက်ကို သတိရပြီး ထိန်း သိမ်းလျက်ပြောသည်။

'မှန်တာပေါ့ သားရယ်။ သိပ်အရေးကြီးတဲ့ စကား ဖေဖေနဲ့ မေမေအတွက်လဲ အရေးကြီးတယ်၊ ဘွားဘွား



အတွက်လဲ အရေးကြီးတယ်၊ တို့တစ်ဆွေလုံး တစ်မျိုးလုံးအတွက်လဲ အရေးကြီးတယ်၊ သားအတွက်ကတော့ အရေးအကြီးဆုံး'

'သားနားလည်ပါတယ် ဖေဖေ'

'သား နားထောင်ဦး။ ဖေဖေ ပြောဦးမယ်။ ဖေဖေ့အတွက် အရေးအကြီးဆုံးက ဂုဏ်သိက္ခာ။ ဂုဏ်သိက္ခာဆိုတာကလဲ ကတိသစ္စာနဲ့ ပတ်သက်နေတယ်။ ဖေဖေ ကြီးပွားချမ်းသာလာခဲ့တဲ့ အဓိက အကြောင်းရင်းက ကတိသစ္စာကြောင့်ပဲ။ ကတိသစ္စာဆိုတာကလဲ ဖေဖေ့ဘက် မေမေ့ဘက်။ တို့တစ်ဆွေလုံး တစ်မျိုးလုံးရဲ့ စောင့်ထိန်းတဲ့ ကျင့်ဝတ်။ သားနားလည်တယ်နော်'

မျိုးကိုလွင်က အေးချမ်းစွာ ခေါင်းညိတ်ပြ၏။

'ခု....ဖေဖေ ကတိသစ္စာအတိုင်း ဆောင်ရွက်ရတော့မယ်။ လေးရဲ့ဘွားဘွားနဲ့ သားရဲ့ဘွားဘွားတို့ချင်းလဲ ကတိသစ္စာရှိတယ်။ လေးရဲ့ဖေဖေနဲ့ ဖေဖေနဲ့လဲ ကတိသစ္စာ ရှိကြတယ်။

'အကျယ်ချဲ့ ဖေဖေမပြောတော့ဘူး။ သားတို့ လူငယ်ချင်းလဲ မေတ္တာမျှပြီးကြပြီ၊ စတည်းကသားတို့ လူငယ်ချင်းရဲ့ သဘောထားကို တီးခေါက်ပြီးမှ ဖေဖေတို့ လုပ်ခဲ့တာ။ ဒီတော့ သားနဲ့လေးကို ဖေဖေတို့ [illegible] ကြောင်းလမ်း ပေးတော့မယ်။

www.burmeseclassic.com

www.burmeseclassic.com



'သားနဲ့မင်္ဂလာဆောင်ဖို့ခုထက် သားအောင် ပတ္တမြား ခန်းမမှာလုပ်ဖို့ ဖေဖေ စီစဉ်ထားတယ်၊ သား ဘာလုပ်ချင်သေးလဲ ပြော၊ ဖေဖေ အပြည့်အဝပေးမယ်၊ သား သူငယ်ချင်းတွေဖိတ်။ ကြိုက်သလောက်ဖိတ်။ ရပ်ဝေးက သူငယ်ချင်းတွေဖိတ်။ နေဖို့၊ သွားဖို့၊ လာဖို့၊ ပျော်ကြရွှင်ကြဖို့ ဖေဖေ အားလုံး တာဝန်ခံတယ်'

'သား ပညာသင် မဆုံးသေးဘူး ဖေဖေ'

'စေ့စပ်ကြောင်းလမ်းတာနဲ့ ပညာသင် မဆုံးသေးတာ ဘာမှမဆိုင်ဘူး။ လက်ထပ်ရင်တောင် ဖြစ်တယ်၊ သားမှာ ဘာလိုသလဲ၊ ဘာမပြည့်စုံသလဲ၊ ဖေဖေ့ကို ကျေနပ်လောက်အောင် သားပြော'

'သားက အခုလောလောဆယ် ဘာမှ မလုပ်ချင်သေးဘူး လေးကလဲ မလုပ်ချင်သေးဘူး'

'လေးက သဘောတူပြီး သူ့မိဘတွေကလဲ အမြန်ဆုံး စေ့စပ်ကြောင်းလမ်းထားချင်ကြတယ်'

'ဘာဖြစ်လို့လဲ ဖေဖေ'

'သူတို့က သမီးရှင်။ စိတ်ပူပင်စရာတွေ ရှိတယ်။ သားကလဲ စိတ်ပူပင်စရာတွေ လုပ်မိတယ် မဟုတ်လား'

'ခင်ဗျာ...'



'ဖေဖေ့ကို သားလိမ်ဖို့ မကြိုးစားပါနဲ့'

'ခင်ဗျာ...'

'ဖေဖေပြောတော့မယ်။ သားနဲ့ တခြား မိန်းကလေး တယောက် ဘာလိုလိုဖြစ်နေတယ်။ အဲဒါ သူတို့ဘက်က စကြားထားတာ ပထမတော့ ဖေဖေမယုံပါဘူး။

'ဒါပေမယ့် ဖေဖေ့မှာ ကားတွေ အများကြီးရှိတယ်။ ဒီတော့ မျက်စိနားလုံးပါတဲ့ ယုံကြည် ရတဲ့အရာတွေလဲ အများကြီးရှိတယ်။

'သူတို့ကသဲ နေ့ကုန်ညကုန်ပြီလို့ အနှံ့။ မြန်မာပြည်အနှံ့ သွားနေကြတာ။ ကလောမြို့ မော်လမြိုင် ပြန်လာသွားပြီးမှ သားကားပေါ်မှာ သားနဲ့ မိန်းကလေး တစ်ယောက် တွဲစီးသွားကြတာကို မြင်တဲ့လူက မြင်တယ်'

မျိုးကိုလွင်က မဖြေပဲ ငြိမ်နေ၏။

'ဒါပေမယ့် ဒါကို ဖေဖေ အကျယ်ချဲ့ မစဉ်းစားဘူး။ မမေသိတယ်၊ ဖေဖေ မလိမ်တတ်ဘူး။ ဖေဖေလဲ ငယ်ငယ်က လူငယ်အရွယ် တွဲခဲ့တာတွေရှိတယ်၊ ဒါပေမယ့် အိမ်ထောင်ဖက် ရွေးတဲ့အခါမှာတော့ ကိုယ်အချစ်ဆုံး၊ ကိုယ်အမြတ်နိုးဆုံး၊ ကိုယ်နဲ့ အသင့်လျော်ဆုံး သူကိုပဲ ရွေးခဲ့တာပဲ'

www.burmeseclassic.com

www.burmeseclassic.com



တည့်တည့်ရင်ဆိုင်ရမည့် အချိန်သို့ ရောက်လာပြီဟု မျိုးကိုလွင် နားလည်လာသည်။ ဖေဖေ ပြောသည်မှာမှန်သည်၊ ဖေဖေ့ကို လိမ်၍မရ။

မျိုးကိုလွင်က ကိုယ်ကို ဖြောင့်ဖြောင့်ထားပြီး ခေါင်းကိုလည်း မော့လိုက်သည်။ မိဘနှစ်ပါးကို လက်အုပ်ချီပြီး ရိုသေစွာပြောခဲ့၏။

'ဖေဖေနဲ့ မေမေကို သားကန်တော့ပါတယ်၊ သားကို ခွင့်လွှတ်ပါ။ ဖေဖေနဲ့ မေမေ့ကို သားလိမ်ခဲ့မိပါတယ်။ အခုအချိန်ကစပြီး ဖြောင့်ဖြောင့်မှန်မှန် ရိုးရိုး သားသားပဲ ပြောပါတော့မယ်'

'အေး—အဲဒီလိုမှပေါ့'

'သားနဲ့တွဲတယ်ဆိုတဲ့ မိန်းကလေးဟာ ဘယ်သူလို့ ဖေဖေ သိပြီလား'

'မသိဘူး။ သိဖို့လဲ မသိဘူးလို့ ဖေဖေထင်တယ်'

'လိုပါတယ် ဖေဖေ'

'ဟေ....။ လိုတယ်'

'ဖေဖေပဲ၊ ခုနင်က ပြောခဲ့တယ်။ လူငယ်ဘဝ တွဲခဲ့တာတွေ ရှိတယ်။ ဒါပေမယ့် အိမ်ထောင်ဖက် ရွေးတဲ့ အခါမှာတော့ ကိုယ်အချစ်ဆုံး၊ ကိုယ်အမြတ်နိုးဆုံး၊ ကိုယ်နဲ့



အသင့်လျော်ဆုံးသူကို ရွေးခဲ့တယ်တဲ့။ သားကိုလဲဒီအခွင့်အရေး ပေးပါ ဖေဖေ'

'ဟော—ပေါ်ခဲ့ပြီပဲ။ လေးကို မင်း မချစ်ဘူးလား။ ဖေဖေ ချေးမလောင်း အရမ်းရွေးခဲ့တာ မဟုတ်ဘူး။ လေး လောက်လှတာ မင်းရှာစမ်း၊ ပညာရေး၊ ဂုဏ်ရေး၊ မနေ ရေး လေးကိုမီတာ မင်းရှာပြစမ်း'

'လေးဟာ လှပါတယ် ဖေဖေ၊ ဖေဖေပြောတဲ့ ဂုဏ်တွေ အားလုံးနဲ့လဲ ပြည့်စုံပါတယ်။ ဖေဖေ့ စေတနာကိုလဲ သိပ်ကျေးဇူးတင်ပါတယ်။ ဒါပေမယ့် လေးကို ကျွန်တော် ချစ်လို့မရဘူး'

'ဟော—ဘာပြုလို့'

'ကျွန်တော့်မှာ ချစ်သူရှိနေလို့'

'ဘာကွ'

ဦးကျော်ဦး၏ အသံမှာ ကျားဟိန်းသံကဲ့သို့ ထွက်လာသဖြင့် မြသွေးက 'ကိုကို' ဟုဝင် သတိပေး၏။

'မင်းမှာ ချစ်သူရှိနေတယ်၊ ဟုတ်လား'

'ဟုတ်ပါတယ် ဖေဖေ'

'မင်း ဒါကို အစတည်းက ဘာလို့မပြောလဲ'

www.burmeseclassic.com

www.burmeseclassic.com



'အဲဒီတုန်းက သူ့ကိုကျွန်တော် ချစ်သူလို့မခေါ်ပဲ မခေါ်
သော မခေါ်နိုင်ခဲ့သေးတဲ့ အဝမှာမို့ပါ ဖေဖေ'

'ဪ...။ ငါ့သား...ငါ့သား ပြောပုံက နှိမ့်ချ လှချည်
လား။ မင့်မိန်းမလေးက ဘာ့သမီးမို့လို့လဲ။ ဘယ်
လောက်ကြီးများ မြင့်မြတ်နေလို့လဲ'

'မွန်မွန်က မြင့်မြတ်ပါတယ် ဖေဖေ'

'ဟေ...'

'မွန်မွန်ဟာ သိပ်လှပါတယ် ဖေဖေ။ လေးထက်မသာ
ထောင်မှ လေးဆောက် မလျော့ပါဘူး။ အင်မတန်
သိမ်မွေ့ယဉ်ကျေးပြီး အင်မတန် ဖြူစင် သန့်ရှင်းပါ
တယ်။ ပညာမှာလဲ ဆေးတက္ကသိုလ် ကျောင်းသူပါ
ဖေဖေ။ သားတို့ယဉ်ကျေးခြင်း ထက်တန်း ကြီးပါတယ်
နောက်ဆုံးနှစ် အပိုင်း 'က' ပါ'

'ကောလို ချမ်းသာလို့လား'

'မချမ်းသာလို့တော့ မချမ်းသာပါဘူး ဖေဖေ'

'အဲဒါကို ငါပြောတာပေါ့'

'မိန်းကလေး မင်းကို ရှောင်းပြတာ မဟုတ်ပါဘူးဖေဖေ
ချမ်းသာခြင်းဟာသာ ဂုဏ်မဟုတ်ပါဘူး။ ငွေကြေး
ထက်သာတဲ့ ဂုဏ်တွေရှိပါသေးတယ်'

'ကြီးကျယ်လိုက်တာ။ ဘာဂုဏ်တွေလဲ'



'မွန်မွန့်ဖေဖေဟာ ပြည်သူချစ်တဲ့၊ ကျော်ကြားထင်ရှား
တဲ့ စာရေးဆရာကြီးပါ။ သူ့လမ်းမှာ သူ အောင်မြင်
နေတဲ့ ပုဂ္ဂိုလ်ကြီးပါ။ စိတ်ထားလဲ သိပ်မြင့်မြတ်ပါ
တယ်'

မျိုးကိုလွင်က မိမိ၏ စကားကို ပြန်စဉ်းစားသည်။ ဦးဖေဖေ
ကို ဖေဖေဟု ပြောလိုက်မိသည်။ ယခုအချိန်တော့ ဤမျှသာပြော
ဖို့ကောင်းသည် ထင်၏။

'စာရေးဆရာ။ ဘယ်စာရေးဆရာလဲ'

'ဦးမိန်နွေတဲ့ ဖေဖေ။ လူနာမည်က တော့ ဦးစောသန့်'

'ဦးမိန်နွေ—ဦးစောသန့်'

'ဟုတ်ပါတယ်ဖေဖေ။ စာရေးဆရာဆိုတာက သူ့ဂုဏ်ကို
ခြုံပြီး ပြောလိုက်ရတာပါ။ အယ်ဒီတာကြီး တစ်ဦးလဲ
ဖြစ်ပါတယ်။ တေးပြုဆရာ— ဂီတပညာရှင်ကြီးလဲ ဖြစ်
ပါတယ်'

'အေး....အေး....အဲဒီ မင်းကလေးမရဲ့ဖေက ငွေ သိန်း
နှစ်ဆယ်လောက် သူ့သမီးကို ပေးနိုင်ရဲ့လား'

'ခင်ဗျာ...'

'စိတ်ကူးယဉ် လောက,က စိတ်ကူးယဉ် ဂုဏ်တွေ
အကြောင်း ဖေဖေ့ကို လာမပြောနဲ့။ အဲဒီအချိန် ကာ

www.burmeseclassic.com

www.burmeseclassic.com



လတွေကို ဖေဖေ ကျော်လွန်ခဲ့တာကြာပြီ။ လေးဟာ... သိန်းနှစ်ဆယ်တန်ဘာယ်။ ဖေဖေတို့စကားနားထောင်ချင် မင်းလဲ သိန်းနှစ်ဆယ်တန်ဘာယ်။ နှစ်ယောက် ပေါင်းတော့ သိန်းလေးဆယ်။

'အဲဒါဟာ အမှန်တရား။ အင်မတန် ခိုင်ခံ့ ခက်မာတဲ့ အမှန်တရား၊ မင့်ဦးလေး ခင်မောင်ဆွေပြောတဲ့ ဆပ်ပြာ ပူဖောင်းလေးတွေ မဟုတ်ဘူး။ မဟုတ်ဘူးသား ထွေးရေ...။ အို...ထွေး...ထွေး...'

ယှဉ်ထိုင်နေသော မေမေ့ကိုယ်သည် မိမိဘက်သို့ ယိုင်ကျလာသည်ကို မျိုးကိုလွင် သတိပြုမိ၏။

သူသည် မိခင်၏ဦးခေါင်းကို ရင်ခွင်နှင့်ခံပြီး ကိုယ်ကိုပွေ့ထိန်းယူလိုက်ရ၏။

'ထွေး....ထွေး...ဘာဖြစ်သွားသလဲ'

ဖေဖေက မေးသည်။ မေမေကမူ မိမိရင်ခွင်တွင် အသက်ကို ပင်ပန်းစွာ ရှူနေ၏။

ဦးကျော်ဦးက မျိုးကိုလွင်ကို ခက်ထန်စွာ တစ်ချက်ကြည့်လိုက်ပြီး အခန်းတွင်းမှ လျင်မြန်စွာ ထွက်သွား၏။

မျိုးကိုလွင်က မေမေ့ လက်ဖဝါးများကို ဖိနှိပ်ဖြန့်ဆန့်ပေးသည်။ မေမေ့လက်ဖဝါးများက အေးစက်နေ၏။



'မေမေ...'

မေမေ၏မျက်လုံးများက ပွင့်မလာသေး။ လက်ဖဝါးများကမူ မိမိ၏လက်ဖျားကို ပြန်ဆုပ်၏။

ဖေဖေက အိမ်ဖော် မိန်းကလေး နှစ်ဦးနှင့် ပြန်ပေါ်လာသည်။

မွှေးသင်းသင်းယနံ့ရှိသည့် ဂွမ်းစတစ်ခုကို ဖေဖေက မေမေ့နှာခေါင်းဖျားတွင် ထားပေး၏။

အိမ်ဖော်တစ်ဦးက မေမေ့ခေါင်းကို ယပ်ခတ်ပေး၏။ တစ်ဦးက မေမေ့ကို နှိပ်ပေးသည်။

ဦးကျော်ဦးက စာကြည့်ခန်းတံခါးအားလုံးကို ဖွင့်လိုက်၏။ ကြာကြာ၌ မေမေ့မျက်လုံးများပြန်ပွင့်လာသည်။

'မေမေ...သတိရပြီနော်'

မေမေက သူ့လက်တစ်ဘက်ကို ဆုပ်ညှစ်ပြ၏။

'ဟော့ကောင်။ မင်း စကားတွေသိပ်ပြီး သွားပြောမနေနဲ့။ အေးအေးဆေးဆေးရှိလုပ်ပါတော်ပါယ်။ အေးမေနဲ့သိန်းရင် ဟိုဘက်ခန်းကို ပွေ့ခေါ်ခဲ့ကြ'

မျိုးကိုလွင်က အေးမေတို့ကိုမပေး။ မေမေ့ကို ပွေ့ချီယူခဲ့ပြီး အိပ်ခန်းခုတင်ထက်တွင် ချပေးလိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



မအေးမေနှင့် မသိန်းရင်တို့က မေမေ့ကို နှိပ်နယ် ပြုစုပေးနေကြသည်။

'မင်းထွက်သွားတော့။ ငါခေါ်မှ ပြန်လာ'

သူ ဝမ်းနည်းသွား၏။ ဖေဖေ့ အသံက မာသည်။ ပြောဟန်က မာသည်။ ပြောဟန်ကလည်း စိမ်းကားလှ၏။

ခုတင်စောင်းတွင် ထိုင်နေရာမှ ထမည်အပြု၌ မေမေ့ လက်များက လှုပ်ရှားလာသည်။

မေမေ့လက်များက မေ့ ရာကို ပုတ်ပြနေ၏။ မျက်လုံးများကလည်း မိမိကိုကြည့်နေသည်။

သူက နေရာမှမထတော့။ ဖေဖေလည်း ဘာမျှမပြောတော့။ လျှောင်အိမ်တွင်းမှကျားကြီးလိုသာ အခန်းတွင်း၌ ခေါက်တုံ့ခေါက်ပြန် လျှောက်နေသည်။

အတန်ကြာမှ မေမေကမအေးမေတို့ကို ထူခိုင်းသည်။ မအေးမေတို့က ခေါင်းအုံးတွေ ဆင့်ခုပေးပြီး မေမေ့ကို ထိုင်စေ၏။

ခုတင်ဘေးလာ ချပ်ပြီး ဖေဖေကမေး၏။

'ထွေး....သက်သာသွားပြီလား'

မေမေက ခေါင်းညိတ်ပြ၏။

'ကိုကို ဆရာဝန် ခေါ်လိုက်ရမလား'

မေမေက လက်ကာပြ၏။



'ဒါဖြင့် သက်သက်သာသာ နေနော်၊ စကားတွေမပြောနဲ့။ မေ့ပစ်လိုက်။ အားလုံးကို မေ့ပစ်လိုက်'

မေမေ့မျက်နှာ၌ ဘာကြောင့်မသိ၊ ပြုံးရိပ်လေး ပေါ်လာသည်။

'မေ့ပစ်လိုက်ရမယ်'

'စကားတွေ မပြောနဲ့လို့ ကိုကိုပြောနေတယ်ထွေး'

'ထွေး နေကောင်းသွားပါပြီ'

'ဒါပေမယ့် စကားတွေမပြောနဲ့။ ထွေးမောမယ်'

'ထွေး စကားပြောရမယ်'

'ဘာပြောတယ်'

'သားနဲ့ စကားပြောရမယ်။ သားနဲ့ထွေးစကားပြောလို့ ရပါတယ်။ နော်...သားရယ်'

သူက မျက်ရည်ပုံရင်း မေမေကျေနပ်အောင် ခေါင်းညိတ်ပြမိ၏။

'ကိုကို...ထွေးကို ခွင့်လွှတ်ပါ။ သားနဲ့ ပြောပါရစေ။ တစ်လုံး နှစ်လုံးတည်းပါ'

'ဖြစ်ပါ့မလား ထွေးရယ်'

www.burmeseclassic.com

www.burmeseclassic.com



'ဖြစ်ပါတယ် ကိုကို၊ မဟုတ်ရင် ထွေး ပိုရှင်မောရသိမ့်မယ်'

'ကဲ—ဒါဖြင့်ပြော—'

'ကိုကိုထွက်ပေးပါ'

'ဘာရယ်....'

'ကိုကိုထွက်ပေးပါ၊ အားလုံးတွက်ပေးပါ'

ဦးကျော်ဦးသည် မယုံနိုင်သူဒနှင့် မိမိ၏ဇနီးကိုကြည့်မိသည်။

ဇဝေဇဝါ ဖြူပျော့သော မြထွေး၏မျက်နှာနုနုတွင် သွေးရောင် ပြန်သျှမ်းနေသည်။

လှပသောမျက်နှာက ဘုရင်မတစ်ပါး၏မျက်နှာကဲ့သို့ တည်ငြိမ်ခန့်ညားနေသည်။

မျက်လုံးများကလည်း လေးနက်အေးစက်နေသည်။

မြထွေး၏ သည်အသွင်ကို မြင်ရခဲသည်။ တစ်ခါတောင်ရုံတော့ သည်အသွင်သည် မြထွေး၏ ပင်ကိုသဘာဝအသွင်ဟု မိမိ သက်သေကောင်းဖြစ်ခဲ့ဖူးသည်။

ဟုတ်သည်။ ပင်ကိုသဘာဝအသွင်။ တင်းစုံးမာစ်ရာဇာဖုံးကွယ်ထားသဖြင့် ငုပ်နှစ်နေသော ပင်ကိုသဘာဝအသွင်။

'ကောင်းပါပြီ။ မြထွေးအလိုကို ကိုကိုလိုက်ပါ့မယ်'



ဦးကျော်ဦးက အခန်းတွင်းမှထွက်သွားရာ မအေးမေတို့လည်း လိုက်ထွက်သွားကြ၏။

မေမေက ယဲ့ယဲ့ယောင်ယောင်ပြုံးပြီး သူ့ကိုကြည့်သည်၊

ဤအပြုံး၌ ကြင်နာမှုကိုလည်းတွေ့သည်။ ကြေကွဲဝမ်းနည်းမှုလည်း တွေ့သည်။

'သား....တကယ်ဆုံးဖြတ်ပြီးပြီပေါ့'

သူက ဖြည်းလေးစွာ ခေါင်းညိတ်ပြ၏

'သားရဲ့ဆုံးဖြတ်ချက်ကို မပြင်နိုင်တော့ဘူးလား သားရယ်'

သူက စဉ်းစားသည်။ ဖြစ်နိုင်လျှင် မေမေ့ကိုတော့ စိတ်မဆင်းရဲစေလို။

'မပြင်နိုင်တော့ပါဘူး မေမေ။ ပြီးတော့ ဒါဟာ သားတစ်ယောက်တည်းရဲ့ဆုံးဖြတ်ချက် မဟုတ်ပါဘူး'

'ဘာပြောတာလဲ သား....'

'မေမေ့ကို သား မဝှက်တော့ပါဘူး။ မေမေ့ကို သား ယုံတယ်'

'သားရယ်။ မေမေ့ကိုမှ သားမယုံရင် ဘယ်သူ့ကို သား သွားယုံရမှာလဲ'

www.burmeseclassic.com

www.burmeseclassic.com



'မှန်ပါတယ် မေမေ။ ဒါကြောင့် သားမှန်တာကိုပြောမယ်။ ဩော်—လေးကိုလဲ သနားပါ မေမေ'

'လေးကို....'

'ဟုတ်ပါတယ် မေမေ၊ ဒီကိစ္စအားလုံးကို သား လေးနဲ့ တိုင်ပင်ပြီး လုပ်ခဲ့တာပါ။ အမှန်ကိုဝန်ခံရရင် လေးက ဆရာပါ။ သားက နောက်လိုက်ပါ။ သားတို့နှစ်ယောက် တိုင်ပင်ပြီး ဟန်ဆောင်နေခဲ့ကြတာပါ'

'အို....ဒါဖြင့်....လေးကလဲ သားကို မယူချင်ဘူးပေါ့'

'မယူချင်ပါဘူး—မေမေ'

'ဘာဖြစ်လို့လဲ။ သူ့မှာလဲ ချစ်သူရှိနေသလား'

'မရှိပါဘူး'

'ဒါဖြင့်—ဘာဖြစ်လို့....'

'သူပြောနေကျစကားနဲ့ပဲပြောမယ်။ ကြက်တူရွေးလေးလို ရွှေလှောင်အိမ်တွင်း မနေချင်ဘူးတဲ့။ နှလုံးသားရဲ့ ရွေးချယ်ပိုင်ခွင့်ကို မစွန့်လွှတ်နိုင်ဘူးတဲ့'

'ရွှေလှောင်အိမ်တွင်းက ကြက်တူရွေးလေး၊ နှလုံးသားရဲ့ ရွေးချယ်ပိုင်ခွင့်'



မိမိဘာသာပြောသကဲ့သို့ မေမေက ဤစကားများကို ရွတ်နေ၏။

'သားရဲ့ချစ်သူအကြောင်းလဲ ပြန်ပြောပါဦး'

'သူ့နာမည် မွန်မွန်တဲ့။ မေမေ့ကိုပြချင်တယ်။ သိပ်လှပါတယ် မေမေ'

'ကိုစောသန်း....အဲ—ဦးမိန်းနွေရဲ့သမီး၊ ဟုတ်လား'

'သား—လွယ်အောင်ပြောခဲ့မိတာပါ။ အမှန်က ဆရာမိန်းနွေဟာ လူပျိုပါ။ အိမ်ထောင်မရှိပါဘူး'

'ဩော်...'

'မွန်မွန်ဟာ ဆရာ့ရဲ့တူမလေးပါ။ သမီးထက်တောင်ချစ်တဲ့ တူမလေးပါ။ သားထင်တယ်၊ ဆရာ့အတွက် သူ့တူမလေးထက်ချစ်တဲ့လူ ဒီလောကမှာ မရှိဘူးထင်တယ်'

မေမေမျက်နှာ၌ ထူးဆန်းသောခံစားမှုတစ်ရပ်ကို တွေ့လိုက်ရသည်ဟု ထင်သည်။

မေမေသည် စကားမဆက်တော့ပဲ ရှေ့တည့်တည့်သို့ စိုက်ငေးလျက် ငြိမ်နေသည်။

'မေမေ....'

'အင်—'

www.burmeseclassic.com

'မေမေ....ဘာဖြစ်သွားသလဲဟင်'

'ဘာ - ဘာမှမဖြစ်ပါဘူး သားရယ်။ ပြော... ဆက်ပြော ပါ...'

'မွန်မွန်က သူ့ဘွားဘွားကြီးနဲ့နေရတာ၊ ဘွားဘွားကြီးက တရုတ်လဲသိပ်ရှိတယ်။ မွန်မွန်ကို ဗုဒ္ဓဘာသာ မြန်မာမိန်းကလေးပီသအောင် ဘွားဘွားကြီးက မွေးလာတာ။ သူတို့အိမ်သွားရင်လေ သား သိပ်ကျေနပ်ကြီး နေတယ်။ ချစ်သူသာဆိုတယ်၊ မမမွန်က သားနဲ့တောင်မှ သိပ် ကူညီကြီးတယ်'

'ဘယ်လို ခေါ်လိုက်တယ် သား'

'မမမွန်။ မွန်...က သားထက် တစ်နှစ်လောက် ကြီးတယ် မေမေ၊ ဒါပေမယ့် သားထက်နုတယ်'

မေမေက ဂွမ်းစလေးကိုရှူပြီး မျက်လုံးများကို ပိတ်ထား လိုက်၏။

'မေမေ ဘာဖြစ်တာလဲ။ မူးလာပြန်ပြီလား မေမေ'

မေမေက ခေါင်းခါပြီး မျက်လုံးများကို ပြန်ဖွင့်၏။

မေမေ့မျက်တောင်ကော့များတွင် မျက်ရည်မှုန်များ ခိုတွဲ နေ၏။

'သားကြောင့် မေမေ စိတ်ထိခိုက်နေသလား ဟင်'



'ပြောပါသားရယ်....ဆက်ပြောပါ။ သားရဲ့အဲ...မမမွန် က သိပ်ကူညီကြီးတယ်။ ဆက်ပြောပါသား'

'သားတို့နှစ်ယောက် မေတ္တာဟာ သိပ်သန့်ရှင်းပါတယ် မေမေ။ မမမွန် ပြောသလို ပြောပြမယ်။ သားတို့မေတ္တာ နယ်မှာ ဆိုတ်ကွယ်ခြင်းဆိုတာ မရှိဘူး'

'အို...'

မေမေ့၏မျက်လုံးများ ပြန်မှိတ်သွားပြန်၏။ ခေါင်းကရှေ့ ငိုက်လာပြီး လက်များက သူ့လက်ကို ဆုပ်ကိုင်ထား၏။

သူ ထိတ်လန့်သွား၏။ မေမေ့ကို စကားတွေ အများကြီး ပြောမိသွားသလား။ မေမေ့ကို မိမိ ညှဉ်းပန်းမိနေပါသလား။

ခဏ၌ မေမေ ခေါင်း ပြန်မော့လာသည်။ မျက်လုံးများ၌ မျက်ရည်များပြည့်လျှံနေသည်။

လူးဆန်းစွာ မျက်နှာကခတော့ ပြုံးရိပ် သောင်ထားသည်။

'မေတ္တာနယ်မှာ ဆိုတ်ကွယ်ခြင်း မရှိဘူး။ အဖိုးတန်လိုက် တာ သားရယ်။ သားချစ်သူက အဲဒီလိုပြောတယ် ဟုတ် လား'

'ဟုတ်တယ် မေမေ'

'သားချစ်သူရဲ့မိဘအရင်းတွေကရော။ သူတို့အကြောင်း လဲ ပြောဦးလေ'

www.burmeseclassic.com



'မွန်မွန့်အမေနာမည်က ဝါဝါ တဲ့'

'ဝါဝါ...'

'ဟုတ်ပါတယ်။ ဆရာ့ရဲ့ တစ်ဦးတည်းသော ညီမလေး တဲ့—'

'ဝါဝါ။ အင်း—ဝါဝါ'

'သူတော့ မရှိတော့ပါဘူးမေမေ။ မွန်မွန့်ကို မွေးပြီးပြီးချင်း ဆုံးသွားသတဲ့၊ အင်မ်နီအော့တစ် ဖလူးအစ် အင်ဘလစ်ဇင်း Amniotic fluid Embolism နဲ့တဲ့။ အင်မတန်မှ ဖြစ်တောင့်ဖြစ်ခဲ ရှားပါးတဲ့ ရောဂါတဲ့။ မွန်ကရှင်းပြတယ်။ သူဆရာဝန်ဘက်လိုက်တာလဲအဲဒါကြောင့်တဲ့။ ရောဂါဗေဒမှာ ထူးချွန်တဲ့ ပါရဂူဖြစ်ချင်တယ်တဲ့'

မေမေက ခေါင်းဘညိတ်ညိတ်နှင့် နားထောင် နေရာမှ မေး၏၊

'သူ့ဖေဖေကကော....'

'သူ့ဖေဖေကလဲ သူ့မေမေ မဆုံးခင်တည်းက ဆုံးသွားတယ်တဲ့—'

'အို—နာမည်ကကော'

'မမမွန်က မပြောဘူး။ သားကလဲ မမေး ဘူး။ စိတ်မကောင်းစရာတွေမဟုတ်လား မေမေ။ ပြီးတော့ မွန်က



သူ့ဦးလေးကိုပဲ အဖေလိုချစ်တာ၊ ချစ်တာမှ သိပ်ချစ်တာ။ ခေါ်တာတောင် ဦးဖေဖေ တဲ့။ သူ့အားရုံမှာ သူ့ဦးဖေဖေပဲ ရှိတယ်ထင်တယ် မေမေ'

မေမေက ခေါင်းအုံးများကိုမှီလျက်လှဲလိုက်သည်။

မေမေ့ မျက်လုံးများက မျက်နှာကြက်ဆီသို့ စိုက်ကြည့်နေသည်။

မေမေ့ မျက်နှာ၌ ကြီးမားသော စိတ်ထိခိုက်ခြင်းကို တွေ့ရသည်ဟု သူထင်သည်။

သူလည်း စိတ်ထိခိုက်လာ၏။

အမှန်တရားကို ရင်ဆိုင်မည်ဟု ဆုံးဖြတ်ခဲ့သည်။ ဆုံးဖြတ်ခဲ့သည့်အတိုင်းလည်း ပြောခဲ့မိပြီ။

ဆုံးဖြတ်စဉ်ကမူ မေမေ ဤမျှ စိတ်ထိခိုက်မည်ဟု မိမိ ကြိုတင်မသိခဲ့။ ယခုတော့ မိမိမှားပြီလော။

သူက မေမေ့၏လက်ကို ဆုပ်ကိုင်လိုက်၏။

'သားကို ခွင့်လွှတ်ပါမေမေ'

'မေမေက ဘာကိုခွင့်လွှတ်ရမှာလဲ သားရယ်'

'သား—သားရဲ့ ရွေးချယ်ချက်ကို'

မေမေက သက်ပြင်းချ၏။

www.burmeseclassic.com

www.burmeseclassic.com



'သားရဲ့ဆုံးဖြတ်ချက်ကို မပြင်နိုင်တော့ဘူးပေါ့'

'မပြင်နိုင်တော့ပါဘူး မေမေ'

ဒေါ်မြထွေးက အတန်ကြာ ငြိမ်နေပြီးမှ ပျော့ပျောင်းစွာ ပြော၏။

'မေမေ စဉ်းစားပါရစေဦးနော် သား'

'ခင်ဗျာ....'

'မေမေ့ကို တစ်ရက်လောက် စဉ်းစားခွင့်ပေးပါသား....'

'အို...မေမေရယ်၊ သားကို အဲဒီလို မတောင်းပန်ပါနဲ့။ မေမေက သားရဲ့မေမေပါ'

'ဒါဖြင့် မေမေစဉ်းစားမယ်နော်'

'စဉ်းစားပါ မေမေရယ်။ တစ်ရက်မဟုတ်ပါဘူး။ မေမေ ကြိုက်သလောက် စဉ်းစားပါ'

'ဒီအတောအတွင်းတော့ သားက လျှောက်မလုပ်ပါနဲ့ သား။ ဖေဖေဆူရင်လဲ ခံနေပါ'

'ခံပါ့မယ် မေမေ။ မေမေ့ကိုလဲ သားချစ်ပါတယ်'

'ဒါဖြင့်ရင် သားသွားတော့။ တံခါးကိုအပြင်က ပိတ်ခဲ့။ ဘယ်သူမှ မလာပါနဲ့လို့။ မေမေအိပ်ဦးမယ်လို့'



သူက မေမေ့အနီးမှ ဖြည်းလေးစွာ ထွက်လာခဲ့သည်။ တံခါးကိုလည်း အပြင်မှ ပိတ်ခဲ့သည်။

ဒေါ်မြထွေးသည် ခြေရင်းရှိ နံရံမှနာရီကို လှမ်းကြည့်သည်။

ညနေ သုံးနာရီသာရှိသေးသည်။

အနီးရှိ စားပွဲလေးပေါ်မှ တယ်လီဖုန်းကို ဆွဲယူပြီး နံပါတ်တစ်ခုကို လှည့်၏။

'ဟဲလို...မောင်လေးလား'

'ဟာ...ဟုတ်ကဲ့မမ'

'မင်း မမဆီကို အမြန်ဆုံး လာခဲ့စမ်းပါ'

'ခင်ဗျာ... မမ ဘာဖြစ်လို့လဲ'

'မမ နေမကောင်းဘူး။ ဒါပေမယ့် ဒါက အရေးမကြီးဘူး။ မမမှာ ပြဿနာတစ်ခု ရင်ဆိုင်နေရပြီ'

'ဘာပြဿနာလဲ မမ'

'မင်းရောက်မှပြောမယ်၊ မင်း ကိုကိုနဲ့တော့ ဘာမှ ပြောဖို့မလိုဘူး၊ ဒီကိစ္စက တို့မောင်နှမ နှစ်ယောက်တည်းသာ သိရ၊ ဆိုင်တဲ့ကိစ္စ'

'လန့်လိုက်တာ... ဘာကိစ္စလဲ မမရယ်'

'အေး...ငါ့ဟာတော့ သေရတော့မယ်ထင်တယ်'

'အို...မမ ဘာတွေ လျှောက်ပြောနေတာလဲ'

www.burmeseclassic.com

www.burmeseclassic.com



'မင်း မြန်မြန်လာခဲ့ပါ'

'ကျွန်တော် အခုလာခဲ့မယ် မမ'

'အဝင်းကို ခေါ်ခဲ့ဖို့မလိုဘူး'

'ကျွန်တော် နားလည်ပါတယ် မမ'

ခေါ်မြဲသွးက တယ်လီဖုန်းကို ချလိုက်ပြီး ခေါင်းအုံးပေါ်မှီလှဲလျက်က မျက်နှာကြက်ဆီပင် ငေးကြည့်သည်။

'ဆိတ်ကွယ်ရာမရှိဘူး'

ဤစကားက ရင်တွင်း၌ ပဲ့ဘင်ထပ်နေသည်။

ချစ်ခြင်းမေတ္တာ နယ်ပယ်မှာ ဆိတ်ကွယ်ရာမရှိ။

ဤသည်က ဖြစ်နိုင်သည်။ မဖြစ်လည်း မဖြစ်နိုင်။

ကံကြမ္မာမှလွတ်အောင် ပုန်းနိုင်သောဆိတ်ကွယ်ရာဟူသည်— ရှိပါသလော—

*

အခန်း ၂၃

နှင်းကမ္ဘလာ။

ဟော့သည် နှင်းကမ္ဘလာကိုမြင်တော့ ကိုယ့်ရောဂါ ကိုယ်သိသည်။

ညနေက အတန်စောင်းသွားပြီ ဖြစ်သောကြောင့် တိုက်မှာက လူရှင်းသွားပြီ။

ပြတင်းမှ ဆောင်းလေက အေးအေးမြမြ ဝင်လာသည်။ နှင်းနှံ့ပင် ပါလာသည် ထင်၏။

www.burmeseclassic.com

www.burmeseclassic.com



ရန်ကုန်မှာက နှင်းနံ့ရဖို့ ခဲယဉ်းပါဘိခြင်း။

အမှန်တော့လည်း နှင်းဆိုသည်မှာက ရနံ့မရှိ။ ဆောင်း၏ တောနံ့ တောင်နံ့ ပန်းနံ့တွေကို နှင်းနှင့်ရောပြွမ်းပေါင်းစပ်၍ နှင်းနံ့ဟု မိမိမှတ်ယူကာ မိဟန် တူသည်။

နှင်းနံ့၊ ဆောင်းနံ့။ ခေါ်ချင်သလိုခေါ်။ သည်ရနံ့က တော့ ရှိနေသည်။ မိမိရင်တွင်းမှာ ရှိနေသည်။ လွမ်းလွမ်း ဆွတ် ဆွတ် ရှိနေသည်။

ကိုစောသန့်က ပြုံးသည်။ အင်္ဂလိပ်စာပေ သမိုင်းဦးက ရှေး စာဆိုကြီး ချော်ဆာ Chaucer နှင့် သူ့ရနံ့ကို သွားသတိရ သောကြောင့် ဖြစ်သည်။

အင်္ဂလန်မြက်တောများ၌ အလေ့ကျပေါက်သော ဒေစီပန်း ကို ချော်ဆာက ချစ်သည်။

ဒေစီပန်း လေးကို အမျိုးမျိုး ချီးမွမ်းသည်။

ဒေစီပန်း၏ ရနံ့ကြိုင်မွှေးပုံကို အမျိုးမျိုး စာဖွဲ့သည်။

ပန်းရနံ့တကာ အခြားရနံ့တကာထက် သာလွန် မွှေးပျံ့လှ ပါပေသည်ဟု သူကဆိုသည်။

ခက်သည်က ဒေစီပန်း၌ ရနံ့မရှိ။ ဘာအနံ့မျှမရှိ။

သို့ရာတွင် ချော်ဆာအတွက်တော့ ဒေစီပန်းက မွှေးပျံ့ သည်။ သူမတွေ့အောင် မွှေးပျံ့သည်။



နှောင်းခေတ်စာပေ သဘောတရားပညာရှင်တွေက ကဗျာ သဘောတရားကို ရှင်းပြကြသောအခါ သဘာဝ၌ မမွှေးသော် လည်း ချော်ဆာ၏ကဗျာ၌ မွှေးနေသည့် ဒေစီပန်းအကြောင်း ကို ရေးကြီးခွင်ကျယ် တင်ပြဆွေးနွေးကြသည်။

ဪ....ချော်ဆာတို့၊ ရှိက်စပီးယားတို့၊ ဂိုတဲလ် တို့ဆိုသည်က ဥရောပသမိုင်းတွင် ရောမကဗျာဆရာကြီးတွေကိုး။

ကဗျာအမြင်နှင့် သူတို့ပြောခဲ့သည်ကို သိပ္ပံအမြင်၊ ယုတ္တိဗေဒ အမြင်တွေနှင့် အလွယ်တကူပုတ်ထုတ်မပစ်ရဲကြ။

အင်း…မိမိ၏ နှင်းနံ့ ဆိုသည်ကလည်း သည်ပုံမျိုးလား။

မိမိ၏ ရင်တွင်းမှာ ရှိသည်လေ။ သည်တော့ ရန်ကုန်မှာ ရှိ သည် မရှိသည်က ကိစ္စမရှိ။ မိမိ၏ ရင်တွင်းမှာ ရှိသည်။

ပြီးတော့…နှင်းကမ္ဗလာ။

ကိုစောသန့်က ပြတင်းမှ လှမ်းမြင်ရသော ဖြူမှုန်ရီဝေသည့် လေဟာနယ်ကို ကြည့်သည်။

နှင်းနံ့နှင့် နှင်းကမ္ဗလာ။

အဲသည်တုန်းက နှင်းနံ့တွေ ရှိသည်။ နှင်းကမ္ဗလာကလည်း တစ်စုံတစ်ခုကို ပြည့်ဖုံးအားချ ပိတ်တော့မည်ကဲ့သို့ ရှိနေသည်။

* * *

www.burmeseclassic.com

www.burmeseclassic.com



တောင်ဝိုင်း တောင်တန်းကြီးတွေကို ကျော်တက်၍ထွက်လာခဲ့ပြီးစ လ,ရောင်က ထိန်ထိန်ကြီးတော့ မသာသေး။

လ,ရောင်က မထိန်သေးတော့ နှင်းထုက ပြာပြာဝေသည်။

လ,ရောင်ထိန်တောင်မှ ပြာသိုလ၏ သိပ်သည်းသော နှင်းကမ္ဘာကို ထွင်းဖောက်ပြီး လင်းနိုင်ပါမည်လော။

ထိန်နေသည်က စိမ်းတို့အိမ်ကြီး။ မင်္ဂလာအကြိုညမို့ ဆွေစုံမျိုးစုံ ညှော်စုံနှင့် စည်စည်ကားကား အလုပ် များနေကြသည်ထင်သည်။

ခြံကျယ်ကြီး၏အပြင် ခပေါင်းပင်ရိပ်မှ ရင်တထိတ်ထိတ်နှင့် သူစောင့်နေသည်။

လ,က အတန်လေးမြင့်ပြီး နှင်းလွှာတွေ ပြာပြာဝေမှုအရိပ်တွေကိုခိုပြီး ရွှေ့ရွှေ့လှမ်းလာသည့် ချစ်သူ၏သဏ္ဌာန်ကို ဝါးဝါးတွေ့ရသည်။

ခပေါင်းပင်ရိပ်မှထွက်ပြီး ခေတ္တကိုယ်ရောင်ပြရသည်။

စိမ်းက အပြေးလေးလာသည်။ မိမိက ဆီးကြိုရသည်။

လ,ရောင်မှ ဆိတ်ကွယ်သော ခပေါင်းပင်ရိပ်မှာ...။

ကိုယ်ချင်းလည်း ကပ်ကြသည်။ ပါးချင်းလည်း အပ်ကြသည်။

ဩော်...စိမ်း၏ပါးမှာက မျက်ရည်တွေနှင့်။



'မောင်'

'စိမ်း...'

'မလာပါနဲ့လို့ စိမ်း အတန်တန် မှာထားရက်နဲ့ ဘာကြောင့် လာခဲ့ရသလဲဟင်'

'မလာပါဘူးလို့ မောင် ကြိုးစားပါတယ် စိမ်းရယ်။ ဒါပေမယ့် စိမ်းကို တကယ် စွန့်လွှတ်ရတော့မယ်ဆိုတာ သိတော့ မောင် ရင်သိပ်နာလာကယ်။ ရင်နာတာကို မောင်မခံနိုင်တော့ဘူးစိမ်းရယ်'

'ကောတည်းက ဒါကိုသိလို့ စိမ်းကို မချစ်ပါနဲ့လို့ မောင့်ကို စိမ်း မတောင်းပန်ခဲ့ဘူးလား'

'ဟုတ်ပါတယ်။ အားလုံး မောင့်အပြစ်ပါစိမ်းရယ်'

'ဟင့်အင်း။ စိမ်းအပြစ်လဲ ပါတယ်။ စိမ်းက မောင့်ထက်ကြီးတယ်။ စိမ်းကို နှောင်ဖွဲ့တာတွေလဲ စိမ်းအသိဆုံး။ ဒီကြားထဲက စိမ်း ပျော့ညံ့ခဲ့တယ်။ သနားတာကို သနားတာနဲ့ မရပ်ပဲ စိမ်း ပျော့ညံ့ခဲ့မိတယ်'

'အဲဒါတွေ မပြောပါနဲ့တော့ စိမ်း။ မောင် ခုလာတာက စိမ်းကို လာခေါ်တာ'

'အို...'

စိမ်းက ကိုယ်လေးကို သူ့ထံမှ အနည်းငယ် ခွာလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



'မဖြစ်နိုင်တာတွေပါလားမောင်ရယ်'

'ဘာဖြစ်လို့ မဖြစ်နိုင်ရမလဲ'

'မောင်၊ ကလေးလို မတွေးပါနဲ့တော့။ မောင်က ပညာသင်လဲ မဆုံးသေးဘူး။ မောင့် ရည်မှန်းချက်တွေလဲတာမှ မအောင်မြင်သေးဘူး'

'မောင် ဒါတွေကို ဘာမှဂရုမစိုက်တော့ဘူး'

'အချစ်အတွက် အားလုံးကို စွန့်တယ်ဆိုတာမျိုး မလုပ်ပါနဲ့ မောင်။ ဥပမာ မောင့်ညီမလေး။ ဆင်းဆင်းရဲရဲနဲ့ မောင့်ကိုပညာသင်ပေးနေတဲ့ မောင့်မိခင် မုဆိုးမကြီး'

သူ့ လက်ပြင်းရိုက်၏၊ စိမ်းက မိမိ၏ ရင်ခွင်ခံစစ်မှ အားအပျော့ဆုံးနေရာကို ထိုးနှက်လာသည်။

စိမ်း၏ နူးညံ့သော လက်ဝါးလေးများက မိမိပါးကို ယုယစွာ ပွတ်သပ်လာသည်။

'ဒီည မောင့်ကို မတွေ့တော့ပါဘူးလို့ စိမ်း စိတ်ကူးသေးတယ်။ ဒါပေမယ့် အဲဒီလိုဆိုရင် မောင့်အပေါ် စိမ်း သိပ်စိမ်းစိမ်းကားကားလုပ်ရာကျသွားမယ်။ ဒါကြောင့် စိမ်း စွန့်လာခဲ့ရတယ်။ မောင်နဲ့စိမ်း ဝေးသွားရတဲ့အခါမှာ ကခြား မောင်ထင်ချင်သလိုထင်နိုင်တယ်။ စိမ်းဟာ နှလုံးသားတင်းမဲ့ပြီး မောင့်ကိုစိမ်း—စိမ်းစိမ်းကားကား လုပ်သွားတယ်လို့တော့ မောင် မထင်သွား စေချင်ဘူး'



'စိမ်းဟာ...မောင့်ကို စိမ်းကားတယ်လို့ မောင် မပြောပါဘူး'

'အဲဒီလိုဆိုရင် သိပ်ကျေးဇူးတင်တယ် မောင်၊ ဒီတော့ စိမ်း တစ်ခုပြောပါရစေ'

'ပြောပါ စိမ်း....'

'စိမ်းတို့ဟာ....မနေနိုင်တာအတွက် ဘာကြောင့် စိတ်အပင်ပန်းခံကြမလဲ။ ပြီးတော့နဲ့ ဘဝမှာ စိတ် နှစ်သိမ့်မနေနိုင်ကြဘူးလား'

'ဘာပြောတယ် စိမ်း....'

'အချစ်ဆိုတာဟာ ပိုင်ဆိုင်လို့ခြင်းပဲဆိုတာကို စိမ်းမယုံဘူး။ ပိုင်ဆိုင်လိုတိုင်း မပိုင်ဆိုင်ရပါဘူး။ အဲဒါဟာ ကမ္ဘာဦးကတည်းက နိယာမလို့ စိမ်း ထင်တယ်'

'ဒါပေမယ့် မပိုင်ဆိုင်နိုင် မပိုင်ဆိုင်ရလို့မချစ်ကြရတော့ဘူးလား။ ကွဲကွာရတာမို့ ရုပ်ဘဏ်ယားနှင့် မူနော့ အစိတ်စိတ်ကွဲပြီး ပျောက်သွားရတာလို အချစ်ဆိုတာဟာ သုညဖြစ်သွားရမလား'

သူက အံ့ဩစွာနှင့် စိမ်းကိုကြည့်သည်။

ခေါင်းပင်ရိပ်တွင်းမှာဖြစ်သော်လည်း စိမ်း၏ လဲ့လဲ့ဝင်းသော အသားလေးတွေဆီမှာ လ ရောင်အလင်းက ရှိမ်းရှိမ်းလက်ဟပ်နေသည်။

www.burmeseclassic.com

www.burmeseclassic.com



ဩြော်—စိမ်း—။ မမစိမ်း။ လှသည်။ ခန့်ညားသည်။ တည်ငြိမ်သည်။

'စိမ်းတို့ဟာ... တစ်ယောက်ကိုတစ်ယောက် မပိုင်ဆိုင်ရပေမယ့် အချစ်ကိုတော့ ပိုင်ဆိုင်ဖူးပြီပဲ မောင်။ သန့်တဲ့အချစ်၊ မြတ်တဲ့အချစ်၊ ဩြော်—မောင်ပြောခဲ့တဲ့ ဆိတ်ကွယ်ခြင်းမရှိတဲ့အချစ်။ အဲဒါကို တစ်သက်လုံး စိမ်းနဲ့မောင်—နှလုံးသားမှာ ဆောင်မသွားနိုင်ကြဘူးလား'

သူ ဇက်ကျိုးကျသွားသည်။ သူ့မာန်ကိုလည်း ချိုးချခဲ့ရသည်။

စိမ်း၏လည်တိုင်ကြော့အခြေ ရင်ခွင်ဗွေမှာ မျက်နှာအပ်ပြီး ချစ်သူ၏ကိုယ်လေးကို နောက်ဆုံးအဖြစ် တင်းကျပ်စွာပွေ့ထားမိသည်။

စိမ်းကိုကျော်ခိုင်းပြီး ပြန်လာတော့ ပိတ်ဆီးနေသော နှင်းကမ္ဘာတွင်းသို့ တိုးဝင်လာခဲ့ရသည်။

ကမ္ဘာခြားလေပြီ စိမ်း—'

● ✱ ●



ကိုစောသန့်က အတွေးမှုမြင်ကွင်းကို ဖျောက်ပယ်ပစ်လိုက်သည်။

အတွေးမှုမြင်ကွင်းကို ဖျောက်ပယ်သည် ဆိုခြင်းကလည်း အမှန်က စိတ္တဇနှင်းကမ္ဘာသာကို ဇွတ်ချလိုက်ခြင်းပါ။

မှုန်သော၊ ရီသော၊ ဝါးသော၊ ဝေးသော အမှတ်ဆိုသည့်နေရာ၊ အချိန်ကြီးမှာ ပျောက်ကွယ်ပြီထင်သော အရာတွေက သညာဘရားအဖြစ် ကိန်းနေလေဦးမည်။

ကောင်းကင်က လျှပ်ပန်းပမာ။ မပေါ်ခင်ကလည်း မရှိ။ ပေါ်ပြီးတော့လည်းမရှိ။ အကြောင်းပေါင်းဆုံလျှင်တော့ ပေါ်သည်။

ပေါ်ပါစေတော့။ ပေါ်ချင်လျှင်ပေါ်ပါစေတော့။ ပြီးတော့ ပျောက်ပါစေ။

ကိုစောသန့်က စားပွဲပေါ်မှအလုပ်လေးများကို လက်စ စ, သိမ်းသည်။

'ကမ္ဘာခြားသည့်သို့မို့.... ထင်မှားမိ— စိဘ်မှာ
အခါခါ...။ ခုမျှားဖြင့်ကိုယ့်ရင်မှာ တိမ်သလ္လာ။
သောကလေလား— ဒေါသပေလား.... နှလုံး
သားက မိုးသားတိမ်လွှာ...

အလုပ်လုပ်ရင်း အသံမထွက်ပဲ စိတ်တွင်းမှသာ ကိုယ့်သီချင်းကို ကိုယ်ပြန်ညည်းနေမိသည်။

www.burmeseclassic.com

www.burmeseclassic.com

ဪ...ဤသည်ကလည်း လျှပ်ပန်းပေါ့။ အလင်းခိုးထွက်ခဲ့သော လျှပ်ပန်းပေါ့။

ဖန်တီးမှုအနုပညာမှာ အလင်းခိုးထွက်သော လျှပ်ပန်းတွေ ဘယ်မျှပါနေသနည်း။

ကြမ်းပြင်က သိမ့်ခနဲဖြစ်သွား၏။ စာမူတွေထည့်ထားသော ထွဲအိတ်ကြီးကို စားပွဲပေါ်ပစ်တင်ပြီး ကုလားထိုင်တွင်ဝင်ထိုင်လျက် ရှန်ဂရီလာမွန်းက 'ရှူး' ဟု ပါးစပ်မှ လေမှုတ်ထုတ်လိုက်၏။

'ရခဲ့ပြီလား...'

'အေး... အကုန်လုံးကို ချော့ချော့မော့မော့ ချပေးလိုက်တယ်...ဪ...'

ရှန်ဂရီလာမွန်းက စာမူအထုပ်ကြီးတစ်ခုကို သီးသန့်ဆွဲထုတ်ယူလျက်ပြ၏။

'ဒီမှာ မင်းရဲ့လေး စာမူလဲချပေးလိုက်ပြီ'

'ငါ့ရဲ့လေး မဟုတ်ပါဘူး။ မင်းတို့ငါတို့ရဲ့ မိလွမ်းပျော်ပါ'

'အေးပါ...ထားပါတော့။ ဒါ သူ့ရဲ့ ပထမဆုံးဝတ္ထုရှည်ပဲ။ ဝမ်းသာလိမ့်မယ်ထင်တယ်'

'ဝမ်းသာမှာပေါ့ကွာ၊ ဝမ်းမသာပဲ ရှိပါ့မလား'



'အင်း....ဒါတွေတော့ တို့ရဲ့ ဝမ်းမသာနိုင်သောနေ့များကို သွားသတိရတယ်'

ကိုစောသန့်က ဘာမျှမပြော။

ရှန်ဂရီလာမွန်းက လေးဖြူ၏စာမူကို လက်တွင်းဖွဲ့ကိုင်လျက် စိုက်ကြည့်နေသည်။

'ငါ့မှာ စိတ္တဇ သံမှိုစွဲသလိုဖြစ်နေတယ်။ ကဗောင်သစ်ဟစ်ဦးရဲ့ ဟောဒီလို စာမူတင်ခွက်ကို ကိုင်မိတိုင်း...'

'မေ့ပစ်လိုက်ပါကွာ'

'မေ့ပစ်လို့မရတာပေါ့ စိတ္တဇ သံမှိုစွဲမှုဆိုတဲ့ စကားကို ငါ သုံးတာပေါ့။ အထူးသဖြင့် မင်းရဲ့စာမူကြီးကို ငါ သွားသတိရတယ်။ အဲဒီတုန်းက ငါ့ရင် အနာဆုံးပဲ'

ကိုစောသန့်ကိုယ်တိုင် ငိုင်သွားသည်။ မိမိမှာလည်း စိတ္တဇ သံမှိုရှိသည်။ ရှန်ဂရီလာ၏ သံမှိုထက်ပင် ပိုစူးရှမည်ထင်၏။

စောစောတုန်းကကဲ့သို့ပင် စိတ္တဇနှင်းကမ္ဘာကို ဖွတ်ချပစ်ပြီး ကိုစောသန့်က ပြုံးလျက်ဆိုသည်။

'ဟိုတစ်နေ့က ဆရာဘက်ကြီးက တို့တိုက်ကို ရှန်ဂရီလာပဲဟော့ လို့ ချီးမွမ်းသွားတာ မှတ်မိလား'

'အား....အင်း'

www.burmeseclassic.com

www.burmeseclassic.com



'ဒီလိုဆိုရင် တို့ရင်နာခဲ့ဘာတွေ၊ တို့နစ်နာခဲ့ဘာတွေကျေပါပြီ'

'တို့ အရင်း အနှီးတော့ ကြီးခဲ့ကြတယ်နော်'

'ဘော်တော့ကွာ သူငယ်ချင်း'

ရှန်ဂရီလာမှန်းက လေးဖြူ၏ စာမူကို ကိုစောသန့်အား လှမ်းပေး၏။

ကိုစောသန့်က စာမူကို သူ့ သေတ္တာနက်လေးတွင်းသို့ ထည့်လိုက်သည်။

ကားမောင်းပြီး အိမ်ပြန်ခဲ့သည်။ နွေဘာတိုချိန် ဖြစ်သောကြောင့် ညနေက အိုမင်းချိန်စောသည်။

နှင်းပြာပြာတွေက ကမ္ဘလာ ဆန်ချင်နေသည်။

သည်တစ်ခါတော့ ရင်တွင်းမှ ကမ္ဘလာက ဖွင့်ပြသည်။

နွေဦး....။ ရွက်ဝါတွေ ရိုင်းရိုင်းကြွေနေသော နွေဦး—။

* ● *

စောသန့်က ရင်ခွင်တွင်းမှ ကလေးငယ်ကို ငုံ့ကြည့်မိသည်။



အသားလေးတွေက ဝင်းဝါသည်။ မျက်လုံးလေးတွေက မပွင့်တတ်ပွင့်တတ်။ နှုတ်ခမ်းနီနီလေးတွေကတော့ တစ်စုံတစ်ရာကို မျှော်လင့် တောင်းဆိုနေသည်။

အနှီးထုပ်တွင်းမှ ခြေသောက်လေးများက ရုန်းကန်နေကြသည်။

လက်သီးဆုပ် လှုလှုလေးတစ်ခုက နှုတ်ခမ်းလေးဆီ ရောက်သွား၏။ သနားဖွယ်စို့စုပ်သံလေးများ ပေါ်လာ၏။

အပြင်ဘက်ဆီမှ ကြွေခက်ကို လေသိမ်းသဖြင့် လျှောတိုက်လွင့်မျောသံများ ထွက်ပေါ်လာနေသည်။

လူတစ်ယောက်၏ ဘဝဆိုတာကို ဘယ်လို ကြည့်ကြပါသနည်း။

ရွက်ဝါလို ကြည့်သိုက်ကြပါသလော။ အချိန်တန်တော့ ကြွေပေါ့၊ ကြွေချင် ကြွေကြပေါ့၊ လေတိုက်ရာလွင့်ပါး။ လွင့်ပါးချင်ရာ လွင့်ပါ။ သည်လိုကြည့်လိုက်ကြပါသလား။

ဟောသည် ကလေးငယ်၊ သစ်ရွက်လိုလာဖြစ်ရသည်။

သစ်ရွက်ဝါဝါလေးလို လောကတစ်နေရာမှာ သူ့ ထိုက်နှင့် သူ့ ကံ။

လမ်းဘေးမှ သစ်ရွက်ဝါလေးလို။ သူ့ ထိုက်နှင့် သူ့ ကံ။

သူ့ အဖေဆိုသည့်ကောင်က သည်လိုကြည့်လိုက်ပါသလော။

www.burmeseclassic.com

www.burmeseclassic.com



သူ့အမေဆိုသည့် ရှက်နုလှလှလေးကိုပင် အချိန်မတိုင်မီ မြေကျအောင် ခြွေချသွားရက်သူက သည်ကလေးအတွက် ဘာတွေ ဘည့်တွက်မည်နည်း။

'မင်း လုပ်ရက်တယ် ကွာ။ မင်း ငါ့မျက်နှာ တောင် မထောက်ဘူးပေါ့။ မင်းကို ငါသတ်မယ်။ မင်းကို ငါ သတ်ပြီးမှ ငါ ကြိုးစင်တက်မယ်'

ရင်မှာက ပြည့်လျှမ်း လာသည်။ မျက်လုံးများတွင်လည်း မျက်ရည်များနှင့် ပြည့်လျှမ်းလာသည်။

သည်မျက်ရည်တွေက သောက၏မျက်ရည်တွေလော။ ဒေါသ၏ မျက်ရည်တွေလော။

ကလေးက လက်သီးဆုပ်လေးကို လွှတ်လိုက်ပြီး ငိုသည်။

'အို... အို... အေ...အေ....။ တိတ်ပါကွယ် သမီးလေး ရယ်၊ ဦးဦးချီထားတယ်လေ။ သမီးမှာ ဦးဦးရှိပါတယ်။ သမီးဖေဖေပေါ့။ သမီး...သမီးရဲ့... ဦး....ဦးဖေဖေပါ'

ပြောရင်းက သူ့မျက်ရည်ကျသည်။ သည်မျက်ရည်ကမူ ဒေါသ၏ မျက်ရည်မဟုတ်ကြောင်း သူသိသည်။

မေမေက နို့ဘူးလေးတစ်လုံးနှင့် နောက်ဖေးချောင်မှ ထွက်လာသည်။

နို့ဘူးဘွင်းက အရည်တွေ၏ အရောင်က မဖြူ။ ဝါညိုညို။



မေမေက ကလေးကို မိမိထံမှ လက်ပြောင်းယူပြီး ကလေး၏ ပါးစပ်တွင် နို့ဘူးတပ်ပေးသည်။ ကလေးက မြိန်ရေရှက်ရေ စို့သည်။

'မေမေ...။ ဒါ...ဘာရေလဲ'

'နွယ်ချိုရည်ပါ...သား'

'ကလေးက နွယ်ချိုရည်သောက်သလား'

'သြော်...သားရယ်....။ ဆာရှာတော့လဲ သောက်ရှာ ကာပေါ့'

'ဟင်....နို့....နို့ကော...'

'နေ့ခင်းကပဲ နို့မှုန့်ကုန်သွားတယ် သား'

'ထပ်မဝယ်ဘူးလား မေမေ။ မေမေ့မှာ ပိုက်ဆံမရှိ တော့ဘူးလား'

'မနေ့ခင်က သမီးကိုပြုစုခဲ့ရတယ်။ ပြီးတော့ သင်္ဂြိုဟ် ခဲ့ရတယ်။ မေမေ့မှာ ပိုက်ဆံပြတ်သွားပြီ သား'

'ဟင်....။ ဒါဖြင့် နောက်နေ့တွေ ဘယ်လိုလုပ်မလဲ'

'မောင်တော်ကြာ မမမ ငွေ ထွက်...ထုတ်ချေးမယ်'

သူက နွယ်ချိုရည်သောက်နေသော ကလေးကို ကြည့်သည်။

www.burmeseclassic.com

www.burmeseclassic.com



သူ့ရင်က နာလာသည်။ မခံနိုင်အောင်နာလာသည်။

ငလေးကို သူစိုက်ကြည့်သည်။ ကလေးတစ်ယောက်၏ ချစ်ဖွယ်၊ သနားဖွယ်ကို ပထမဦးဆုံးအကြိမ်အဖြစ် ရင်တွင်းမှာ နှိုက်နှိုက်နဲ့နဲ့ သူသိလိုက်ကြောင်း သတိပြုမိသည်။

စောစောက အာမှတ်မထင်ပြောမိခဲ့သော သူ့စကားများကို သူ ပြန်အမှတ်ရသည်။

'သမီးမှာ ဦးဦးရှိပါတယ်။ သမီးဖေဖေပါ'

သူက အိမ်ရှေ့သို့ ချာခနဲလှည့်ထွက်ခဲ့သည်။

အိုမင်းယိုင်နဲ့နေပြီဖြစ်သောစက်ဘီးကို နင်းပြီး မြို့တွင်းသို့ ထွက်ခဲ့၏။

မော်လမြိုင်အောက်လမ်းမကြီးနှင့် ကမ်းနားဆင်းသောလမ်း တစ်ခု၏ထောင့်မှ အိမ်ရှေ့တွင် သူရပ်လိုက်၏။

အိမ်၏ခါးလယ်တွင် 'မြသလွင်ပုံနှိပ်စက်' ဟု ဆိုင်းဘုတ်တစ်ခုရှိသည်။

ခဲစာလုံးခွက်ဖွေထားရာနှင့် တစ်ဆက်တည်းဖြစ်နေသော အိမ်ရှေ့ခန်းသို့ သူဝင်လိုက်သည်။

ပိန်ပိန်ရှည်ရှည်နှင့်ပုဂ္ဂိုလ်က နှုတ်ဆက်၏။

'ဟ....စောသန့်။ ဘယ်တုန်းကပြန်ရောက်လဲ'



'ဒီနေ့ပဲ ကိုကြီးလွင်။ ဪ—ကျွန်တော် ရန်ကုန်ကို တယ်လီဖုန်း ဆက်ချင်လို့'

'ဆက်လေ....။ ဆက်ပါ'

သူက တယ်လီဖုန်းကိုလှည့်ပြီး ရန်ကုန်သို့ ဘွတ်ခ်လုပ်၍ ပြန်ချထားသည်။

'မင်း ဘက်ကြီးထက္ကသိုလ်ကို ပြောင်းတက်မယ်ဆို'

'ဟုတ်ကဲ့'

'ဘာလဲ၊ အလုပ်လုပ်နေသလား'

'ဟုတ်ကဲ့'

'ဘာလုပ်သလဲ'

'ပုံနှိပ်စက်တစ်ခုမှာပါ'

'အယ်ဒီတာလား'

'ဟေ့ပါရဲ့ ကိုကြီးလွင်။ စာပြင်တယ်။ ကော်နှိုက်တယ်။ စာအုပ်ထုပ်တယ်။ စာတိုက်ပို့တယ်၊ ခိုင်းတာအကုန်လုပ်ရတာပဲ'

'မင်း... စာမရေးဘူးလား...'

'ရေးတာပေါ့ ကိုကြီးလွင်။ ဒါပေမယ့် နာမည်မရှိသေးတဲ့ ကျွန်တော်တို့စာအုပ်ကို ဘယ်သူက ထုတ်ပေးမှာလဲ'

www.burmeseclassic.com

www.burmeseclassic.com



'အေးကွာ။ ငါစက်ကလဲ မင်္ဂလာဆောင်ဖိတ်စာနဲ့ ဆေးကြော်ငြာလောက်နဲ့ အသက်ရှင်နေရတယ်'

တယ်လီဖုန်းကမြည်လာသဖြင့် ဇော်သန့်က ထ ကိုင်သည်။

'ရန်ကုန်ရပါပြီ။ ပြောပါ'

ခဏအကြာ၌ တစ်ဘက်မှ 'ဟဲလို' ဟု ထူးသံကြားရ၏။

'ဩော် ဦးလေး။ ကျွန်တော် မောင်ဇော်သန့်ပါ။ မရှိမသေ ကိုညိုသင်းနဲ့ ခဏပြောပါရစေ'

အတန်ကြာဆိုင်းနေပြီးမှ 'ခဏကိုင်ထား' ဟု ထန့်ထန့်မာမာဆိုသည်။

ဩော် တိုက်ကြီးရှင်ဓာ အလုပ်သမားတစ်ဦးကို ဘယ်မှာ ကြည်ကြည်ဖြူဖြူ ခေါ်ပေးချင်ပါမည်နည်း။

'ဇော်သန့်လားဟေ့'

'ဟုတ်တယ်'

'ဘာကိစ္စထူးလို့လဲ'

'နောက်မှ ငါပြောမယ်။ မင်း ဟို ငါ့ခွာမှုကိုလုပ်လိုက်တော့'

'ဟေ...တကယ် ပြောတာလား'

'တကယ်ပြောနေတာ'



'ငါ့နားငါ မယုံမိဘူး'

'ဒီလိုပေါ့ကွာ'

'ငါစိတ်မကောင်းဘူး'

'မင်းအဖြစ်ကကော'

'ဒါက ငါမှာ ငါ့ရည်ရွယ်ချက်နဲ့'

'အေး...ငါမှာလဲငါ့ရည်ရွယ်ချက်နဲ့'

တစ်ဘက်မှ စကားသံ ပေါ်မလာ။

'ညိုသင်းရေ...'

'အင်း...'

'ဘယ်လောက်လောက်ရမလဲ'

'အစဦးမှာ သုံးရာလောက်တော့ ရမယ်။ အေး... ရနိုင်ပါတယ်'

'သုံးရာ'

'အင်း...'

သူက သက်ပြင်းရှိုက်၏။

'အေးလေ။ လုပ်လိုက်ပါတော့။ ပြီးတော့ မင်း...ငါ့ဆီ ငွေအမြန်ဆုံးပို့ပေးစမ်းပါ'

www.burmeseclassic.com

www.burmeseclassic.com



‘မင်း ငွေလိုနေသလား’

‘လိုနေတယ်။ အခုကို လိုနေတယ်’

‘ကောင်းပြီလေ။ စိတ်ချ’

သူ တယ်လီဖုန်းကိုချလိုက်သောအခါ ကိုကြီးလွင်က မေး၏။

‘မင်း စာမူရောင်းတာလား’

သူက ခေါင်းညိတ်ပြ၏။

‘နို့...ထုတ်ပေးမယ့်လူ မရှိဘူးဆို’

သူက ပြုံး၏။ သူ့အပြုံးက ဘယ်ပုံထွက်နေမည်မသိ။

‘ဟုတ်တယ်။ ထုတ်ပေးမယ့်သူတော့ မရှိဘူး။ စာမူဝယ်မယ့်လူတော့ ရှိတယ်’

‘မင့်စကား ငါနားမလည်ဘူး’

‘နောက်တော့ နားလည်လာပါလိမ့်မယ် ကိုကြီးလွင်။ အဲဒါထက် ကျွန်တော့်ကို ငွေတစ်ရာလောက် လည်ပါ လား’

‘ငွေတစ်ရာ’

‘ညီလင်းဆီက ငွေလာလာချင်း ကျွန်တော် ပြန်ပေးပါ့မယ်’



‘ကောင်းကွာ။ ငါ့ဆီကလဲ တယ်လီဖုန်းအလကား လာပြောတယ်။ ငွေလဲချေးသေးတယ်။ ငါ့အခင်းတို့ရန်ကုန်က ပက်ဘလစ်ရှာတွေလို သူဌေးမဟုတ်ဘူး’

‘ကျွန်တော့်မှာ အခက်အခဲတွေနေလို့ပါ’

‘ငါကလဲ စာရေးဆရာ ကဗျာဆရာတွေနဲ့ပဲ ပေါင်းမိတယ်။ အခက်အခဲတွေမနေတဲ့ စာရေးဆရာနဲ့ ကဗျာဆရာဆိုလို့ တစ်ခါမှ ငါမတွေ့ဖူးသေးဘူး’

ဤသို့သာ ညည်းသည်။ ပါလစ်ရောင် မရှိတော့သော သူ့စားပွဲဟောင်းလေးမှ အံဆွဲကိုဖွင့်ပြီး ငွေတစ်ရာ ထုတ်ပေးသည်။

ညနေစောင်းစ အိမ်ဘက်သို့ စက်ဘီးနင်းလာချိန်၌ လေက ရှေ့ဘက်တည့်တည့်မှ ရင်ဘတ်ကို လာတိုးနေသည်။ လမ်းကလည်း ကုန်းအတက်။

သူက စက်ဘီးကို အားစိုက်ဖိနင်းသည်။

သူ့စက်ဘီး နောက်ခုံတွင် လက်တိုဂျင်နို့မှုန့် နှစ်ပေါင်ခွဲဘူး လေးလုံးပါလာသည်။ တစ်ဘူးကို နှစ်ဆယ်။ တစ်လတော့ တိုက်နိုင်မည်ထင်သည်။

ကြိုးနှင့် သေသေချာချာ ချည်တုပ်လာလျက်က နောက်သို့ မကြာခဏလှည့်ကြည့်မိသည်။ ကျကျန်ရစ်မည် စိုးသည်။

www.burmeseclassic.com

www.burmeseclassic.com



လမ်းဘေး ပိတောက်ပင်ကြီးတွေထက် ရွက်နုတွေ စိမ်းလွင်နေသည်။ ပင်ခြေမြေမှာတော့ လေတိုက်သဖြင့် ရွက်ကြွေတွေ တသဲသဲ လိမ့်လွင့်နေကြသည်။

စက်ဘီးကို ဖိနင်းရင်း စိတ်တွင်းမှာကျိတ်၍ ကြုံးဝါးသည်။

'ပေဖြစ်တုန်း ခံသပေါ့။ တူဖြစ်ရင်တော့....'

ထူးဆန်းစွာ သူ့ရင်မှာ ဒေါသတွေ ငြိမ်းနေသည်ကို သတိပြုမိ၏။

နွယ်ချိုရည်ကို မြိန်ယှက်စွာ စို့နေသော တူမလေး၏ ချစ်စဖွယ် သနားစဖွယ် အသွင်လေးက မျက်စိတွင်းမှာ ပေါ်လာသည်။

အင်း...တူဖြစ်လျှင်လည်း မထုပါ။ မထုလိုပါ။

ပေလည်း မဖြစ်ပါရစေနှင့်တော့။ တူလည်း မဖြစ်ပါရစေနှင့်...။

* * *

မငယ်ဖွင့်ပေးသော တံခါးမှနေ၍ သူက ကားကို မောင်းဝင်လာသည်။



ကား ဂိုဒေါင်တွင်းကားစက်ကိုသတ်လိုက်သောအခါ သာယာနေဝစည်သည့် ပီယာနိုအသံကို ကြားရသည်။ သမီး လက်သံ။

လေဆန် ကုန်းတက်ကို စက်ဘီးနင်းလာရသည်မဟုတ်။ ကားလေးနှင့်လာရတော့ သူမမော။

ကြော် စိတ်မောသကဲ့သို့ ဖြစ်ခဲ့သမျှလည်း သမီး၏ ပီယာနိုသံကြောင့် ပျောက်ပြယ်ပြေးသည်။

သူက ကားတွင်းမှဆင်းရင်း ဘဝကို ကျေနပ်စွာနှင့် ပြုံးလိုက်၏။

သူ ဂိုဒေါင်မှအထွက်၌ ပီယာနိုသံရပ်သွားသည်။

ထုံးစံအတိုင်း ဂွမ်းပုံက ရှေ့မှပြေးဆင်းလာသည်။

အိမ်ဝ၌ သမီးလည်း ပေါ်လာသည်။

သမီးက ရွှေဝါရောင်အင်္ကျီအဘိ တူညီဝတ်စုံဆင်ထားသည်။ တစ်အိမ်လုံးဝင်းသည်။ တင်ခြံလုံးဝင်းသည်။

သမီးကလည်း မိမိဆီပြေးဆင်းလာသည်။ မိမိလက်မှသေတ္တာလေးကို ယူသည်။ မိမိလက်မောင်းတစ်ဖက်ကို ကိုင်ပြီး မိမိနှင့်ယှဉ်လျက် လျှောက်သည်။

အပျိုကြီးဖားဖားဖြစ်နေသည့် သမီးအလှ။

www.burmeseclassic.com

www.burmeseclassic.com



သည့်အရွယ်ရောက်အောင် မိမိ အယ်သို့မွေးကျွေးလာခဲ့သည်ကို ပြောပြချင်သည်။

တစ်နေ့တော့ ပြောပြချင်သည်။ ခုတော့ အကုန်လုံးတော့ မဟုတ်။

*

## အခန်း ၂၄

'...မောင်က လူဆောင်ပါ။ လူလှောင်ဆိုသော က ပြောဆိမ်းပေးသည်။ တောတောင် ရေမြေတွေပေါ်မှာရော။ သစ်ပင်တွေပေါ်မှာရော။ ကျွန်မကိုယ်ပေါ်မှာရော။ ဒါကိုသိရဲ့လားမောင်။ လူဆောင် ပြောဆိမ်းခံရတော့ အရိပ်လည်းကျရသည်။ အဲဒါကိုရော သိပါသလား။

www.burmeseclassic.com

www.burmeseclassic.com



လ,မင်းကြီးက တိုဘက်ကမ္ဘာခြမ်းမှာ သွား သွားပေးဦးမည်။ ကျွန်မ အပြစ်မတင်ပါ။ သဘာဝကိုး—။

ဒါပေမယ့်—အဲဒီကျတော့ ကျွန်မ ကမ္ဘာခြမ်းက မှောင်သွားသည် မောင်။ မှောင်သွားသည်ဆိုတော့ အရိပ်ရှိပါတော့မလား။ အမှောင်ပေါ်မှာ အရိပ်ထင်ပါသလား။

အရိပ်ထင်သည် မောင်။ ကျွန်မနှလုံးသား ကမ္ဘာမှာတော့ လ,ရောင်မရှိပေမယ့် အရိပ်ထင်ပါသည် မောင်—’

မိလွှမ်းပျော်က သည်အတိုင်းရေးထားသည်။ ကိုစောသန့်က ဘောလ်ပင်အနီဖြင့် ညွှန်ကြားမှုသင်္ကေတ ပြုပြီး ‘မောင်က လရောင်ပါ’ ကို သီးသန့်စာတစ်ကြောင်းအဖြစ် ခွဲခြားပစ်သည်။

‘အဲဒါကိုရော သိပါသလား’ က ဆတ်မာသကဲ့သို့ဖြစ်နေသည်။ မင်နီဖြင့် ‘မောင်’ ဟု အဆုံးသတ်စကားလုံးဖြည့်ပေးမည်ပြင်သည်။ သို့ရာတွင် တင်စုံတင်ရာနားလည်မှုက သူ့လက်ကို ဆိုင်းခိုင်းသည်။

ကိုစောသန့်က စာပိုဒ်ကိုပြန်ဖတ်သည်။ မိလွှမ်းပျော် ဘာ ပြောနေသည်ကို နားလည်လာသည်။



‘ဒါကိုသိရဲ့လား မောင်’ နှင့် ‘အဲဒါကိုရောသိပါသလား’ နှစ်ခုကြားတွင် ခံစားမှုခြားနားချက်ရှိနေသည်။ ‘ဒါကို သိရဲ့ လား မောင်’ က ဝမ်းနည်းမှုကိုပြောသည်။ ‘အဲဒါကိုရောသိပါ သလား—’။ သည်မှာတော့ အပြစ်တင်မှုနှင့် ဒေါသရိပ်လေး ပါသည်။ သည်တော့ ဆတ်မာနေသည်။

ကိုစောသန့်က စာလုံးမဖြည့်တော့။ သူ့အတိုင်းက ရစ်သင်မ် နှိန်နေသည်။ ‘လမင်းကြီး’ နှင့်စသော စကားများနှင့် အပိုဒ် သာ ခွဲပေးလိုက်သည်။

‘အဲဒီကျတော့’ ကိုမူ ‘အဲဒီအခါကျတော့’ ဟု သူပြင်လိုက် သည်။ ‘ကျွန်မကမ္ဘာခြမ်း’ ကို ‘ကျွန်မရဲ့ကမ္ဘာခြမ်း’ ဟု ပြင်မည် ကြံသည်။ ပြင်မရကြောင်းလည်း ချက်ချင်းသိသည်။ ‘ကျွန်မ ကမ္ဘာခြမ်း’ ဆိုသည်မှာက အင်အားရှိသည်။ ငုပ်ကိန်းနေသော အဓိပ္ပာယ်အင်အား—။

မိမိက အယ်ဒီတာချုပ်။ မိမိတို့ဂေဇင်းများ၌ ထည့်သော ဝတ္ထုများကိုသာမဟုတ်။ မိမိတို့တိုက်မှထုတ်သော ဝတ္ထုများ ကိုပါ (ဆရာ့ဆရာကြီးများ၏ဝတ္ထု တွေ့က လွဲ၍) မိမိတည်းဖြတ် သည်။ မိမိ၏တည်းဖြတ်ပိုင်ခွင့်ကိုမူ မိမိမစွန့်။

တည်းဖြတ်သည်ဆိုခြင်းက အနိုင်ကျင့်ခြင်းမဟုတ်။ ကူညီ အားဖြည့်ခြင်းသာဖြစ်သည်။

ဤအသိ၊ ဤစေတနာနှင့်လုပ်သဖြင့် တည်းဖြတ်မှုက ပြင် ပန်းသည်။

www.burmeseclassic.com

www.burmeseclassic.com



ဟောသည့်သို့ မချောလေးတွေ၏စာကို တည်းဖြတ်ရသော အခါ ပိုပင်ပန်းသည်။

ဇာတ်လမ်း plot၊ ဇာတ်ဆောင်စရိုက် character ကို တော်တော် ဆွေးနွေးခဲ့ကြသည်။ သည်နှစ်ခုကို သီးခြားကိစ္စအဖြစ် ဆွေးနွေးကြသည်။

မှန်သင့်သမျှတော့မှန်သည်။ ဇာတ်ဆောင်စရိုက်မပါပဲ ဇာတ်လမ်းကိုချည်း ဦးစားပေးရေးသောအခါ အချို့သောအပျော် ပြေ စုံထောက်ဝတ္ထုများကဲ့သို့ အဖြစ်အပျက် အစေခိုင်းတဲ့ episodic ဝတ္ထုသာဖြစ်သွားသည်။

ဇာတ်လမ်းကိုဂရုမစိုက်ပဲ ဇာတ်ဆောင်စရိုက်ကိုသာ လျှောက် ရေးသွားပြန်တော့ ဆလီလကွီ soliloquy ခေါ် တစ်ဦးတည်း ကိုယ့်ကိုယ်ကို စကားပြောခြင်းသာဖြစ်သွားတတ်သည်။

သက်သက်ညှ ညှာ ခေါ်လျှင်တော့ ကလော့ဇက်တ် ဒရာမာ closet drama ခေါ် ဖတ်ရုံမှတပါး သရုပ်ဖော်မရသည့် ပုဂ္ဂလိက ရင်ဖွင့်ဇာတ်သာ ဖြစ်သွားသည်။

အမှန်တော့ ဇာတ်လမ်း၊ ဇာတ်ဆောင်စရိုက်၊ ဇာတ်အဖြစ် အပျက်နှင့် လှုပ်ရှားမှု action နှင့် အတွေး thought တို့အားလုံး သည် ခွဲ၍မရပဲပေါင်းစည်းနေသည့် သမုဒာ synthesis ကြီးမှ ဆက်နွယ်ပုံလှည့် ပြုမူနေကြသော ပစ္စည်းများသာ ဖြစ် ကြ၏။



ယခုတလော မချောလေးတွေက ဆလီလကွီတွေ ရေးနေ ကြသည်။ ကလော့ဇက်တ်ဒရာမာလေးတွေကအကြောင်းကြောင်း ကြောင့် စာပေနယ်မှာ နေရာယူလာကြသည်။

သူတို့မှာက သူတို့ပရိသတ်နှင့်ဆိုတော့ အဖြစ်တင်ရ အခက် သား။ ပရိသတ်မရှိဘဲနှင့် စာပေဟူသည်က မတည်နိုင်။

စာဖတ်ပရိသတ် အများစုကြီးဖြစ်သော အရွယ်တော်ဝင်စ လေးတွေက ဆလီလကွီလေးတွေကို ကြိုက်ကြသည်။ အထူး သဖြင့် ရိုမင်းတစ်ကလော့ဇက်တ် ဒရာမာ romantic closet drama လေးတွေကို ကြိုက်ကြသည်။

သည်အရွယ်စာရေးသူနှင့် သည်အရွယ် စာဖတ်သူ အတတ် နိုင်ကြပါမည်နည်း။ စာပေကို ဖတ်ရကောင်း၊ နှစ်သက်ရကောင်း မှန်း သိကြသည့်ကိုပင် ကျေးဇူးတင်ရသေးသည်။

ရှေ့ဆောင်သွားဖို့၊ လက်တွဲခေါ်သွားဖို့က စာရေးဆရာ၊ ဝေဖန်ရေးဆရာကြီးများ၏ အလုပ်၊ အယ်ဒီတာကြီးများ၏ အလုပ်။

ကလော့ဇက်တ် ဒရာမာလေးတွေ ရေးနေသည့်အစင်မှ ကျမ်း ကျင် ပြည့်စုံသော စာပေအနုပညာရှင်ကြီးတွေ ပြုလာကြပါ စေ၊ ဤသို့စေတနာမျိုး မျှော်ရှုလျက်။

မိလွှမ်းပျော်၏စာမူကို စက်တင်မီ နောက်ဆုံး အချောသတ် တည်းဖြတ်ချင်း ကိုစေသနှင့်က အတွေးနယ် ချဲ့နေမိသည်။

www.burmeseclassic.com

www.burmeseclassic.com



မိလွမ်းပျော်၏စာ။ ဟုတ်သည်။ လေးဖြူ၏ စာမဟုတ်။ လေးဖြူနှင့် ဘာမျှမဆိုင်။ အယ်ဒီဘာတစ်ဖွဲ့လုံးက ကျေနပ်လက်ခံပြီးမှ မိမိက ဖတ်ရှု အတည်ပြုခဲ့ခြင်းဖြစ်သည်။

မိလွမ်းပျော်၏ စာက ရိုးမင်းတစ်ကလေ့ဇာတ်ဒရာမာနယ်ဘောင်းမှာသာ ရှိနေသေးသည်။ သူ့ဝတ္ထုတွင် ဆလီသကူလေးတွေက များနေသေးသည်။

သို့ရာတွင် တိုးထွင်းသိမှုလေးတွေက ပါသည်။

မြင်ဘတ် တွေ့ဘတ်မှုလေးတွေလည်း ပါသည်။

ရဲရင့် ရှန့်စားမှုလေးတွေလည်း ပါသည်။

စကားလုံးလေးတွေ နိုင်သည်။ ဝါကျဖွဲ့စည်းမှုနှင့် ဟန်လေးတွေက လှသည်။ သိမ်မွေ့သော ခံစားမှုလေးတွေကို ဖော်နိုင်သည်။

စကားပြေနှင့် ရေးနေသော်လည်း ရစ်သင်မ် လေးတွေ ပါသည်။

အထူးသဖြင့် အဇ္ဈတ္တိက စည်းနရိဟု မိမိ ခေါ်သော organic rhythm လေးတွေပါသည်။

သည့်အရည်အသွေးလေးတွေကြောင့် သူတို့မှာ သူတို့ ပင်သတ် ရှိနေသည်။

မိလွမ်းပျော်တို့၏ စာမျိုးကို တည်းဖြတ်သောအခါ သူတို့၏ အရည်အသွေးလေးတွေကို မထိခိုက်အောင် အလွန် သတိထားရသည်။ သည်တော့ ပင်ပန်းသည်။



ကိုစောသန့်က ခေတ္တနား၍ ခေါင်းမော့ပြီး . ပြတင်းဆီသို့ ကြည့်သည်။

ဆောင်းလေအေး ဝင်မည်စိုးသောကြောင့် ပြတင်းတံခါးကို ပိတ်ထားသည်။

လကွယ်ရက် ဖြစ်သောကြောင့် အပြင်ဘက်မှာ မှောင်နေသည်။

ပြတင်းမှန်မှ မြင်ရသော ကောင်းကင်က နက်နက် မည်းနေသည်။ သို့ရာတွင် ကြယ်ပွင့်လေးများကိုတော့ တွေ့ရသည်။

ကိုစောသန့်က ပြုံးမိသည်။

လကွယ်ညမှ မှောင်အရိပ်။

မျက်နှာဖုံး ပန်းချီအတွက် ဘယ်သို့ မိမိက ဆရာထိုက်ကို အကြံပြုရမည်နည်း။

ဝတ္ထုရှည်တစ်ပိုဒ်အတွက် မျက်နှာဖုံး ပန်းချီကလည်းအရေးကြီးသည်။

ပြီးတော့ ဤဝတ္ထုက မိလွမ်းပျော်၏ ပထမဆုံး ဝတ္ထုရှည်။ ဆိုင်ဘင်လျှင် မျက်နှာဖုံးကစပြီး ဆွဲဆောင်မှုရှိရမည်။

ဝတ္ထုအမည်နှင့် ဆီဆိုင်စပ်ဟပ်သောပန်းချီကို စဉ်းစားပေးရဦးမည်။

လကွယ်ညက အရိပ်ကို ပန်းချီနှင့် မည်သို့ဖော်ရမည်နည်း။

www.burmeseclassic.com

www.burmeseclassic.com



ကိုစောသန့်က ပြုံးပြီး နာရီကိုကြည့်၏။ ည ရှစ်နာရီကျော်စ ရှိသေးသည်။

သည်ဝတ္ထုအတွက် အင်း.... နှစ်ညလောက် ကုန်လိမ့်မည်။ ကုန်ပါစေတော့။

ကိုစောသန့် ထိတ်လန့်သွား၏။ မိမိရင်တွင်း၌ အရိပ်လေးရှိနေသည်ထင်၏။ ဘုရား... ဘုရား....ဘယ်လို အရိပ်နည်း။

ကိုစောသန့်က စိတ္တဇ နှင်းကမ္ဘာကို ဖွင့်ပိတ်ချပြီး စာမူကို ဆက်တည်ဖြတ်၏။

နားတွင်း၌ ကားဟွန်းသံသဲ့သဲ့ ကြားသယောင်ရှိသည်။ သို့ဆုတ္တင် အိမ်ရှေ့ခြံတကာလည်း ဖြစ်နိုင်သည်။ ရှေ့လမ်းကဖြတ်သွားသောကားတွေလည်း ဖြစ်နိုင်သည်။

စာမူတွင် အာရုံစူးစိုက်နေဆဲတွင် အခန်းတံခါး ခေါက်သံကြားရသည်။

သူက တံခါးတဖွင့်ပေးသောအခါ သမီး၏ ရွှေရုပ်သွင်ကို တွေ့ရသည်။

'ဘာလဲ သမီး'

သမီး၏ အမူအရာက တစ်မျိုးလေးဖြစ်နေသည်။ အမြဲတမ်းရွှင်ပြုံးတည်ငြိမ်သော မျက်နှာလေးတွင် စိတ်လှုပ်ရှားမှုရိပ်ပေါ်လွင်နေသည်။

'ဟို—ဟိုဒင်း—ကိုမျိုး ဦးလေးနဲ့ ကိုမျိုးမေမေ—'



သူကိုယ်တိုင်လည်း အံ့ဩသွားပြီး မျက်မှောင်တွန့်မိလုလုဖြစ်သွား၏။

ခဏတွင်မှ သမီး၏ပခုံးလေးကို အသာဆုပ်၍ အားပေးပြုံးပြုံးပြီး စာကြည့်ခန်းမှသည် ဧည့်ခန်းဆီ ထွက်လာခဲ့သည်။

ထိုင်နေကြသူများကို လှမ်းမြင်သောအခါ သူ့ ခြေလှမ်းများက ရပ်သွားသည်။ သူ့နှလုံးခုန်မှုလည်း ခေတ္တရပ်သွားသည်ထင်၏။

ခဏတွင်းမှာပင် သူ့တစ်ကိုယ်လုံးမှ ကြွက်သားတွေ တောင့်တင်းသွားသည်။ အမှတ်မထင် လက်သီးနှင့်ဖက် ဆုပ်မိသွား၏။

သူတို့နှင့်အတူ ထိုင်နေနှင့်သူ မေမေ့၏အသံက တည်ငြိမ်ချိုသာစွာ ထွက်လာသည်။

'သား—လာလေ။ မမျှော်လင့်ခဲ့ပေမယ့် မိတ်ဟောင်း ဆွေဟောင်းတွေပါ'

သူက အိပ်မက်မှနိုးသူကဲ့သို့ မေမေ့ကို လှမ်းကြည့်သည်။

မေမေ့မျက်လုံးများက မိမိကို စိုက်ကြည့်ထားသည်။ အေးချမ်းသည်၊ တစ်ပြိုင်တည်းမှာ လေးနက်သည်။

သူက နောက်ပါးမှ သမီးကို ကြည့်သည်။ သြော်...သမီးရှိနေသည်။ သမီးရှိနေသည်။ မိမိသမီး...။

သူက ခြေလှမ်းမှန်မှန်ပြန်လှမ်းပြီး သူတို့နှင့် မျက်နှာချင်းဆိုင်ရှိ ကုလားထိုင်တွင် ဝင်ထိုင်သည်။ သမီးက မိမိဘေးတွင်ရပ်နေ၏။

www.burmeseclassic.com

www.burmeseclassic.com



သူ့မျက်လုံးများက ကိုမျိုး၏ ဦးလေးဆိုသူကို စေ့စေ့
ကြည့်သည်၊ မီးရောင်အောက်နေမည်ဘင်သည့် မျက်လုံးများကို
ကိုမျိုး၏မိခင်ဆိုသူထံသို့ လွှဲပို့လိုက်၏။

ဪ—သူဌေးကတော်။ လှဆဲပါကလား။ တင့်တယ်ဆဲပါ
ကလား။ ဘုရင်မတစ်ပါးပမာ ခန့်ညားဆဲပါကလား။

'ဟုတ်ကဲ့....စိမ်း....အဲ—ဒေါ်မြသွေး။ ဘာကိစ္စ ရောက်
လာကြပါသလဲ'

မီးရောင်တွင် စိမ်း၏မျက်ဝန်းပြာများက လဲ့သည်။

သည်မျက်လုံးများကလည်း မိမိကို စိုက်ကြည့်သည်။

သည်မျက်လုံးများက ပဌမတွင် ဝမ်းနည်းရိပ်ကို ပြလို
သည် ထင်၏။ သို့ရာတွင် မျက်လုံးက ပြုံးသွားသည်။ အသံ
တည်ငြိမ်ပြီး ချိုသည်။

'လောက ကမ္ဘာမြေက ကျဉ်းတယ်....မ်—ပ်—ဆရာ
ကြမ္မာဆိုတာကတော့ ဆန်းတယ်။ စိမ်းတို့ကို ခုလို တွေ့လို
ရလို့ သိပ်အံ့ဩသွားသလား'

သူက မိမိဘေးတွင် ရပ်နေသော သမီးကို သတိပြုမိသည်။
ထို့ကြောင့် မျက်နှာထားကို ပြင်၍ ရယ်လိုက်ပြီး လိုက်လျော
ထွေ ပြောရ၏။

'ဟုတ်တယ်။ သိပ်အံ့ဩသွားတယ်။ မယုံနိုင်လော
အောင် အံ့ဩသွားတယ်'



'စိမ်းတို့ ဆရာမနဲ့ အရင်ဖုန်းဆက်ပါသေးတယ်'

ဆရာမ။ အင်း....မေမေက ဆရာမ။ တစ်ချိန်က အလယ်တန်း
ပြ ဆရာမ။ သည်အလုပ်ကို....။

သူက မေမေ့အား လှမ်းကြည့်သည်။

'ဟုတ်တယ်။ စိမ်းတို့က လှမ်းဆက်တယ်။ မေမေက
သား အံ့အားသင့်သွားတာမြင်ချင်လို့ ဘာမှ မပြောပဲ
ထားတာ။ စိမ်း—သူ တကယ်လဲ အံ့အားသင့်သွားတယ်
ဪ....ဆရာမတောင် အံ့အားသင့်ခဲ့တာပဲဟား။ သမီး
ရေ—အိုဗာတင်းဖြင်ဖြစ် သွားဖျော်ပါလားကွယ်။ ည
ဆိုတော့ လက်ဖက်ရည်တို့ ကော်ဖီတို့က မကောင်းဘူး'

'ဟုတ်ကဲ့ သွားသွား'

သမီးက နေရာမှ ခွာသွားရာ သူတို့နှစ်ဦးက သမီးသွားရာကို
ငေးကြည့်ကျန်ရစ်သည်။

ကိုစောသန့်က မေမေ့ကို ကျေးဇူးတင်သည်။ သမီး အနား
တွင် မရှိတော့သဖြင့် သူ့စိတ်က လွတ်လပ်သွားသည်။

'မောင်မျိုးက စိမ်းရဲ့သား ဟုတ်လား'

'ဟုတ်ပါတယ်။ စိမ်းရဲ့ တစ်ဦးတည်းသော သားပါ'

'ဒီကောင် ဗိုဆွေက မောင်မျိုး ဦးလေး။ ဟုတ်လား'

ပြေသံ ချက်ချင်း မကြားရ၊ ခဏကြာမှ ဦးခင်မောင်ဆွေ
က ပြောသည်။

www.burmeseclassic.com

www.burmeseclassic.com



'တို့မှာ ရှင်းပြစရာတွေရှိတယ်'

'ဘာတွေလဲ'

ဦးခင်မောင်ဆွေက မဖြေပဲ သူ့အစ်မကိုကြည့်သည်။

'ဟုတ်တယ်။ ရှင်းပြစရာတွေ ရှိတယ်။ စိမ်းမှာလဲ ပြောပြစရာတွေရှိတယ်'

'ရှင်းပြစရာလိုပဲ ကိစ္စတွေ ပြီးသွားပြီလို့ မတွက်မိကြဘူးလား'

စိမ်းက မျက်တောင်တွေမှ ပြုံးမိလျက် သူ့ကိုကြည့်သည်။

'ဘာပြောတာလဲ ဟင်'

သည်အသွင်နှင့် သည်မေးဟန်က ရင်နှီးလွန်းသည်။ သူ့ရင်တွင်း စူးကျင်သွားသည်။

'ကိုယ်ပြောတာ ရှင်းပါတယ်။ ဟန်ဆောင်မှုကိစ္စလေးတွေ ပြီးတဲ့အခါမှာ စိတ်မပေါက အမြန်ဆုံးဆင်းသွားကြပါ'

မေမေ၏ ဝင်ဟန့်သံကို ကြားရသည်။

'ဟဲ့သား... ဘယ်လို ပြောလိုက်တာလဲ'

သူက မေမေ့ကို လှည့်မကြည့်တော့။ စိမ်းကိုသာ တည့်တည့်စိုက်ကြည့်နေသည်။

စိမ်းကလည်း သူ့ကို ပြန်စိုက်ကြည့်နေသည်။ အကန့်ကြာမှ ဝမ်းနည်းပန်းနည်း ပြုံး၏။



'ဪ... မ်...မ်.. ဆရာ။ စိမ်းကိုတောင် ဒီလောက်မုန်းသွားပြီ။ ဟုတ်လား'

'ကိုယ်.... ဒေါ်မြထွေးကို စကားပြောနေတယ်'

'ကောင်းပါပြီ။ ဒေါ်မြထွေးမှာ ဘာမုန်းစရာရှိပါသလဲ'

'မရှိပါဘူး။ အဲဒီလိုပဲ ပြောစရာလဲမရှိတော့ပါဘူး။ နားလည်မယ် ထင်ပါတယ်'

'ကိုယ့်ကတိ ကိုယ်မေ့သွားပြီလား'

'ဘာ...'

'ရင်မှာ ဘာကို တန်ဖိုးထားမလဲ၊ ဘာကိုရင်မှာ အစဉ်ဆောင်ထားကြမလဲ'

သူမဖြေ။

'စိမ်းမှာ ဒါပဲ အားကိုးစရာရှိတော့တယ်။ ဒါကိုပဲ အားကိုး ယုံကြည်ပြီး စိမ်းလာခဲ့တယ်။ ကိုမျိုးဟာ စိမ်းရဲ့ တင်ဦးတည်းသာလို့ ပြောပြခဲ့ပြီးပြီနော်'

စိမ်း၏ ပြောဟန်က ခပြာချင်း မာန်ပါလာသည်။

'စိမ်းရဲ့သားဟာ စိမ်းရဲ့ဘဝ။ စိမ်းမှာ စိမ်းအဖြစ် ကျန်ရှိနေသေးသမျှဟာ စိမ်းရဲ့သား။ ဆရာ့မှာလဲ ဆရာ့သမီးလေးဟာ ဆရာ့ရဲ့ဘဝ။ ဆရာ့မှာ ကျန်ရှိသမျှ။ သူတို့ အဘွားတော့ စိမ်းတို့ စကားပြော မယ်။ ပြော

www.burmeseclassic.com

www.burmeseclassic.com



ချင် မပြောချင် ပြောကြရလိမ့်မယ်။ စိမ်းမှားရင် ဝရေး ဆရာကြီး အခုထောက်ပြပါ'

သူက အမှတ်မထင်ပဲ အနောက်သို့ လှည့်ကြည့်မိသည်။ သမီးများ ပြန်ရောက်လာလေမည်လော...။

သူက စိမ်းကို ကြည့်ပြန်သည်။ ဟိုး... နှင်းမှုန်သောတစ်ညက လှပခန့်ညားသော အသွင်ကို ပြန်မြင်နေရသည်။

'ကောင်းပြီ။ ကိုယ်တို့ ပြောကြမယ်။ ဟို စာကြည့်ခန်းထဲ လိုက်ခဲ့ကြပါ။ မေမေ ဒီမှာနေခဲ့ပါ'

သူက ဦးဆောင်ပြီး စာကြည့်ခန်းဆီသို့ လာခဲ့သည်။

သုံးဦးလုံး စာကြည့်ခန်းတွင်း ရောက်သောအခါ သူက တံခါးကို အတွင်းမှ ခလုတ်နှိပ် ပိတ်ထားလိုက်သည်။

ကုလားထိုင်များပေါ်တွင် ထိုင်မိကြသောအခါ သူက စ၍ ပြော၏။

'ကဲ... ဘာပြောချင်သလဲ ပြောကြပါ'

ဦးခင်မောင်ဆွေက နှုတ်ခမ်းသာပြင်သည်။ မပြော။ သူ့အစ်မကိုသာ လှမ်းကြည့်၏။

စိမ်းက သက်ပြင်းလေးချသည်။

'မတူးတော့ပါဘူး။ အခုအဖြစ်တွေကို ဖောမွှေထားပြီး စိမ်းတို့ အလျှင်တုန်းကလိုပဲ စကား ပြောကြရအောင်။ ဒီတော့မှ လွတ်လပ်မယ်၊ မောင် သဘောတူပါသလား' မောင်။ ဆရာ မဟုတ်တော့။



'ပြောပါ။ ကြိုက်သလိုပြောပါ'

'စိမ်းရယ်၊ မောင်ရယ်၊ ဝါဝါရယ်၊ ခင်မောင်ဆွေရယ် ချစ်ချစ်ခင်ခင် ပျော်ပျော်ရွှင်ရွှင် နေခဲ့ကြတဲ့ အချိန်တွေ ရှိခဲ့ကြတယ်။ မောင်နဲ့ ခင်မောင်ဆွေက သူငယ်ချင်း။ အချစ်ဆုံး သူငယ်ချင်း။

'ခင်မောင်ဆွေကြောင့် စိမ်းနဲ့မောင်နီးစပ်ခဲ့တယ်။ မောင့်ကြောင့် ဝါဝါနဲ့ ခင်မောင်ဆွေ နီးစပ်ခဲ့တယ်။ သံယောဇဉ်ကြိုးတွေ ယှက်နွယ်ခဲ့ကြတယ်။

'အမှန်က အားလုံးမှာ စိမ်းက အကြီးဆုံး။ သံယောဇဉ်တုံးနှောင်မှုဇာတ်ကို စိမ်းတောင် မခိုင်ခဲ့ဘူး။ စိမ်းမှာ အပြစ်ရှိတယ်လို့ စိမ်း အမြဲဝန်ခံခဲ့တယ်။ အဲဒါကို မောင် သိတယ်။ မောင်အသိဆုံး'

သူက စိမ်းကို အံ့သြမိသည်။ စိမ်းက ဤအကြောင်းတွေကို ဘာကြောင့် ပြန်ပြောနေရသနည်း။

ဤအကြောင်းတွေ ပြန်ပြော၍ ဖြင့် သူ့ရင်က ပိုနာပြီး သူ့နှလုံးက ပိုမာလာသည်ကို စိမ်း သိပါ၏လော။

'မောင်မသိတာ တစ်ခု ရှိတယ်။ ခင်မောင်ဆွေ့အရင် စိမ်းမှာ မောင်လေးတစ်ယောက် ရှိခဲ့သေးတယ်။ သူက စိမ်း လေးနှစ်သမီးလောက်မှာ ဆုံးသွားခဲ့တယ်။ မေမေ ဟာ သားရှူး ရှူး ကျန်ရစ်တယ်။ စိမ်းဟာလဲ မောင်လေး

www.burmeseclassic.com

www.burmeseclassic.com



တစ်ယောက် အစားသိပ်လိုချင်ခဲ့တယ်။ မေမေနဲ့ ဖေဖေကလဲ နောက်ထပ် သားလေးမယူနိုင်တော့ဘူး။

'ဒါကြောင့် မေမေနဲ့ဖေဖေဟာ သူတို့ ဆင်းရဲတဲ့ သားချင်းတွေထဲက မွေးစားဖို့ ကလေးတစ်ယောက် ရှာခဲ့တယ်၊ ကံအားလျော်စွာ ဆိုသလိုဘဲ ခေမင်းလေးနဲ့ သိပ်တူတဲ့ ကလေးတစ်ယောက်ကို တွေ့ခဲ့တယ်၊ သူ့ကို မွေးစားပြီး ခင်မောင်ဆွေလို့ နာမည်ပေးခဲ့တယ်။ မွေးစားသားအဖြစ်လဲ လူသိမခံခဲ့ဘူး'

သူ့မျက်နှာမှာင် အနည်းငယ် ကြုတ်ရှုံသွားသည်။ ဤအကြောင်းကိုတော့ သူမသိ။

'ဒီအကြောင်းကို စိမ်း ဘာကြောင့်ပြောရသလဲဆိုတော့ ဒီအကြောင်းဟာ ခင်မောင်ဆွေနဲ့ ဝါဝါတို့ရဲ့ ကြေကွဲဖွယ်အဖြစ်နဲ့ ဆက်နွယ်နေတယ်။ မောင်လေး။ မင်းဘာသာမင်း ဆက်ပြောတော့'

ဦးခင်မောင်ဆွေက သူ့ကို မျက်နှာငယ်နှင့်ကြည့်၏။

'သူငယ်ချင်း... ငါ့ကို ဘယ်လောက် စိတ်နာနေမယ်ဆိုတာ ငါသိပါတယ်။ ငါ မင်းကို တောင်းပန်ပါတယ်။ မင်းနဲ့ဆုံပြီးရှင်းပြဖို့ ငါကစ်ခါကြိုးစားသေးတယ်၊ မင်းက ခါးခါးသီးသီး ပယ်ချခဲ့တယ်။

'ငါ့မျက်နှာမြင်ရတဲ့နေ့ဟာ မင်း လူသတ်မှု ကျူးလွန်မိမယ့်နေ့လို့ မင်းပြောခဲ့တယ်။ ငါ ခုနဲ့ရေးပြီး ပြောပြ



မယ် စိတ်ကူးသေးတယ်။ ဒါပေမယ့် ငါပြောမှာတွေကယုံစရာမရှိဘူး။ ငါ့ဘက်က သက်သေလဲမရှိဘူး။

'အေး... ဝါဝါ မရှိတော့ဘာ သိကဲ့နောက်ပိုင်းလောကကိုလဲ ဂရုမစိုက်တော့ဘူး။ ငါ့အပြစ် ငါ ကုန်းခံပြီးလောကကို ငါနည်းနဲ့ငါ အရှုံးပေး နေခဲ့တယ်။ ဒါပေမယ့် ငါ့ကြောင့်မဆိုင်သူတော့ ထိခိုက်ကြရတယ်'

သည်းခံပြီး နားထောင်နေသည့်ကြာမှ ကိုစေ သန့်က ဒေါသကိုမှု ထိန်းမရ။

'ကြည်... မင်း ဒါကိုတော့ သိတတ်သားပဲ။ ဟုတ်လား'

'ခနဲ့ပါ ခေါသန့်။ မင်းအခု လက်သီးနဲ့ ထိုးချင်သလား။ ထိုးပါ'

စိမ်းက ဝင်တားသည်။

'ခင်မောင်ဆွေ ပြောမှာ ဆက်ပြောပါ။ မောင်ကလဲ သည်းခံပြီး နားထောင်ပါ။ စိမ်း တောင်းပန်ပါတယ်'

ခင်မောင်ဆွေက ဆက်ပြော၏။

'ခုနင်က ငါ့ကို မွေးစားသားအဖြစ် လူသိ မခံဘူးလို့ မမက ပြောခဲ့တယ်။ ဒီကိစ္စကို ဘယ်လူမှ မသိအောင် ဖုံးထားလို့မရဘူး။ အဆိုးဆုံးက ငါကိုယ်တိုင်သိလာတယ်'

'ငါ့မိဘရင်း ဘယ်သူဆိုတာလဲ ငါသိလာတယ်။ မိဘတွေက ဆင်းရဲကြတယ်။ ငါ လူပျို ဖြစ်လာတဲ့အခါမှာ

www.burmeseclassic.com

www.burmeseclassic.com



ငါ့မိဘတွေကိုငါ တိတ်တိတ်ကျိတ်ထောက်ပံ့နေခဲ့တယ်။ တိုတိုပြောပါမယ်။ မမနဲ့မင်းအကြောင်း ရိပ်မိတဲ့အခါမှာ သူတို့က မမကို ကိုကျော်ဦးနဲ့ အမြန်ဆုံး လက်ထပ်ပေးကြတယ်။

'တစ်ဆက်တည်း ဝါဝါနဲ့ ငါ့အကြောင်း ရိပ်မိတဲ့အခါမှာလဲ ငါ့ကို အဝင်းနဲ့ပေးစားဖို့ ဇွတ်စီစဉ်ကြတယ်။ သူတို့အတွက် ကမ္ဘာကြီး ပျက်တော့မယ့်အတိုင်းပဲ။ သူတို့က ကမ္ဘာကြီးကို အပျက်မခံနိုင်ဘူးလေ။ ဒါကို မင်းသိပါတယ်။ မမသိပါတယ်'

'ခင်မောင်ဆွေ... ဒါတွေကို ငါမကြားချင်ဘူး။ မင်းလိုရင်းကို ပြောပါ'

'ကောင်းပါပြီ။ ပြောပါ့မယ်။ ငါက သူတို့စီမံချက်ကို ဆန့်ကျင်တယ်။ ဒီတော့မှ ပြောလာကြတယ်။ ဝမ်းနဲ့ မလွယ် သားမမည်တဲ့' —

ဦးခင်မောင်ဆွေသည် ခေတ္တ စကားရပ်သွား၏။

'ငါ... ငါ...ဟာ... ကျေးဇူးကန်းတဲ့လူတဲ့။ မိဘအရင်း မဟုတ်လို့ မျက်နှာကို အိုးမည်းသုတ်ရဲတဲ့ လူတဲ့။ အဲဒီစကားကိုတော့ ငါမခံနိုင်ဘူး။ ငါဟာ ကျေးဇူးမသိတတ်တဲ့လူ မဟုတ်ဘူး။ ဖေဖေနဲ့ မေမေ့ကို ငါ မိဘအရင်းနဲ့ ထပ်တူချစ်ပါတယ်။ ကျေးဇူးဂုဏ်ကိုလဲ ငါ အမြဲ အောက်မေ့ပါတယ်'



'ဪ... ဪ... ငါနားလည်ပြီ။ မင်းက ကျေးဇူးသိတတ်တဲ့ သားကောင်း သားမြတ်ဖြစ်ဖြစ် ငါ့ညီမလေးကို... ငါ့ညီမလေးကို—'

သူလည်း စကားမဆက်နိုင်တော့။

'ဆုံးအောင် ပြောပါရစေ သူငယ်ချင်း။ သူတို့က ငါ့ကို သားအဖြစ်က စွန့်လွှတ်မယ်။ အမွေပြတ်မယ်။ ငါ့ကိုလဲ လုပ်ချင်တာလုပ်ကြ။ မြင်သမျှ ရင်ဆိုင်မယ်လို့ ဆုံးဖြတ်တယ်။ ဒါပေမယ့် အဲဒါကို ဝါဝါက ခွင့်မပြုခဲ့ဘူး'

'ဘာကွ....'

'ဝါဝါက ခွင့်မပြုခဲ့ဘူး။ ငါက ပညာသင်လို့လဲ ဆုံးသေးဘူး။ ငါ့ခြေထောက်ပေါ်ငါ ရပ်နိုင်တဲ့ကောင်တော့လဲ မဟုတ်ဘူး။ သူ့ကြောင့်ငါဆင်းရဲမှာ... နစ်နာမှာကို သူ လက်မခံနိုင်ဘူး။ ပြီးတော့... ငါ့ဘဝလမ်းကို သူ အကုန်သိတယ်။

'ငါ့မိဘအရင်းတွေ အိုမင်းနေတာ၊ ဆင်းရဲနေတာ၊ သူဌေးသားမို့လို့ ငါ့မိဘရင်းတွေကို ငါ တိတ်တိတ်ကျိတ် ထောက်ပံ့နေနိုင်တာ။ အဲဒါတွေ ဝါဝါ အကုန်သိတယ်။ ဒါကြောင့် သူပဲ အနစ်နာခံမယ်ဆိုပြီး ငါ့ကို သူရှောင်ခဲ့တယ်၊ ခွာခဲ့တယ်၊ ငြင်းခဲ့တယ်။

'မင်းရဲ့ညီမ ဝါဝါဟာ မင်းလိုပဲသတ္တိရှိပြီး မင်းလိုပဲ ခေါင်းမာပါတယ် စောသန့်။ ဝါဝါကို ငါ [illegible]ပေး

www.burmeseclassic.com

www.burmeseclassic.com



ခဲ့ရတယ်။ တစ်ခုပဲရှိတယ်မေသန္တ။ အဲဒီတုန်းက ဝါဝါ မှာ ငါ့ရင်သွေးရှိနေပြီဆိုတာကို ငါလဲမသိဘူး။ ဝါဝါ လဲ မသိဘူး။

'ငါ...ငါ...ရက်စက်...ယုတ်မာရာကျလဲ မဟုတ်ပါဘူး မေသန္တရယ်။ ဝါဝါဟာ ဒီလောကမှာ ငါ့အတွက် အမြင့်မြတ်ဆုံး မိန်းမသားတစ်ဦးပါ။ မင်း...ယုံချင်ယုံ မယုံချင်နေ။ ဝါဝါသေမှန်းသိတဲ့နေ့ကပြီး ငါ့ဘဝဟာ သေသွားခဲ့တယ်'

ဦးခင်မောင်ဆွေကိုကြည့်ရင်း ထူးဆန်းလှသော ခံစားမှုနှစ်ရပ်က သူ့ရင်ကို အပြိုင်လွှမ်းမိုးနေမှန်း ကိုမေသန္တသတိပြုမိသည်။ တစ်ခုက...ကရုဏာ။ တစ်ခုကဒေါသ။

'မင်း...ဘာလို့ ငါ့ကို ဒေါသတွေလာပြနေလဲ'

'သေနေတဲ့ဘဝကနေ...ငါပြန်ရှင်ချင်တယ်။ ပြန်ရှင်ခွင့်ကိုလဲ ငါမြင်နေတယ်'

'တည့်တည့်ပြောပါ ခင်မောင်ဆွေ'

ဦးခင်မောင်ဆွေက မပြော။ သူ့ကိုစိုက်ကြည့်နေပြီးမှ စိမ်းဘက်သို့ အကူအညီတောင်းဟန် လှည့်ကြည့်သည်။

'စိမ်းပဲဆက်ပြောပါရစေ မောင်။ ထုဇဝင်ဘီးက တစ်ပတ် ပြန်လည်လာတာပါ။ ခု...ကံမျိုးကို မိန်းကလေး တစ်ဦးနဲ့ လက်ထပ်ဖို့ စိမ်းရဲ့မေမေနဲ့ စိမ်းရဲ့ခင်ပွန်းဟာ



စီစဉ်ထားခဲ့တယ်။ အကြောင်းကြောင်းကြောင့် အခု အမြန်ဆုံးစေ့စပ်ကြောင်းလမ်းဖို့ သူတို့ပြင်ဆင်နေကြတယ်။

'အဲဒါကို သားက ငြင်းပယ်တယ်။ ခင်မောင်ဆွေလို မဟုတ်ဘူး။ ပြတ်ပြတ်သားသားနဲ့ ရဲရဲဝံ့ဝံ့ငြင်းပယ်တာပါ။ အမေမို့လို့ သားအကြောင်းကိုသိတယ်။ ကြည့်တော့... သားဟာ ပျော့ပျော့လေးပဲ။ ဒါပေမယ့် သူ့ရွေးချယ်ဆုံးဖြတ်ပြီးပြီဆိုရင် ဘယ်သူမှ သူ့ကိုတားဆီးလို့မရတော့ဘူး'

သူက ဘာမျှမပြော။ စိမ်းကိုသာ ငြိမ်ငြိမ်ကြီးထိုင်ကြည့်နေ၏။

'သားက သူ့ချစ်သူအကြောင်း စိမ်းကိုပြောပြတယ်။ ဓာတ်ပုံလည်းပြတဲ့အခါမှာ မွန်မွန်ဟာ ဘယ်သူဆိုတာ စိမ်း ရိပ်...ရိပ်မိလာပါတယ်။ ဒါကြောင့် ခင်မောင်ဆွေနဲ့ ခေါ်တိုင်ပင်ရတယ်။ နောက်ဆုံးတော့ စိမ်းတို့ မောင်နှမ ဆုံးဖြတ်လိုက်ကြတယ်'

သူတမမေး။ စိမ်းကိုသာ တည့်တည့် စိုက်ကြည့်နေသည်။ စိမ်းကလည်း သူ့ကို တည့်တည့်ကြည့်ပြီးပြော၏။

'စိမ်းတို့ဆုံးဖြတ်ချက်က မွန်မွန်ကို စိမ်းနဲ့ဝါဝါခံစားရတာမျိုး မခံစားစေချင်ဘူး။ သားကိုလဲ မောင်နဲ့ ခင်မောင်ဆွေကြုံရသလိုမျိုး မကြုံစေချင်ဘူး။ သားမေးတော့က ခု...စိမ်းနဲ့ ခင်မောင်ဆွေရှိတယ်။ ... လေးနှစ်အောက်

www.burmeseclassic.com

www.burmeseclassic.com



စသုံးရဲ့နောက်မှာ စိမ်းတို့နှစ်ယောက်နဲ့အတူ မောင်လဲ့ရှိပါလို့…ခု…စိမ်းတို့လာတောင်းပန်ကြတာ’

သူ့တစ်ကိုယ်လုံးက တောင့်တင်းလာသည်။ အနှစ်နှစ်အလလက အောင့်အည်းသည်းခံ ဖုံးကွယ်ဖိနှိပ်ထားရသော မခံချင်မှု၊ နာကြည်းမှုနှင့် ဒေါသတွေက အရာရာကို လွှမ်းမိုးလျက် လျှံတက်လာသည်။

သူတို့က မိမိသမီးကို ယဉ်ယဉ်ကျေးကျေး လာတောင်းနေသည်။ လှယ်လှချည်လား။ မေ့ပျောက်နိုင်စွမ်းလှပါဘကား။ သူတို့က….။

သူက အေးစက်ခြောက်ခြောက်သွေ့သောအသံနှင့် မေး၏။

‘သူ့အဖေ ကော…’

‘ဘယ်သူ…’

သူက ပြုံး၏။

‘ဒေါ်မြထွေးရဲ့…ခင်ပွန်း…’

စိမ်း၏မျက်နှာ ကွက်ခနဲပျက်သွား၏။ ရုတ်တရက်မဖြေ။

‘ဖြေပါ စိမ်း…’

‘သူ့အဖေနဲ့တော့ စိမ်း အတိုက်အခံလုပ်ရလိမ့်မယ်၊ ကိစ္စမရှိဘူး။ လုပ်မယ်’

‘ဘယ်လောက်အထိလုပ်မလဲ…’

စိမ်းကမဖြေ။



‘ဖြေပါဦးလေ စိမ်း’

‘မောင် ဘာဆိုလိုပါသလဲ’

‘စောသန့်ပါ’

စိမ်းက တစ်ချက်သူ့ကိုကြည့်၏။ ခဏ၌ ဝမ်းနည်းဟန် ပြုံးလိုက်၏။

‘ဟုတ်ကဲ့၊ ဆရာ ဘာဆိုလိုပါသလဲ’

သူ သည်းညည်းမခံနိုင်တော့။ သူရယ်သည်။ ခအော် ရယ်သည်။ ထိုင်ရာမှထပြီး လမ်းလျှောက်၍ရယ်သည်။

ရယ်၍အားရမှ မားမားရပ်ရင်း ခါးထောက်လျက် ပြောသည်။

‘လွှယ်လိုက်ကြပါလား၊ ဧည့်စားပုံ သိပ်လွှယ်လိုက်ကြပါလား။ ပြီးတာတွေပြီ ။ အားလုံးကို ပြည်ဖုံးကား ချလိုက်မယ်။ ဟုတ်ပါစ’

သူက ရယ်ပြီး လမ်းပြန်လျှောက်၏။ သူ့ကိုယ်သူ ပြောဟန်နှင့် သူတို့ကို ပြောသည်။

‘ပြုသူနဲ့ ခံရသူ။ ပြုသူက ပြည်ဖုံးကား ချလိုက်ကြပါစို့လို့ ပြောတယ်။ ဇာတ်တစ်ခုမှာ ပြည်ဖုံးကားချလိုက်ရင် အားလုံးပြီးသွား ပျောက်သွားတယ်။ အစတည်းကရှိခဲ့တာတွေမှ မဟုတ်ပဲ။

‘တကယ်ဖြစ်ခဲ့တာတွေကတော့ ကျန်ရစ်တယ် နှလုံးသားမှာ ကျန်ရစ်တယ်၊ နှလုံးသားမှာ ကျန်ရစ်တာကို

www.burmeseclassic.com

www.burmeseclassic.com



ဝေဒနာလို့ ခေါ်တယ်။ ရိုးရိုးဝေဒနာမဟုတ်ဘူး။ ခန္ဓာဖွဲ့နေတဲ့ ဝေဒနာ၊ ဝေဒနာက္ခန္ဓာလို့ ခေါ်တယ်။ ဝေဒနာက္ခန္ဓာကို အနာဂါမ်အရိယာများ ကျမှ ပယ်နိုင်တယ်'

သူက ရပ်လိုက်ပြီး ပြော၏။

'ကိုယ်ဟာ အရိယာမဟုတ်ဘူး။ ကိုယ့်ဥာဏ်တဲ့မှာ ဖျောက်လို့မရတဲ့ ဝေဒနာတွေရှိတယ်။ ယုတ္တိဗေဒ ပြည်ဖုံးကားကြီးချပြီး စိမ်းတို့က ဝေဒနာတွေကို ဖျောက်လိုက်ကြပါဆိုလို့ အခု ဟာအဆိုပြုနေကြတယ်။

'ဝေဒနာကိုဖုံးလွှမ်းနေချုပ်နိုင်တဲ့ ယုတ္တိဗေဒဆိုတာဟာ ဒီပုထုဇဉ်လောကမှာ မရှိသေးပါဘူး။ စိတ်မဆိုးကြပါနဲ့။ ခွင့်လွှတ်ပါ၊ ဒီစကားကို ကိုယ်အလေးအနက်ပြောလိုက်ချင်တယ်'

သူက ကုလားထိုင်ပေါ်တွင် ပြန်ထိုင်သည်။ ခပါက်ကွဲသိုက်ရသည်မို့ ဘည်ငြိမ်စွာ သူ့စကားပြန်ပြောနိုင်ပြီး

'ယုတ္တိဗေဒနားဆိုပဲ ပြန်သွားကြရအောင်။ စိမ်းက ခင်ပွန်းနဲ့ အတိုက်အခံလုပ်မယ်လို့ ပြောခဲ့တယ်၊ ဘယ်အသိသုပ်မလဲလို့ ကိုယ်က မေးခဲ့တယ်၊ စိမ်းမဖြေနိုင်ဘူး'

စိမ်းက တော်စိုက်ရာ ငင်ပြောမည်ပြုရာ သူက လက်ဝါးကာ၍ တား၏။

'အိမ်ထောင်ရေး ပြိုကွဲသွားတဲ့အထိ လုပ်မလား။ အဲဒီထိအောင်တော့လဲ မလုပ်သင့်ဘူး။ စိမ်းလဲ မလုပ်နိုင်ပါ



ဘူး။ တစ်ခြားတစ်နည်းနည်းနဲ့ စိမ်းက အနိုင်ယူလိုက်တယ်ထား။ စိမ်းတို့ရဲ့မိသားစု အခြေအနေဟာ ယခင်အတိုင်းပြန်ဖြစ်နိုင်ပါတော့မလား။ ပြီးတော့ စိမ်းမှတ်မိလား။ ကိုယ်ပြောခဲ့တာလေ။ ဆိတ်ကွယ်ရာ မရှိဘူးဆိုတာလေ'

စိမ်းက မျက်လုံးဝိုင်းဝိုင်းများနှင့် သူ့ကိုကြည့်သည်။

'ဒီလောကမှာ ဆိတ်ကွယ်ရာဆိုတာဟာ ရှားလှပါတယ် စိမ်း။ ဘယ်သူက ဘာတွေကိုများ တကယ်တမ်းဖုံးကွယ်နိုင်ကြပါသလဲ။ ခင်မောင်ဆွေရဲ့ဇာတ်လမ်းဟာ ဖုံးကွယ်လို့ ရခဲ့ပါသလား။ ဝါဝါနဲ့ ခင်မောင်ဆွေတို့ရဲ့ အဖြစ်ကကော...အခု ဆိတ်ကွယ်ရာ ရှိပါသေးရဲ့လား။ ကိုယ်နဲ့ စိမ်းရဲ့ အဖြစ်ကကော တကယ်ပဲ ဆိတ်ကွယ် နေပါသလား။

'မဆိတ်ကွယ်ဘူးလို့ ကိုယ်ထင်တယ်။ ကိုကျော်ဦးဟာ အောင်နိုင်သူ တစ်ဦးအဖြစ် မသိချင်ယောင် ဆောင်နေနိုင်ကောင်း နေနိုင်မယ်။ တကယ်တမ်း သူ့အတွက် ကိုယ်တို့နှစ်ယောက်ရဲ့အဖြစ်ဟာ ဆိတ်ကွယ်နေပါတယ်ဆိုတာကို ကိုယ်သံသယရှိတယ်။ ညောင်မြင်တူးခါမှ မြုပ်သားတာတွေ ပေါ်လာမှာ ကိုယ်စိုးရိမ်တယ်'

သူက ခေတ္တနားသည်။ ပြောတော့မည့်စကားကို သေချာစွာ စဉ်းစားသည်။ ဤစကားကို သူတို့ကိုသာမဟုတ်။ အခြားသူ တစ်ယောက်ကို ပြောပြရဦးမည်။

www.burmeseclassic.com

www.burmeseclassic.com



'ကိုယ်တို့ဟာ ကမ္ဘာခြားပြီး နေခဲ့ကြတယ်။ ဒီနည်းနဲ့ တစ်ပါး အခြား ရွေးချယ်စရာမရှိလို့ ကိုယ်တို့ကမ္ဘာခြား နေခဲ့ကြတယ်။ ကိုယ့်ကမ္ဘာမှာ ကိုယ်တော့ ပျော်ပါတယ်။ ကိုယ့်သမီးလေးကိုလဲ ကိုယ်ပျော်အောင် ထားခဲ့ပါတယ်။ ခြားသင့်လို့ ခြားထားတဲ့ကမ္ဘာနှစ်ခုကို ပေါင်းမပေးပါနဲ့တော့။ ဇွတ်ပေါင်းပေးလို့ နောက်က လိုက်ပါလာမယ့် ဆိုးကျိုးတွေကို အပြစ်မဲ့တဲ့ ကိုယ့်သမီးလေးပေါ်မှာ ကျရောက်မှာ ကိုယ်ခွင့်မပြုနိုင်ဘူး'

ဦးခင်မောင်ဆွေ လှုပ်ရှားလာ၏။

'စောသန့်။ ငါ့ကို တစ်ခု ပြောခွင့်ပေးပါ'

'ပြောပါ'

'ငါကော ငါ့—ငါ့သမီးလေးအတွက် ပြောခွင့်မရှိဘူးလား'

'ဘာကွ—'

သူ့အသံက ကျားဟိန်းသံကဲ့သို့ ထွက်လာ၏။

'မင့်သမီး—ဟုတ်လား။ ဟား…ဟား…ဖိုးဆွေ။ မင်းက အခုမှ မင်းသမီးလို့ ပြောတယ်။ ဝမ်းနည်းပါတယ်။ မင်းမှာ ပြောပိုင်ခွင့်မရှိဘူး'

'အဲဒါက မင်းအမြင်ပါ။ မင်းနဲ့ ငါ ပြိုင်မငြင်းချင်ပါဘူး။ ပြောပိုင်ခွင့်ဆိုတဲ့စကားကို မင်းမကြိုက်ရင် ငါ မပြောပါဘူး။ တစ်ခုပဲ စဉ်းစားပေးပါ သူငယ်ချင်း'



ဦးခင်မောင်ဆွေ၏အသံက တုန်နေ၏။ မျက်လုံးများတွင်လည်း မျက်ရည်ဝဲနေ၏။

'ဘဝအစတည်းက ငါဟာ မိဘအစစ်ကို မိဘအစစ်လို့ ခေါ်ခွင့်မရခဲ့ဘူး။ အခု ကြီးတော့လဲ သမီး အစစ်ကို သမီးလို့ ခေါ်ခွင့်မရဘူး။ သူငယ်ချင်း တစ်ယောက် အနေနဲ့ပဲ မေးပါရစေ။ လူသားချင်း မင်း ထောက်ထား ညှာတာမှု မထားနိုင်တော့ဘူးလား'

'မင်း…မင်း— ဒီစကားကို လွန်ခဲ့တဲ့ အနှစ် နှစ်ဆယ် ကျော်က ပြောဖို့ကောင်းတယ်'

'အဖြစ်မှန်ကို ငါ ရှင်းပြပြီးပါပြီ စောသန့်'

'ယုတ္တိဗေဒ။ အင်း—အဟင်း။ ယုတ္တိဗေဒ။ ယုတ္တိဗေဒ ဟာ ငါ့အသည်းနှလုံးကို ဘာမှမလုပ်နိုင်ဘူးလို့ ငါပြောပြီးပြီ'

'သမီးလေးရဲ့ နှလုံးသားကိုတော့ မင်းရဲ့ ယုတ္တိဗေဒတွေနဲ့ လွှမ်းမိုးပစ်လေတော့မယ်ပေါ့'

'ဘာပြောတယ်ကွ'

'မင်းသုံးခဲ့တဲ့ စကားပါ။ ငါ့စကား မဟုတ်ပါဘူး။ မင်း နားလည်ပါလိမ့်မယ်'

သူ တုန်လှုပ် ချောက်ချားသွားသည်။

ရုတ်တရက်မူ ခင်မောင်ဆွေကို ဃက်သိးနှင့် တ,ဟုံးချသည်။

www.burmeseclassic.com

www.burmeseclassic.com



ခဏ၌မှ ခင်မောင်ဆွေ၏ စကားက သူ့ ဂုဏ်သိက္ခာ လိပ်ပြာ ဝိညာဉ်တွင်းသို့ စူးဝူးစိုက်စိုက် နစ်ဝင်သွား၏။

သူက မရှုံ့ချင်စိတ်နှင့်ပြုံးလျက် ခင်မောင်ဆွေကို ကြည့်ပြီးဆိုသည်။

'မင်း ငါ့ကို နားမလည်ဘူး'။ ငါ့သမီးကို နားလည်ဖို့ဆိုတာတော့ ဝေးရော။ ငါ့သမီးကို ငါ ဘယ်တော့မှမချုပ်ချယ်ဘူး။ အသိဉာဏ်ရှိတဲ့ ငါ့သမီးဟာ ချုပ်ချယ်ဖို့လဲ မလိုဘူး။ မင်း မပူပါနဲ့။ ဆုံးဖြတ်ချက်ကို သမီး ကိုယ်တိုင် ပေးပါလိမ့်မယ်'

ဦးခင်မောင်ဆွေက ပြန်ပြောမည်အပြု၌ စိမ်းက လာပြီး ဝင်ပြော၏။

'ဆ...ဆရာ ဆိုလိုတာက သမီးကို ရွေးချယ်ပိုင်ခွင့် ပေးမယ်၊ ဟုတ်လား'

'ကိုယ့်သမီးကို ကိုယ် အစကတည်းက ရွေးချယ်ပိုင်ခွင့်ပေးထားတယ်'

'အဲဒီလိုဆိုရင် စိမ်း တို့ ကျေနပ်ပါပြီ။ ကျေးဇူး တင်ပါတယ်'

စိမ်းက အသံကိုမချိုနိုင်ပဲ ခေတ္တ ရပ်သွားပြီးမှ ဝမ်းနည်းဟန်ပြုံးလျက် စကားအဆုံးသတ်သည်။

'ကျေးဇူးတင်ပါတယ် ဆရာ'



သူက တံခါးထဖွင့်သည်။ ယဉ်ကျေးစွာ ကိုယ်ကို ညွတ်ပြီး ဧည့်သည်များကို ဧည့်ခန်းဆီသို့ ဖိတ်ခေါ်သည်။

သမီး ချခင်းကျွေးမွေးသော အစားအသောက်များကို သူတို့က ဣန္ဒြေပျက် စားသောက်ကြပြီး ဣန္ဒြေမပျက် ပြန်သွားကြသည်။

ကားဆီသို့ သူတို့ကို လိုက်ပို့ပြီး အိမ်ပေါ်သို့ ပြန်အတက်၌ ပန်းကန်နှင့် အစားအသောက်ပွဲများကို သိမ်းရန် ပြင်နေသည့် သမီးကိုတွေ့သည်။

'သမီး၊ အဲဒါတွေထားခဲ့။ မငယ် ဆက်လုပ်လိမ့်မယ်။ ဦးဖေဖေနဲ့ ခြံထဲဆင်း လမ်းလျှောက်ကြရအောင်'

ဖေဖေက သူ့ကို လှမ်းကြည့်နေ၏။ ဘာကြောင့်မသိ၊ ဖေဖေ့မျက်လုံးများကို သူ မရင်ဆိုင်ရဲ။

ည အတန်ရင့်ခဲ့ပြီ။ နောက်ကျမှ ထွက်လာသော လဆုတ်ရက် လ က မှိန်မှိန်သာသာနေသည်။

နှင်းတွေကလည်း ဝေဝေမှုန်မှုန်ရှိနေသည်။

သမီးလက်ကလေးကို ယုယစွာ ဆုပ်ကိုင်လျက်က လမ်းလျှောက်ရင်း သူက စ,ပြောသည်။

'ဟောဒီ ဆောင်းညက အေးချမ်း သာယာတယ်နော် သမီး၊ သမီးနဲ့ခုလို လမ်းလျှောက်နေရတာ ဦးဖေဖေစိတ်ထဲ ချမ်းသာလိုက်တာ သမီးရယ်...

www.burmeseclassic.com

www.burmeseclassic.com



သမီးလေးတို့ လောကမှာ ဦးဖေဖေ စတွေ့တဲ့အချိန်က အေးချမ်းသာယာတဲ့ ဆောင်းမဟုတ်ဘူး သမီး။

နွေဦးပါသမီး။ ရွက်ဝါဝါတွေ ကြွေနေတဲ့ နွေဦးပါ။

သမီးလေးက မေးစေလေး ဆိုတော့ ဘယ်မှာလာ လမ်းလျှောက်တတ်ဦးမှာလဲ။

အနှီးလေးနဲ့ထုပ်ပြီး သမီးလေးကို ဦးဖေဖေ ပွေ့ချီသွားတယ်။

အဲဒီတုန်းတည်းက သမီးတလှတယ်။ ရွှေရုပ်လေးလို လှတယ်။ သမီးလက်သီးဆုပ်လေးကို သမီးစုပ်နေတယ်။

ဦးဖေဖေနားထဲမှာတော့ ရွက်ကြွေတွေကိုလေမှုတ်လို့ လွင့်မျောရွေ့လျားရတဲ့အသံတွေကို ကြားနေရတယ်။ အခုထိ—ကြားနေတုန်းပဲ—သမီးရယ်'

ဩြော် သမီးကိုပြောပြရပြီ။ မှန်းထားသည်ထက် စော၍ ပြောပြရလေပြီ။

အခန်း ၂၅

အလုပ်တွင်း အာရုံကို အားစိုက်သွင်းနေရချိန်တွင် ဦးသိန်းမြင့်က စားပွဲရှေ့လာရပ်သည်။

'ဘာလဲ ဦးသိန်းမြင့်'

ဦးသိန်းမြင့်က ကွက်လပ်ချန်ထားပြီး စာစီထားသည့်စာရွက်ကို ပြသည်။

'ပုံတွေသွင်းရိုက်တော့မလို့ဆရာ'

www.burmeseclassic.com

www.burmeseclassic.com



‘ရိုက်တော့လေ။ မနက်က ကျွန်တော် ချပေးလိုက်ပြီး ပြီပဲ’

‘အဲ့ အဟင်း။ ကျွန်တော်မှတ်သားဖူးတာက တော်လ်စတွိုင်းက မုတ်ဆိတ်မွေးဖော်တော်ထူပြီး ရှည်တယ် ဆရာ’

‘အဲဒါ ဘာဖြစ်သလဲ’

‘ဒီ တော်လ်စတွိုင်းက မုတ်ဆိတ်မွေးနည်းပြီး ရှိသမျှ ကလဲ ချွန်နေတယ်’

‘ပေးစမ်းပါဦး’

သူက ပုံကိုယူကြည့်သည်။ မြတ်စွာဘုရား။ တော်လ်စတွိုင်း မဟုတ်။ ရှိတ်စပီးယား။

သူက စာစီထားသမျှကို ပြန်ဖတ်ကြည့်သည်။ ဆောင်းပါးက တော်လ်စတွိုင်းအကြောင်း။

‘ကံကောင်းလို့။ စောသေးတာပေါ့။ ကျွန်တော်သတိ လစ်သွားတယ်’

‘မှားတဲ့အခါလဲ မှားတာပေါ့ဆရာ။ ကိစ္စမရှိဘူး။ အချိန် ရပါသေးတယ်’

‘ကျေးဇူးပါပဲ ဦးသိန်းမြင့်။ ကျွန်တော်…’

သူက စကားမဆက်နိုင်။

‘ဆရာ ဘာဖြစ်လဲ။ နေမကောင်းဘူးလား’

‘ကောင်းပါတယ်’



‘အိပ်ရေးပျက်ထားတယ်ထင်တယ်’

သူက မပြောပဲ လျော့လျော့ပြုံး၏။

စာစီထားသောစာရွက်မှ ကွက်လပ်အောက်တွင် သူက လို အပ်သောမှတ်ချက်နှင့် ညွှန်ကြားချက်ပြုပြီး စာရွက်ကို ဦးသိန်း မြင့်အား ပြန်ပေးလိုက်၏။

‘ပုံတော့ ရှုံ့ဂရီသာဆီရှိလိမ့်မယ်’

‘ဟုတ်ကဲ့ဆရာ။ ကျွန်တော်ဆက်လုပ်လိုက်ပါမယ်’

ဦးသိန်းမြင့်ထွက်သွားသောအခါ သူ ငိုင်ကျန်ရစ်သည်။

ပြတင်းမှနေ၍ နှင်းကမ္ဘာကို မြင်နေရပြန်သည်။ သူ့ရင် ဘွင်းမှာလည်း နှင်းကမ္ဘာနှင့်။

သည်ကမ္ဘာက ပိုထူသည်။ ပိုမှိုင်းသည်။

ရင်ထဲတွင်မက ဦးနှောက်တွင်းမှာပါ မှိုင်းနေသည်။

စိတ်မငြိမ်လျှင်အလုပ်လုပ်။ အလုပ်ဟူသည် ဆေးဘက်ပါ၏။ ဤသည်က မိမိ၏ဆောင်ပုဒ်။ မိမိသာမဟုတ်။ သမီးခေါ်သော ‘အပ်ပီ’ တွေအားလုံး၏ဆောင်ပုဒ်။

ဝပ်ကဟောလစ် workoholic။ အလုပ်တည်းဟူသော သေ ရည်ကို စွဲနေသူ။

အရက်စွဲသူက ဘဝကိုအရက်တွင်းမှာနှစ်ထားသည်။ အလုပ်စွဲ သူက ဘဝကို အလုပ်တွင်းမှာနှစ်ထားသည်။

ထို့ကြောင့် ထိုလူမျိုးတွေအား ဝပ်ကဟောလစ်၊

www.burmeseclassic.com

www.burmeseclassic.com



ဪ—တစ်ခါတစ်ရံ အလုပ်သေရည်ပင်လျှင် မမူးနိုင်ပါတကား။

စားပွဲပေါ်မှ တယ်လီဖုန်းကမြည်လာသဖြင့် သူ ကောက်ကိုင်၏။

'ဟဲလို'

'ဟဲလို—ဆရာလား'

'ဟုတ်ပါတယ်—စောသန့်ပါ'

'လေးပါ—ဆရာ'

'ဪ…လေး'

'ဆရာ နေကောင်းတယ်နော်'

'ကောင်းပါတယ်'

'မမမွန်ကော'

'သူလဲ—ကောင်း….ကောင်းပါတယ်'

သူက ခေတ္တဆိုင်းနေပြီးမှမေး သည်။

'လေးကော—နေကောင်းရဲ့လား'

'အင်း—အဟင်း—'

လေးဖြူက စကားကိုရပ်ထား၏။

'ဘာဖြစ်သလဲ လေး။ နေမကောင်းဘူးလား'

'လူ နေကောင်းတယ်။ စိတ် နေမကောင်းဘူး'

'အို…ဘာပြုလို့'

'လေးတို့—အောင်စာရင်းထွက်သွားပြီ ဆရာ'



'လေး….အောင်လား'

'အောင်ပါတယ်'

'အို….ဝမ်းသာစရာပေါ့'

'အင်း—ဝမ်းသာစရာကြီး၊ ပျော်စရာကြီး၊ တွန်းပို့ချင်စရာကြီး'

'ဘာရယ်—လေး….'

'သူတို့က တွန်းပို့ကြတော့မယ်လေ'

'သူတို့က….'

'အို—ဆရာက မေ့သွားပြီလား'

'ဘာကိုလဲ လေး'

'ရွှေလှောင်အိမ်လေး။ ရွှေလှောင်အိမ်လေးဆီကို'

သူ ဘာပြန်ပြောရမှန်းမသိတော့။

'ဆရာ'

'အင်—'

'လေး မမေးချင်ပါဘူး။ ဒီတစ်ခါတော့ မေးရတော့မယ်'

'မေးပါ လေး'

'လေး ဝတ္ထု အခြေအနေ'

'ဪ….လေး ဝတ္ထု သိပ်ကောင်းပါတယ်။ အယ်ဒီတာ တစ်ဖွဲ့လုံးက သိပ်ကြိုက်ကြတယ်။ ဒီလ နှလုံးသားအစွာ မဂ္ဂဇင်းမှာ နှစ်မျက်နှာပြည့် ကြော်ငြာစလွှတ်မယ်'

'အား—ရင်ခုန်လိုက်တာ'

www.burmeseclassic.com

www.burmeseclassic.com



'ဘာရယ် လေး'

'စာရေးဆရာမ ဘဝဆီ စိတ်ရော၊ လူရော၊ အားလုံး အားလုံး ပင်ခုန့်ဝင်ရမှာ ရင်ခုန်လိုက်တာလို့။ ဒါပေမယ့် လေး မကြောက်ပါဘူး။ ဘာဖြစ်လို့လဲ သိလား'

'အင်...'

'သတ္တိဆီ တွန်းအပို့ခံရတာ၊ ကြောက်ပါတော့မတဲ့လား'

'လေး ဘာဆိုလိုနေသလဲ'

'ရန်ကုန်မြို့က လမ်းမကြီးတွေ ပေါ်မှာ ကိုယ့် ဝမ်းစာ ကိုယ်ရှာစားပြီး ရဲရဲဝံ့ဝံ့ ရိုးရိုးဖြောင့်ဖြောင့်နဲ့ ကိုယ်ဘစ် ယောက်ဘည်း လျှောက်နေရတဲ့ မိန်းက လေး တွေ အများကြီးလို့ ဆရာ့ကို လေးပြောခဲ့တာ မှတ်မိသား'

'အင်း...မှတ်မိတယ်'

'လေးက ပွဲမဝင်ခင် အမြင်မှာ ကျင်းပ ကြည့်ခဲ့ တာလို့ ဆရာ မှတ်မိလား'

'ကောင်းကောင်း မှတ်မိပါတယ် လေး'

'အင်း...အဆင်မသင့်ရင် အဟင်း...လေး...ခင်မြင့်ပေါ် မြန်မြန်ဘက်ပြီး ပွဲဝင်ရတော့မယ်ထင်တယ်'

တယ်လီဖုန်းကို ဆုပ်ညှစ်ကိုင်ပြီး သူ ခေတ္တ စဥ်းစား နေမိ၏။

'လေးကို ဆရာ တစ်ခု ပြောပြချင်တယ်'

'ပြောပါဆရာ'



'မလိုအပ်ပဲနဲ့ စွန့်စားမှုတွေကို မပြုစေချင်ဘူး'

'ဆရာက လူကြီးမိဘလို့ ပြောနေတယ်ပေါ့'

'ဒီ အမြင် ဆရာ ဘယ်လိုပြောရမှာ ပဲ ကလေး... အဲ... လေးရယ်'

'ပြောပါ။ လေး ကျေးဇူးတင်ပါတယ်။ လူကြီးမိဘ ဆို တော့ ဘုရားနဲ့ တစ်ဂိုဏ်းတည်းပေါ့'

'ဟုတ်ဘာပေါ့ လေးရယ်'

'အဲဒီလိုဖြစ်ပါစေဖို့ လေးကလဲ ဆုတောင်းတာ'

'ဘာပြောတယ် လေး'

'ကွန်ပက်ရှန် ဂူ'

'ဘာရယ် လေး'

'ဆရာပြောတဲ့ ဗုဒ္ဓရဲ့ဂုဏ်လေ'

'အင်...'

'မေတ္တာ ဂရုဏာ မပါတဲ့ အမှန်တရားတွေ မြင့်ကယ်၊ အမှန် တရားမပါတဲ့ မေတ္တာ ဂရုဏာဆိုတာကလဲ ... နန်းတယ်။ ဆရာပဲ ပြောပြခဲ့တာလေ'

သူ ဘာမျှ မပြောနိုင်။

'အသက်ရှိပြီး ဝိညာဉ်းဝေးမြတဲ့ အမှန်တရား။ အဲဒါလဲ ဆရာပဲ ပြောတာ'

သူ ငြိမ်မြဲငြိမ်နေ၏။

'ဆရာ'

www.burmeseclassic.com

www.burmeseclassic.com



'အင်....လေး'

'လေး ပြောတာတွေ ကြားသလား'

'ကြား....ကြားပါတယ်'

'လူကြီးမိဘတွေဟာ အားလုံး ဆရာ့လို သိပ်ပါ စေလို့ လေးက ဆုတောင်းနေတာ။ ဆရာ သိပြီလား'

သူ့၌ စကားပြန်စရာမရှိ။

'ဆရာ'

'လေး....'

'ပြောဦးလေ။ လေးကို စကားပြောဦး'

'ဆရာ ဘာပြောရမလဲ'

'လူကြီးမိဘလို ပြောဦး။ ဆက်ပြောဦး။ လေး နားထောင်နေတယ်'

သူက သက်ပြင်းရှိုက်၏။

'မရှိတော့ပါဘူးလေး။ ဆရာ့မှာ ပြောစရာ မရှိတော့ပါဘူး'

'ဒါဖြင့် လေးဖုန်းချလိုက်တော့မယ်'

'ကောင်းပါပြီ လေး'

သူလည်း ဖုန်းကိုချလိုက်သည်။

ပတ်ဝန်းကျင်က ပိုမှုန်သွားသည်ထင်၏။

သူ့ မျက်လုံးများ၌ မျက်ရည်တွေ ဝဲနေသည်ကို သူ သတိပြုမိသည်။



သူက အလုပ်တွေကိုသိမ်းသည်။ အချိန်ကစောသေးသည်။ သို့ရာတွင် မလုပ်ချင်ဘဲဆက်လုပ်နေ၍ ဘာအကျိုးထူးမည်နည်း။

သေတ္တာလေးကိုကောက်ကိုင်ပြီး သူ အလုပ်ဆင်းခဲ့သည်။

မငယ်ဖွင့်ပေးသောတံခါးမှ သူ့ခြံတွင်း သူဝင်လာခဲ့စဉ် ပန်းချုံအနီး ခုံတန်းဖြူလေးပေါ်တွင် ထိုင်စကားပြောနေကြသည့် သမီးနှင့်မျိုးကိုလွင်ကို ကားပေါ်မှလှမ်းတွေ့သည်။

သူက ကားကို ဂိုဒေါင်ဆီအထိ မမောင်းမသွင်းတော့ဘဲ အိမ်ရှေ့၌သာရပ်ပြီး အိမ်ပေါ်သို့တက်ခဲ့သည်။

ဧည့်ခန်း၌ တည်ငြိမ်လှစွာထိုင်နေသော မေမေ့ကို တွေ့ရသည်။

သူက ပြတင်းမှနေ၍ လူငယ်နှစ်ဦးကို လှမ်းကြည့်သည်။

'မောင်မျိုးရောက်တာကြာပြီလား—မေမေ'

'အင်း....ကြာပြီ၊ ဒါပေမယ့် ပြောကြပါစေ'

'ခင်ဗျာ'

'ဒါဟာ ခမျာများ နောက်ဆုံး ပြောကြရမှာတာလို့ မေမေထင်တယ်'

'ခင်ဗျာ'

'ဘာကြောင့် မသိချင်ယောင်ဆောင်ရသလဲ သား'

'မေမေ ဘာပြောတာလဲ....'

'နွားသေးကောက်၊ ဘွန်ဒရေးကောက်၊ လှကျွေးကောက်တဲ့ ပုဂ္ဂိုလ်လူသားတွေရဲ့စိတ်တွေ ကောက်ကျကြတာ

www.burmeseclassic.com

www.burmeseclassic.com



လေး ခြောက်…အနှစ်တွေ ကောက်ကျစ်ချင်သမျှကောက်ကျစ်ကြတာ မေမေ မပြောလိုပါဘူး။ ငါ့သားဟာတော့ လူ့ကျွဲလေးလောက်ပဲ အကောက်ကျနိုင်မှာတော့ မယ်လို့ မေမေအထင်ကြီးထားမိခဲ့တယ်’

သူ ထိပ်လန့်တုန်လှုပ်သွားသည်။

‘မေမေ…ကျွန်တော့်ကို အပြစ်တင်နေပါလား’

‘မေမေဝမ်းနည်းတယ်၊ သားအတွက် ဝမ်းနည်းတယ်’

‘ကျွန်တော့်အတွက် မေမေ ဘာဝမ်းနည်းတာလဲ’

‘တရားမဲ့တာ…’

‘ခင်ဗျာ…’

‘မင်း…တရားမဲ့တာ’

‘ဗျာ…။ မေမေ။ ကျွန်တော်တရားမဲ့တယ် ဟုတ်လား’

‘မင်း…သမီးကို ညက ဘာတွေပြောခဲ့သလဲ’

‘သမီးကို အမှန်တွေပဲ ကျွန်တော်ပြောပြခဲ့တယ်။ သမီးစဉ်းစားနိုင်အောင်။ သမီးကို အာဆုံးဖြတ်ပါလို့ ကျွန်တော် မပြောခဲ့ဘူး။ ဘာမှမတိုက်တွန်းခဲ့ဘူး’

‘မင်း…အမှန်တွေပဲပြောခဲ့တယ်ပေါ့’

သူက ခေါင်းညိတ်၏။

‘မင်းပြောခဲ့တဲ့ အမှန်တွေဆိုတာမှာ မင်းခံစားခဲ့ရတာတွေ၊ မင်းနာကြည်းခဲ့တာတွေ၊ နောက်…မင်းမိုးရိပ်တာ



တွေ၊ ကြောင့်ကြတာတွေ၊ အဲဒါတွေကော ပါမသွားဘူးလား’

သူမဖြေ…။

မေမေက ပြတင်းမှနေ၍ လှေယဉ်နှစ်ဦး၊ထံညွှန်ပြသည်။

‘ကြည့်စမ်း…ဘယ်လောက်အပြစ်ကင်းကြသလဲ။ ဘယ်လောက်သန့်စင်ကြသလဲ။အလှချင်းညီပြီး ဘယ်လောက်ကျက်သရေရှိကြသလဲ။ ဒါပေမယ့် မကြာခင်မှာ သူတို့ငိုကြလိမ့်မယ်။ သူတို့ချည်းထားရင် ဘာမှ ငိုစရာအကြောင်းမရှိဘူး’

သူက မေမေညွှန်ပြရာကိုကြည့်သည်။ကြာအချက်ကိုတော့ သူ ဝန်ခံသည်။ ကျက်သရေရှိသည်။ အလှချင်းညီသည်။

သူ ဝမ်းနည်းမိ၏။

‘ထားတိုင်းသားလျှင်ဖြစ်တယ်။ တည်တိုင်းသာလျှင်ဖြစ်တယ်။ အဲဒါက ပစ္စုပ္ပန်တည့်တည့်သဘော။ မင်းတို့က အတိတ်တွေသယ်လာတယ်၊မင်းတို့အတိတ်တွေကိုနှိုက်ကာ ကုန်ခဲ့၊ ပျက်ခဲ့၊ ကင်းခဲ့၊ ချုပ်ခဲ့တဲ့သဘောတွေ။

‘ဘာများတန်ဖိုးရှိတော့လို့လဲ၊ အဲဒါကို မင်းတို့က ပြန်သယ်လာတယ်။ အပြစ်ကင်းသန့်စင်တဲ့ ကလေးတွေရဲ့ ဘဝတွင်း ဆွဲသွင်းတယ်။ မင်းတို့ဖြစ်ခဲ့တာနဲ့ ငါ့မြေးလေးတွေနဲ့ ဘာဆိုင်လို့လဲကွယ်’

မေမေက သူ့မျက်လုံးများဆီ စိုက်ကြည့်ရင်း ပြောနေ၏။

www.burmeseclassic.com

www.burmeseclassic.com



'မေမေထပ်ပြောမယ်။ ဘယ်သူ့အတွက်ပဲ ဖြစ်ဖြစ်.... အတိတ်ဆိုတာဟာ ကုန်ခဲ့ ပျက်ခဲ့ ကင်းခဲ့ ချုပ်ခဲ့ပြီးပြီ။ မရှိတော့တာကို ရှိသလိုလုပ်တာဟာ မာယာတဲ့သား။ လှည့်စားတာ။ ကိုယ့်ကိုကိုယ် လှည့်စားတာ။ ဒီမာယာကို လက်ခံလိုက်တော့ လေထဲမှာ အရုပ်ရေးသလို မရှိသေး၊ မပေါ်သေးတဲ့ အနာဂတ်ကို ပူပူပန်ပန် ကြံစည်တွေးတောသာတယ်။

'အဲဒါက သာဓွယ။ ကောက်ကျစ်တာသား။ အဖြစ်မဲ့သူလေးတွေအာဂတိခိုက်အောင် ကောက်ကျစ်လိုက်တော့ သားရယ်.... မင်းအခကောက်က လ,ကျွေးကောက် မကတော့ပါကလား'

မေမေ့ မျက်လုံးများဒဏ်ကို မခံနိုင်သဖြင့် သူက သူ့ မျက်လုံးများကို လူငယ်နှစ်ဦးဆီသို့ လွှဲလိုက်သည်။

သူတို့နှစ်ဦးက မြေမှာ ရပ်နေကြသည်။

ခဏချိမှ ကောင်လေးက ဖြည်းညင်းစွာ ကျောခိုင်းလိုက်ပြီး ခြံတွင်းမှ ခေါင်းငိုက်လျက် လေးပင်စွာ ထွက်သွားသည်။

သမီးက ကျောက်ရုပ်လေးပမာ ရပ်လျက် ကျန်ရစ်သည်။

သည်ကောင်လေး ကားမပါတော့ပါလား။ လမ်းမှာလျှောက်သွားသည့် ကောင်လေးတစ်ကောင်။

ဪ... လမ်းမှာ လျှောက်သွားသည့် ကောင်လေး တစ်ကောင်လည်း ရှိခဲ့ဖူး၏။



သည့်လို ကောင်လေးတွေ ကောင်မလေးတွေကတာကြောင့် ရှိရသနည်း။ အချစ်ဆိုသည်ကလည်း ဘာကြောင့် ရှိရသနည်း။

အချစ်....။

သူက ဒိမ်ပေါ်မှနေ၍ သမီးဆီသို့ ပြေးဆင်း လာခဲ့သည်။

ကောင်လေးသွားရာဆီ ငေးကြည့်နေသော မျက်လုံးများကို ရှုပ်သိမ်းလျက် သမီးက မိမိမျက်နှာကို ကြည့်သည်။

သမီး၏မျက်လုံးများတွင် မျက်ရည်တွေ ပြည့်လျှမ်းနေ၏။ သည်ကြားထဲက သမီးက ပြုံးပြရှာသည်။

'အားလုံး ပြီးသွားပါပြီ ဦးဖေဖေ'

'ဟင်....သမီး ဘာပြောတယ်'

'ကိုချိုးကို သမီး ပြောလိုက်တယ်။ ရွှေးစရာလမ်း မရှိပါဘူးလို့။ အားလုံး ကောင်းကြဖို့အတွက် ခြားနေတဲ့ ကမ္ဘာနှစ်ခုကို မပေါင်းကြပါနဲ့စို့လို့'

'သူ... သူ... ဘာပြောသလဲဟင်'

'သူ ဘာမှမပြောဘူး။ သူ သမီးပြောတာကို နားထောင်ရုံ ရှာပေါ့'

သူက ရင်ထုမနာနှင့် သမီးကို ငိုက်ကြည့်သည်။

သမီး။ မိမိသိပ်ချစ်သည့်သမီး။ မိမိကိုလည်း သိပ်ချစ်သည့် သမီး။

www.burmeseclassic.com

www.burmeseclassic.com



သူ့လက်များက တုန်ယင်စွာနှင့် ရှေ့သို့ ဆန့်ထွက် လာသည်။

သည်တော့မှ အရုပ်လေး ကြိုးပြတ်သည့်ပမာ သမီး ကိုယ်လေးက သူ့ရင်ခွင်တွင်းသို့ ယိုင်လဲပြိုကျလာ၏။

သူ့ရင်ခွင်တွင်းမှာ သူ့ကိုဖက်ပြီး သမီးကငိုသည်။ ရှိုက်ကြီးတငင် ငိုသည်။

သူချုပ်ခနေသောအမြက ပြိုသကဲ့သို့ ဖြစ်သွားသည်။ ပတ်ဝန်းကျင် တစ်ခုလုံးက ချာချာလည်သွားသည်။

ရွှတ်ဝါသဲသဲ ကြွေနေသောနွေက ပြန်ဆောက်လာသည်။

ရင်ခွင်တွင်းမှာက ရွှေရုပ်ကလေး။ သမီး ရွှေခင်ရုပ်ကလေး။

မငိုပါနဲ့ သမီးလေးရယ်။ ဦးဖေဖေရှိတယ်လေ။ မငိုပါနဲ့။

သမီး မငိုရအောင် ကြိုးစားခဲ့ရသည်။ အို— ကြီးပြင်းမှသမီး မငိုခဲ့ရ။

ယခုတော့ သမီးက ငိုရလေပြီ။ မိမိရင်ခွင်မှာရှိုက်ကြီးတငင် ငိုရလေပြီ။

သူ့မျက်လုံးများက ဆောင်းရက်မှ နှင်းကမ္ဘာကို ပြန်မြင်သည်။

ဩော်... ဟိုခများကလည်း နှင်းကမ္ဘာမှုန်မှုန်တွင်းသို့တိုးဝင် လျှောက်သွားသည်။ အဲသည် နှင်းကမ္ဘာက ဘယ်လောက်ထူမည်နည်း။ ဘယ်အထိအောင် ဆက်မှုန်မည်နည်း။



'ဘာဖြစ်ကြသလဲသား'

သူ မော့ကြည့်တော့ မေမေ့မျက်နှာကို တွေ့ရသည်။

သမီးကို မေမေ့ရင်ခွင်တွင်းမှာ ထားလိုက်သည်။

ကားကို နောက်ဆုတ်ပြီး ပွင့်လျက်ရှိနေသေးသော တံခါးမှ ခမောင်းထွက်လာခဲ့သည်။

မြင်းပြိုင်ကွင်းဟောင်း ၊ မြောက်ဘက်ရှိ လမ်းပေါ်တွင်သူ့ကို သွားမိသည်။

ကားရပ်ပြီးဆင်းလာသော သူ့ကို ကိုမျိုးလေးက ကြောင်ကြည့်နေသည်။ ဩော်—ခမျာ့မျက်လုံးများမှာလည်း မျက်ရည်တွေနှင့်ပါတကား။

'မင့်ကား—ဘယ်ထားခဲ့လဲ ကိုမျိုး'

ကောင်လေးက ခေါင်းခါပြသည်။

'ကားမပါဘူးလား'

'ကျွန်တော် လမ်းမပေါ်မှာပဲ ခြေလျင်လျှောက်တော့မယ်'

'မင်း—မျက်ရည်တွေနဲ့ လမ်းမပေါ် လျှောက်သွားနေလို့ ဖြစ်မလား'

'မျက်ရည်တွေတိတ်သွားပါမှ်မယ်ထင်ပါတယ် ဦးဖေဖေ'

ဦးဖေဖေ။ သည်ခေါ်သံကမှ သူ့ရင်ကို နှင့်ခန့်သွားစေသည်။

www.burmeseclassic.com

www.burmeseclassic.com



'မသိတော့ဘော—'

'ဆက်ငိုမှာပေါ့ ဦးဖေဖေ'

သူ့လက်တစ်ဖက်က အောင်လေးခေါင်းပေါ်သို့ ကြင်ကြင်နာနာ ကျလာသည်။

'ကိုချိုး—ဦးဖေဖေ သွားတော့မယ်ပါ'

'ခင်ဗျာ—'

'လူငယ်တစ်ယောက်ဟာ လိုအပ်တဲ့ မျက်ရည်တွေနဲ့ လမ်းမှာမလျှောက်ရဘူး'

'ဦးဖေဖေက ကျွန်တော့်ကို ဘယ်ခေါ်သွားမလို့လဲ'

'မင်း...ဘယ်ကိုသွားချင်သလဲ'

မျိုးကိုလွင်က ဝမ်းနည်းပြုံးလေးပြုံးပြ၏။

'ကျွန်တော်သွားချင်တဲ့နေရာကို ကျွန်တော်သွားခွင့်ရှိတော့ပါဘူး'

'ရှိပါတယ်—သား—'

'ခင်ဗျာ...'

'ဦးဖေဖေခွင့်ပြုတယ်'

မျိုးကိုလွင်က မယုံနိုင်ဟန်နှင့် သူ့ကိုစိုက်ကြည့်နေသည်။ ယုံစေချင်သည်။ ယုံစေမည့်စကားကလည်း ရင်တွင်းမှပေါ်လာသည်။



ဝမ်းနည်းစွာနှင့်တော့ သတိရသည်။ မိမိတုန်းကတော့ ဤစကားမျိုးပြောမည့်သူမရှိ။

ထို့ကြောင့်လည်း နှင်းကမ္ဘာလာမှုန်မှုန်တွင်း တစ်ယောက်တည်း တိုးဝင်သွားခဲ့ရသည်။

ယခုတော့ မိမိပြောမည်။ ပြောခွင့်ရသည်။

'မင်းရဲ့မမမွန်ဆီ ပြန်လိုက်ခဲ့ပါ သား။ ဖြောင့်စင်းသာယာတဲ့ ဦးဖေဖေတို့ရဲ့ကမ္ဘာမှာ သားကို ဦးဖေဖေတို့ လက်ခံတယ်'

*

www.burmeseclassic.com

www.burmeseclassic.com

## အခန်း ၂၆

နံနက်ကိုးနာရီကျော်ရုံရှိသေးသည်။ နေက အတန်ပူနေပြီ။

သြော်…နွေဆိုတော့ နေပူပေမည်။

ကားလေးကိုမောင်းပြီး ကိုစောသန့်က တိုက်ဆီသို့ထွက်လာနေသည်။

နွေဦးကို စာဖွဲ့ကြသူတွေတွင် မိမိလည်းပါသည်။

ရွက်ဝါလေးများ၊ နှင်းကြွင်းလေးများ။

www.burmeseclassic.com

www.burmeseclassic.com



ခြောက် ဥဩသည်းပါရသည်။ နွေဦး၏အလှကလေးများက သည်လိုမစုံမည်။

ကိုးစေးသန်က ပြုံးမိသည်။ မိမိတို့စာပျားငင်သ နွေဦး၏ အလှမပေါ်။

ဟောသည်နွေပူပူမှာ ကတ္တရာအခိုးပျံသော လမ်းမပေါ်၌ လျှောက်သွားနေသူတွေက ဘာအကြောင်းနည်း။

နွေပူပူ လမ်းပူပူပေါ်မှာ မိမိသည် လျှောက်သွားဖူးသည်။

မလျှောက်ချင်ပါ။ ဘယ်သူ့ကိုမှလည်း မလျှောက်စေချင်ပါ။ ကတူးသဖြင့် ချစ်ခင်သူများကို ပို၍မလျှောက်စေချင်ပါ။

သမီး...ပြီးတော့ ကိုမျိုး။ အင်း... ချစ်ခင်ရသူတစ်ဦး တိုးခဲ့ပြန်ပြီ။

သည်ချစ်ခင်သူလေးတွေ နေပူပူလမ်းပူပူပေါ်မှာ မလျှောက်ရအောင်တော့ မိမိစွမ်းဆောင်နိုင်ခဲ့သည်။

မိမိက ဂူသာရကြီးမဟုတ်။ သည်မျှပဲတတ်နိုင်သည်။ သည်မျှနှင့်ပင် ဘဝကိုကျေနပ်ပါ၏။ အင်း...ကျေနပ်ရမည်။

ထန်းတောကြီးအနီး ရောက်သောအခါ သစ်ပင်ဝေဝေဆုပ်များကို တွေ့ရသည်။

သစ်ပင်အများက ရွက်သစ်တွေဆင်ထားသည်။ ရွက်ဝါတချို့တလေတော့ ရှိနေဆဲပေါ့။



'ကြွေရွက်ပြီးလျှင် ပန်းသစ်ပင်သည်၊ မင်းလှဝ်သေနှင့်။ နှုတ်ထည်သင့်သို့၊ ရင့်ညိုကသောဝဲ၊ ထက်ကွဲညွန့်ကိုက်။ နွေသိုသိုက်၍၊ ကျွမ်းခိုက်ခါသင့်၊ ဆင့်လသောမည်...'

နတ်သျှင်နောင်၏ သည်ပိုဒ်ကို သတိရသည်။

နတ်သျှင်နောင်။ သူ့ညိုမြင်းတတ်သည်။

နွေမှာ ကြွေရွက်လည်းရှိသည်။ ရွက်သစ်လည်း ရှိသည်။

မင်းလှဝ်လေက မှုတ်သိုက်လိုက်တော့ နှုတ်ဆိတ် ကြွေလိုက်သကဲ့သို့ ရွက်ဟောင်းတွေ ကြွေရသည်။ ရွက်ဟောင်းကြွေတော့ ရွက်သစ်ဝေသည်။

သစ်ပင်တို့မမှတာ ရွက်ရင့်ကြွေ၍ ရွက်သစ်လဲသည်။

ရွက်ဟောင်းအတွက်လည်း အင်း....လွမ်းပါသည်။ ရွက်သစ်လေးတွေမြင်တော့လည်း အင်း....ကြည်နူးပါသည်။

ဘဝဆိုသည်က လွမ်းရခြင်းနှင့် ကြည်နူးခြင်းတွေ။

လွမ်းရက်များ ကုန်ချင်သည်။ ကြည်နူးခြင်းနှင့်သာ နေချင်သည်။ အင်း....နေချင်သည်။

လွမ်းသလိုလို ကြည်နူးသလိုလို ရင်မှာဖြစ်ရင်း ကိုစေးသန်က တိုက်သို့ရောက်လာခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



စားပွဲ၌ ထိုင်အလုပ်လုပ်၍ အတန်ကြာတွင် ကိုမျိုးဆက်မွန် ဝင်လာ၏။ သူ့လက်တွင်းမှာက စာမူတစ်ခုကို ကိုင်ထား၏။

'မိလွှမ်းပျော်က တစ်ပိုဒ် လုပ်လိုက်ပြန်ပြီ ဆရာရေ့—'

'တစ်ပိုဒ်....နောက်ထပ်တစ်ပိုဒ်'

'ဟုတ်တယ်။ တော်တော်ရေးနိုင်တဲ့ ကလေးမ'

ကိုမျိုးဆက်မွန်က လက်တွင်းမှ စာမူကို လှမ်းပေး၏။ ကိုစောသန့်က ဝတ္ထု၏အမည်ကို ကြည့်သည်။

'စိန်လည်းမခေါ်၊ တူပြီလည်းမပြော'

ကိုစောသန့်က ကိုမျိုးဆက်မွန်ကို ကြည့်၏။ ကိုမျိုးဆက်မွန်က မှတ်ချက်ပေးသည်။

'နာမည်ကိုက ဆန်းတယ်။ ကျွန်တော် ညက နည်းနည်းဖြည်းဖတ်မယ်ဆို ကိုင်မိတယ်။ မချနိုင်ဘူးဆရာ။ မိုးလင်းခါနီးသွားတယ်'

'အား—ခင်ဗျားက ထောက်ခံနေပြီပေါ့'

'ဆရာ ဖတ်ကြည့်ဦးလေ။ အလျင်တင်ပိုဒ်ဘက် ကောင်းတယ်။ သနားစရာကောင်းတယ်'

'သနားစရာကောင်းတယ်'



'ခံစားမှုကို အနီးကပ်ဆုံးပြောတာ။ စာနာ ထောက်ထား နားလည်လာတယ်။ အဲဒီလို ပြည့်ပြည့်စုံစုံ ပြောရမယ် ထင်တယ်'

'ဘယ်လို—ဘယ်လို'

'ဆရာတို့ ကျွန်တော်တို့ ယောကျ်ား စာရေးဆရာတွေ— မိန်းမသားတွေရဲ့နှလုံးသားထဲမှာ ဘာတွေရှိသလဲ—မသိဘူး။ သိတယ်လို့ထင်ပြီး ရေးနေတာတွေက ဒဏ္ဍာရီ myth တွေနဲ့ လုံးစုံ ပုံရိုက်သွင်းမှု convention တွေသာ များတယ်'

'အား—ရက်စက်လှချည်လား ဆရာမျိုး'

'အမှန်ပြောတာပဲလေ။ အဲ— အခု မိလွှမ်းပျော်တို့လို ကောင်မလေးတွေက ရဲရဲရေးလာကြတယ်။ ကျွန်တော်တို့မသိသေးတာတွေ အများကြီး ပါတယ်။ စာနာထောက်ထားစရာတွေ အများကြီးပါတယ်။ ရှုထောင့်အသစ်တွေ၊ ဉာဏ်စားမှု စားကျက် မြေသစ် food for thought တွေ အများကြီး ပါလာတယ်'

ဤသည်ကိုတော့ သူ ဘာမျှမပြော။ သူလည်း ထောက်ခံသည်။

'ဩော်...ဒီစာမူ ဘာနဲ့ပို့လိုက်သလဲ—'

www.burmeseclassic.com

www.burmeseclassic.com



'ကိုယ်တိုင် လာပေးတာ ဆရာ'

'ကိုယ်တိုင်....'

'ဟုတ်တယ်။ မနေ့က ညနေ စောင်းခါနီးမှ လာပေး သွားတာ။ ဆရာက မြို့ထဲသွားတာ တိုက်မှ ပြန်မလာ သေးဘူးလို့ပြောတော့တာဘဲ။ သူ စောင့်နေသေးတယ်'

'ဪ....'

'ဒီနေ့ ပြန်လာခဲ့ဦးမယ်တဲ့။ ဟော....ပြောရင်း....'

လေးဖြူက အခန်းတွင်းသို့ ဝင်လာသည်။ ကိုမျိုးဆက်မွန်က ပြောသည်။

'လေးနဲ့စာမူ ကျွန်တော်တော့ ဖတ်ပြီးပြီ။ အရင်တစ်ပိုဒ် ထက် ပိုကြိုက်တယ်'

'တကယ်....'

'တကယ်...တကယ်.... ဆရာ ဦးစောသန့်ကို ခုပဲ အဲဒါ ပြောနေတာ'

ကိုမျိုးဆက်မွန် ပြန်ထွက်သွား၏။

လေးဖြူက ကုလားထိုင်တွင် ဝင်ထိုင်၏။ ကိုစောသန့်က မိလွမ်းပျော်၏စာမူကို သူ့ စားပွဲလေးတွင်ထည့်သည်။



'လေး....ဘယ်တုန်းက ရောက်သလဲ'

'ကြာပြီဆရာ'

'ကြာပြီ.. ဘာဖြစ်လို့ အိမ်မလာသလဲ'

'လေး ကုပ်ပြီး ဒီပတ္တူကို အပြီးသတ်ရေးနေတာ'

'မော်လမြိုင်မှာ ဘာလို့ အပြီးမရေးခဲ့သလဲ'

'လေး မော်လမြိုင်မှာမှ မနေတော့တာ'

လေးဖြူ၏ ပြောဟန်က ထူးဆန်းမျိုး။

'ဘာပြောတယ် လေး'

'လေး မော်လမြိုင်က ထွက်ခဲ့ပြီ'

'ဘာရယ် လေး...'

'ရွှေလှောင်အိမ်ထဲကလဲ ထွက်ခဲ့ပြီ'

'အို...လိုသေးလို့လားကွယ်'

'လိုတာမှ သိပ်လို'

သူက နားမလည်နိုင်ဘဲ လေးဖြူကို ငေးကြည့်သည်။

လေးဖြူ၏ မျက်နှာလေးသည် အနည်းငယ် ပါးလျ သွယ် ပိန်သွားသည်ဟု သူထင်၏။

www.burmeseclassic.com

www.burmeseclassic.com



'လေး ဘာဖြစ်ခဲ့သလဲ၊ ဆရာ့ကို မပြောပြနိုင်ဘူးလား'

'လူကြီးမိဘကို...၊ အဲဒီလိုလား'

သူက သက်ပြင်းချ၏။

'လေးကို ချစ်ခင်တဲ့လူ၊ လေးရဲ့ အကျိုးစီးပွားကို လိုလားတဲ့လူ၊ ကျေနပ်ပြီလား ကလေး'

လေးဖြူကပြုံးသည်။ ဖြည်းဖြည်းချင်းပြုံးသည်။ ဘောက်ပဝင်းထိန်သွားသည်အထိ ပြုံးသည်။

'အဲဒီလိုဆို ပြောပြမယ်'

'ပြောပါလေး'

'ကိုမျိုးက လေးကို ကယ်သွားတယ်။ သူ့ဘက်ကသာ အပြစ်တွေ ယူသွားတော့ အဟင်း...လေးဆိုတဲ့ ကောင်မလေးက သနားစရာလေး ဖြစ်သွားတယ်–အဟဲ...'

လေးဖြူက ရယ်နေ၏။ သို့သော် ဤရယ်သံမှာ ရယ်သံအစစ်မဟုတ်။

'အိမ်က လူကြီးတွေဆိုရင် လေးကို သိပ်သနားသွားကြတယ်။ ဘယ်လောက် သနားသလဲဆိုရင် လေးအတွက် လင်တစ်ယောက် အမြန်ဆုံး အပြင်းအထန် ရှာတော့တာပဲ'



'အို...'

'တကယ်ပြောတာ'

'ကြုံကြုံဖန်ဖန် လေးရယ်'

'ကြည့်–ဆရာကစ မယုံချင်ဘူး'

'ပြောပါ...လေး ဆက်ပြောပါ'

'သူတို့က လေးကို သိပ် သနားသွားတယ်။ မခံချင်လဲ စောင်ခောင် ဖြစ်သွားကြတယ်။ ကိုမျိုးထက် သာတဲ့ ယောကျ်ားတစ်ယောက် ခေါင်းခေါက် ပေးစားနိုင်သတဲ့၊ အဲဒါ သူတို့ကြွေးကြော်သံ၊ အမှန်က ဦးစွန်းဖုတ်ဆိုပြီး ပေးစားနိုင်တယ်ဟော့။ သူတို့က ဒီလို ပြောချင်တာ။ အဟက်...ဟဲ...ဟဲ...'

သူ နားလည်သွား၏။ လေးဖြူက ရင်ဖွင့်ချင်နေရှာသည်။ မိမိကိုသာ ရင်ဖွင့်ပြနေသည်။ ပြပါစေ။

'လေးလဲ အဲဒီတော့မှသိတယ်။ လေးက လူကြိုက်များတဲ့ ရှားပါးကုန်ကိုး။ လေးအတွက် လျှောက်ထားတဲ့ သတွေရဲ့ တန်းစီဇယားက သူတို့လက်ထဲမှာ အဆင်သင့် တာကိုး။ တိုတိုပြောမယ် သူတို့က လေးကို ဆရာဝန်တစ်ယောက်နဲ့ ပေးစားဖို့ လုပ်ကြတယ်။

www.burmeseclassic.com

www.burmeseclassic.com



'သုံးသအကျင်းမှာနော်ဆရာ— သုံးသအကျင်းမှာ။ ဘယ်လောက် ပိုင်လိုက်ကြသလဲ။ ဒီအခါကျတော့ အပိုခေတ်စပ်ကာတော့ လုပ်မနေကြတော့ဘူး။ အဲ...သူကလဲ ရှားပါးကုန်ပဲတဲ့။ တစ်ခါတည်းပေးစားဖို့ လုပ်ကြတယ်။ မလွန်ဘူးလား ဆရာ'

'အင်...'

လေးဖြူ၏ မျက်နှာလေးက တည်နေပြီး

'လူဟာ ကုန်ပစ္စည်းလားဆရာ'

'အင်...'

'အထူးသဖြင့် အိမ်ထောင်ရေးမှာ လူဟာ ကုန်ပစ္စည်းလား။ သိန်းနှစ်ဆယ်တို့၊ သိန်းလေးဆယ်တို့၊ တိုက်တို့၊ ခြံတို့၊ စိန်တို့၊ ရွှေတို့နဲ့ ကာန်ဖိုးဖြတ်ဘွက်ရတဲ့ ကုန်ပစ္စည်းလား။ အဲဒီလိုဆိုရင် ဂျီဘီအက်စ်ကြီး အဲ...ဂျော့ဘားနာဒ်ရှောကြီးက ဘာပြောခဲ့သလဲ'

သူက လျင်မြန်စွာ လက်ဝါးကာပြသည်။

'မပြောပါနဲ့လေး။ ဆရာသိပါတယ်'

'အဲဒါဖြင့်လဲ ပြီးရော'

'ဒို... လေးဘာပြုခဲ့သလဲ။ အဲဒါဆုံးအောင်ပြောဦး'



လေးဖြူက လွယ်အိတ်ကွင်းမှ ယက်ပွေ့အိတ်လေးကိုဖွင့်ပြီး သဘင်းစာ ဖြတ်ပိုင်းလေးတစ်ခုကို ပြ၏။

'သမီး...အမြန့်ဆုံးပြန်လာပါ'

ခေါင်းစဉ်က ဤသို့အပ်ထားသည်။

'သားလုံးကို သမီးစိတ်ကိုင်းကျ ဖြစ်စေရမည်'

အောက်၌ သည်း ထိုသို့ဆိုသာ၏။

သူက လေးဖြူကိုကြည့်ပြီး မေး၏။

'မ သား....။ လေး...ဘာတွေလုပ်ခဲ့သလဲ'

လေးဖြူက သူ့ကို ပြုံးလဲ့လဲ့လေးကြည့်သည်။

'လေးလား...'

ခေတ္တဆိုင်းပြီးမှ လေးဖြူကပြော၏။

'လေး....ချစ်သူနောက် လိုက်ပြေးလာခဲ့တယ်'

'ဩော်....'

သူက လေးဖြူကိုငေးကြည့်သည်။ ငိုင်ကြည့်သည်။

ဩော်....မိမိဘင်သည့်မှာ အမှန်သား။ သည်ရှုပ်၊ သည်ရှည်၊ သည်အရှုံ။ ချစ်သူရှိနေမည်ပေါ့။ သမီးလိုပင် ချစ်သူရှိနေမည်ပေါ့။

www.burmeseclassic.com

www.burmeseclassic.com



သူငိုင်နေခိုက် လေးဖြူကရယ်သည်။ တခစ်ခစ်ရယ်သည်။

'လေး ဘာရယ်တာလဲ'

'ခံလိုက်ရပြီ။ ဆရာလဲခံလိုက်ရပြီ။အိမ်ကလူကြီးတွေလိုပဲ ခံလိုက်ရပြီ'

'ဘာပြောတယ် လေး'

'ဈေးညာတာ ခံလိုက်ရပြီလို့'

'လေး ညာတာ'

'အင်း။ လေးမှာမှ ချစ်သူမရှိဘာ။ ဘယ်ချစ်သူနောက် လိုက်ပြေးရမှာလဲ'

'လေးမှာ ချစ်သူမရှိဘူး'

'လိုချင်တဲ့လူတွေတော့ ရှိမှာပေါ့။ လိုချင်တဲ့လူနဲ့ ချစ်သူကို ဘယ်လိုသုပ် ခွဲခြားသိမှာလဲ။ ဟိုး ရှေးရှေးတုန်းက လိုဆိုရင်လဲ အကောင်းသား'

'ဘယ်လိုလဲ'

'အမိဋ္ဌာန်နဲ့ပန်းကုံးစွပ်ရရင်လေ။ ချစ်သူမစစ်ရင် မြောက် ခုံလဲကျပါစေ။ ချစ်သူစစ်ရင် နွေခင်းကြီးမှာ လမင်းကြီး ထွက်ပါစေ'

သူက ရယ်၏။



'ဆရာ ဘာရယ်တာလဲ'

'အဲ....အဟင်း အဲဒီအဓိဋ္ဌာန်မျိုး မကြားဖူးလို့'

'ခု ကြားဖူးပြီ မဟုတ်လား'

'ဟား။ အင်း...အင်း...'

'ပြီးရော'

'မပြီးသေးဘူးလေ။ ခုနင်က ကြော်ငြာက'

'လေးက ချစ်သူနောက်လိုက်သွားပြီ။ လေးကို စွန့်လိုက်ကြပါတော့။ အမိုက်မ၊ မိလေးဖြူ ဘာညာပေါ့၊ စာရေးထားခဲ့တာ။ မဟာ အခုကျတော့ သူတို့က မစွန့်ပြန်ဘူး'

'ဒါတော့ လေးရယ် မိဘမေတ္တာကိုး'

'အမယ်လေး ဆရာရယ်။ အဲဒီမေတ္တာစစ် ပေါ်လာအောင် လေးကြံ့ လုပ်လိုက်ရတာ'

'ခုတော့ကော....'

'ခုတော့ လေး အဖြစ်မှန်ကို စာရေးပို့လိုက်ပါပြီ။ သူတို့လဲ စိတ်ချမ်းသာသွားကြပါပြီ။ လေးလဲ စိတ်ချမ်းသာ သွားပါပြီ'

'လေး အခု လေးရဲ့ မမလေးတို့ အိမ်မှာလား'

www.burmeseclassic.com

www.burmeseclassic.com



'ဟင့်အင်း။ ဝဂ္ဂီထဲမှာ'

'အို လေးက အခဆောင်မှာငှားနေတယ်'

'ဘာဖြစ်သလဲဆရာ၊ ဖိုးရိုးဖြောင့်ဖြောင့် လုပ်ကိုင်စားနေတဲ့ မိန်းကလေးတွေ အများကြီးပဲ။ ဒီလိုပဲနေကြတယ်'

'လေး မိဘတွေဆီ ဘာလို့ပြန်မသွားသလဲ'

'မလုပ်ပါနဲ့ဦးဆရာရယ်။ သော်တော်ကြာ စိတ်ပြောင်းသွားပြီး ရွှေလှောင်အိမ်ထဲ ပြန်ချုပ်ထားကြလို့... အဟင်း'

'ဒါဖြင့် လေး ဘာလုပ်မလဲ'

'ခု...လုပ်နေတာပေါ့'

'အင်...'

'လေးဟာ မကြီးတို့၊ မမလေးတို့လိုမဟုတ်ဘူး။ ကိုယ့်ခြေထောက်ပေါ် ကိုယ်ရပ်တည်ပြီး လောကမှာ ကျင်လည်ရတယ်၊ ရွှေလှောင်အိမ်ကို မကော်ဘူး။ ကျယ်ပြန့်တဲ့ ဘဝတောတောင် ကန္တာရထဲဆီ စွန့်သွားရဲတယ်။

'ကိုယ်ရွေးချယ်ရာနေရာမှာ ကိုယ့်တာဝန်ကိုယ်ယူပြီး နေနိုင်စွမ်းတယ်။ အဲဒါကို လက်တွေ့ပြနေတာ။ ဒါကို အခု အိမ်ကလူကြီးတွေ သဘောပေါက်သွားကြပါပြီ။



'လေး... ခုလိုနေတာကို မနှောင့်ယှက်တော့ကြ တော့ဘူး။ လေးရဲ့ ရကြီးမိတ်ဆွေ ကျောက်ထိုက် အောင် လုပ်ပါလေ၊ ကိုယ့်ရွေးရာ နိုင်ငံနှင့် ကိုယ် ရပ် တာနဲ့ ရကြီးမိတ်ဆွေ ထိုက်ရမလား။ တခြား စီပဲ။ ဟုတ်တယ်ဟုတ်သား ဆရာ'

'လေးက လေးရဲ့မိဘတွေကို စွန့်ပစ်တာမဟုတ်ဘူးပေါ့'

'အို... ဟုတ်ပါဘူး။ ဘာလို့စွန့်ပစ်ရမှာလဲ။ စွန့်ပစ်လို့ ဘာ ရမှာတဲ့လဲ'

သူမ သက်ပြင်းချ၏။

'လေးကို... ဆရာဘာမျှမပြောနိုင်တော့ဘူး'

'ဘာမှမပြောပါနဲ့ဆရာ။ လေး စာမူကိုသာ မြန်မြန်ဖတ် ပေးပါ။ ဟင်း... ဟင်း... ခုတော့ အဲဒီလိုပဲဆရာရတော့ မယ်'

'ဖတ်ပေးပါမယ် လေး။ ခု လေးက စာမူအတောင်း ရသူအဆင့် ရောက်ပါပြီ'

'အဲဒါ ဘာပြောတာလဲ'

'ဆရာတို့ ဂရုစိုက်ဦးစားပေးရတဲ့အဆင့်ပေါ့'

www.burmeseclassic.com

www.burmeseclassic.com



လေးဖြူက မျက်တောင်ကော့ကြီးများကို ပင့်လှန်လျက် သူ့ကိုစိုက်ကြည့်သည်။ ခဏအကြာ၌ ပြုံးလာ၏။

'လေး ဝမ်းသာလိုက်တာဆရာ'

'ဆရာလဲ ဝမ်းသာပါတယ်'

လေးဖြူက နေရာမှထ၏။

'အို...လေး ပြန်တော့မလို့လား'

'ပြန်တော့မှာပေါ့ ဆရာ။ ဆရာ့မှာလဲ လုပ်စရာတွေရှိတယ်။ လေးမှာလဲ လုပ်စရာလေးတွေ အများကြီးရှိသေးတယ်'

'လေးမှာ ဘာလုပ်စရာရှိလဲ'

'အား။ ရှိတာပေါ့ဆရာရဲ့။ အဝတ်လေးတွေလျှော်ရမယ် ထမင်းဟင်းလေးလဲချက်ရမယ်၊ အင်း အဟင်း စာရေးနေတုန်းက မရှင်းဘဲထားလို့ ပွနေတဲ့အခန်းကိုလဲ မိန်းကလေးပီပီ ရှင်းရဦးမယ်'

သူကပြုံး၏။ အမှတ်မထင် သက်ပြင်းမျော့မျော့ ခိုးရှိုက်မိသည်ကို ကိုယ့်ဟာကိုယ် သတိပြုမိ၏။

သူတလည်း သေတ္တာအနက်လေးကို ကောက်ကိုင်သည်။



'အို ဆရာလဲ အလုပ်ဆင်းတော့မယ်'

'အိမ်မှာ ပြန့်အလုပ်လုပ်မလို့'

'ရှင်....'

'လေးရဲ့စာမူကို အိမ်မှာ အေးအေးဆေးဆေးဖတ်မယ်'

'အာ—ကျေးဇူးပါပဲဆရာ'

တိုက်ပေါ်မှ လေးဖြူနှင့်အတူဆင်းလာခဲ့ပြီးသူ့ကားတံခါးကို ဖွင့်လျက် တက်ထိုင်သည်၊ လေးဖြူအတွက်လည်း ရှေ့ခန်းတံခါးတစ်ဘက်ကို ဖွင့်ပေးလိုက်သည်။

ပလက်ဖောင်းပေါ်၌ လေးဖြူက ငြိမ်ငြိမ်လေးရပ်နေသည်။

'တက်လေ လေး'

'သွားတော့ ဆရာ'

'ဘာပြောတယ်'

လေးဖြူ၏မျက်နှာမှအပြုံးလေး ရုတ်တရက်ပျောက်သွား၏။

'လေးဘာသာလေး ပြန်ပါ့မယ်'

'ဆရာလိုက်ပို့ပေးမယ်'

'မလိုတော့ပါဘူး ဆရာရယ်'

လေးဖြူက လက်လေးပြပြီး နေရာမှ လျင်မြန်စွာ ထွက်ခွာသွားသည်။

www.burmeseclassic.com

www.burmeseclassic.com



နေ့၏နေက ပူနေသည်။ ကတ္တရာလမ်းကလည်း ရောင်ပြန်တွေလှုပ်ကာ အမြင်၌ပင်ပူနေသည်။

လွယ်အိတ်လေးလွယ်ပြီး ကားမှတ်တိုင်ဆီသို့သွားနေသော လေးဖြူကို သူ ကြောင်လျက်ငေးကြည့်နေသည်။

နေပူပူ လမ်းပူပူပေါ်က မိန်းကလေးတစ်ယောက်။

လိုပါသလား မလားမေးရယ်။ လိုပါရဲ့လား။

သူက ကားပေါ်မှဆင်းလိုက်၏။ လေ့ဝင်ကို နှိုင်ပြီး ကားတံခါးသော့ချပိတ်ခဲ့၍ လေးဖြူ၏နောက်သို့လိုက်သည်။

ဘတ်စ်ကားကြီးတစ်စီးက ထိုးဆိုက်လာသည်။

လူတွေပိတ်ရပ်နေသော ကားနောက်ပေါက်မှ လေးဖြူ တိုးဝင်တက်သွားသည်ကို တွေ့ရ၏။

'လာပါ၊ လာပါ၊ အထဲမှာ နေရာတွေရှိတယ်'

ကားစပယ်ယာသမားက ဖိတ်ခေါ်နေ၏။

သူကလည်း ကားနောက်ပေါက်မှတက်လိုက်၏။

'အထဲကိုဝင်ပါ၊ အထဲကိုဝင်ပါ။ ကိုယ်တစောင်းတိုးဝင်ပါ'

ဆရာသမားလေးက ညွှန်ကြားချက်ပြုနေ၏။

သူကလည်း ကိုယ်တစောင်းထားပြီး အထဲသို့တိုးဝင်သည်။



ကားက ဆောင့်ရုန်းထွက်သည်။ ခေါင်မိုးမှ လက်တန်းကို အချိန်မီ သူဆွဲကိုင်မိ၏။

လေးဖြူ၏ကိုယ်လေးက သူ့ရင်ခွင်တွင်း ယိုင်နွဲ့ဝင်လာ၏။

သူ့လက်တစ်ဖက်ဖြင့် လေးဖြူ၏ခုံးလေးကိုကိုင်ပြီး သူက ထိန်းမပေးသည်။

ဤသည့်တိုင်အောင် လေးဖြူ၏ကျောလေးက သူ့ရင်ဘတ်မှာ ထိမှီနေသည်။

တခဏ်တွင် ကြိုင်သင်းမွှေးပျံ့သောရနံ့ကို သူ့နှာခေါင်းက သိမြစ်အောင် သိလိုက်၏။

'ဟင်...ဆရာ'

သူက ပြုံးလျက်သာကြည့်နေသည်။

'ဆရာ ဘယ်သွားမလို့လဲ'

'လေးကို လိုက်ပို့တာ'

'ဒီကားကျပ်ကျပ်ကြီးထဲမှာ'

'အဲဒီလိုပဲသွားကြရတယ် လေး'

'ဘယ်လောက်အကြာကြီး ရပ်ရမယ်ထင်လို့လဲ'

'ကိစ္စမရှိဘူး'

www.burmeseclassic.com

www.burmeseclassic.com



'ရှိတယ်'

'ဘာကိစ္စလဲ'

'ဆရာပင်ပန်းမယ်'

'ဖော်ဂက်တစ်'

လေးဖြူက သူ့မျက်လုံးများကို စူးစမ်းဟန်လေးနှင့် စိုက်ကြည့်နေသည်။ ခဏခ္ဓမှု အပြုံးလှလှလေးပေါ်လာသည်။

ဗနက်တစ်မှတ်တိုင်တွင် ကားရပ်၏။

'ဟော...ရောက်ပြီ ဆင်းကြမယ်ဆရာ'

ကိုယ်လေးဖြင့် တစောင်းတိုးပြီး လေးဖြူကဆင်း၏။

ဘာမျှ မေးမြန်းချိန်မရပဲ သူပါ လိုက်ဆင်းရတော့သည်။

နေပူကျဲကျဲအောက် လမ်းဘေးပလက်ဖောင်းပေါ်တွင် နှစ်ယောက် ရပ်ကြ၏။

'ဆရာ သိပ်ဆိုးတယ်။ လေးကို အကျပ်ကိုင်တယ်'

'အဲဒီလိုမရည်ရွယ်ပါဘူး လေး'

'ဒို့...ဘာလို့ အဲဒီလို လုပ်ရသလဲ'

'ဆောရီး...ဆရာမသိဘူးကွယ်'



လေးဖြူက သူ့ကို စူးစိုက်ကြည့်ပြန်၏။

သူက မျက်လွှာချပစ်လိုက်သည်။

'ကဲ....သွားကြမယ် ဆရာ'

'ဘယ်ကိုလဲ လေး'

'ဟောဒီ နေပူပူ၊ လမ်းပူပူကြီးပေါ် ရောက်ချင်ရာရောက် လျှောက်သွားမယ်'

'သွားလေ'

'ဆရာလိုက်မယ်နော်'

'အင်း...'

လေးဖြူက အသံလေးထွက်အောင်ရယ်သည်။

'ဟွန်း...ပူလိုက်တာ၊ တကယ်တော့ မလျှောက်နိုင်ပါဘူး။ လာ...ဆရာ့ကားဆီပဲ ပြန်သွားကြမယ်'

တစ်မှတ်တိုင်ကျော်ခရီးကို နေပူထဲတွင် အတူတွဲပြီး လျှောက်လာခဲ့ကြသည်။

သူက ကားသော့ဖွင့်ပြီးဝင်၍ ရှေ့ခန်းတစ်ဘက်တံခါးကို ဖွင့်ပေးသောအခါ လေးဖြူက တက်ပြီး သူ့ဘေးတွင် ထိုင်၏။

www.burmeseclassic.com

www.burmeseclassic.com



'ဆရာ ဘယ်ကို မောင်းရမလဲ'

'ဒီလောက်တောင် မောင်းပို့ချင်တဲ့သူ၊ မောင်း...။ လမ်းတွေ ရှိသမျှ လျှောက်မောင်း'

'လမ်းတွေ တစ်ကမ္ဘာလုံးမှာ ရှိနေတယ် လေး'

'ရှိ ရှိ'

'ကမ္ဘာကုန် ကျယ်လိမ့်မယ် လေး'

'ကျယ် ကျယ်'

သူက နှစ်ခြိုက်စွာ ပြုံးလိုက်ပြီး ကားကို မောင်းထွက်၏။ လေးဖြူက ကားတွင်း၌တပ်ထားသော ကက်ဆက် ခလုတ်ကို သွား နှိပ်၏၊ တစ်ဝက်တစ်ပျက် ဖွင့်ထားမိသောသီချင်းသံက ပေါ်လာ၏။

'သေဆောင်ရာတိမ်ပြေး.... ခဏတာမျှန်ရိမှေး လဲ....ဝေးဝေးလွင့်ပါ...။

တိမ်ညိုအလွင့်...လမင်းမြင့်ကာ...ပဝင်းတင့်စွာ...လင်းလိုက်ပါ...။

မမှိန်ပါစေနှင့် လစန္ဒာ....။ မမှုန်ပါနှင့် မြသော်တာ....'

လေးဖြူက ခလုတ်ကို ပြန်ပိတ်လိုက်၏။



'ဒီသီချင်းကို နားမထောင်ချင်ဘူးလား လေး'

'အို...နားထောင်ချင်တာပေါ့'

'ဒါဖြင့် ဘာလို့ ပိတ်လိုက်ရသလဲ'

'နေပူကြီး ထဲမှာ...နေပူထဲမှာ လှလာတဲ့ သီချင်းကို နားထောင်လို့ ကောင်းမတဲ့လား'

'နေမပူ တော့ပါဘူး လေး'

'နေမပူဘူး'

'လ သာနေပါတယ်'

'တကယ်...'

'တကယ်ပါ လေး'

'ဘယ်မှာလဲ'

'ဒီကားထဲမှာ'

'ဒီကားထဲမှာ....'

'ပြီးတော့....အင်း....ရင်ထဲမှာ'

မှုန်မှုန်တည်တည်လေး လုပ်ထားသော လေးဖြူ၏ မျက်နှာ၌ ပြုံးရိပ်ဝင်လာ၏။

'ဒါဖြင့် အရိပ်မဟုတ်တော့ဘူးပေါ့'

www.burmeseclassic.com

www.burmeseclassic.com



'အဲဒါကို နားမလည်ဘူး'

'လရောင်ကြီးက သူ့ကိုယ်ပေါ် ထိုးကျလာတော့ သူ— သူ အရိပ်မဟုတ်တော့ဘူးပေါ့'

'အဲဒါကို မိလွှမ်းပျော်က ပြောတာလား၊ လေးဖြူက ပြောတာလား'

'ဟွန့်း....ပြောဘူး'

လေးဖြူ၏မျက်နှာလေးက နှင်းဆီရောင် ရဲနေ၏။ သို့ရာတွင် လမင်းကြီးလိုလည်း လဲ့သည်၊ ဝင်းသည်။

ပြောင်...လှနေသည်။

တက္ကသိုလ်ဘုန်းနိုင်

www.burmeseclassic.com